www.burmeseclassic.com

တိုးထက် နှင့် နေစိုးသော် စီစဉ်သည့်

# ဆားပုလင်းနှင်းမောင် ပန်းသုံးပွင့်တံဆိပ်

နှင့်

# MYSTERY



မင်းသိင်္ခ မောင်သိန်းဆိုင်

ဘသက်ဆွေ နန်းထိုက်စိုး (နိုင်ငံခြားဘာသာပြန်)

နေစိုးသော် နှင့် တိုးထက်

www.burmeseclassic.com

www.burmeseclassic.com

**ပထမအကြိမ်ပုံနှိပ်ခြင်း**
[၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ၊ အုပ်ရေ ၁၀၀၀]

**စာမူခွင့်ပြုချက်အမှတ်**
[၅၀၀၈၃၇၀၇၀၇]

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
[၅၀၀၈၄၈၀၈၀၇]

**မျက်နှာဖုံးဒီဇိုင်း**
အံ့ဘွယ်ဇင်

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဦးတင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက်
၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးလှတိုး (ရန်အောင်စာပေ)
၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်** - ကိုမြင့်၊ ညီဝင်းမြင့်
**အတွင်းဖလင်** - မျိုးဝင်းကျော်
**ကွန်ပျူတာစာစီ** - Dream City

**တန်ဖိုး** - ၁၀၀၀ ကျပ်

ရင်သိမ့်ဖို အမှတ်စဉ် (၁၁)

**တိုးထက်နှင့်နေစိုးသော်**
**စီစဉ်သည့်**

# ဆားပုလင်းနှင်းမောင်
# ပန်းသုံးပွင့်တံဆိပ်

နှင့်

# ရင်သိမ့်ဖို
# MYSTERY

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော် (မိမိ) သဘောထား

မှတ်ချက် — *(no heading; see below)*

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# မာတိကာ


၁။ ဆားပုလင်းနှင်းမောင်နှင့် ပန်းသုံးပွင့်တံဆိပ် ... ၁

**မင်းသိန်**

၂။ ချစ်ခြင်း မုန်းခြင်း နယ်ခြားမျဉ်း ... ၈၆

**မောင်သိန်းဆိုင်**

၃။ ရှေ့နေမလေး မေစံရှားနှင့် သုံးဝင်လိမ် ... ၁၄၆

**နေစိုးသော်**

၄။ ရိုမန်းတစ် ကာရံတစ်ပွင့် ... ၁၉၀

**နန်းထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ)**

၅။ အပြေးနိဂုံး အချစ်နိဒါန်း ... ၂၂၇

**ဘသက်ဆွေ**

၆။ ကျွန်ုပ်၏ ထူးခြားဆန်းကြယ် ပန်းချီကား ... ၂၄၀

**တိုးထက်**


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆားပုလင်းနှင်းမောင်နှင့် ပန်းသုံးပွင့်တံဆိပ်

(မင်းသိခ်)

တစ်နေ့သ၌ ကျွန်ုပ်သည် သန်လျင်ဘက်တွင် နေထိုင်သော လွန်စွာ တယောထိုးကောင်းသည့် ကျွန်ုပ်၏မိတ်ဆွေ ဦးသာဒင်ထံသို့ သွားရောက်လည်ပတ်ခဲ့လေ၏။ ကျွန်ုပ် ရောက်လျှင်ရောက်ချင်း ကျွန်ုပ်၏ မိတ်ဆွေ တယောဆရာကြီး ဦးသာဒင်က အောက်ပါအတိုင်း ဆီးကြိုနှုတ်ဆက်လေ၏။

"အတော်ပဲဗျို့၊ ဦးအောင်သင်း ရောက်လာတာ အတော်ပဲ၊ ခင်ဗျားက ဆားပုလင်းနှင်းမောင်နဲ့ တွဲနေတာဆိုတော့ ခင်ဗျားဆီမှာ အကူအညီ တောင်းလိုက်ရင် ဆားပုလင်းနှင်းမောင်ကိုပါ တစ်ပါတည်း အကူအညီ တောင်းပြီးသား ဖြစ်သွားတာပေါ့ဗျာ"

ကျွန်ုပ်သည် ဦးသာဒင်၏ အရင်းမရှိ အဖျားမရှိ ပြောလိုက်သော စကားကြောင့် အူကြောင်ကြောင်ဖြစ်၍ သွားလေတော့၏။

"ဘာတွေပြောနေတာလဲ ဦးသာဒင်ရ"ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဦးသာဒင်က–



"ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကလည်း အလောတကြီး ခရီးရောက် ဆိုက်ဆိုသလို၊ ဒီလို ဒီလို ဦးအောင်သင်းရေ၊ ပြောရမှာ ဇာတ်ထုပ်က အတော်ရှည်သဗျ"

"ဦးအောင်သင်း ကျုပ်ဆီကိုမရောက်တာ ဘယ်လောက်လောက် ကြာပြီထင်သတုန်း"ဟု ဦးသာဒင်က မေးလိုက်လေ၏။

"ခြောက်လ ခုနစ်လလောက်တော့ ရှိရောပေါ့ ဦးသာဒင်ရယ်"ဟု ကျွန်ုပ်က ဖြေလိုက်ရာ ဦးသာဒင်က ပြုံးရယ်လျက်–

"မဟုတ်ဘူး ဦးအောင်သင်း၊ ခင်ဗျား ကျုပ်ဆီကို မရောက်တာ ဒီနေ့ပါဆိုရင် တစ်နှစ် လေးလနဲ့ ရှစ်ရက်တိတိရှိပြီဗျ" ဟု ဦးသာဒင်က ပြောလိုက်ရာ ကျွန်ုပ်မှာ မည်သို့ဖြစ်သည်မသိ၊ စိတ်တွင်း၌ ကသိကအောက် ဖြစ်၍သွားလေ၏။ ထို့ကြောင့် ကျွန်ုပ်က...

"တိကျလှချည်လား ဆရာကြီးရယ်"ဟု ခပ်ငေါ့ငေါ့ ပြောလိုက်လေ၏။

"တိကျဆို ဒီလိုဗျ၊ ခင်ဗျား မလာတဲ့ရက်ကို တမင်တကာ မှတ်၍ ထားတာတော့ မဟုတ်ဘူး၊ အကြောင်းလေးက တိုက်ဆိုင်သွားလို့ပါ။ ခင်ဗျား နောက်ဆုံးလာတဲ့ရက်ဟာ ပြီးခဲ့တဲ့နှစ် ဩဂုတ်လ ခုနစ်ရက်နေ့ဗျ။

အဲဒီနေ့မှာ စာတိုက်ကနေ ကျုပ်ဆီကို ပါဆယ်ထုပ်လေးတစ်ထုပ် ရောက်လာတယ်ဗျ၊ ဟောဒီအထုပ်ပဲ"ဟုဆိုကာ ကျွန်ုပ်အား ပြ၍နေသော ပါဆယ်ထုပ်တစ်ထုပ်ကို ပေးလိုက်လေ၏။ ပါဆယ်ထုပ်မှာ အလျားအား ဖြင့် ရှစ်လက်မ၊ အနံအားဖြင့် ခြောက်လက်မ၊ ထုအားဖြင့် နှစ်လက်မရှိသော ကတ်ထူဘူးလေး တစ်ဘူးပေါ်တွင် အနီရောင်စက္ကူများဖြင့် သေသပ်လှစွာ ထုပ်ပတ်၍ ပို့ခဲ့သော ပါဆယ်ထုပ်လေး ဖြစ်ပေသည်။ သို့ရာတွင် ပါဆယ်ထုပ်မှာ အတော်အတန် လေး၍နေသောကြောင့် ကျွန်ုပ်က ဦးသာဒင်အား...

"လေးလှချည်လား"ဟု ပြန်၍မေးလိုက်ရာ ဦးသာဒင်က–

"ထုတ်ကြည့်လေဗျာ"ဟု ပြောလေ၏။ ကျွန်ုပ်လည်း ပါဆယ်ထုပ် အတွင်းမှ အရာဝတ္ထုများကို နှိုက်ထုတ်၍ ကြည့်ရှုလိုက်ရာ ပဝါဖြူတခ်

www.burmeseclassic.com

www.burmeseclassic.com



အသည်ကို တွေ့လေ၏။

ထိုပဝါဖြူအတွင်း၌ သုံးလက်မပတ်လည်ခန့်ရှိ၍ ထုအားဖြင့် ငါးမူးသားခန့်ရှိသော သံပြားလေးတစ်ခု ထွက်၍လာလေ၏။ ကျွန်ုပ်သည် ထိုသံပြားလေးအား ကောက်ယူကြည့်ရှုလိုက်ရာ သံပြားပေါ်၌ ပန်းပွင့်သုံးပွင့်သင်္ကေတ ထွင်းထုထားသော တံဆိပ်တစ်ခုဖြစ်ကြောင်း တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က ဦးသာဒင်အား–

"တံဆိပ်တုံးလေးပါလား"ဟု ခပ်ပေါ့ပေါ့ ပြောလိုက်ရာ ဦးသာဒင်က ၎င်း၏ မျက်လုံးကို အဆမတန်ပြူး၍–

"တံဆိပ်တုံးလေး မဟုတ်ဘူး ဦးအောင်သင်းရေ၊ သေမင်းတမန် တံဆိပ်တုံးကြီး၊ တံဆိပ်တုံးကြီးဗျို့၊ သူ့ကိုပတ်ထားတဲ့ ပဝါကို ဖြန့်ကြည့်စမ်းပါဦး"ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ဖြန့်၍ကြည့်လိုက်ရာ ပဝါဖြူပေါ်၌ သွေးများဖြင့် ရေးထားသော အောက်ပါစာကို တွေ့ရလေ၏။

ရက်ငါးရာပြည့်ရင် ကိုယ်တိုင်လာမယ်၊ အသက်ကို ဖက်နဲ့ ထုပ်ထားပါ။

လူ၊ ပန်းသုံးပွင့်

ကျွန်ုပ်သည် ထိုစာကိုဖတ်ပြီးနောက် ဦးသာဒင်၏ မျက်နှာကို အကဲခတ်ကြည့်လိုက်ရာ ဦးသာဒင်သည် ကြောက်လန့်တုန်လှုပ်ပုံမရဘဲ ဆေးတံအိုး၌ ဆေးဖြည့်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်က–

"ခုနစ်ရက်ပဲ လိုတော့တာပဲ၊ ခင်ဗျားက ခုထက်ထိ အေးစက်စက် လုပ်နေတုန်းပဲလား၊ ပုလိပ်ဘက်ကို အကြောင်းမကြားဘူးလား"ဟု ပြန်၍ မေးလိုက်ရာ ဦးသာဒင်က–

"လူနောက်လူပြောင်တွေနဲ့ တူပါရဲ့ဗျာ၊ ပြီးတော့ ကျုပ်နဲ့ အဲဒီ ပန်းသုံးပွင့်ဆိုတာနဲ့လည်း ဘယ်လိုမှ မပတ်သက်ပါလား၊ ပန်းသုံးပွင့်ဆိုတဲ့ လူဆိုးဂိုဏ်းကိုလည်း မြန်မာပြည်မှာ တစ်ခါမှ မကြားဖူးပါလား၊ တကယ် လို့ ကျုပ်ကို အနှောင့်အယှက်ပေးမဲ့ လူဆိုးတွေပဲ တကယ်လာတယ်လို့ ထားစမ်းပါဗျာ၊ ဟောဒီမှာကြည့်" ဟုဆိုကာ ဦးသာဒင်သည် အံဆွဲအတွင်း



မှ သုံးဆယ့်ရှစ်ဗို့ ခြောက်လုံးပြူးကို နှိုက်ယူ၍ စားပွဲပေါ်သို့ ခွပ်ခနဲ ချင်လိုက်ပြီးလျှင် ဆေးတံကို ကျနစွာ ဖွာလေ၏။

ကျွန်ုပ်လည်း ၎င်း၏ သေနတ်ကို သေချာစွာကြည့်ရှုလိုက်ပြီး နောက် ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာလေ၏။

"သေနတ်ကတော့ ကောင်းပါရဲ့ဗျာ၊ ရန်သူနဲ့ ရင်ဆိုင်တဲ့အခါ မှာ လက်ဦးအောင် မောင်းဖြုတ်ချနိုင်ဖို့က အရေးကြီးတာပါဗျာ"ဟု ပြောလိုက်ရာ ဦးသာဒင်က မခိုးမခန့် မဲ့ပြုံးလေးပြုံး၍ ၎င်းသေနတ်ကို စားပွဲပေါ်မှ ကောက်ယူကာ အင်္ဂလိပ် ဘိုင်စကုတ်မင်းသားများကဲ့သို့ သေနတ်မောင်းကွင်းတွင် လက်ညှိုးကို လျှို၍ သေနတ်ကို မွှတ်၍နေအောင် လှည့်ပြလေ၏။ ထိုအခါ ကျွန်ုပ်က–

"သေနတ်ကို လှည့်တာကတော့ ဟုတ်ပါရဲ့ဗျာ၊ ရန်သူနဲ့တွေ့ရင် ကိုယ်ကဦးအောင် မောင်းဖြုတ်ချနိုင်ဖို့ အရေးကြီးတာပါဗျာ"ဟု ပြန်၍ ပြောလိုက်ရာ ဦးသာဒင်သည် လွန်စွာမခံချင်ဖြစ်၍ သွားပြီးလျှင်–

"ကျုပ်ကလည်း အဲဒီလိုပြောတာ မခံချင်ဘူးဗျာ"ဟု ပြော၍ ကျွန်ုပ်အား ၎င်း၏ ဗို့ဒ်ကားလေးဖြင့် မြို့ပြင်သို့ မရမက ခေါ်ယူသွားလေ၏။ မြို့ပြင်ရှိ ဘီအိုစီပိုင် မြေကွက်လပ်ကြီးတစ်ခုသို့ရောက်လျှင် မော်တော်ကားကို ရပ်လေ၏။ ထို့နောက် ဦးသာဒင်က ကားပေါ်မှဆင်း၍ ကျွန်ုပ်အားလည်း ကားပေါ်မှဆင်းရန် ပြောဆိုလေ၏။ နှစ်ယောက်သား ကားပေါ်မှ ဆင်းခဲ့ကြပြီးနောက် ဦးသာဒင်သည် ကျွန်ုပ်နှင့် စကားပြောရင်း နောက်ဘက်သို့ ဆတ်ခနဲလှည့်ကာ သေနတ်ကို လျင်မြန်စွာထုတ်၍ တဒိုင်းဒိုင်းဖြင့် မောင်းဖြုတ်ချလိုက်လေတော့သည်။ ဆုံလည်အတွင်းရှိ ကျည်ဆန်များအားလုံး ကုန်သည်အထိ ပစ်လိုက်လေ၏။ ဦးသာဒင် ပစ်လိုက်သော ကျည်ဆန်များသည် ကိုက်ငါးဆယ်ခန့်အကွာရှိ ဘီအိုစီမှ ပြုလုပ်ထားသည့် 'DANGER'ဟူသော စာလုံးနီကြီး ခြောက်လုံးကို တစ်ချက်စီမှန်ကြောင်း အံ့သြဖွယ်ရာ တွေ့ရလေ၏။

ထိုသို့ပစ်ပြီးနောက် ဦးသာဒင်သည် သေနတ်ကိုလှည့်၍ ခါးက အိတ်တွင်းသို့ လျင်မြန်စွာ ထည့်လိုက်ပြီးနောက် ကျွန်ုပ်အား ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ၎င်း၏ အကြည့်မှာ "ဘယ့်နှယ်လဲ ဦးအောင်သင်း၊ ကျုပ်သေနတ်ပစ် ကောင်းတယ်ဆိုတာ မြင်ပြီမဟုတ်လား"ဟု မေးလိုက်ဘိသကဲ့သို့ ရှိလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ဥရောပတိုက်သားများ ပြုလုပ်လေ့ရှိသော ဟန်ပန်ဖြင့် ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ပြီးလျှင်-

"ဝန်ခံရုံမှအပ တခြားပြောစရာစကား မရှိပါဘူး ဦးသာဒင်ရယ်"ဟု ပြောလိုက်မှပင် သေနတ်ပစ်ကောင်းကြောင်း ကြွားဝါလိုလှသော ကျွန်ုပ်၏ မိတ်ဆွေကြီးသည် ၎င်း၏ ဖွတ်ချက်ဖွတ်ချက်နိုင်လှသော ဖို့ဒ်ကားလေးဖြင့် ပြန်၍ခေါ်လာပြီးလျှင် သန်လျင်မြို့၌ ထိုအချိန်က နာမည်ကြီးလှသော အကောင်းစား ဘိန်းမုန့်တစ်ချပ်နှင့် ကာကာဆိုင်မှ ကုလားလက်ဖက်ရည် ခပ်ညှံညှံတစ်ခွက်ကို တိုက်ကျွေးလေတော့သည်။

လက်ဖက်ရည်သောက်နေစဉ်၌လည်း ဦးသာဒင်က-

"တယောသမားဟာ သေနတ်ပစ်လည်း ကောင်းတယ်ဆိုတာ ပြချင်လွန်းလို့ပါဗျာ"ဟု ထပ်မံ၍ ပြောလေ၏။ ထိုအခါ ကျွန်ုပ်က-

"သေနတ်ကို အသာသိမ်းထားပြီး တယောလက်သံလေး ကြားစမ်းပါရစေဗျာ"ဟု ပြောလိုက်ရာ လွန်စွာ တယောထိုးကောင်းလှသော ဦးသာဒင်က-

"ကျုပ် တယောကို မကိုင်တာ လေးရာကိုးဆယ့်နဲ့ သုံးရက်ရှိသွားပြီဗျ၊ အဲဒီတော့ ဒီတစ်ခေါက်တော့ သည်းခံပေဦး ဦးအောင်သင်းရေ၊ နောက်တစ်ခေါက်များလာရင်တော့ ခင်ဗျားကြိုက်တဲ့ လက်သံလေးတွေ ကြားရပါစေမယ်လို့ အာမခံပါတယ်ဗျာ"ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ၎င်းအား နှုတ်ဆက်၍ ရန်ကုန်သို့ ပြန်လာခဲ့လေတော့သည်။

အထက်က ဖော်ပြခဲ့သည့်အတိုင်း ဦးသာဒင်နှင့် တွေ့ဆုံပြီး တစ်ပတ်ခန့်ကြာသောအခါ၌ ကျွန်ုပ်သည် အင်းစိန် စီအိုင်ဒီရှိ ကျွန်ုပ်၏ ရုံးခန်းအတွင်း၌ ရာဇဝတ်မှုခင်း အစီရင်ခံစာတစ်စောင်ကို ရေးသားနေလေ၏။ ထိုအချိန်၌ ကျွန်ုပ်မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင် ရောက်ရှိလာပြီးလျှင် သတင်းစာတစ်စောင်ကို ကျွန်ုပ်ရှေ့၌ချ၍ ခဲတံနီပြာဖြင့် ဝိုင်းထားသော



သတင်းတစ်ပုဒ်ကို ပြသဖြင့် ကျွန်ုပ်လည်း ဖတ်ရှုကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

**သန်လျင်မြို့နေ တယောဆရာ ဦးသာဒင် သေနတ်ပစ်လုပ်ကြံခံရခြင်း**

ရှည်လျားသည့် ခေါင်းစဉ်အောက်တွင် ယမန်နေ့ညက ကျွန်ုပ်၏ မိတ်ဆွေကြီး သေနတ်ဖြင့် ပစ်သတ်ခံရခြင်း သတင်းကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် စိတ်မကောင်းစွာဖြင့် ဆားပုလင်းနှင်းမောင်၏ မျက်နှာကို မော့ကြည့်ပြီးလျှင်-

"ဒုက္ခပါပဲ ကိုနှင်းမောင်ရယ်၊ ကျုပ်မိတ်ဆွေကြီးတော့ သွားရှာပြီပဲ"ဟု ပြောလိုက်မိရာ ဆားပုလင်းနှင်းမောင်က-

"ဘယ်လိုဖြစ်တာပါလဲ"ဟု ပြန်မေးလေ၏။ ထိုအခါ၌ ကျွန်ုပ်သည် ပြီးခဲ့သော တစ်ပတ်ခန့်က သန်လျင်ရှိ ဦးသာဒင်အိမ်သို့ ကျွန်ုပ်ရောက်ရှိခဲ့ပုံ၊ ဦးသာဒင်ထံသို့ ပြီးခဲ့သောနှစ်က ပို့လိုက်သည့် ပါဆယ်ထုပ်လေးနှင့် အတွင်းမှာပါရှိသော ပန်းသုံးပွင့် သံထံဆိပ်တုံးလေးအကြောင်း သိခဲ့ရပုံတို့ကိုပါ ခရေစေ့တွင်းကျ ပြောပြလေ၏။ ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ် ပြောပြသည်များကို စူးစိုက်စွာ နားထောင်၍နေလေ၏။ ထိုသို့ နားထောင်ရင်း တစ်စုံတစ်ခုကိုလည်း လေးလေးနက်နက် စဉ်းစားနေပုံရလေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်က-

"အဲဒီ ပါဆယ်ထုပ်လေး ကြည့်ချင်လိုက်တာဗျာ"ဟု ဆိုလေ၏။

"ကြည့်ချင်ရင်တော့ သန်လျင်ကိုသွားမှဖြစ်မယ် ကိုနှင်းမောင်"ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ ၎င်းက-

"သွားဆိုရင် အခုကို သွားချင်တယ်ဗျာ"ဟု ဆိုလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း သန်လျင်သို့သွားရန် စီစဉ်ရလေတော့၏။ ထိုအချိန်၌ပင် စုံထောက်မင်းကြီး မစ္စတာကာရစ်ပင်သည် ယမန်နေ့စ်က ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများ၏ စာရင်းချုပ်ကို မေး၍နေသဖြင့် ကျွန်ုပ် [illegible] ဖိုင်တွဲဟောင်းများကို ရှာဖွေ၍ ရာဇဝတ်မှုများ၏ စာရင်းကို

www.burmeseclassic.com



ပြုလုပ်၍ သောနေရသောကြောင့် အချိန်အတော်ကုန်၍ သွားလေ၏။ ထိုသို့ ပြုလုပ်ပြီးသောအခါ၌ ကျွန်ုပ်သည် မစ္စတာကာရစ်ပင်၏ ရုံးခန်းမှ ထွက်ခဲ့လေ၏။

အပြင်သို့ ရောက်သောအခါ၌ ကိုနှင်းမောင်ကို မတွေ့ရဘဲ ရုံးပြာတာလေး မောင်ညိုကို တွေ့ရလေ၏။ မောင်ညိုက ကျွန်ုပ်ကိုတွေ့လျှင်တွေ့ချင်း–

"ဆရာကိုနှင်းမောင်က သွားနှင့်ပြီလို့ ပြောသွားပါတယ်"ဟု ဆိုလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း သန်လျင်သို့ လိုက်ရလေတော့၏။ ကျွန်ုပ် သန်လျင်သို့ ရောက်သောအခါ၌ နေ့လယ် တစ်နာရီပင် ထိုးနေပြီဖြစ်၏။ ကျွန်ုပ်သည် မြင်းလှည်းတစ်စီးကိုငှား၍ ကျွန်ုပ်၏ မိတ်ဆွေကြီး ဦးသာဒင်အိမ်သို့ သွားခဲ့လေ၏။ ဦးသာဒင်၏ အိမ်ရှေ့တွင် ပုလိပ်လေးတစ်ဦး စောင့်၍နေသည်ကို တွေ့ရပြန်လေ၏။ ထိုပုလိပ်လေးသည် ကျွန်ုပ်ကို တွေ့လျှင်တွေ့ချင်း ဆလံပေး၍–

"စီအိုင်ဒီကပါလား ခင်ဗျာ"ဟုမေးရာ ကျွန်ုပ်က–

"အေး ဟုတ်တယ်"ဟု ပြန်၍ ဖြေလိုက်လေ၏။

ထိုအခါ ပုလိပ်လေးက စာတစ်စောင်ကို ထုတ်၍ပေးပြီးလျှင် "ဆားပုလင်းနှင်းမောင် ပေးသွားတာ"ဟု ဆိုလေ၏။ ကျွန်ုပ်လည်း ထိုစာကို ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

**အိုင်ပီခင်ဗျာ**

**ဒီစာကို ရလျှင်ရချင်း ရန်ကုန်ကို ပြန်သွားပြီး ကျွန်တော့်အိမ်က စောင့်နေပါ။ ဘားကအခန်းမှာ အိမ်သော့အပ်ထားပါတယ်။ တောင်းယူပြီး ဖွင့်ပါ။ ကျွန်တော်မလာမချင်း စောင့်နေပါ။**

**ဆားပုလင်းနှင်းမောင်**

ကျွန်ုပ်သည် ထိုစာကိုဖတ်ပြီးနောက် ရန်ကုန်သို့ ပြန်ခဲ့လေတော့၏။ ရန်ကုန်သို့ရောက်လျှင် ဆားပုလင်းနှင်းမောင် နေထိုင်ရာ ၂၉၅၊ ဘိုလိန်းလမ်း (ယခု ဗညားဒလလမ်း)သို့သွားကာ ၎င်း၏ ဘားအခန်းမှသော့ကို



တောင်းယူ၍ ၎င်း၏အခန်းကို ဖွင့်ပြီးလျှင် အခန်းတွင်းသို့ဝင်ကာ စောင့်၍ နေရလေ၏။

ညနေ ငါးနာရီထိုးသည့်တိုင်အောင် ဆားပုလင်းနှင်းမောင် ပြန်၍ ရောက်မလာသဖြင့် ကျွန်ုပ်မှာ လည်တဆန့်ဆန့် ဖြစ်နေရလေ၏။ စာအုပ်ထဲမှ စာအုပ်များကိုလည်း တစ်အုပ်ပြီးတစ်အုပ် လှန်လှောကြည့်ရှုရင်း အပျင်းပြေရလေ၏။ သို့ရာတွင် ကျွန်ုပ်မှာ နကိုကပင် စာဖတ်ခြင်း၌ ဝါသနာမပါလှသောကြောင့် ဆားပုလင်းနှင်းမောင်၏ စာအုပ်စင်မှ စာအုပ်များသည် ကျွန်ုပ်အား အပျင်းပြေအောင် မတတ်နိုင်ပါ။

ထို့ကြောင့် ကျွန်ုပ်သည် ပက်လက်ကုလားထိုင်၌ပင် တစ်ရေးအိပ်လေတော့၏။ ကျွန်ုပ် အိပ်ရာမှ နိုးသောအခါ၌တွင် ည (၇) နာရီပင် ထိုးနေပြီဖြစ်၏။ သို့ရာတွင် ဆားပုလင်းနှင်းမောင်မှာ ရောက်၍မလာသေးပေ။

ထို့ကြောင့် ကျွန်ုပ်သည် အဆာပြေသဘောဖြင့် လက်ဖက်ရည်တစ်ချက်လောက်တော့ သွား၍သောက်ဦးမည်ဟုတွေးကာ အိမ်တံခါးကိုပိတ်၍ သော့ခတ်မည်အလုပ်၌–

"အိုင်ပီ ပြန်တော့မလို့လား"ဟူသော ဆားပုလင်းနှင်းမောင်၏ အသံကို ကျောဘက်မှ ကြားရသဖြင့် လှည့်၍ကြည့်လိုက်ရာ လက်ထဲတွင် အထုပ်ကလေးတစ်ထုပ်ကိုင်၍ ကျွန်ုပ်ထံသို့ လျှောက်လာနေသော ဆားပုလင်းနှင်းမောင်ကို တွေ့ရလေတော့၏။

"မပြန်ပါဘူးဗျာ၊ ဆာလို့ လက်ဖက်ရည်သွားသောက်မလို့"ဟု ကျွန်ုပ်က ပြောရာ ဆားပုလင်းနှင်းမောင်က–

"ဒီလိုဆိုလည်း သွားကြတာပေါ့ဗျာ"ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ခတ်မည်လုပ်လျက်ရှိသော သော့ကို 'ချောက်'ခနဲ ပိတ်လိုက်ပြီးနောက် ဆားပုလင်းနှင်းမောင်အား သော့တံကို ပေးလိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် မအူကုန်းထိပ်ရှိ ကာကာလက်ဖက်ရည်ဆိုင်သို့ လျှောက်၍သွားကြလေတော့၏။ လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ၌ ဆားပုလင်းနှင်းမောင်က ကျွန်ုပ်အား–

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမိတ်ဆွေကြီးကတော့ သေပြီပေါ့ဗျာ၊ သေတဲ့လူတော့ ပြန်ပြီးရှင်အောင် လုပ်လို့မရပေဘူး၊ ဒါပေမဲ့ ပန်းသုံးပွင့်ပါတဲ့ သံတံဆိပ်တုံးကလေးကြောင့် နောက်ထပ် သေမဲ့လူတွေကို ကာကွယ်ပေးဖို့တော့ ကျွန်ုပ်မှာ တာဝန်ရှိတယ်။ ပြီးတော့ သံတံဆိပ်လေး ပို့လိုက်တဲ့ လူသတ်သမားတွေကိုလည်း ဖော်ထုတ်ဖမ်းဆီးပစ်လို့ တာဝန်ရှိပြန်တယ်၊ အဲဒါကြောင့် အိုင်ပီကို မစောင့်တော့ဘဲ သန်လျင်ဘက် ကူးသွားတာ၊ ပြီးတော့ အိုင်ပီ့မိတ်ဆွေ တယောဆရာကြီး ဦးသာဒင်အိမ်ကိုတက်ပြီး ကျုပ်လိုချင်တဲ့ သဲလွန်စတွေ ရှာခဲ့တယ်၊ အဲဒီ သံတံဆိပ်တုံးနဲ့ ပါဆယ်ထုပ် စက္ကူဘူးအခွံလေးပါ ကျုပ် ယူလာခဲ့တယ်၊ ပြီးတော့ ရန်ကုန်ဘက်ကို ပြန်လာပြီး စာတိုက်မင်းကြီးနဲ့ သွားတွေ့တယ်၊ စာတိုက်ကြီးမှာ ဒီလိုအထုပ်ကလေးမျိုး ရောက်လာရင် ကျုပ်တို့လက်ထဲကိုအပ်ဖို့ လျှို့ဝှက်အမိန့် ထုတ်ပေးထားဖို့ စီစဉ်ခဲ့တယ်"ဟု ပြောပြလေ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် လက်ဖက်ရည်သောက်ကြပြီးနောက် လမ်းခွဲခဲ့ကြလေတော့၏။

*

## တရားခံလော ဖော်ကောင်လော

ထိုအဖြစ်အပျက် ဖြစ်ပွားပြီး တစ်လခန့်ကြာသောအခါ၌ စာတိုက်မင်းကြီးက ဆားပုလင်းနှင်းမောင်အား ခေါ်ယူသဖြင့် ကျွန်ုပ်လည်း လိုက်ပါသွားခဲ့လေ၏။ စာတိုက်မင်းကြီး၏ ရုံးခန်းသို့ ရောက်သောအခါ၌ စာတိုက်မင်းကြီးသည် ရင်နှီးခင်မင်စွာ ကျွန်ုပ်တို့အား ဆီးကြို၍ နေရာထိုင်ခင်း ပေးလေ၏။ ကျွန်ုပ်သည် စာတိုက်မင်းကြီး၏ စားပွဲပေါ်တွင်ရှိသော အနီရောင် ပါဆယ်ထုပ်ကလေးကိုကြည့်၍ ကွယ်လွန်သူ ကျွန်ုပ်၏မိတ်ဆွေကြီး ဦးသာဒင်ကို သတိရသွားတော့၏။ စာတိုက်မင်းကြီးက ဆားပုလင်းနှင်းမောင်အား-



"ခင်ဗျား အလိုရှိနေတဲ့ ပါဆယ်ထုပ် အနီကလေးတော့ လာပြီဗျို့၊ အဲဒါကြောင့် ခေါ်ရတာပဲ"ဟုဆိုကာ ဆားပုလင်းနှင်းမောင်၏လက်သို့ ပါဆယ်ထုပ်အနီကလေးအား အပ်နှံလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် ထိုပါဆယ်ထုပ်ကလေးကိုယူ၍ သေချာစွာ ကြည့်ရှုပြီးလျှင် ကျွန်ုပ်ကိုပါ ကြည့်ရှုရန် ပေးလိုက်လေ၏။ ကျွန်ုပ်မှာ ထိုပါဆယ်ထုပ်ကလေးကို ကိုင်တွယ်လိုစိတ် မရှိပေ။ ထို့အတူ ကြည့်ရှုလိုစိတ်လည်း မရှိပေ။ ထို့ကြောင့် သာမန်ကာလျှံကာသာ ကြည့်ရှုလိုက်ရာ ပါဆယ်ထုပ်၌ ရေးထားသော အောက်ပါစာကို သတိပြုမိလေတော့၏။

သို့

မစ္စတာ ,ဘနာဂျီ
ရို့စ်ဘီလာ၊
အင်းစိန်၊
မြန်မာပြည်။

-မှ-
ပန်းသုံးပွင့်ကုမ္ပဏီ
ဘုံဆောတိုက်ခွဲ။

ဆားပုလင်းနှင်းမောင်သည် စာတိုက်မင်းကြီးအား ကျေးဇူးတင်ကြောင်း နှုတ်ဆက်စကား ပြောပြီးနောက် ရုံးခန်းအတွင်းမှ ထွက်ခဲ့လေ၏။ ကျွန်ုပ်လည်း ၎င်း၏နောက်မှ လိုက်ပြီးထွက်ခဲ့လေ၏။ အပြင်သို့ရောက်သောအခါ၌ ဆားပုလင်းနှင်းမောင်က ကျွန်ုပ်အား-

"မစ္စတာဘနာဂျီနေတဲ့ ရို့စ်ဘီလာကို လိုက်ရမှာပဲ"ဟု ပြောလေ၏။

"လိုက်ပြီးတော့ ဘယ်လိုလုပ်မှာတုန်း"ဟု ကျွန်ုပ်ကမေးရာ ဆားပုလင်းနှင်းမောင်က-

"မစ္စတာဘနာဂျီကိုတွေ့ပြီး ပြောင်ပြောင်ပဲ ပြောရတော့မှာပေါ့ဗျာ၊ ခင်ဗျားဒီမှာ ခင်ဗျားကိုသတ်ဖို့ ပန်းသုံးပွင့်တံဆိပ် ရောက်နေပြီ၊ အဲဒီတော့ ခင်ဗျားရဲ့အသက်ကို ကျုပ်တို့က ကာကွယ်ပေးမယ်၊ ခင်ဗျားက ကျုပ်တို့ကို ပန်းသုံးပွင့်ဂိုဏ်းနဲ့ ပတ်သက်ပြီး အသေးစိတ် ပြောပြပေတော့လို့ ပြောရမှာပဲ အိုင်ပီ"ဟု ဆိုလေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့သည် တက္ကစီကားတစ်စီးကို ငှားရမ်း၍ မစ္စတာဘနာဂျီနေထိုင်ရာ အင်းစိန်သို့ သွားရောက်ခဲ့ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဘနာဂျီ၏ ခြံရှေ့သို့ ရောက်သောအခါ၌ ကျွန်ုပ်က လူခေါ်ခေါင်းလောင်းကြီးကို ဆွဲလိုက်လေ၏။ ထိုအခါ၌ အသက် (၃၀ အရွယ် နီးပါးခန့် ကုလားတစ်ယောက် ထွက်၍လာပြီးလျှင် ကျွန်ုပ်တို့အား 'ဘယ်သူနဲ့တွေ့ချင်လို့လဲ'ဟူသော အဓိပ္ပာယ်ရသည့် ကုလားစကားကို ပြောလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က စီအိုင်ဒီမှဖြစ်ကြောင်း မစ္စတာဘနာဂျီနှင့်တွေ့လိုကြောင်း ပြန်၍ပြောလိုက်ရာ ထိုကုလားသည် အိမ်သို့ပြန်၍လျှောက်သွားလေတော့၏။ တစ်အောင့်မျှကြာသောအခါ၌ ထိုကုလားပြန်ရောက်လာပြီးလျှင် ကျွန်ုပ်တို့အား တံခါးဖွင့်၍ ပေးလေ၏။ ကျွန်ုပ်တို့လည်း ခြံတွင်းသို့ဝင်ကာ တိုက်အိမ်ပုလေးဆီသို့ လျှောက်သွားကြလေ၏။ ထိုအခါ မစ္စတာဘနာဂျီသည် ကျွန်ုပ်တို့အား ၎င်း၏ ဧည့်ခန်း၌ ဧည့်ခံ၍စကားပြောရလောက်အောင် ဧည့်ကောင်းဝတ်ကောင်းများ မဟုတ်ကြောင်းသဘောပိုက်၍ ၎င်း၏ အိမ်တွင် ကြို၍ထွက်လာပြီးလျှင်–

“ဆိုစမ်းပါဦး၊ ဘာကိစ္စလဲဗျ”ဟု ဆီး၍မေးလေ၏။

ထိုအခါ ကျွန်ုပ်က စီအိုင်ဒီမှဖြစ်ကြောင်း ပြောလိုက်ရာ မစ္စတာဘနာဂျီသည် မနှစ်မြို့သော မျက်နှာဖြင့်–

“ရှုပ်ရှုပ်ရက်ရက်ဗျာ၊ ကျုပ်နဲ့ စီအိုင်ဒီနဲ့ ဘယ်လိုများ ပတ်သက်လို့ပါတုန်း”ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က–

“ဟုတ်ပါတယ် မစ္စတာဘနာဂျီ၊ ခင်ဗျားနဲ့ စီအိုင်ဒီ မပတ်သက်ပါဘူး၊ ဒါပေမဲ့ ခင်ဗျားနဲ့ ပတ်သက်တဲ့ ပန်းသုံးပွင့်ကုမ္ပဏီက ပို့လိုက်တဲ့ဟောဒီပါဆယ်ထုပ်ကလေး လာပေးတာပါ၊ ကျုပ်သိရလောက်တော့ဒီပါဆယ်ထုပ်ကလေး ရပြီးရင် နောက်အကျဆုံးဟာ ရက်ပေါင်း ငါးရာပဲပါဆယ်ထုပ် လက်ခံရရှိသူဟာ တစ်နည်းမဟုတ်တစ်နည်းနဲ့ အသက်ပျောက်ရတယ်၊ အဲဒီတော့ မစ္စတာဘနာဂျီဟာ လောကကြီးဟာ ပျော်စရာကောင်းပါတယ်လို့ သဘောထားသေးရင် ခင်ဗျားအသက်ကို ကျုပ်တို့ကစောင့်ရှောက်ပေးပါရစေလို့ ပြောချင်တာပါပဲ”ဟု ပြောလိုက်ရာ မစ္စတာဘနာဂျီသည် အကြီးအကျယ် မျက်နှာပျက်၍ သွားလေ၏။ ထိုအခါ



ဆားပုလင်းနှင်းမောင်က ဘနာဂျီ၏လက်ထဲသို့ ပါဆယ်ထုပ်ကလေးကိုပေးလိုက်လေ၏။

မစ္စတာဘနာဂျီသည် တဆတ်ဆတ်တုန်၍နေသော လက်ဖြင့်ပါဆယ်ထုပ်ကို လှမ်း၍ယူလိုက်လေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်၏ မျက်နှာကို တစ်ချက်မျှခဲခတ် ကြည့်ရှုလိုက်ပြီးလျှင်–

“ခင်ဗျားတို့ဟာ စီအိုင်ဒီက ပုဂ္ဂိုလ်တွေဖြစ်ကြောင်း ကျုပ်ကိုသက်သေခံ အထောက်အထားလေးဘာလေး ပြပါဦး၊ အဲဒီတော့မှပဲကျုပ်က အားကိုးသင့်ရင် အားကိုးရတာပေါ့ဗျာ၊ အခုလိုတော့ ခင်ဗျားတို့နှစ်ယောက်ဟာလည်း ပန်းသုံးပွင့်အဖွဲ့က မဟုတ်ဘူးလို့ မပြောနိုင်ဘူးလေ”ဟု မစ္စတာဘနာဂျီက ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က–

“ရပါတယ်၊ ဆယ့်ငါးမိနစ်အတွင်းမှာ ကျုပ်တို့ဟာ စီအိုင်ဒီအစစ်ဖြစ်ကြောင်း မစ္စတာဘနာဂျီကို သက်သေပြပါမယ်”ဟုဆိုကာ ဆားပုလင်းနှင်းမောင်သည် ခြံဝဆီသို့ လှည့်၍ထွက်သွားလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ၎င်း၏နောက်သို့ လိုက်ပါခဲ့ရလေတော့၏။ ခြံအပြင်သို့ ရောက်သောအခါ၌ ကျွန်ုပ်က–

“ဘယ်လိုလုပ်မှာလဲ ကိုနှင်းမောင်”ဟု မေးလိုက်လေ၏။

“ဘယ်လိုလုပ်ရမလဲ အိုင်ဗီရယ်၊ အင်းစိန်ဂါတ်ကိုသွားပြီး ဘနာဂျီကိုအခုပဲ ဖမ်းခိုင်းလိုက်ရုံပေါ့၊ သူ့အသက်ကို ကယ်မှာတောင် အောက်ကျနောက်ကျ ကယ်ရတယ်ဗျာ”ဟု ဆားပုလင်းနှင်းမောင်က ပြန်ပြောလိုက်လေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် အင်းစိန်ဂါတ်သို့ဝင်၍ ဌာနအုပ်နှင့် တွေ့ဆုံကာ မစ္စတာဘနာဂျီအား ယခုချက်ချင်းဖမ်း၍ အင်းစိန် စီအိုင်ဒီသို့ပို့ပေးရန် ပြောလေတော့၏။ ဌာနအုပ်ကလည်း–

“စိတ်ချပါ ကိုနှင်းမောင်၊ အခုကိုဖမ်းပြီး ပို့လိုက်ပါ့မယ် စီအိုင်ဒီရုံးမှာပဲ ပြန်ပြီးစောင့်နေကြပါ”ဟုပြောကာ ပုလိပ်လေးယောက်ကိုခေါ်၍

www.burmeseclassic.com

www.burmeseclassic.com



ငင်းကိုယ်တိုင် ခေါင်းဆောင်ကာ မစ္စတာဘနာဂျီအား ဖမ်းဆီးရန်အတွက် ကျွန်ုပ်တို့ရှေ့မှောက်၌ပင် ထွက်သွားလေတော့၏။

ကျွန်ုပ်တို့နှစ်ဦးလည်း စီအိုင်ဒီသို့ ပြန်ခဲ့ပြီးလျှင် ကျွန်ုပ်၏ရုံးခန်း၌ ထိုင်၍ စကားပြောနေကြလေ၏။ များမကြာမီ၌ပင် မစ္စတာဘနာဂျီအား အင်းစိန်ဂါတ်မှ ဌာနအုပ်နှင့် ပုလိပ်များက ဖမ်းဆီးခေါ်ဆောင်လာပြီးလျှင် ကျွန်ုပ်၏ ရုံးခန်းအတွင်းသို့ သွင်းလိုက်လေတော့၏။

ထိုအခါ ကျွန်ုပ်က မစ္စတာဘနာဂျီအား ကျွန်ုပ် စားပွဲရှေ့ရှိ ကုလားထိုင်တွင်ထိုင်ရန် ညွှန်ပြလိုက်လေ၏။ မစ္စတာဘနာဂျီလည်း ထိုင်လိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ ဘူးပေါ်၌ တဒေါက်ဒေါက် ခေါက်လိုက်ပြီးလျှင် နှုတ်ခမ်းများ၌ တေ့လိုက်လေ၏။ ထို့နောက် မီးခြစ်ကို 'ထောက်'ခနဲခြစ်ကာ စီးကရက်ကို မီးတို့လိုက်လေ၏။ ပြီးလျှင် တစ်ဖွာနှစ်ဖွာ အားရပါးရ ရှိုက်ဖွာလိုက်လေ၏။ ထိုသို့ ရှိုက်ဖွာပြီးနောက် မစ္စတာဘနာဂျီ၏ မျက်နှာကို စူးစိုက်ကြည့်ရှုလျက် အောက်ပါအတိုင်း ပြောလိုက်လေတော့၏။

"ဒီမှာ မစ္စတာဘနာဂျီ၊ ခင်ဗျားဟာ အပြင်မှာ သူဌေးကြီးပဲဖြစ်ဖြစ် ဘာကောင်ကြီးပဲဖြစ်ဖြစ် အရေးမကြီးဘူး၊ အခု ခင်ဗျားရောက်နေတဲ့ နေရာဟာ စီအိုင်ဒီဖြစ်တယ်၊ စီအိုင်ဒီက သိချင်တာကို ခင်ဗျား ဖြေရမယ်၊ မဖြေလို့မရဘူး၊ ဘယ်ကိစ္စကလေးဖြင့် ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ကိစ္စကလေးမို့ မပြောပါရစေနဲ့ဆိုတာမျိုးကို ခွင့်မပြုနိုင်ဘူး၊ ကျုပ်တို့သိချင်တာကို ခင်ဗျား ကောင်းကောင်းဖြေပါ"

"မဖြေခဲ့လို့ရှိရင်လည်းပဲ ဖြေအောင်လုပ်တဲ့နည်းတွေ ကျုပ်တို့မှာ အများကြီးရှိတယ်၊ ဒါလောက်ပြောရင် ခင်ဗျား နားလည်ပါတယ်၊ ကဲ ခင်ဗျားရဲ့ အဖြစ်အပျက်ကို ခင်ဗျားမွေးတဲ့အချိန်ကစပြီး ကျုပ်တို့ရှေ့ကို ရောက်နေတဲ့အထိ ခုနှစ်သက္ကရာဇ်နဲ့တကွ ပြောပြပေတော့"

မစ္စတာဘနာဂျီလည်း ဆားပုလင်းနှင်းမောင်၏ မျက်နှာကို တစ်ချက်မျှ ခိုးကြည့်ပြီးလျှင်–

"ဒီလိုပါခင်ဗျာ..."ဟု အစချီလိုက်လေတော့သတည်း။



"ကျွန်တော့်အဖေက ဆရာဝန်တစ်ယောက် ဖြစ်ပါတယ်၊ ကျွန်တော့် မွေးတာ ကာလကတ္တားမှာပါ၊ ငယ်စဉ် ကျောင်းနေတုန်းကလည်းပဲ ကာလကတ္တားမှာပါပဲ၊ ပြီးတော့ ကာလကတ္တား ယူနီဗာစီတီမှာ သိပ္ပံဘွဲ့ ရပါတယ်၊ ဘွဲ့ရပြီး မြန်မာပြည်ကို ရောက်လာပါတယ်၊ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်ပါတယ်၊ အဲဒီကုမ္ပဏီက ငွေစာရင်းနဲ့ပတ်သက်တဲ့ မန်နေဂျာ ဦးအနက်မှာ ကျွန်တော်ဟာ တစ်ယောက်အပါအဝင် ဖြစ်ခဲ့ပါတယ်၊ ခဲ့တဲ့ ခုနစ်နှစ်လောက်က အသင်းပိုင် ငွေသုံးသောင်းကို မြင်းလောင်းပစ် တဲ့အတွက် ကျွန်တော်ဟာ ထောင်ကျတော့မလို ဖြစ်ခဲ့ဖူးပါတယ်၊ အဲဒီ အချိန်မှာပဲ ပန်းသုံးပွင့်အဖွဲ့က ကျွန်တော့်ဆီကို..."

"မစ္စတာဘနာဂျီ၊ ခင်ဗျားဟာ ခုအချိန်မှာ အတိဒုက္ခရောက်နေပြီ၊ ကုမ္ပဏီပိုင်ငွေတွေကို မြင်းလောင်းပစ်တဲ့အတွက် အချိန်မီ ပြန်ပြီးမသွင်း နိုင်ရင် ထောင်ကျတော့မယ်၊ ဒါကြောင့် ပန်းသုံးပွင့်အဖွဲ့က ခင်ဗျားကို တာနာရှေ့ထားပြီး ကူညီလိုက်တယ်ပါတယ်ဆိုတဲ့ စာတစ်စောင် ရောက် လာပါတယ်။

အဲဒီစာရောက်ပြီး သုံးရက်အတွင်းမှာပဲ ကျွန်တော့်ဆီကို ပါဆယ် ထုပ်တစ်ထုပ် ရောက်လာပါတယ်။ ဖွင့်ကြည့်လိုက်တော့ ငွေစက္ကူအသစ် တွေချည်းပဲ ငါးသောင်းဖိုးလောက်ကို အံ့သြဖွယ် တွေ့ရပါတယ်။ အဲဒါ ကြောင့် ကျွန်တော်ဟာ ကုမ္ပဏီငွေကို ပြန်ဆပ်နိုင်တဲ့အပြင် ငွေနှစ်သောင်း သောင်းမှ လက်ထဲမှာ ကျန်သေးတဲ့အတွက် ခြံနဲ့အိမ်ကို ဝယ်လိုက်ပါတယ်၊ အဲဒီလိုနဲ့ပဲ ကျွန်တော်ဟာ ဘာအဖွဲ့မှန်းမသိတဲ့ ပန်းသုံးပွင့်အဖွဲ့နဲ့ ဆက်သွယ် ခဲ့ပါတယ်"

မစ္စတာဘနာဂျီသည် စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဆေးပြင်း လိပ်တစ်လိပ်ကိုထုတ်၍ မီးညှိရှိုက်ဖွာနေလေတော့၏။ ထိုအခါ ဆားပုလင်း နှင်းမောင်က–

"အဲဒီနောက်ပိုင်းမှာ ခင်ဗျားနဲ့ ပန်းသုံးပွင့်နဲ့ ဘာအဆက်အသွယ် ရှိသေးလဲ"ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



“ပြီးခဲ့တဲ့ နှစ်လောက်တုန်းက ပန်းသုံးပွင့်အဖွဲ့က ကျွန်တော့်ဆီကို စာတစ်စောင်နဲ့ ခြောက်လုံးပြူးတစ်လက် ပို့လိုက်ပါတယ်၊ စာကတော့ မစ္စတာဟန်ဖရီးဆိုတဲ့ မျက်နှာဖြူတစ်ယောက်ရဲ့ ဖောက်(စ်) တယ်ရီယာ ခွေးကြီးကို ဘယ်နေ့ဘယ်ရက်မှာ ခြောက်လုံးပြူးနဲ့ ပစ်သတ်ပေးပါဆိုတာ ပါပဲ၊ မစ္စတာဟန်ဖရီးဆိုတာက ကာလကတ္တားဘက်မှာနေတဲ့ မျက်နှာဖြူ အရာရှိကြီးတစ်ဦးပါပဲ၊ ကျုပ်လည်း ပန်းသုံးပွင့်အဖွဲ့က ခိုင်းတဲ့အတိုင်း မစ္စတာ ဟန်ဖရီးရဲ့ အိမ်နားမှာ စောင့်ပြီး လူအလစ်ကို ချောင်းခဲ့ပါတယ်၊ လူလစ်တာနဲ့တစ်ပြိုင်နက် ခွေးကြီးကို ခြောက်လုံးပြူးနဲ့ ဝင်ပြီးပစ်သတ်ခဲ့ ပါတယ်” ဟု မစ္စတာဘနာဂျီက ပြောပြလေ၏။ ထိုအခါ ဆားပုလင်းနှင်း မောင်က–

“မစ္စတာဟန်ဖရီးဆိုတာ ရှိသေးလား”ဟု မေးလေ၏။

“မရှိတော့ပါဘူးခင်ဗျ၊ သူ့ခွေးကြီးကို ကျွန်တော် ပစ်သတ်လို့ ရက်ပေါင်း ကိုးဆယ်တိတိမှာပဲ မစ္စတာဟန်ဖရီးတစ်ယောက် သေနတ်ပစ် ခံရပြီး သေဆုံးသွားတယ်လို့ သိရပါတယ်”ဟု မစ္စတာဘနာဂျီက ပြန်၍ ဖြေလေ၏။

“ပန်းသုံးပွင့်ဆီက ငွေငါးသောင်းရပြီးတဲ့နောက်မှာ ဒီတစ်ခုတည်း ပဲ ခင်ဗျား လုပ်ပေးခဲ့ရသလား၊ နောက်ရော ခင်ဗျားကို ဘာတွေခိုင်း သေးသလဲ”ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

“အဲဒီနောက်ပိုင်းမှာ လူတစ်ယောက်ကို သေနတ်နဲ့ပစ်သတ်ခိုင်း ပြန်ပါတယ်၊ ခိုင်းတာကတော့ လွန်ခဲ့တဲ့ သုံးလလောက်ကပါပဲ၊’ ဒါပေမဲ့ ကျွန်တော် သူတို့ခိုင်းတာ မလုပ်ခဲ့ပါဘူး၊ မလုပ်တဲ့အတွက်ကြောင့်လည်း ကျွန်တော့်ကိုသတ်ဖို့ သတိပေးတဲ့အနေနဲ့ တံဆိပ်ရောက်လာတာပါပဲ”

“ခင်ဗျားက ဘာကြောင့် သူတို့ခိုင်းတာကို မလုပ်ခဲ့တာလဲ ဒီတစ်ခါ ခင်ဗျားသတ်ရမှာက ခွေးတစ်ကောင် မဟုတ်ဘဲ လူတစ်ယောက် ဖြစ်နေလို့လား”ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ရာ ဘနာဂျီက–

“အဲဒါလည်း တစ်ကြောင်းပေါ့ဗျာ၊ ပြီးတော့ အဲဒီလူက ကျွန်တော့် ဦးလေး အရင်းခေါက်ခေါက်ကြီးဗျ”



မစ္စတာဘနာဂျီ၏ စကားကြောင့် ဆားပုလင်းနှင်းမောင်ရော ကျွန်ုပ်ပါ ပြိုင်တူ ‘ဩော်’ဟူ၍ ရေရွတ်လိုက်မိကြလေတော့သည်။ ထို့နောက် ဆားပုလင်းနှင်းမောင်က–

“ဦးလေးအရင်းမို့လို့ မသတ်ဘူးဆိုတော့ သူစိမ်းဆိုရင် သတ်မှာ ပေါ့”ဟု မေးလိုက်တာ မစ္စတာဘနာဂျီက–

“ဒီလိုလည်းမဟုတ်ပါဘူး၊ ကျွန်တော်ဟာ လူတစ်ယောက်ကို သတ်ဝံ့ပါဘူး၊ ခွေးကို သတ်ရတာတောင် ကျွန်တော့်အတွက် ဧရာမ နှိပ်စက်မှုကြီးလို ဖြစ်နေပါတယ်၊ ဒါကြောင့် ပန်းသုံးပွင့်ကပဲခိုင်းခိုင်း၊ ပန်းလေးပွင့်ကပဲခိုင်းခိုင်း ကျွန်တော်ကတော့ ဘယ်သူ့ကိုမှ မသတ်ပါဘူး” ဟု ပြန်၍ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်မောင်က–

“ခင်ဗျားရဲ့ ပန်းသုံးပွင့်အဖွဲ့ဆိုတာက သူတို့ခိုင်းတာကို လုပ်မပေး ရင် အသက်ကို ချမ်းသာပေးမဲ့အဖွဲ့မျိုး မဟုတ်ဘူးဆိုတာ ခင်ဗျား နားလည်တယ်မဟုတ်လား”ဟု မေးလိုက်ရာ မစ္စတာဘနာဂျီက–

“ကျွန်တော် ကောင်းကောင်း သဘောပေါက်ပါတယ်၊ ဒါကြောင့် အချိန်ရသလောက် ကျွန်တော်လည်းပဲ သေနတ်ပစ် လေ့ကျင့်နေတာပါ”ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်၏စိတ်၌ သေနတ်ပစ် ကျွမ်းကျင်လှသော ကျွန်ုပ်၏ မိတ်ဆွေကြီး ဦးသာဒင်အား ပန်းသုံးပွင့်ဂိုဏ်းသားများက လုပ်ကြံသတ် ဖြတ်ခဲ့ပုံကို ပြန်လည်၍တွေးရင်း ဘနာဂျီ၏ မျက်နှာကို သေချာစွာကြည့်၍–

“ဒီမှာ မစ္စတာဘနာဂျီ၊ ခင်ဗျားထက် သေနတ်ပစ်ကောင်းတဲ့ ကျုပ်မိတ်ဆွေ ဦးသာဒင်တောင် ပန်းသုံးပွင့်လက်ချက်နဲ့ အသက်ထွက်သွား ပြီ”ဟု ဝင်၍ပြောမိလေတော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က–

“ဒီမှာ မစ္စတာဘနာဂျီ၊ ခင်ဗျားဆီကို ပို့လိုက်တဲ့ ပါဆယ်ထုပ်ထဲက စာဖြစ်စေ၊ တခြားတစ်ခုခုကိုဖြစ်စေ ကျုပ်တို့ကြည့်ချင်တယ်”ဟု ပြောလိုက်လေ၏။ ထိုအခါ မစ္စတာဘနာဂျီက–

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဒါပါပဲ၊ ခင်ဗျားတို့ကိုယ်တိုင် ယူလာတဲ့ ပါဆယ်ထုပ်ထဲက ဖွဲ့စည်းလေ"ဟုဆိုကာ ၎င်း၏ ကုတ်အင်္ကျီကိုနှိုက်ကာ သိုးမွေးမာဖလားလေးတစ်ထည်ကို ထုတ်၍ပေးလေ၏။ ဆားပုလင်းနှင်းမောင်နှင့် ကျွန်ုပ်လည်း သိုးမွေးမာဖလားလေးကို စားပွဲပေါ်၌ အသုံးပြုသော သာမန်သိုးမွေးမာဖလားလေးတစ်ထည်သာ ဖြစ်ပေသည်။ သို့ရာတွင် ထိုမာဖလားလေးပေါ်၌ စုတ်တံဖြင့် ရေးထားသော အနက်ရောင် အင်္ဂလိပ်စာလုံးများကို တွေ့ရလေ၏။

**ONE MURDER MAKES A VILLAIN;**
**MILLIONS, A HERO**

ကျွန်ုပ်သည် ထိုစာကိုဖတ်ပြီးနောက် ကျွန်ုပ်၏ မိတ်ဆွေကြီး မျက်နှာကို လှမ်း၍ကြည့်လိုက်မိလေ၏။ ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်သည် ခပ်မဲ့မဲ့လေး ပြုံးလိုက်ပြီးနောက်–

"တစ်ယောက်ကိုသတ်ရင် လူသတ်သမားပေါ့ဗျာ၊ သန်းနဲ့ချီပြီး သတ်နိုင်ရင်တော့ လူစွမ်းကောင်းဖြစ်တယ်ဆိုတဲ့ သဘောပဲ၊ ဒါက ဆယ့်ရှစ်ရာစုနှစ်လောက်က 'ပေါတီးယပ်(စ်)'ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ အဆိုပေါ့ဗျာ၊ ဒါကို ကြည့်ခြင်းအားဖြင့် ပန်းသုံးပွင့် လူသတ်သမားဟာ သူတစ်ပါးနဲ့မတူတဲ့ အတွေးအခေါ်မျိုးတွေရှိတဲ့ လူစားမျိုးဆိုတာတော့ ထင်ရှားနေတာပဲ၊ ပြီးတော့ အဲဒီစာရဲ့ နံဘေးမှာပါတဲ့ ပန်းပွင့်လေးသုံးပွင့် ရေးထားပုံကလည်း စုတ်တံနဲ့ တစ်ချက်တည်း ဆွဲသွားတာဗျ၊ ဒီပန်းပွင့်လေး ရေးထားပုံဟာ တော်တော့်ကို လက်ရဲဇက်ရဲနိုင်တဲ့ စိတ်ဓာတ်ကို ဖော်ပြထားတယ်ဗျ"ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က မစ္စတာဘနာဂျီအား–

"ဒီမှာ မစ္စတာဘနာဂျီ၊ ဒီအရင်က ပန်းသုံးပွင့်က ပို့တဲ့စာ ရှိသေးလား"

"ရှိပါတယ်၊ 'လူတစ်ယောက်ကို သတ်ပေးပါ၊ မသတ်ရင် နင့်ကို သတ်ရပါလိမ့်မယ်'ဆိုတဲ့ စာပေါ့ဗျာ"ဟု မစ္စတာဘနာဂျီက ပြန်၍ဖြေလေ၏။



ဆားပုလင်းနှင်းမောင်သည် စီးကရက်ပြာကို ချွေလိုက်ပြီးနောက်–

"ဘယ်နေ့ ဘယ်ရက်ကို သတ်မယ်ဆိုတဲ့ ရက်ချိန်းအတိအကျတော့ မပါဘူးပေါ့"ဟု မေးလိုက်လေ၏။

"မှန်ပါတယ်ခင်ဗျ၊ ရက်ချိန်းအတိအကျတော့ မပါပါဘူး"ဟု မစ္စတာဘနာဂျီက ပြန်၍ဖြေလေ၏။

"အကောင်းဆုံးကတော့ မစ္စတာဘနာဂျီရဲ့အသက်ကို လုံခြုံဖို့အတွက် ကျုပ်တို့စီအိုင်ဒီမှာ ခေါ်ပြီးထားချင်တာပဲ"ဟု ဆားပုလင်းနှင်းမောင်ကပြောတာ မစ္စတာဘနာဂျီက–

"မဖြစ်နိုင်ပါဘူးခင်ဗျာ၊ ကျုပ်မှာက ပြိုင်မြင်းတွေအများကြီးမွေးထားတဲ့အတွက် အတော့်ကို အလုပ်များပါတယ်၊ တစ်ပတ်ကို သုံးရက်ဆက်မနည်း တပ်ဖ်ကလပ်ကို သွားရပါတယ်၊ အဲဒီတော့ ခင်ဗျားတို့ဆီမှာ နေနိုင်ပါဘူး၊ ကျုပ်ကို နေရာတိုင်း သေနတ်ယူသွားဖို့အတွက် သေနတ်လိုင်စင်တစ်စောင်ရအောင် လုပ်ပေးရင်ပဲ တော်လောက်ပါပြီ၊ ဟောဒီမှာ ကျုပ်ဆီက တရားမဝင်တဲ့ သေနတ်ကိုပဲ ခင်ဗျားတို့ဆီကို အပ်ပါတယ်"ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ဆားပုလင်းနှင်းမောင်သည် မစ္စတာဘနာဂျီထံမှ သေနတ်ကို သိမ်းယူပြီးလျှင် လိုင်စင်မဲ့ လက်နက်ကိုင်ဆောင်မှုပုဒ်မဖြင့် အမှုဖွင့်ထားရန် ပုလိပ်ဘက်အား အကြောင်းကြားပြီး တစ်ဖက်မှလည်း ထောက်မင်းကြီးနှင့် တွေ့ဆုံကာ မစ္စတာဘနာဂျီအား မည်သည့်နေရာတွင်မဆို သေနတ်ကိုင်ဆောင်နိုင်သော လိုင်စင်တစ်စောင်ရရှိရန် ကြိုးပမ်း၍ ခြောက်လုံးပြူး သေနတ်တစ်လက်ကို လက်နက်တိုက်တစ်ခုမှ ဝယ်ယူခွင့်ရရန် ဆောင်ရွက်ပေးပြီးလျှင် ပြန်၍ လွှတ်လိုက်လေတော့သည်။

မစ္စတာဘနာဂျီ ပြန်ခါနီး၌ ဆားပုလင်းနှင်းမောင်က–

"မစ္စတာဘနာဂျီ၊ အရေးကြုံလို့ ပစ်ရတဲ့အခါမျိုးမှာ သေမဲ့နေရာကို မပစ်နဲ့ဗျ၊ ပေါင်လောက်၊ ခြေထောက်လောက်ကိုပဲ ပစ်ချိုးပါ၊ သေသွားရင် အမှုက ဆက်ပြီးလိုက်လို့မရတော့ဘူး၊ ဒီအမှုမျိုးက တရားခံတစ်ယောက်ယောက်ကို အရှင်မိမှ ကောင်းမဲ့အမှုမျိုးဗျ"ဟု မှာကြားလိုက်လေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com



## မာရိနတ်မင်း၏ သမီးများလော

အထက်က ဖော်ပြခဲ့သည့်အတိုင်း မစ္စတာဘနာဂျီနှင့် တွေ့ဆုံပြီး တစ်ပတ်ခန့်အကြာတွင် 'ပန်းသုံးပွင့်'ဟု မသကာ်ဖွယ်ရာရှိသော လူသုံးဦး၏သတင်းကို ဒခိုင်အမာ ရရှိခဲ့လေတော့၏။ ထိုသူသုံးဦးမှာ ရှမ်းပြည်နယ် တောင်ပိုင်း နယ်စပ်မြို့လေးတစ်မြို့မှ ရောက်ရှိလာသူများဖြစ်၏။ ကျွန်ုပ်တို့အဖို့ ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ထိုမသကာ်ဖွယ်ရာသုံးဦးမှာ ယောကျ်ားများမဟုတ်ကြဘဲ အသက်အစိတ်မှ သုံးဆယ်အတွင်းသာ ရှိကြသော လှပချောမောသည့် လုံးကြီးပေါက်လှ မိန်းမပျိုသုံးဦးပင် ဖြစ်ပေသည်။ ၎င်းတို့သည် နယ်စပ်မြို့လေးတစ်မြို့၌ ဒုစရိုက်လုပ်ငန်းများဖြင့် တန်ခိုးအာဏာကြီးမားနေသော ဦးရဟိုင်းဆိုသူ၏ သမီးသုံးယောက် ဖြစ်ကြပေသည်။ ၎င်းတို့သည် ကန်တော်ကြီးကို မျက်နှာပြု၍ ဆောက်ထားသော တိုက်အိမ်ကြီးတစ်လုံးတွင် ငှားရမ်း၍ နေထိုင်ကြလေ၏။

ကျွန်ုပ်သည် ၎င်းတို့သုံးဦး၏သတင်းကို ရရှိလျှင် ရရှိချင်း ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင် နေထိုင်ရာ ၂၉၅၊ ဘိုလိန်းလမ်း (ယခုဗညားဒလလမ်း)သို့ သွားရောက်၍ သတင်းပေးလေ၏။ ကျွန်ုပ်ရောက်ရှိသည့်အချိန်၌ ဆားပုလင်းနှင်းမောင်သည် ၎င်း၏အိမ်ရှေ့၌ ခြေစုံခွဲ၍ ရပ်ပြီးလျှင် လက်နှစ်ဖက်ကို ရှေ့တည့်တည့်သို့ ဆန့်တန်းလိုက်၊ နောက်တစ်ဖန် ထိုလက်များကို အောက်သို့ခါချလိုက်နှင့် လက်လှုပ်ကာ လေ့ကျင့်ခန်းလုပ်နေသည်ကို တွေ့ရလေသောကြောင့် ကျွန်ုပ်လည်း စောင့်ဆိုင်းနေရာ အတန်ကြာမှပင် ထိုလက်ခါလေ့ကျင့်ခန်း ပြီးသွားလေ၏။ ထို့ကြောင့် ကျွန်ုပ်က–

"အိုင်ဆေး... ခင်ဗျား လေ့ကျင့်ခန်းကလည်း တစ်မျိုးကြီးပါလားဗျ လက်မြှောက်တင်လိုက် ခါချလိုက်နဲ့ ဘယ်လိုများ အကျိုးထူးမှာမို့လို့တုန်း" ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က–

"ဒီလေ့ကျင့်ခန်းကို နှလုံးရောဂါသည်တွေ၊ သွေးတိုးရောဂါသည်တွေ၊ လေဖြတ်မလိုလိုဖြစ်နေတဲ့သူတွေ၊ အမြဲတမ်း တွေဝေထိုင်းမှိုင်းနေသူတွေ၊ ကိုယ့်ကိုယ်ကိုယ် အသက်တိုမယ်လို့ ထင်နေတဲ့လူတွေ၊ ဒိုက်ပွန်ကားနဲ့ ရေဖျင်းစွဲသလို ဖြစ်နေတဲ့သူတွေ လေ့ကျင့်သင့်တယ်ဗျ၊ လုပ်ရတာ လွယ်လွယ်လေးပေါ့၊ အကြိမ်ပေါင်း ငါးရာနဲ့ တစ်ထောင်ကြားထဲမှာ လုပ်သင့်တယ်"ဟု ပြောလေ၏။

"ခင်ဗျားဟာကလည်းဗျာ၊ လွယ်လွယ်တလေးလည်းဆိုသေးရဲ့ လုပ်ရမဲ့ အကြိမ်ပေါင်းကလည်း များလှချည်လား"ဟု ကျွန်ုပ်ကမေးရာ ၎င်းက–

"အကြိမ်ငါးရာကိုမှ ဆယ့်နှစ်မိနစ်လောက် ကြာတာပါ၊ အကြိမ်တစ်ထောင်လုပ်မှ မိနစ်အစိတ်ပေါ့၊ မလုပ်နိုင်စရာ မရှိပါဘူး၊ ဒီနည်းက ဘရုတ်ပြည်မှာ အလွန်ကျော်ကြားတဲ့ 'တာမားပေါတိ'ဆိုတဲ့ ဆရာတော်ကြီးရဲ့နည်းဗျ၊ တာမားပေါတိဆိုတာ မြန်မာလိုတော့ ဗောဓိမွှေပေါ့ဗျာ"ဟု ဆားပုလင်းနှင်းမောင်က ရှင်းလင်းပြလေ၏။

"ဒီလိုဆိုရင်တော့ အဲဒီလေ့ကျင့်ခန်းကို ကျုပ်မိန်းမကို လုပ်ခိုင်းရမယ်ဗျ၊ သူ့မှာက နှလုံးရောဂါလိုလို ဘာလိုလို ဖြစ်နေတယ်"ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က အနည်းငယ်ပြုံး၍–

"စားကောင်းသောက်ဖွယ် စားရတဲ့အခါမျိုးမှာ ချစ်သူကို သတိရသလိုရှိတယ်ဆိုတဲ့ စကားလေးဟာ ရယ်စရာပြောတာ မဟုတ်ဘူးဗျ၊ အတော့်ကိုမှန်တဲ့ စကားလေးပဲ"ဟု ယဉ်ယဉ်ကျေးကျေးလေး ကျွန်ုပ်အား နောက်ပြောင်လိုက်လေ၏။

"ဒီမှာအိုင်ဆေး၊ ပန်းသုံးပွင့်ဂိုဏ်းလို့ မသင်္ကာစရာကောင်းတဲ့ လူသုံးယောက်တော့ ရောက်နေပြီဗျ၊ ပိုပြီး စိတ်ဝင်စားဖို့ကောင်းတာက သူတို့ဟာ နယ်စပ်မြို့လေးတစ်မြို့က လာကြတာ၊ ပြီးတော့ ယောကျ်ားတွေ မဟုတ်ကြဘူး၊ မျှစ်စို့ပေါက်ကြီးတွေလို ဖြူဖြူထွားထွား မိန်းမလှကြီးတွေဗျ၊ ပြီးတော့ သူတို့အဖေဟာ အဲဒီမြို့လေးက ဒုစရိုက်ခေါင်းဆောင်တစ်ယောက်ပဲ၊ အခု သူတို့သုံးယောက်ဟာ ကန်တော်ကြီးနားက ခြံနဲ့တိုက်ကြီးကိုငှားပြီး နေနေကြပြီး အဲဒီသတင်းကတော့ အခိုင်အမာပဲဗျို့" ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က–

www.burmeseclassic.com

www.burmeseclassic.com



"ဦးရဟိုင်းရဲ့ သမီးတွေပါဗျာ၊ ကန်တော်ကြီး ကရင်(မ်)ဆင်ဗီလာကို ငှားနေကြတယ်၊ ချယ်ရီတဲ့၊ ရိုစီတဲ့၊ ဒေစီတဲ့၊ ပန်းပွင့်လေးတွေရဲ့ နာမည်ပဲဗျာ ဒါပေမဲ့ ဦးရဟိုင်းဆိုတဲ့ လူကြီးဟာ မာရ်နတ်သားကြီးလောက်ကို ကြောက်ဖို့ကောင်းတယ်၊ ခင်ဗျားပြောတဲ့ မျှစ်စိုပေါက်ကြီးတွေကလည်း တကယ်တော့ မာရ်နတ်ရဲ့ သမီးသုံးယောက်ဖြစ်တဲ့ အာရတီတို့၊ ဝိရတီတို့ ပါပါတို့လောက်ကို အစွမ်းထက်ကြပါပေတယ်။

တစ်ခု စိုးရိမ်စရာကောင်းတာကတော့ သူတို့သုံးယောက်လုံးဟာ မနက်တိုင်း မြင်းစီးလေ့ကျင့်ကြတယ်၊ သူတို့စီးတဲ့ မြင်းတွေက တခြားမြင်းတွေ မဟုတ်ဘူးဗျ၊ မစ္စတာဘာနာဂျီရဲ့ မြင်းတွေဖြစ်နေတယ်၊ မြင်းတွေငှားတဲ့ကိစ္စက အစပြုပြီး မိန်းမသုံးယောက်ဟာ မစ္စတာဘာနာဂျီအိမ်ကို ဝင်လားထွက်လားနဲ့ လမ်းပေါက်နေကြတယ်"ဟု ပြည်ပြည့်စုံစုံ ပြောပြနေသောကြောင့် သတင်းပေးရန်သွားသော ကျွန်ုပ်သည်ပင် ပါးစပ်အဟောင်းသားဖြင့် နားထောင်နေရလေတော့၏။ ထို့ကြောင့် ကျွန်ုပ်က–

"ခင်ဗျားမသိသေးဘူး အောက်မေ့လို့ လာပြောတာပါဗျာ၊ ခင်ဗျားကလည်း သိနေလိုက်တာ"ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က ပြုံးရယ်လျက်–

"ဘာပဲဖြစ်ဖြစ်လေ၊ အိုင်ပီ ဒီသတင်းကို ရလာတယ်ဆိုတာ ချီးမွမ်းရမှာပဲ၊ အရင်ကဆိုရင် ဘာသတင်းမှကို မရဘဲနဲ့ ကျုပ်နဲ့ လျှောက်လိုက်နေတာပဲ မဟုတ်လား၊ အခုတော့ သတင်းတွေဘာတွေ စုဆောင်းတတ်လာပြီဆိုတော့ တိုးတက်လာတဲ့ လက္ခဏာတော့ ရှိပါတယ်၊ ဒါကလည်း အိုင်ပီ့မိတ်ဆွေကြီး တယောဆရာ ဦးသာဒင်ကို ပန်းသုံးပွင့်အဖွဲ့က သတ်သွားတယ်ဆိုတာနဲ့ မခံချင်လို့ နည်းနည်းပါးပါး ကြိုးစားလာတာနဲ့ တူပါရဲ့"ဟု ပြောလိုက်လေ၏။

"အစစ်ပေါ့ ကိုနှင်းမောင်ရယ်၊ ကျုပ်ကတော့ ကျုပ်မိတ်ဆွေကြီး ဦးသာဒင်ကို သတ်သွားတဲ့အတွက် ဒီဂိုဏ်းကြီးကို ပေါ်စေချင်နေတာ"ဟု ကျွန်ုပ်က ပြောလိုက်လေ၏။



"ဒီလိုမဟုတ်ဘူး အိုင်ပီရဲ့၊ ကိုယ်နဲ့ပတ်သက်တဲ့လူ အသတ်ခံရမှ တရားခံကို မြန်မြန်မိချင်တယ်ဆိုတဲ့ သဘောထားက မှားနေတယ်၊ ကိုယ်နဲ့ပတ်သက်သက် မပတ်သက်သက် မပေါ်သေးတဲ့အမှုကို ပေါ်အောင်လုပ်ဖို့၊ မမိသေးတဲ့ တရားခံကို မိအောင်ဖမ်းဖို့တာဝန်က စုံထောက်တစ်ဦးရဲ့ ခေါင်းပေါ်မှာရှိနေတယ်၊ ဒါကြောင့် ခင်ဗျားမိတ်ဆွေကြီး ဦးသာဒင် အသတ်ခံရတယ်ဆိုတာကို မေ့ပစ်လိုက်ပါ၊ လူတစ်ယောက် အသတ်ခံရတဲ့အတွက် အိုင်ဒီက စုံထောက်တစ်ဦးအနေနဲ့ တာဝန်ရှိလို့ အဲဒီတာဝန်ကို ဆောင်ရွက်နေတယ်လို့ သဘောထားလိုက်ပါ၊ အမှုသွား အမှုလာကတော့ နည်းနည်းလေးခက်တယ်၊ လောကြီးလို့ရမဲ့ ကိစ္စမျိုးမဟုတ်ဘူး၊ ကဲပါဗျာ လက်ဖက်ရည်ကျကျလေး တစ်ခွက်စီလောက် သောက်ကြဦးစို့"ဟု ဆိုသဖြင့် ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်တို့သည် သိတာလမ်းရှိ လွန်စွာလက်ဖက်ရည်ဖျော်ကောင်းလှသော ဒေါ်တင်ညွန့်၏ အောင်သပြေ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြလေတော့သတည်း။

*

## ဘာနာဂျီ အသတ်ခံရရှာပြီ

နောက်တစ်နေ့ည ဆယ်နာရီထိုးလောက်တွင် ကျွန်ုပ်သည် အိပ်စက်ရန်အတွက် အိပ်ရာတွင်းသို့ ဝင်မည်အပြုတွင် ကျွန်ုပ်၏အိမ်သို့ ဆားပုလင်းနှင်းမောင် ရောက်ရှိလာပြီးလျှင်–

"အိုင်ပီရေ... သွားရှာပြီဗျို့၊ ဘာနာဂျီတစ်ယောက်တော့ သွားရှာပြီ၊ ပြီးခဲ့တဲ့ တစ်နာရီလောက်က သေနတ်ပစ်ခံရရှာတယ်၊ အပစ်ခံရတာလည်း မြို့ထဲမှာ လမ်းလျှောက်နေတုန်း အပစ်ခံရတာဗျို့"ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က–

"ဟိုသုံးယောက်ရဲ့ လက်ချက်ဖြစ်မှာပဲ"ဟုဆိုကာ သေနတ်ပါသော ခါးပတ်ကိုပတ်၍ ဆားပုလင်းနှင်းမောင်နှင့်အတူ အပြင်သို့ ထွက်ခဲ့လေ၏။ အပြင်သို့ရောက်လျှင်–

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ သူတို့သုံးယောက်ကို ဖမ်းချင်တယ်ဗျာ၊ အဲဒါ ခင်ဗျား ကန့်ကွက်မလား"ဟု ကျွန်ုပ်က မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က–

"မကန့်ကွက်ပါဘူး၊ ဒါပေမဲ့ ထောက်လည်း မထောက်ခံဘူး၊ တစ်ခါတလေ အိုင်ပီ စိတ်ကြိုက်လေး လုပ်ကြည့်ပါစေဆိုတဲ့ သဘောနဲ့ လိုက်လျောတဲ့ သဘောပဲ"ဟု ပြောလေ၏။

"နေစမ်းပါဦး ကိုနှင်းမောင်၊ ခင်ဗျားရော အဲဒီမိန်းမသုံးယောက်ကို မထင်ဘူးလား"ဟု ကျွန်ုပ်က မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က–

"ကျုပ်မှာ ထင်တယ်ဆိုတဲ့ အလေ့အထ မရှိဘူးဗျ၊ ဘာမှသဲသဲကွဲကွဲ မသိသေးဘဲ ဘယ်သူ့ကိုမှ မထင်တတ်ဘူးဗျ၊ ပြီးတော့ ထင်တယ်ဆိုတာက တကယ်ဟာ မဟုတ်ဘူးဗျာ၊ ထင်တာပဲဖြစ်တယ်၊ တွေးခေါ်လို့ရတဲ့ လုပ်ငန်းတွေမှာ အဲဒီ 'ထင်'ဆိုတဲ့အလုပ်က တော်တော်ဒုက္ခပေးတယ်ဗျ၊ တစ်ဦးဦးကို ထင်ထားလိုက်တာနဲ့ အကြောင်းအရာကြီးတစ်ခုလုံးကို ဆက်ပြီး တွေးလို့မရတော့ဘူး၊ အတွေးတွေဟာ ထင်ထားတဲ့လူဆီမှာပဲ ရောက်နေတယ်၊ ပြီးတော့ ကိုယ်ထင်ထားတာကို ခိုင်လုံဖို့အတွက် မဆီမဆိုင်တဲ့ ယုတ္တိတွေကို အတင်းရှာတော့တာပဲ၊ ပြီးတော့ ခက်တာက ကိုယ်က ထင်ထားကာမှ ထင်စရာတွေ၊ မသင်္ကာစရာတွေက အဲဒီလူအပေါ်မှာ တစ်ခုပြီးတစ်ခု ပေါ်ပေါ်လာတတ်တယ်ဗျ၊ ဥပမာဗျာ ကိုယ့်ရဲ့ ပစ္စည်းတစ်ခု ပျောက်သွားတယ်ဆိုပါတော့ ကိုယ်က မောင်ဖြူဆိုတာကို ခိုးတယ်လို့ ထင်ထားရင် မောင်ဖြူ့ရုပ်က တဖြည်းဖြည်း သူခိုးရုပ် ပေါက်လာတယ်ဗျ၊ ဒါကြောင့် ကျုပ်ကတော့ ဘယ်တော့မှ အချက်အလက် အကိုးအကား မခိုင်လုံဘဲ ထင်ကို မထင်တတ်ဘူး၊ အဲဒါကြောင့်လည်း ကျုပ်ဖမ်းပြီဆိုရင် အဲဒီတရားခံဟာ ငြင်းကို မငြင်းနိုင်တော့ဘူး၊ တကယ့်ကို တရားခံအစစ်ပဲ ဖြစ်နေရမယ်"ဟု ၎င်း၏ စိတ်နေသဘာဝကို ရှင်းလင်းပြတ်သားစွာ ပြောပြလေ၏။ သို့ရာတွင် ကျွန်ုပ်က ချယ်ရီ၊ ရိုစီ၊ ဒေစီ ဟုခေါ်သော ပန်းသုံးပွင့် ညီအစ်မကို ဖမ်းဆီးလိုသည့်ကိစ္စ၌မူ ဆားပုလင်းနှင်းမောင်သည် လိုက်လျောခဲ့လေ၏။



ကျွန်ုပ်တို့နှစ်ဦးသည် ကန်တော်ကြီးအနီး ကရင်မ်ဆင်ဗီလာသို့ ညီအစ်မသုံးယောက်အား ဖမ်းဆီးရန်အတွက် ရောက်ရှိခဲ့ကြလေတော့၏။ ကျွန်ုပ်တို့ ရောက်ရှိသည့်အချိန်၌ ခြံအတွင်းရှိ တိုက်အိမ်ကြီးမှာ မီးများ မှိတ်၍ထားသည်ကို တွေ့ရလေ၏။ ခြံစောင့် ဒရဝမ်က 'ဘာကိစ္စရှိပါသလဲ' ဟု အဓိပ္ပာယ်ရသော ကုလားစကားဖြင့် ကျွန်ုပ်တို့အား မေးလေ၏။ ဆားပုလင်းနှင်းမောင်က–

"ညီအစ်မသုံးယောက်နဲ့ တွေ့ချင်လို့ပါ"ဟု ပြန်၍ပြောလျှင် ဒရဝမ်က–

"ပြန်မရောက်သေးပါဘူး၊ ကပွဲကို သွားပါတယ်"ဟု ဖြေလေ၏။

"ဘယ်အချိန်က သွားတာလဲ"ဟု ကျွန်ုပ်က ဝင်၍မေးပြန်ရာ ဒရဝမ်က–

"ညနေ (၆) နာရီလောက်က သွားကြတာပါ"ဟု ဖြေလေ၏။

"ကပွဲက ဘယ်မှာလဲ"ဟု ဆားပုလင်းနှင်းမောင်ကမေးရာ ဒရဝမ်က–

"ကြည့်မြင်တိုင်က ကလပ်တစ်ခုမှာပါ"ဟု ပြန်၍ပြောလေ၏။ ထိုအခါ ကျွန်ုပ်တို့သည် မျက်နှာဖြူအရာရှိများ အရောက်အပေါက်များလှသည့် ကလပ်ဆီသို့ လိုက်သွားကြလေတော့၏။ ကလပ်၏ ဝင်းတံခါးဂိတ်ဝတွင် အစောင့်ကျလျက်ရှိသော ပုလိပ်ကလေးတစ်ဦးက ကျွန်ုပ်တို့အား မလားဆေးလား လုပ်၍နေသဖြင့် ကျွန်ုပ်သည် စိတ်တိုတိုဖြင့် အော်ငေါက်ခဲ့ရလေ၏။

ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် ကလပ်တွင်းသို့ ဝင်သွားကြလေ၏၊ ကလပ်တွင်း၌ကား မိန်းမယောက်ျား မျက်နှာဖြူ၊ မျက်နှာညို၊ အရာရှိနှင့် ပိုက်ဆံချမ်းသာသောသူများသည် အရက်သေစာများကို စားပွဲဝိုင်းများ၌ မြိန်ရှက်စွာ သောက်စားမူးယစ်နေကြလေ၏။ အနောက်ဘိုင်းတီးဝိုင်းတစ်ခုမှလည်း အတွဲလိုက် ကခုန်နိုင်ရန်အတွက် တီးလုံးများကို တီးမှုတ်ပေးနေလေ၏။ ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်အား–

www.burmeseclassic.com

www.burmeseclassic.com



"အိုင်ပီ ဟောဟို စားပွဲဝိုင်းမှာ ဗိုလ်ကပြားတစ်ယောက်နဲ့ ထိုင်ပြီး စကားပြောနေတာ ပန်းသုံးပွင့် ညီအစ်မသုံးယောက်ပေါ့ဗျာ"ဟု ပြောလိုက်သောအခါ၌ ကျွန်ုပ်က–

"ဟဲ... ဟဲ... မျှစ်စိုပေါက်ကြီးပွေ ဘာတွေနဲ့ ကျုပ်က တင်စားပြီးသာ ခင်ဗျားကို ပြောလိုက်တာ၊ တကယ်က သူတို့သုံးယောက်ကို မြင်ဖူးတာမဟုတ်ဘူး"ဟု ပြောဆိုကာ ထိုညီအစ်မသုံးယောက်ရှိသော စားပွဲဝိုင်းသို့ သွားပြီးလျှင်–

"ဒီမှာခင်ဗျာ စိတ်ရှုတော့မရှိပါနဲ့၊ ခင်ဗျားတို့ ညီအစ်မသုံးယောက်ကို မေးမြန်းစရာရှိလို့ စီအိုင်ဒီကို တဆိတ်လောက် လိုက်ခဲ့ပါ"ဟု ပြောလိုက်မိလေတော့၏။ ထိုညီအစ်မသုံးယောက်သည် ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်အား ဤမျှ ခမ်းနားသော မင်းဝိုင်စိုးဝိုင်းသို့ လာရောက်၍ နှောင့်ယှက်ရကောင်းလားဟူသော မျက်နှာထားမျိုးဖြင့် ကြည့်ရှုလေ၏။ ၎င်းတို့နှင့် စကားပြောနေသော ဗိုလ်ကပြားကမူ–

"ဟေ့... ဟေ့... ဘာလဲ"ဟု ရိုင်းပျစွာ မေးလေ၏။ သို့ရာတွင် ကျွန်ုပ်က–

"စီအိုင်ဒီကပါ၊ ဒီညီအစ်မသုံးယောက်ကို မေးစရာရှိလို့ လာပြီးခေါ်တာပါ"ဟု ကောင်းမွန်စွာ ပြန်၍ပြောသော်လည်း ၎င်းကမူ ကျွန်ုပ်အား ရှုသိုးသိုးမျက်နှာနှင့် ကြည့်မြဲကြည့်၍ နေလေ၏။ ထိုအခါ ညီအစ်မသုံးဦး အနက် တစ်ဦးက–

"ဘာကိစ္စလဲ"ဟု ကျွန်ုပ်အား မေးလေ၏။

"ကိစ္စကတော့ ပြီးခဲ့တဲ့ တစ်နာရီလောက်မှာ မစ္စတာဘနာဂျီ အသတ်ခံရပါတယ်၊ အဲဒီကိစ္စပါပဲ"ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်ရာ ထိုမိန်းမက–

"ခက်တာပဲရှင်၊ မစ္စတာဘနာဂျီက ကျွန်မပေါ့ယောက်ျားမှ မဟုတ်ဘဲ၊ သူအသတ်ခံရတာနဲ့ပဲ ကျွန်မတို့ကို လာခေါ်ရသတဲ့လား၊ မော်ကျူရိုက်ပို့လိုက်ရောပေါ့၊ ကျွန်မတို့နဲ့ သူနဲ့ ဘာမှမပတ်သက်ပါဘူး၊ သူ့ဆီကမြင်းကို ငှားပြီးစီးတာလောက်ပဲ ရှိတာပါ"ဟု မခိုးမခံ့ ပြန်၍ပြောလေ၏။



"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ စီအိုင်ဒီကတော့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ ညီအစ်မသုံးယောက်ကို မသင်္ကာစရာ ဖြစ်နေလို့ပါ"ဟု ကျွန်ုပ်က ပြောလိုက်ရာ ညီအစ်မသုံးယောက်သည် ကျွန်ုပ်အား ချစ်ရာကောင်းသော သတ္တဝါကဲ့သို့ ကြည့်ရှုကာ တခစ်ခစ် တဟားဟားဖြင့် ရယ်မောပြီးနောက် ဗိုလ်ကပြားဘက်သို့လှည့်ကာ–

"ဖရက်ဒီရေ ကြည့်ပြီးလုပ်စမ်းပါဦး"ဟု ပြောလေ၏။ ထိုအချိန်သည် ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းမှာ တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုခြင်းမပြုဘဲ တီးဝိုင်းဘက်ဆီသို့ ငေးမောနေလေ၏။ ဖရက်ဒီဆိုသော ဗိုလ်ကပြားကမူ–

"ဟေ့လူ... ဟိုမှာထိုင်နေတာ အရာရှိကြီးတွေပဲ၊ ကလပ်ကိုလာပြီး ရှုပ်ကြောင်ကြောင်မလုပ်နဲ့၊ အလုပ်ပြုတ်သွားမယ်"ဟုဆိုကာ ထိုင်ရာမှ ထသွားပြီးလျှင် မျက်နှာဖြူအရာရှိကြီး သုံးဦးကို ခေါ်၍လာလေတော့၏။ ထိုအခါ၌ ကျွန်ုပ်လည်း "ဒီကစ်ခါတော့ ခက်ချေပြီ"ဟု အောက်မေ့၍ ကြောက်စိတ်များ ဝင်လာလေတော့၏။

မျက်နှာဖြူအရာရှိကြီးများအနီးသို့ ရောက်လာသောအခါ၌ ကျွန်ုပ်သည် ၎င်းတို့အား ဆလံပေး၍ အလေးပြုလိုက်ပြီးလျှင် အကျိုးအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် အစီရင်ခံရာ ကျွန်ုပ်၏ ကြောက်စိတ်ကြောင့် ကျွန်ုပ်၏ အင်္ဂလိပ်စကားအချို့သည် အထစ်ထစ်အငေါ့ငေါ့ဖြင့် မှားယွင်းများသည်ဖြစ်ရာ ပန်းသုံးပွင့် ညီအစ်မသုံးဦးနှင့် ဖရက်ဒီခေါ် ဗိုလ်ကပြားသည် ကျွန်ုပ်ကို အားမနာတမ်း ရယ်မော၍ သရော်ကြလေတော့၏။

ကျွန်ုပ်သည် ရှက်လည်းရှက်၏။ ဒေါသလည်းထွက်၏။ မျက်နှာဖြူအရာရှိကြီးများကိုလည်းကြောက်၏။ ဤသို့လျှင် ရှက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ ကြောက်ရွံ့ခြင်းစသော သုံးဦးစပ်ဝေဒနာကို မရှုမလှ ခံစားနေရသဖြင့် ခေါင်းလည်ကြီးဖြစ်၍ နေလေတော့၏။ ထိုအချိန်၌ပင် မျက်နှာဖြူအရာရှိကြီးသုံးဦးအနက် တစ်ဦးက–

"လူကလေး... ဘနာဂျီ အသတ်ခံရတာ ဘယ်အချိန်ကတုန်း"ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ညကိုးနာရီထဝါ သခင်"ဟု ကျွန်ုပ်က ဖြေလိုက်လေ၏။

"ညီအစ်မသုံးယောက်ဟာ အဲဒီအချိန်မှာ ကျွန်ုပ်တို့နဲ့အတူ တွဲပြီး နေတယ်၊ အဲဒီတော့ ဒီထက်ကောင်းတဲ့ အလီဘိုင်မရှိဘူး၊ လူကလေး ပြန်သွားပါ"ဟု ပြောလေ၏။ ညီအစ်မသုံးယောက်ကလည်း လှောင်ပြောင်သော မျက်နှာများဖြင့် ကျွန်ုပ်အား ကြည့်ကြလေ၏။ ထိုအခါ၌ ဖရက် ဒီက–

"အရပ်ထဲက ဖဲဝိုင်းမှာလုပ်သလို ဒီကလပ်မှာ လာပြီးမလုပ်နဲ့ ဟိုမှာလုပ်တာက ပိုက်ဆံတစ်ပဲတစ်မူး ရနိုင်တယ်၊ ဒီမှာလာပြီးလုပ်ရင် အလုပ်ပြုတ်သွားလိမ့်မယ်၊ ဘာမှတ်သလဲ"ဟုပြော၍ စကားမဆုံးမီ၌ပင်–

"ဒါမှတ်တယ်ကွာ"ဟူသော အသံနှင့်အတူ ဆားပုလင်းနှင်းမောင်၏ လက်သီးသည် ဖရက်ဒီ၏ မျက်နှာဆီသို့ တည့်တည့်ကြီး ရောက်သွားသည် ဖြစ်ရာ 'ခွမ်'ခနဲ မြည်ပြီးနောက် 'ဒုံး'ခနဲ လဲကျသံတစ်ခု ထွက်ပေါ်လာ လေတော့၏။

ထိုအခါ မျက်နှာဖြူအရာရှိကြီး သုံးဦးက ဆားပုလင်းနှင်းမောင် အား စားတော့ဝါးတော့မည်ကဲ့သို့ ကြည့်ရှုကြလေ၏။ ဆားပုလင်းနှင်း မောင်သည် တိုသူတို့အား အရေးမျှပင်မစိုက်ဘဲ ကြမ်းပြင်ပေါ်တွင် လဲ လျက်ရှိသော ဖရက်ဒီအား ခြေထောက်ဖြင့် တစ်ချက် 'ဘုံး'ခနဲ ပစ်၍က ကာ ၎င်းထံ၌ အသင့်ပါလာသော လက်ထိတ်ဖြင့် ခတ်လေတော့၏။ ထို့နောက် မျက်နှာဖြူအရာကြီးများဘက်သို့လှည့်ကာ အောက်ပါအဓိပ္ပာယ် ရသော အင်္ဂလိပ်စကားကို ပြောလိုက်လေ၏။

"အလီဘိုင်ဆိုတာ ရုံးကျမှပဲ အသုံးဝင်မယ်၊ အလီဘိုင်ပေးနိုင်တဲ့ လူကို မဖမ်းရဘူးလို့ မရှိဘူး၊ အဲဒီတော့ ဖမ်းမယ်၊ တရားခွင်ကျရင် ဒီမိန်းမသုံးယောက်ဟာ အဲဒီအချိန်မှာ ခင်ဗျားတို့နဲ့အတူ ကနေကြောင်း လာရောက်ထွက်ဆိုပေတော့၊ ဒီကောင့်ကိုလည်း လူသတ်တရားခံ ဖမ်းဆီး တဲ့ကိစ္စမှာ နှောင့်ယှက်ဟန့်တားမှုနဲ့ ဖမ်းရမယ်၊ လိုအပ်ရင် ဒီကောင့်ကို တစ်ညလုံးရိုက်မယ်၊ အဲဒါကို ခင်ဗျားတို့ မကျေနပ်ရင် စုံထောက်မင်းကြီး မစ္စတာကဲရစ်ပင်နဲ့ စကားပြောပါ"ဟု ပြောလိုက်ရာ မျက်နှာဖြူအရာရှိကြီး



သုံးဦးအနက် ခပ်ငယ်ငယ် အရာရှိတစ်ဦးက ဆားပုလင်းနှင်းမောင်အနီး သို့ ချဉ်းကပ်လာပြီးလျှင် ဆားပုလင်းနှင်းမောင်အား လက်သီးဖြင့်ထိုး လေ၏။ ဆားပုလင်းနှင်းမောင်က အနည်းငယ်မျှ ရှောင်၍ပေးပြီးလျှင် ထိုသူအား ဂုတ်မှဖမ်းဆွဲကာ မြန်မာ့လက်ဝှေ့နည်းဖြင့် မျက်နှာသို့ ဒူးဖြင့် တစ်ချက်ဆင့် တိုက်ပစ်လိုက်လေ၏။ မျက်နှာဖြူအရာရှိလည်း နေရာ၌ပင် လဲကျသွားလေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က သေနတ်ကို ဆွဲထုတ်၍–

"ဘယ်သူရှိသေးလဲ၊ တရားခံဖမ်းတဲ့နေရာမှာ လာပြီးနှောင့်ယှက်ရင် ကျုပ်သေနတ်က ဘုရင်ခံကိုတောင် ချမ်းသာပေးမဲ့သေနတ် မဟုတ်ဘူး" ဟု အင်္ဂလိပ်ဘာသာဖြင့် ကြိမ်းဝါးလိုက်လေ၏။ ကျန်သော မျက်နှာဖြူ အရာရှိကြီးနှစ်ဦးလည်း သေနတ်ကိုမြင်လျှင် ထိတ်လန့်တုန်လှုပ်၍ ကျွန်ုပ် ဘက်သို့လှည့်ကာ မျက်နှာချိုသွေးပြီးလျှင်–

"ဒီမှာ လူကလေး ဒီလူ ဘယ်သူတုန်း"ဟု ဆားပုလင်းနှင်းမောင် အား ရည်ရွယ်၍ မေးလိုက်လေ၏။ ကျွန်ုပ်က–

"စီအိုင်ဒီကပါ၊ ဆားပုလင်းနှင်းမောင်လို့ ခေါ်ပါတယ်၊ သခင်တို့ သိတယ်အောက်မေ့လို့ မပြောတာပါ"ဟု ပြောလိုက်ရာ မျက်နှာဖြူအရာကြီး များက–

"အိုး... ဟိုး၊ ဒါကြောင့်ကိုး၊ ကျွန်ုပ်တို့ သူ့ကို ကောင်းကောင်းသိ ပါတယ်၊ လူကို မမြင်ဖူးပါဘူး၊ ဆားပုလင်းနှင်းမောင်က ဖမ်းတယ်ဆို ရင်တော့ သေချာလို့ ဖမ်းတာပါ"ဟု ပြောပြီးလျှင် ဆားပုလင်းနှင်းမောင် ဘက်သို့လှည့်ကာ–

"လိုအပ်ရင် ကလပ်တစ်ခုလုံးမှာရှိတဲ့ လူတွေကို ဖမ်းသွားပါ၊ ကျွန်ုပ်တို့အနေနဲ့ ကန့်ကွက်ဖို့ မရှိပါဘူး၊ ဒါပေမဲ့ ဟောဒီ ဖရက်ဒီဆိုတဲ့ ကောင်လေးကိုတော့ သိပ်ပြီး ရိုက်လားနှက်လား မလုပ်ဖို့ တောင်းပန်ပါ တယ်၊ သူက ဒီလိုပဲ အရက်မူးလာရင် ပြောမိပြောရာ ပြောတတ်ပါတယ်"ဟု တောင်းပန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ဖရက်ဒီနှင့် ပန်းသုံးပွင့် ညီအစ်မကို ဖမ်းဆီး၍ စီအိုင်ဒီသို့ ခေါ်ခဲ့ကြလေ၏။ လမ်း၌ ကျွန်ုပ်က ဆားပုလင်းနှင်းမောင် အနီးသို့ကပ်၍ ခပ်တိုးတိုးလေသံဖြင့်-

"ကိုနှင်းမောင် သူတို့ဟာ ကျုပ်တို့ထင်တဲ့အတိုင်းပဲ ဘနာကျိုကို သတ်တဲ့ တရားခံတွေပဲ မဟုတ်လား"ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က ခေါင်းကိုခါယမ်း၍ မဟုတ်ကြောင်း ပြောလေ၏။

"ဒါဖြင့်ရင် ဘာဖြစ်လို့ ဖမ်းခဲ့တာတုန်း"ဟု ကျွန်ုပ်က ထပ်၍မေး ပြန်ရာ ဆားပုလင်းနှင်းမောင်က-

"တာဝန်ရှိတဲ့ စုံထောက်တွေကို ပမာမခန့် ဆက်ဆံလို့ ဖမ်းခဲ့တာ" ဟု ပြန်၍ပြောလျှင် ကျွန်ုပ်က-

"ဟာ... ခက်တော့တာပဲ၊ သူတို့ဟာ ဒီအမှုနဲ့ မပတ်သက်ဘူးဆို ရင်တော့ ကျုပ်တို့တော့ ကွဲပြီဗျို့"ဟု ထိတ်လန့်တကြား ညည်းညူလိုက် မိလေ၏။

"ဘာဖြစ်လို့ ကွဲရမှာတုန်း၊ မသင်္ကာရင် ဖမ်းနိုင်ခွင့်ရှိတယ်၊ စစ် ဆေးနိုင်ခွင့်ရှိတယ်၊ မဟုတ်တော့လည်း ပြန်လွှတ်လိုက်တာပေါ့၊ ကွဲစရာ မရှိပါဘူး၊ ဖမ်းတာကိုက မသင်္ကာလို့ ဖမ်းတာပဲဗျာ၊ သူတို့ကို တရားခံ အစစ်ပါလို့ပြောပြီး ဖမ်းတာမှ မဟုတ်ဘဲ၊ ပူမနေပါနဲ့ဗျာ၊ အားလုံး ကျုပ် တာဝန် ထားလိုက်စမ်းပါ"ဟု ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်း မောင်က ရဲဝံ့စွာ တာဝန်ယူ နှစ်သိမ့်လိုက်သောကြောင့် ကျွန်ုပ်၏ ရင် တွင်းမှ စိုးရိမ်စိတ်များသည် သောင်စပ်တွင် နားနေသော စင်ရော်ငှက် များကဲ့သို့ ဝုန်းခနဲ ပျံတက်သွားကာ လွင့်စဉ်ပပျောက်သွားလေတော့သည်။

*

### ဆားပုလင်းနှင်းမောင်ထံသို့ ပို့လိုက်သော ခြိမ်းခြောက်စာ

နောက်တစ်နေ့၌ အင်းစိန် စီအိုင်ဒီရှိ ကျွန်ုပ်၏ ရုံးခန်းအတွင်းမှာ ကျွန်ုပ်သည် လက်ဝါးဦးကိုကိုကြီးအား ကြည့်မြင်တိုင် ကလပ်အတွင်း



ဖရက်ဒီဆိုသည့် ဗိုလ်ကပြားနှင့် ပန်းသုံးပွင့် ညီအစ်မအား မည်သို့မည်ပုံ ဖမ်းဆီးခေါ်ဆောင်လာခဲ့ပုံကို အသေးစိတ် ပြောပြနေရလေ၏။ လွန်စွာ ကောင်းသော လက်ဖွေ့ပွဲကြီးတစ်ပွဲအား ကြည့်ရှုနေရသည့်ပမာ ဦးကိုကို ကြီးသည် ကျွန်ုပ်၏ စကားအား လွန်စွာစိတ်ဝင်စားစွာဖြင့် နားထောင်၍ နေလေ၏။ အမှန်အားဖြင့် ကျွန်ုပ်သည် စကားပြောကောင်းသူတစ်ယောက် မဟုတ်ပေ။ လူတစ်ယောက် စိတ်ဝင်တစား နားထောင်ကောင်းအောင် အဖြစ်အပျက်တစ်ခုအား ပြောနိုင်သော အရည်အချင်းမျိုး ကျွန်ုပ်၌ မရှိ ကြောင်းကို ကျွန်ုပ်ကိုယ်တိုင် ယုံကြည်လက်ခံထားလေ၏။ သို့ရာတွင် ယခု အခါ၌မူ ဦးကိုကိုကြီးသည် တစ်ခါတစ်ခါ၌ 'တက်'ခေါက်၍ လည်းကောင်း၊ တစ်ခါတစ်ခါ၌ 'ဟုတ်လိုက်လေဗျာ၊ ဒီလိုလူမျိုးတွေ ဒီလိုလုပ်မှ' ဟူ၍ လည်းကောင်း၊ 'ဒါမှ ဆားပုလင်းနှင်းမောင်' ဟူ၍လည်းကောင်း၊ 'ကျုပ် တွေ့လိုက်ရတာ နားတယ်'ဟူ၍ လည်းကောင်းလွန်စွာစိတ်ဝင်စားစွာဖြင့် နားထောင်နေသော ဦးကိုကိုကြီးကိုကြည့်၍ ကျွန်ုပ်သည် 'ငါ တကယ် စကားပြောကောင်းပါကလား'ဟု မိမိကိုယ်ကို မိမိ စိတ်ထဲ၌ ချီးမွမ်းမိလေ၏။

အမှန်အားဖြင့် ကျွန်ုပ် စကားပြောကောင်းသောကြောင့် မဟုတ်ပေ။ မနေ့ညက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်က စိတ်ဝင်စားစရာကောင်း သောကြောင့်ပင် ဖြစ်လေ၏။

ကျွန်ုပ်၏စကား ဆုံးသွားသောအခါ၌ ဦးကိုကိုကြီးက-

"နောက်တစ်ခါ ဒီလို အကွက်ကောင်းတွေ့ရင် ကျုပ်ကို လက်တို့ ဖို့ မမေ့ပါနဲ့ဗျာ"ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က-

"ဟာဗျာ... ခင်ဗျားကလည်း တော်တော်ခက်တဲ့လူပဲ၊ ဒီလိုဖြစ် မယ်လို့ ကြိုပြီးသိထားတာမှ မဟုတ်တာ"ဟု ပြန်၍ပြောရင်း ဦး ကိုကိုကြီး၏ စကားအား သဘောကျမိသောကြောင့် ရယ်မိလေတော့၏။

"အေးဗျာ ကျုပ်ကလည်း ကိုနှင်းမောင်တစ်ယောက် ပွဲကြီးပွဲ ကောင်းတွေ နွှဲလာတာ မြင်ဖူးပါရဲ့ဗျာ၊ ဒါတောင် အားမရသေးဘူး၊ နောက်ပြီး အဲဒီ မျက်နှာဖြူအရာရှိတွေကို ကိုနှင်းမောင် ဆုံးမတာကို မြင်ပြီး တွေ့ချင်တယ်ဗျ"ဟု ဦးကိုကိုကြီးက အားပါးတရ ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဆရာပုလင်းနှင်းမောင်သည် ရုံးခန်းအတွင်းသို့ ဝင်ရောက်လာသော၏။ ထိုအခါ ကျွန်ုပ်က–

"ညကခေါ်လာတဲ့ ဟိုဗိုလ်ကပြားနဲ့ မာရ်နတ်မင်းရဲ့ သမီးသုံးယောက်ကို ဘယ်လိုလုပ်ရမလဲ ကိုနှင်းမောင်"ဟု ခရီးရောက်မဆိုက် မေးလိုက်ရာ ဆရာပုလင်းနှင်းမောင်က–

"ဘယ်လိုမှ မလုပ်နဲ့၊ ပြန်လွှတ်လိုက်ပေါ့ဗျာ၊ အဲဒီ ညီအစ်မသုံးယောက်က ဘနာဂျီ သေဆုံးမှုနဲ့ ဘာမှမပတ်သက်ပါဘူးဗျာ၊ ကျုပ်က အဲဒီကလပ်မှာတင်ပဲ ကျုပ်သိချင်တဲ့ မေးခွန်းလေးတစ်ခု မေးရုံပါပဲ ဒါပေမဲ့ မျက်နှာဖြူအရာရှိတွေ အားကိုးနဲ့ ပမာမခန့်လုပ်လို့ ဒီကို တမင်သက်သက် ခေါ်လာခဲ့တာပါ"ဟု ပြန်၍ပြောပြီးနောက် ၎င်း၏ အိတ်ကပ်အတွင်းမှ စာတစ်စောင်ကိုထုတ်၍ ကျွန်ုပ်အား ပေးလိုက်လေ၏။ ကျွန်ုပ်သည် ထိုစာအိတ်ပေါ်၌ လိပ်စာတပ်ပုံကို ဦးကိုကိုကြီးပါ ကြားနိုင်အောင် အောက်ပါအတိုင်း ဖတ်လိုက်လေ၏။

**သို့**

**ဆရာပုလင်းနှင်းမောင်**

မှ

ပန်းသုံးပွင့်ကုမ္ပဏီ

ခေတ္တ – မြန်မာပြည်

ထို့နောက် ကျွန်ုပ်သည် စာအုပ်ကိုဖွင့်၍ အတွင်းမှစာကို နှိုက်ယူကာ ဖတ်ကြည့်မိလေ၏။ ၎င်း၏စာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

**ဆရာပုလင်းနှင်းမောင်...**

**ကျွန်ုပ်တို့၏ ပန်းသုံးပွင့်ကိစ္စ၌ ပါဝင်ခြင်းမရှိရန် မေတ္တာရပ်ခံပါသည်။ မေတ္တာရပ်ခံခြင်း၏ အခြားတစ်ဖက်တွင် အတိုင်းမသိသော ရက်စက်မှုများရှိကြောင်းကို ဆရာပုလင်းနှင်းမောင် နားလည်မည်ဟု ထင်ပါသည်။**

**ပန်းသုံးပွင့်တံဆိပ်**



ကျွန်ုပ်သည် ထိုစာကိုဖတ်ပြီးနောက် တုန်လှုပ်စွာဖြင့် ကျွန်ုပ်၏ ...တ်အွေ့ကြီး ဆရာပုလင်းနှင်းမောင်အား အောက်ပါအတိုင်း သတိပေးမိ...တော့၏။

"သတိဝီရိယတော့ ရှိပါဗျာ၊ ပန်းသုံးပွင့်က သိပ်ကို လက်ရဲဇက်ရဲ...တာ၊ ကျုပ်ဖြင့် ခင်ဗျားအတွက် စိတ်ပူမိတယ်"

ထိုအခါ ဆရာပုလင်းနှင်းမောင်သည်–

"ကျေးဇူးတင်ပါတယ် အိုင်ပီ၊ ဒါပေမဲ့ဗျာ လူဆိုးဂိုဏ်းတွေက ...လိုပဲ ခြိမ်းခြောက်စာတွေ မကြာခဏ ပို့ဖူးတာပဲ၊ ဒီအတွက်တော့ ...ရိမ်ပါနဲ့ဗျာ"ဟု ပြန်လည်ပြောဆိုပြီးနောက် ၎င်း လွန်စွာနှစ်သက်သော ...ခဲတောင်တံဆိပ် စီးကရက်ကို ထုတ်ယူကာ ရှိုက်ဖွာနေလေ၏။ ထို့နောက် ...ားပုလင်းနှင်းမောင်သည် ကျွန်ုပ်အား နှုတ်ဆက်ကာ ရုံးခန်းအတွင်းမှ ...ွက်သွားလေတော့၏။ ၎င်းထွက်သွားပြီးနောက် ကျွန်ုပ်သည် ရုံးဖိုင်တွဲများ ...ထုတ်၍ အလုပ်ကြွေးများကို ပြီးစီးအောင် တစ်နေကုန် အလုပ်လုပ်ခဲ့...၏။

ညနေပိုင်းသို့ရောက်လျှင် အိမ်သို့ ခေတ္တပြန်ပြီးနောက် ရေချိုးခြင်း၊ ...င်းစားခြင်းအမှုကို ပြုလေ၏။ ညနေ (၈) နာရီအချိန်လောက်တွင်မှ ...နုပ်၏ အော်စတင်ကားကိုထုတ်၍ ဆရာပုလင်းနှင်းမောင် နေထိုင်ရာ ...၊ ဘိုလိန်းလမ်း (ယခု ဗညားဒလလမ်း)သို့ ထွက်လာခဲ့လေတော့၏။

၎င်းအိမ်သို့ရောက်လျှင် ကျွန်ုပ်က စေ့ထားသော တံခါးကိုဆွဲ၍ ...သာအယာဖွင့်ပြီးလျှင် အိမ်ခန်းတွင်းသို့ ခေါင်းပြူ၍ ကြည့်လေ၏။ ...ားပုလင်းနှင်းမောင်သည် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်၍ စီးကရက် ...ာက်ရင်း တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေလေ၏။ ၎င်း၏ ...စားပွဲခုံပေါ်၌လည်း ၃၈ ဗိုု ခြောက်လုံးပြူးတစ်လက် ချထားသည်ကို ...ရ၏။ ဆရာပုလင်းနှင်းမောင်သည် ကျွန်ုပ်ရှိနေကြောင်း သတိပြုမိသည် ...င်ရာ–

"ဝင်ခဲ့လေ အိုင်ပီ"ဟု ပြောလေ၏။

ကျွန်ုပ်လည်း အိမ်ခန်းတွင်းသို့ ဝင်၍သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားအတွက် စိတ်ပူလို့ လိုက်လာတာ၊ ဘယ်လိုပဲသွားချင် သွားချင် ကျုပ်ကို အကြောင်းကြားပြီးမှ သွားစမ်းပါဗျာ၊ ကျုပ်က အဖော် လိုက်ပါမယ်"ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က ပြုံး၍-

"ဘယ်လိုဖြစ်တာလဲ အိုင်ပီရဲ့၊ ကျုပ်တို့ ခါတိုင်းလည်း ဒီလို အမှုတွေလိုက်ခဲ့ကြတာပဲ၊ အခုလောက် အိုင်ပီအနေနဲ့ တုန်လှုပ်ချောက်ချား မှု မဖြစ်ပါဘူးဗျာ"ဟု ပြောလေ၏။

"မဟုတ်ဘူးဗျ၊ ပန်းသုံးပွင့်ကို ကျုပ်က လန့်နေတာ၊ ဒီအဖွဲ့က လုပ်မယ်ဆိုရင် တကယ်လုပ်မဲ့အဖွဲ့ဗျ၊ ကျုပ်မိတ်ဆွေ တယောဆရာ ဦးသာဒင်ရယ်၊ မစ္စတာဘနာဂျီရယ်ကို လုပ်လိုက်ပုံများ ဘယ်လောက်ထိ ရိရိ ရှိသလဲဗျာ၊ ဘယ်လောက် လက်ရဲဇက်ရဲ နိုင်သလဲဗျာ"ဟု ကျွန်ုပ်က ပြောရာ ဆားပုလင်းနှင်းမောင်က-

"မှန်ပါတယ်ဗျာ၊ ကျုပ်ကလည်း အဲဒီ လက်ရဲဇက်ရဲအဖွဲ့နှင့် တွေ့ချင်နေတာ"ဟု ပြောလိုက်လေ၏။ ထိုအခါ၌ပင်-

"ဝင်ခွင့်ပြုပါခင်ဗျာ"ဟူသော အသံနှင့်အတူ လူတစ်ယောက်သည် အခန်းတံခါးဝ၌ လာ၍ရပ်လေ၏။

ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်သည် ထိုသူအား ပြိုင်တူကြည့်လိုက် လေ၏။ ထိုသူသည် စစ်သောင်းဘီဟောင်း၊ စစ်အကျႌဟောင်းများကို ဝတ်ဆင်ထားပြီးလျှင် စစ်ဖိနပ်ဟောင်းကြီးတစ်ရံကိုလည်း စီးထားကြောင်း သတိပြုမိလေ၏။

ထိုသူ၏ ပခုံး၌လည်း စစ်သုံးအိတ်ရှည်ကြီး တစ်လုံးကို လွယ်ပိုး၍ ထားလေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုသူအား သေချာစွာကြည့်ပြီး နောက်-

"ကိုလှဖေဆိုတာမှတ်တယ်၊ လာလေဗျာ ထိုင်ပါ"ဟု ပြောလိုက် လေ၏။ ထိုသူကလည်း-

"ဟုတ်ပါတယ်၊ ကျွန်တော် လှဖေပါ"ဟု ပြောဆိုကာ ကျွန်ုပ်၏ အနီး၌ လာရောက်၍ ထိုင်လေ၏။



ထိုအခါ ဆားပုလင်းနှင်းမောင်သည် စီးကရက်ကို ပြာခွက်အတွင်း၌ ထိုးချေပြီးလျှင်-

"ခင်ဗျား အိန္ဒိယပြည်မှာ စစ်မှုထမ်းနေတုန်းက ပန်းသုံးပွင့်တံဆိပ် ဂိုဏ်းနဲ့ တွေ့ဖူးတယ်လို့ သတင်းရထားတယ်၊ အဲဒါကြောင့် ခင်ဗျားကို ခုစမ်းပြီး တွေ့ဖို့ကြိုးစားခဲ့တာပဲ၊ ခင်ဗျား တွေ့ခဲ့ပုံလေး တစ်ဆိတ်လောက် ပြောစမ်းပါဦး"ဟု ဆိုလိုက်လေ၏။

ကိုလှဖေဆိုသူလည်း ၎င်း၏ ပခုံးပေါ်မှ အိတ်ဟောင်းကြီးကို အောက်သို့ချပြီးလျှင်-

"ဟုတ်ပါတယ်၊ ကျုပ်တို့ရဲ့ တပ်မှူးကာနယ် 'ကောက်'ဆီကို ပန်းသုံးပွင့်အဖွဲ့က နေ့စွဲရက်စွဲနဲ့တကွ လာပြီးသတ်မယ်လို့ ခြိမ်းခြောက်စာ ပို့တဲ့အတွက် ကျုပ်နဲ့ ဂေါ်ရာစစ်သားနှစ်ယောက်ဟာ ပန်းသုံးပွင့်လူသတ် သမားကို စောင့်ပြီးဖမ်းခဲ့ဖူးပါတယ်၊ ဒါပေမဲ့ လူသတ်သမားဟာ သူချိန်း တဲ့ရက်မှာ မလာခဲ့ဘူး၊ အဲ... အဲ ပြောရဦးမယ်၊ သူချိန်းတဲ့ရက်က ဇူလိုင်လ ၇ ရက်ဗျ၊ ဒါပေမဲ့ ဩဂုတ်လ ၇ ရက်နေ့ကျတော့မှလာပြီး ကာနယ် 'ကောက်'ကို လုပ်ကြံသတ်ဖြတ်သွားတယ်၊ တစ်လတိတိ ကွာ တာပေါ့ဗျာ"

ထိုသူ၏စကား ရပ်သွားသည့်အခါ၌ ဆားပုလင်းနှင်းမောင်က-

"နောက်ထပ် ဘာဖြစ်သေးလဲ"ဟု မေးလိုက်လေ၏။

"ကျုပ်ဟာ အဲဒီကိစ္စကို မကျေနပ်လို့ အပြင်းအထန် စုံစမ်းတော့ တာပဲ၊ အဲဒီလို ကျုပ် စုံစမ်းနေတယ်ဆိုတာကိုလည်း သူတို့က သိပုံရ တယ်၊ တစ်လလောက်လည်းကြာရော ပန်းသုံးပွင့်ဂိုဏ်းကနေ ကျုပ်ဆီကို ခြိမ်းခြောက်စာတစ်စောင် ပို့လိုက်တယ်၊ အဲဒီစာကတော့ ဟောဒီမှာပါပဲ"ဟု ဆိုကာ ထိုသူသည် ၎င်း၏ အိတ်အတွင်းမှ စာရွက်ဟောင်းခေါက်ကလေး တစ်ခုကို ထုတ်၍ပေးလေ၏။

ဆားပုလင်းနှင်းမောင်နှင့် ကျွန်ုပ်လည်း ထိုစာရွက်ခေါက်ကို ဖြန့်၍ ဖတ်ကြလေ၏။ ထိုစာမှာ အင်္ဂလိပ်စာဖြစ်သော်လည်း တရုတ်မင် တရုတ်စုတ်တံကို အသုံးပြု၍ ရေးထားကြောင်း တွေ့ရလေ၏။

www.burmeseclassic.com



သို့

ဆာကျင်လှဖေ

ကျွန်ုပ်တို့၏ကိစ္စ၌ ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် မေတ္တာရပ်ခံပါသည်။ မေတ္တာရပ်ခံခြင်း၏ အခြားတစ်ဖက်တွင် ကျွန်ုပ်တို့၌ ရက်စက်မှုများရှိ၏။

ပန်းသုံးပွင့်တံဆိပ်

ကျွန်ုပ်သည် ထိုစာကိုဖတ်ပြီးနောက် ဆားပုလင်းနှင်းမောင်၏ မျက်နှာကို လှမ်း၍ကြည့်လိုက်လေ၏။

"စာကတော့ ကိုနှင်းမောင်ကို ရေးပေးတဲ့ စာအတိုင်းပဲ"ဟုလည်း ကျွန်ုပ်က ပြောလိုက်မိလေ၏။ ဆားပုလင်းနှင်းမောင်သည် တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ ကိုလှဖေဆိုသူအား အောက်ပါအတိုင်း မေးခွန်းထုတ်လေ၏။

"ဒီစာရောက်နေတာ ကြာမှပဲဗျ၊ ပန်းသုံးပွင့်က ခင်ဗျားကို မသတ်သေးပါလား"

ဆားပုလင်းနှင်းမောင်၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ကိုလှဖေဆိုသူက

"ဘယ်နေမလဲဗျာ၊ ကျုပ်ကို မကြာခဏဆိုသလို သေနတ်နဲ့ ချောင်းပစ်လိုက်၊ ဓားနဲ့ ချောင်းပြီး ပေါက်လိုက်၊ တစ်ခါများ ညဖက်ကြီး ပေါ့ဗျာ၊ ကျုပ်ကလည်း ဘုတာရုံကနေဖြတ်ပြီး ကျုပ်မိတ်ဆွေ တည်းခိုနေတဲ့ 'ဒရမ်ဘာလာ' တစ်ခုကိုအသွားမှာ ဝတ်ရုံအနက် ဝတ်ထားတဲ့ လူပုကလေးတစ်ယောက်က ဓားနဲ့လိုက်ပြီးခုတ်တာ၊ ကျုပ်မှာဗျာ အစကတော့ လူပုကလေးပဲဆိုပြီး ကျုပ်ရဲ့ခါးမှာ ချိတ်ထားတဲ့ ဓားကောက်ကို ဖြုတ်ပြီး တိုက်ခိုက်မိသေးတယ်၊ ဒါပေမဲ့ဗျို့ လူပုကလေးက ဓားရေးမှာ အလွန်ကောင်းတာကလား၊ ကျုပ်လည်း မနိုင်တော့မှန်းသိလို့ အသက်ကို လုပြီး ထွက်ပြေးခဲ့ရဖူးတယ်"ဟု ပြောလေ၏။

"အခုရော ခင်ဗျားကို ပန်းသုံးပွင့်က လုပ်ကြံတုန်းပဲလား"ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။



"မြန်မာပြည် ပြန်ရောက်ပြီးကတည်းက သူတို့ရန်က အတော်ကလေးတော့ ကင်းသွားပါရဲ့၊ ဒါပေမဲ့ လွန်ခဲ့တဲ့ ငါးလလောက်တုန်းက အင်းစိန်ဘူတာနားမှာ ပထန်ကုလားကြီးတစ်ယောက်က ကျုပ်ကို တုတ်နဲ့ ရိုက်သတ်ဖို့ ကြိုးစားသေးတယ်ဗျ၊ ကျုပ်လည်း အနီးအပါးမှာရှိတဲ့ ကျောက်ခဲတွေနဲ့ ပစ်ပေါက် ခုခံတော့မှပဲ ကုလားကြီးလည်း ထွက်ပြေးသွားတယ်"ဟု ကိုလှဖေက ပြန်၍ဖြေလေ၏။

"ဒါနဲ့ နေစမ်းပါဦး၊ အိန္ဒိယမှာနေတုန်းက ခင်ဗျားကို ဓားနဲ့ လိုက်ခုတ်တဲ့ လူပုကလေးဟာ ဝတ်ရုံအနက် ခြုံထားတာကတော့ ဟုတ်ပါပြီ၊ ခင်ဗျားနဲ့ တိုက်ခိုက်နေတုန်းမှာ သူ့ဆီက ကြိမ်းမောင်းသံများ ကြားရသေးလား"ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဘယ်လိုမှ မကြိမ်းမောင်းပါဘူးဗျာ၊ ကျုပ်ကသာ သူ့ကို မအေနမ စုံနေအောင်ဆဲပြီး တိုက်ခိုက်ခဲ့တာပါ၊ သူကတော့ အသံကို တစ်စက်မှ ထွက်ဘဲ တိတ်တိတ်ဆိတ်ဆိတ်ကြီး တိုက်ခိုက်နေတာဗျ၊ သူ တိုက်ခိုက်ပုံကလည်း အလောတကြီး ပုံစံမျိုးလည်း မဟုတ်ဘူးဗျ၊ နှေးနှေးကွေး ကွေးပုံစံလည်း မဟုတ်ဘူးဗျ၊ လုပ်နေကျ အလုပ်တစ်ခုကို လုပ်ကိုင်နေတဲ့ သဘောမျိုးပဲ"ဟု ကိုလှဖေက ပြောလေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် စီးကရက် အသစ်တစ်လိပ် ထုတ်၍ မီးညှိဖွာရှိုက်ပြီးလျှင် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေလေ၏။ ထိုသို့ စဉ်းစားပြီးနောက် ဆားပုလင်းနှင်းမောင်က–

"အဲဒီ လူပုကလေး ခင်ဗျားနဲ့ ဓားချင်းခုတ်တဲ့အခါမှာ ဓားကို ဘယ်လိုကိုင်သတုန်းဗျ"ဟု မေးလိုက်လေ၏။

"အင်း... အင်း အဲဒါတော့ ကျုပ် ကောင်းကောင်းမှတ်မိတယ်၊ ကျုပ်တို့ကိုင်သလို လက်တစ်ဖက်တည်းနဲ့ကိုင်တာ မဟုတ်ဘူးဗျ၊ လက်နှစ်ဖက်နဲ့ ကိုင်ကိုင်ပြီးခုတ်တာ"ဟု ကိုလှဖေ ဆိုသူက ပြောလေ၏။

"ကောင်းပြီ ကိုလှဖေရေ၊ ဓားခုတ်ကလေးဘာလေး လေ့ကျင့်ထား သော၊ လူပုကလေးတော့ ရန်ကုန်ကို ရောက်နေပြီလို့ ကျုပ်ထင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ပွဲတစ်လမ်း အကဲခတ်ကြရဦးမယ်နော်"ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

ထို့နောက် ကိုလှမေဆိုသူလည်း ကျွန်ုပ်တို့အား နှုတ်ဆက်ကာ ပြန်၍ သွားလေ၏။

ထိုလူ ပြန်သွားသောအခါ၌ ကျွန်ုပ်က ဆားပုလင်းနှင်းမောင်အား-

"အိုင်ဆေး ရှင်းပြစမ်းပါဦးဗျ"ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က-

"ဒီပန်းသုံးပွင့်တံဆိပ်နဲ့ ပတ်သက်လို့ ကျုပ်ဆီမှာ မှတ်စုဟောင်းကလေးတစ်ခု ရှိတယ်ဗျ၊ အဲဒါကတော့ ကာလကတ္တား စုံထောက်အဖွဲ့က 'ဆားပုလင်းမှုကာဂျီ'က ကျုပ်ဆီကို ဟိုတုန်းကပေးခဲ့တဲ့ စာထဲမှာပါတဲ့ အကြောင်းအရာပဲ၊ အဲဒါကို ကျုပ်က မှတ်စုထုတ်ထားတာ၊ မှုကာဂျီ အနေနဲ့ တရားခံမပေါ်ဘဲ အမှုပိတ်ပစ်ရတာတွေ ရှိပါသလားလို့ စာရေးပြီး မေးကြည့်ဖူးတာကို အဲဒီမှာ ကျုပ်တို့ မိတ်ဆွေကြီး မှုကာဂျီက ဘယ့်နှယ်ပြောပါလိမ့် ဆားပုလင်းနှင်းမောင်ရယ်၊ ကာနယ် 'ကောက်'ဆိုတဲ့ မျက်နှာဖြူကို ဘယ်နေ့ဘယ်ရက် သတ်မယ်ဆိုပြီး စာပို့ပြီး သတ်သွားတဲ့ လူသတ်သမားကို ကျုပ်ဟာ မိအောင်မဖမ်းနိုင်ခဲ့ဘူးဆိုတဲ့ အကြောင်းနဲ့ ပတ်သက်ပြီး အဲဒီအမှုကို လွှန်ခဲ့တဲ့ သုံးနှစ်လောက်က ကျုပ်ဆီကို စာရေးဖူးတယ်၊ မှုကာဂျီရဲ့စာမှာ မြန်မာပြည်သား လူဖြေ တာကလည်း ပါနေလေတော့ ကျုပ်လည်း စောစောက ကိုလှမေကို စုံစမ်းရှာဖွေခဲ့ရတာပဲ"ဟု ရှည်လျားစွာ ပြောပြလေ၏။

ထို့နောက် ကျွန်ုပ်သည် လမ်းထိပ်လက်ဖက်ရည်ဆိုင်သို့ ဆားပုလင်းနှင်းမောင်နှင့်အတူ သွားရောက်၍ လက်ဖက်ရည်သောက်ပြီးနောက် အိမ်သို့ ပြန်လာခဲ့လေတော့၏။

တစ်ပတ်ခန့်ကြာသောအခါ၌ ဆားပုလင်းနှင်းမောင်သည် စက္ကူလိပ်ကြီးတစ်လိပ်ကိုကိုင်၍ ကျွန်ုပ်၏ ရုံးခန်းသို့ ရောက်ရှိလာလေ၏။ ကျွန်ုပ်က-



"အိုင်ဆေး ဘာလိပ်ကြီးလဲဗျ၊ မြေပုံကြီးလား"ဟု မေးလိုက်မိသေး၏။

"မြေပုံ မဟုတ်ဘူးဗျ၊ ပန်းချီကား ပန်းချီကား"ဟုဆိုကာ ၎င်း၏ စက္ကူလိပ်ကြီးကို ကျွန်ုပ်အား ဖြန့်၍ပြလေ၏။

စက္ကူအဖြူပေါ်တွင် မင်နက်ဖြင့် ရေးဆွဲထားသော ဝါးပင်များ အကြားတွင် ယပ်တောင်ကလေးကိုင်၍ ထိုင်နေသော ဂျပန်မလေးတစ်ဦး၏ ပုံ ဖြစ်ပေသည်။

"ဘယ်တရုတ်အိမ်က ဖြုတ်လာတာလဲဗျ"ဟု ကျွန်ုပ်က မေးမြန်းမိလေ၏။

"တရုတ်အိမ်က ဖြုတ်လာတာ မဟုတ်ဘူးဗျ၊ ကျုပ်ရေးထားတာ၊ ကျုပ် အခု တရုတ်ပန်းချီဆရာကြီးတစ်ယောက်ဆီမှာ ပန်းချီသင်နေတယ်ဗျ၊ အဲဒါ အခု ကျုပ်ဆရာကြီးဆီကိုသွားပြီး ကျုပ်ပုံကို အကဲဖြတ်ခိုင်းမလို့"ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

"ခင်ဗျားကတော့ ဘာကိုပဲလုပ်လုပ် ဖြစ်အောင်လုပ်နိုင်တဲ့သူပါ၊ အခု ပန်းချီသင်တယ်လည်း ဆိုသေးရဲ့ လက်ရာကလည်း ကောင်းလှချည်လား"ဟု ကျွန်ုပ်ကပြောရာ ဆားပုလင်းနှင်းမောင်က-

"ဒီပုံကို အိုင်ဗီ သဘောကျသလား"ဟု မေးလေ၏။

"မကျဘူးဗျ၊ ကျုပ်က ရောင်စုံမှ သဘောကျတာ၊ ခင်ဗျားလိုတာက မင်နက်နဲ့ ရေးထားတာဆိုတော့ မျက်စိထဲ မစွဲပါဘူးဗျာ၊ လုပ်မဲ့လုပ်လည်း ရောင်စုံကလေးဘာလေး လုပ်ပါဗျာ"ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က ပြုံးလေ၏။

"အိုင်ဗီ ဒီပုံကို ကြည့်ရုံကြည့်လို့ သဘောမကျတာပါ၊ ရေးနေတုန်းများ မြင်ရရင် အတော့်ကို စိတ်ပျက်မိလိမ့်မယ်၊ ဗဟုသုတအဖြစ် မြင်ဖူးတယ်ရှိအောင် ကျုပ်ဆရာကြီးဆီ လိုက်ခဲ့ပါလားဗျာ"ဟု ဆားပုလင်းနှင်းမောင်က ခေါ်ယူသဖြင့် တွေ့မြင်ရသူကို စိတ်ပျက်စေတတ်သော ပန်းချီရေးနည်းကို သိလိုသဖြင့် ကျွန်ုပ်လည်း ဆားပုလင်းနှင်းမောင်နှင့် အတူ လိုက်ပါရန် ဆုံးဖြတ်လိုက်မိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့် ဆာပုလင်းနှင်းမောင်တို့သည် အင်းစိန်မှနေ၍ ၃၅ သင်္ချိုင်းကားဆီသို့ ထွက်ခဲ့ကြလေ၏။ ၃၅ လမ်းနှင့် ဖရေဇာလမ်းထောင့် အနီးရှိ သုံးဆယ်တိုက်ပေါ်သို့ တက်ကြရလေ၏။

တိုက်ပေါ်သို့ရောက်လျှင် တိုက်ခန်းအတွင်း၌ ပန်းချီဆွဲနေသော တရုတ်ကြီးတစ်ယောက်ကို တွေ့ရလေတော့၏။ တရုတ်ကြီးသည် တရုတ်မင်နက် ဆွတ်ထားသော တရုတ်စုတ်တံကိုကိုင်လျက် စက္ကူဖြူအချပ်ကြီးအား စိုက်၍ကြည့်နေလေ၏။ ၎င်းကြည့်ရှုနေပုံမှာ ပန်းချီဆရာက ပန်းချီဆွဲမည့်စက္ကူကို ကြည့်နေသည်နှင့်မတူဘဲ နှစ်ပေါင်းများစွာ ရန်ငြိုးရှိနေသောသူအား လုပ်ကြံသတ်ဖြတ်မည့် အကြည့်မျိုး ဖြစ်လေ၏။

စုတ်တံကိုင်ထားပုံမှာလည်း ဓားမြှောင်ကို ကိုင်သကဲ့သို့ စုတ်တံရိုးမှ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလေ၏။

ထို့နောက် နောက်သို့ အနည်းငယ် လှမ်းပြီးလျှင် ရန်သူ၏အလစ်ကို ချောင်းသကဲ့သို့ ချောင်းနေပြန်လေ၏။ ထိုသို့ ချောင်းနေရာမှ ရန်သူ၏ဟာကွက်ကို တွေ့မြင်သွားသည့်အလား စက္ကူချပ်ကြီးဆီသို့ တိုးကပ်သွားပြီးလျှင် စုတ်တံဖြင့် တစပ်စပ် ရေးခြစ်လိုက်လေတော့၏။

အမူအရာကို ကြည့်ရခြင်းအားဖြင့် ပန်းချီဆွဲနေသည်နှင့်မတူဘဲ ရန်သူအား ဓားမြှောင်ဖြင့် အချက်ပေါင်းများစွာ နာလန်မထူနိုင်အောင် ထိုးသတ်နေပုံမျိုး ဖြစ်လေ၏။

ဆယ်မိနစ်ခန့်ကြာသောအခါ၌ စက္ကူဖြူကြီးပေါ်တွင် ကြာပွင့်ကြာရွက်များအကြား၌ လှေလှော်နေသော လူတစ်ဦး၏ပုံ ပေါ်လာလေတော့၏။ ကျွန်ုပ်သည် အံ့လည်း အံ့သြမိ၏။ ရယ်ချင်စိတ်လည်း ဖြစ်ပေါ်၏။ ထို့ကြောင့် ဆာပုလင်းနှင်းမောင်အား–

“ဘယ်လိုဟာလဲဗျာ၊ လက်ရာကတော့ အတော်ကောင်းပါပေရဲ့”ဟု ပြောလိုက်ရာ ဆာပုလင်းနှင်းမောင်က–

“သိပ်ခက်တဲ့ ပန်းချီပေါ့ဗျာ၊ တစ်ချက်တည်း မှားသွားတာနဲ့ ပြင်လို့မရတော့ဘူး၊ ဂျပန်ရိုးရာ ပန်းချီတစ်မျိုးပါပဲ၊ ‘ဆုမိယဲ့’လို့ခေါ်တယ်။ ဆိုလိုချက် တစ်ခုတည်းကို ဦးနှောက်ထဲမှာ ဖျတ်ခနဲ အလင်းရောင်ပေါ်တဲ့ အချိန်မှာ ဆတ်ခနဲ ရေးရတဲ့ ပန်းချီဗျ”

ဟု ရှင်းပြသော်လည်း ကျွန်ုပ်မှာ သဘောမပေါက်ဘဲ ရှိလေ၏။

ထို့နောက် ဆာပုလင်းနှင်းမောင်က ၎င်းရေးဆွဲလာသော ပန်းချီကားကြီးကို ၎င်း၏ တရုတ်ဆရာကြီးအား ပြသရာ ၎င်းတရုတ်ဆရာကြီးက ခေါင်းကို တွင်တွင်ယမ်းခါလျက်–

“မဟုတ်ဘူး မဟုတ်ဘူး၊ ဉာဏ်မပေါ်ဘဲနဲ့ လုပ်ကြံစိတ်ကူးပြီး ရေးထားတာ လုံးဝမဟုတ်ဘူး၊ ဦးနှောက် တံခါးကိုဖွင့်တဲ့ ရေးနည်းမျိုး မဖြစ်သေးဘူး၊ နောက်ကို ဒါမျိုး မလုပ်ခဲ့ပါနဲ့”

ဟု ပစ်ပစ်ခါခါ ဝေဖန်ပြောဆိုလေတော့၏။

ထိုအခါ၌ ဆာပုလင်းနှင်းမောင်သည် ပြုံးပြုံးကလေးနှင့်ပင် ‘ဉာဏ်ပွင့်ကြည်’သောအခါ၌ ပန်းချီကားတစ်ချပ် ရေးခဲ့ပါဦးမည်ဟု ပြောဆိုကာ ပန်းချီဆရာကြီးအား နှုတ်သိမ့်လိုက်ရလေတော့သတည်း။

ကျွန်ုပ်နှင့် ဆာပုလင်းနှင်းမောင်တို့သည် တရုတ်ပန်းချီဆရာကြီးထံမှ ပြန်လာခဲ့ရာ လမ်းတစ်လျှောက်လုံး၌ ‘ဆုမိယဲ့’ခေါ် ဂျပန်ရိုးရာ ပန်းချီအကြောင်းကိုသာ ဆာပုလင်းနှင်းမောင်သည် ကျွန်ုပ်အား ပြောဆို၍ နေလေ၏။

“အိုင်ဆေး ကိုနှင်းမောင်၊ ခင်ဗျားရဲ့ ‘ဆုမိယဲ့’ ပန်းချီအကြောင်းကတော့ စိတ်ဝင်စားစရာ ကောင်းပါတယ်ဗျာ၊ ဒါပေမဲ့ ခုလောလောဆယ်မှာ ကျုပ်ကတော့ ‘ပန်းသုံးပွင့်ဂိုဏ်း’လောက် ‘ဆုမိယဲ့’ပန်းချီကို စိတ်ဝင်စားမှု မရှိပါဘူး”

ဟု ကျွန်ုပ်က ပြောလိုက်လေရာ ဆာပုလင်းနှင်းမောင်သည် ကျွန်ုပ်၏စကားကို လွန်စွာသဘောကျသွားသောကြောင့် တဟားဟားနှင့် ရယ်မောလေတော့သတည်း။

“အိုင်ပီကတော့ ဘယ်လိုထင်နေသလဲ မသိဘူး၊ ကျုပ်ကတော့ အဲဒီ ပန်းသုံးပွင့်ဂိုဏ်းကို ကျုပ်တို့လိုက်ဖူးတဲ့ ‘မိုက်ခဲကျောက်ပွင့်’အမှုလောက် စိတ်ဝင်စားစရာ မကောင်းလှဘူးလို့ထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကိုနှင်းမောင် ပြောသလို 'မိုက်ခဲကျောက်ပွင့်' အမှုက စိတ်ဝင်စားစရာကောင်းတာက တစ်မျိုးပေါ့ဗျာ၊ ဒါပေမဲ့ ဒီ 'ပန်းသုံးပွင့်ဂိုဏ်း' ကိုလည်း အထင်သေးလို့တော့ မဖြစ်ဘူး၊ ဒီကောင်တွေက သွေးအေးအေးနဲ့ ရက်စက်မဲ့ပုံပဲဗျ"

"သွေးအေးအေးနဲ့ပဲ ရက်စက်ရက်စက်၊ သွေးပူပူနဲ့ပဲ ရက်စက်ရက်စက် ကျုပ်ကတော့ ဒီကောင်တွေကို သိပ်မမှုပါဘူး၊ ဒါပေမဲ့ တစ်ခုခက်နေတာက တရားခံကို တစ်ယောက်ချင်း လိုက်ဖမ်းနေရင် တကယ့်ဂိုဏ်းခေါင်းဆောင်ကို လွတ်သွားမှာ စိုးရိမ်မိတာပဲရှိတယ်"

"ဒါနဲ့ ကိုနှင်းမောင် ကိုလှမေကို စားကောက်နဲ့ လိုက်ခုတ်တဲ့ လူပုကလေး ရန်ကုန်ရောက်နေပြီလို့ ခင်ဗျားထင်တာ တကယ်ပဲလား"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က-

"တကယ်ပဲဗျို့ အိုင်ပီ၊ ဒီဂျပုလေးက တော်တော်ကြောက်စရာကောင်းတယ်၊ ကာလကတ္တား၊ ဘုံဘေ၊ မဒရပ်မြို့တွေမှာရှိတဲ့ လူဆိုးဂိုဏ်းတော်တော်များများဟာ အဲဒီဂျပုလေးကို ပမာမခန့် မလုပ်ရဲကြဘူးလို့ အိန္ဒိယက ကျုပ်မိတ်ဆွေကြီး စုံထောက် 'မူကာဂျီ'ရဲ့ စာအရ သိရတာပဲ၊ သူ့ကို 'မူကာဂျီ'တို့ကလည်း လူသတ်မှု နှစ်မှုအတွက် အလိုရှိနေတယ်တဲ့၊ 'မူကာဂျီ' အဆိုအရတော့ အဲဒီလူပုကလေး မြန်မာပြည်ဘက်ကို ရောက်နေတယ်လို့ ပြောတာပဲ အိုင်ပီရဲ့"

ဟု ပြန်၍ပြောလေ၏။

"ဒါဆိုရင် အဲဒီဂျပုလေးကို မိအောင်ဖမ်းနိုင်ရင် ပန်းသုံးပွင့်ဂိုဏ်းကို မိနိုင်တာပေါ့ ကိုနှင်းမောင်"

"မဟုတ်သေးဘူး အိုင်ပီ၊ ဒီကောင်က ကြေးစားလူသတ်သမားသက်သက်ပဲဗျ၊ ကျုပ်အထင်တော့ ပန်းသုံးပွင့်ဂိုဏ်းက ဒီကောင့်ကို ငှားရမ်းအသုံးပြုထားတာ ဖြစ်လိမ့်မယ်၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်လေ ဒီဂျပုလေးကိုတော့ လက်လွှတ်ခံလို့မဖြစ်ဘူး"ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က-



"ဒါပေမဲ့ အဲဒီ ဂျပုလေးဟာ မြန်မာပြည်ကို တစ်ယောက်တည်းတော့ ရောက်လာလိမ့်မယ် မထင်ဘူး၊ တကယ်လို့ တစ်ယောက်တည်းရောက်လာရင်လည်း ဒီမှာရှိနေတဲ့ ပန်းသုံးပွင့်ဂိုဏ်းက လူတွေရဲ့ ဦးဆောင်မှုအောက်မှာ ရှိနေလိမ့်မယ်"ဟု ပြောလေ၏။

"ဒီလိုဆိုရင် ဒီဂျပုလေးကိုမိရင် ပန်းသုံးပွင့်ဂိုဏ်းကို ခြေရာခံဖို့ သိပ်မဝေးတော့ဘူးပေါ့ ကိုနှင်းမောင်"

"ဒါပေါ့ ... အိုင်ပီ၊ ဒါပေမဲ့ ပန်းသုံးပွင့်ဂိုဏ်းဟာ အဲဒီဂျပုလေးကို ဒီလောလောဆယ်မှာတော့ လှုပ်ရှားခိုင်းမှာ မဟုတ်သေးဘူး၊ လုံခြုံစိတ်ချရတဲ့နေရာ တစ်နေရာရာမှာ ဖုက်ထားကြလိမ့်မယ်၊ အရေးကြီးတဲ့အချိန်မှ ထုတ်သုံးမဲ့ သဘောပေါ့ဗျာ၊ ကျုပ်အထင်တော့ ပန်းသုံးပွင့်ဂိုဏ်းဟာ သိပ်အရေးကြီးတဲ့အချိန် ရောက်နေလို့ ဂျပုလေးကို ခေါ်လိုက်တာပဲဖြစ်ရမယ်"

"အဲဒီဂျပုလေးဟာ ခင်ဗျားပြောသလိုဆိုရင်တော့ တော်တော်ကြောက်စရာကောင်းမဲ့ပုံပဲ၊ ဒါပေမဲ့ ဂျပုလေးဆိုတော့ ကျုပ်စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်၊ လျှောမွေးကို ဇရာဏသီရဲ့သလိုများ ဖြစ်နေသလားမသိဘူး"ဟု ကျွန်ုပ်က ပြောလိုက်လေရာ ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်၏စကားကို လွန်စွာသဘောကျသွားသောကြောင့် တဟားဟားနှင့် ရယ်မောလေတော့သည်။

"တကယ်ပဲဗျာ... အိုင်ပီ ပြောမယ်ဆိုရင် ပြောလောက်ပါပေရဲ့၊ ဒါပေမဲ့ ကျုပ်မိတ်ဆွေကြီး စုံထောက် 'မူကာဂျီ' ပြောပုံဆိုရင်တော့ အိန္ဒိယပြည်မှာရှိတဲ့ ကြောက်စရာအကောင်းဆုံး လူဆိုးတွေကို နံပါတ်စဉ်အတိုင်း စီချလိုက်ရင် အဲဒီဂျပုလေးဟာ နံပါတ်တစ်အပေါ်မှာ ရှိလိမ့်မယ်လို့ ဆိုတာပဲ"

"တယ်ဆိုတဲ့ စာပါလား ကိုနှင်းမောင်၊ ဒီပုံအတိုင်းဆိုရင်တော့ ပန်းသုံးပွင့်ဂိုဏ်းဟာ သူတို့ကိစ္စမှာ ဝင်ရှုပ်နေတဲ့ ခင်ဗျားကို လုပ်ကြံခိုင်းဖို့ ဂျပုလေးကို ခေါ်လိုက်တာဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပုလိပ်ဆိုတာ လူဆိုးတွေကို လက်ပိုက်ကြည့်နေလို့ ဘယ်ဖြစ်ပါမလဲဗျာ၊ ဒါပေမဲ့ သူတို့ ဘယ်လိုပဲထင်ထင်၊ ဘယ်လိုပဲခြိမ်းခြောက်ခြိမ်းခြောက် ကျုပ်ကတော့ မမှုပါဘူး၊ လူဆိုတာ သေမှာကြောက်နေရင် ပုလိပ်မလုပ်စားတော့ဘူး အိုင်ပီ၊ ကဲ အဲဒီအကြောင်းတွေကို ခေါင်းထဲမှာ ခဏမေ့ထားလိုက်ပါဦး၊ အဲဒီအကြောင်းတွေကိုချည်းပဲ ခေါင်းထဲမှာ ထည့်ထားလို့ မဖြစ်သေးဘူး"

"ဟုတ်တယ်... ကိုနှင်းမောင်၊ ကျုပ်လည်း ပန်းသုံးပွင့်ဂိုဏ်းအကြောင်းကို ခေါင်းထဲမှာ အချိန်ပြည့်ထည့်ထားလို့လား မသိဘူး စိတ်တိုသလို စိတ်ညစ်သလိုနဲ့ စိတ်ထဲမှာ ကသိကအောက် ဖြစ်မိတယ်"

"ကဲ... ဒါဖြင့်ရင် ဒီညနေ အိုင်ပီ ကျွန်တော့်ဆီကို လာခဲ့ပါ၊ ကျုပ်တို့နှစ်ယောက် မိုင်ဒါကွင်းမှာ ပြနေတဲ့ ဆပ်ကပ်ပွဲကိုကြည့်ပြီး ခေါင်းဆေးကြတာပေါ့"

"ဟုတ်တယ်ဗျို့... ကျုပ်တို့နှစ်ယောက် ပွဲလမ်းသဘင်မသွားရတာ အတော်ကြာနေပြီ၊ ဒါနဲ့ ကိုနှင်းမောင် အဲဒီဆပ်ကပ်အဖွဲ့ဟာ တော်တော်ကောင်းတယ်လို့ လူပြောများနေတယ်"

"ကောင်းဆိုဗျာ ကမ္ဘာလှည့်ပြနေတဲ့ 'ကြာပန်း'ဆိုတဲ့ အိန္ဒိယ ဆပ်ကပ်အဖွဲ့ကြီးပဲ၊ သူတို့မှာ ဆပ်ကပ်အဖွဲ့သားချည်းပဲ ရာကျော်တောင်ရှိတယ်၊ ဆင်လီမ္မာ၊ မြင်းလီမ္မာ၊ ကျားလီမ္မာ--- တော်တော်များများရှိတယ်ဆိုပဲ။ ကျုပ်လည်း အစက နာမည်ပဲ ကြားဖူးတယ်၊ 'ကြာပန်း'ဆပ်ကပ်ဟာ မြန်မာပြည်ကို ဒါဟာ ပထမဆုံးအကြိမ် ရောက်လာတာပဲ၊ ကျုပ်ကတော့ ဆပ်ကပ်ပွဲဆိုရင် လက်လွှတ်မခံချင်ဘူး"ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေရာ ကျွန်ုပ်က-

"ကျုပ်ကတော့ တစ်သက်တစ်ကိုယ်မှာ တစ်ခါဖူးမှ ဆပ်ကပ် မကြည့်ဖူးပါဘူးဗျာ၊ ဝါသနာလည်း မရှိဘူး၊ ဒါပေမဲ့ ဒီတစ်ခါတော့ ခင်ဗျား အပြောကောင်းတာနဲ့ ကြည့်ရဦးမှာပဲ"ဟု ပြန်၍ပြောလိုက်လေ၏။



"ကြည့်သင့်တာပေါ့ဗျာ ကျုပ်မိတ်ဆွေကြီး ကိုမောင်မောင်ရဲ့ ...ားနဲ့ ပြောမယ်ဆိုရင် လေ့ကျင့်မှုရဲ့ တန်ဖိုးနဲ့ လူ့စွမ်းရည်ကို ...လေ့လာသေးရင် ဆပ်ကပ်ပွဲကို သွားကြည့်ပါလို့ ဆိုထားတာပဲဗျ"

"ဒီလိုဆိုတော့လည်း တယ်ဟုတ်ပါလား၊ ဒီနေ့ 'ကြာပန်း' ဆပ်ကပ် ...ကြည့်ဖြစ်အောင်ကို ကြည့်တော့မယ်ဗျို့၊ ကိုနှင်းမောင် ညနေကျရင် ...င့်နေဗျာ"ဟုဆိုကာ ကျွန်ုပ်သည် ကိုနှင်းမောင်အား နှုတ်ဆက်၍ ...ခဲ့ထွက်လာခဲ့လေ၏။

ကျွန်ုပ်သည် အိမ်သို့ပြန်လာပြီးနောက် အမှုတွဲဟောင်းများကို ...ကို၍ ရေးမှတ်သောလုပ်ငန်းကို တစ်နေကုန် ပြုလုပ်ခဲ့လေသည်။ ...ပိုင်းသို့ ရောက်သောအခါ၌ ရေမိုးချိုး အဝတ်အစားလဲကာ ဆားပုလင်း...ောင် နေထိုင်ရာ ၂၉၅၊ ဘိုလိန်းလမ်း (ယခု ဗညားဒလလမ်း)ဆီသို့ ...ရောက်ခဲ့လေ၏။ ကျွန်ုပ် သွားရောက်သောအချိန်၌ ကျွန်ုပ်၏ မိတ်ဆွေ ...ဆားပုလင်းနှင်းမောင်သည် မိုးပြာရောင် ဥရောပဝတ်စုံကို သေသပ်...စွာဝတ်လျက် အိမ်ရှေ့သို့ထွက်ကာရပ်ပြီး ကျွန်ုပ်ကို စောင့်မျှော်နေ...ကို တွေ့ရလေ၏။ ၎င်း၏ လက်ယာဘက် လက်မှာလည်း နက်ပြာ...င် ပဝါစတစ်ခုကို ကြက်လျှာစွန်းခေါက်လျက် လည်ပင်း၌ သိုင်းချည် ...သည်ကို တွေ့ရလေ၏။

"ဘယ်လိုလဲ ကိုနှင်းမောင်ရဲ့၊ မနက်က ခင်ဗျားလက်ဟာ ...ာင်းကြီးပါဗျာ၊ အခု ဘယ်လိုဖြစ်ရပြန်တာတုန်း"ဟု ကျွန်ုပ်က ...ိုက်ရာ ဆားပုလင်းနှင်းမောင်က-

"ရိမ်းဘားလွဲရင်း ချော်ကျလို့ လက်နဲ့ထောက်လိုက်တာ အရိုးအက်...တယ်"ဟု ပြောလေ၏။

"လက်နာနေရင်လည်း ဆပ်ကပ်မကြည့်ပါနဲ့လားဗျာ"ဟု ကျွန်ုပ်က ...သော်လည်း ၎င်းက

"ရပါတယ်ဗျာ"ဟုဆိုကာ ကားပေါ်သို့ တက်လေတော့၏။ ...ကြောင့် ကျွန်ုပ်တို့နှစ်ဦးသည် ဆပ်ကပ်ပွဲသို့ ထွက်ခဲ့ကြလေတော့၏။ ...ပ်သို့ရောက်လျှင် ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်က-

www.burmeseclassic.com

www.burmeseclassic.com



"ဆပ်ထပ်ကြည့်ရတာ နီးနီးကပ်ကပ်ကြည့်ရတာ အကောင်း
ဘဲဗျ" ဟုဆိုကာ ရှေ့ဆုံးတန်း ထိုင်ခုံလက်မှတ်နှစ်စောင် ဝယ်ယူခဲ့လေ
ထိုလက်မှတ်နံပါတ်များကို ကျွန်ုပ်သည် ယခုထက်တိုင် မှတ်မိနေ
ပေ၏။ ကျွန်ုပ်၏ ခုံနံပါတ်မှာ နံပါတ် (၉)ဖြစ်၍ ဆားပုလင်းနှင်းမောင်၏
နံပါတ်မှာ နံပါတ် (၇) ဖြစ်လေ၏။

ကျွန်ုပ်သည် ထိုင်ခုံ၌ ဝင်၍ထိုင်သောအခါ၌–

"အိုင်ဆေးရေ ကျုပ်ထိုင်ခုံက နံပါတ် (၉) ဆိုပါလား၊ ကျုပ်ကြ
တဲ့ နံပါတ်ပဲဗျို့၊ ဒီနံပါတ်ဟာ ဂုဏ်တော်ကိုးပါးကို အမှတ်ရ
နံပါတ်ပဲဗျ"ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်ကလည်း

"ကျုပ်ကလည်း နံပါတ် (၇) ကို အတော်ကြိုက်တာဗျ"
ဆိုလေ၏။

ထိုအချိန်၌ပင် ဆပ်ကပ်ပွဲ စတင်လေတော့၏။ ချောမောလှပ
မိန်းမပျိုလေးများသည် တစ်ဘီးစီး စက်ဘီးလေးများကိုစီး၍ ပန်းပွင့်
များကိုင်ကာ ပရိသတ်ရှေ့ဆီသို့ ထွက်၍လာကြလေ၏။ ပြီးလျှင် ၎င်း
အချင်းချင်း ပန်းပွင့်လေးများဖြင့် ပစ်ပေါက်၍ တစ်ဦးပစ်ပေါက်
ပန်းပွင့်ကို တစ်ဦးက အရအမိ ဖမ်းယူကြလေ၏။ ထိုသို့ပြပြီး
မိန်းကလေးများ ဝင်သွားလျှင် လွန်စွာပု၍ လွန်စွာသေးကွေးလှ
လူပုကလေး လေးဆယ်ကျော်ခန့်သည် အနီရောင်ဝတ်စုံများကိုဝတ်လျ
ပရိသတ်ရှေ့သို့ ပြေးထွက်လာကြပြီးလျှင် အမှတ်စဉ် ခေါ်ကြလေ
တစ်ဦးက တစ်ဟုဆိုလျှင် နောက်တစ်ဦးက နှစ်ဟုခေါ်
ထို့ကြောင့် လူပုကလေးများ၏ အရေအတွက်ကို ကျွန်ုပ်တို့ သိရှိခွင့်ရ
သည်။ လူပုကလေးများ စုစုပေါင်း (၄၄) ယောက် ရှိလေ၏။

လူပုလေးများသည် လေးစုခွဲကာ တစ်ဖက်နှင့်တစ်ဖက် ဓားမြှော
များဖြင့် ပစ်ပေါက်ကြလေ၏။ ပစ်ပေါက်သော ဓားမြှောင်ကိုလည်း အ
အရ ဖမ်းယူကြလေ၏။ အသည်းထိတ် ရင်တုန်ဖွယ်ရာ ပြကွက်ဖြစ်လေ
ပရိသတ်လည်း အသက်မျှမရှူရဲဘဲ ထိုပြကွက်ကို ကြည့်နေကြလေ
ထိုပြကွက်ကို ပြနေစဉ်အတွင်း ဆားပုလင်းနှင်းမောင်အား ကျွန်ုပ်



တာစောင်း အကဲခတ်ကြည့်ရှုလိုက်ရာ ဆားပုလင်းနှင်းမောင်သည်
ကောင်မျှမခတ်ဘဲ စိုက်ကြည့်နေသည်ကို တွေ့ရလေ၏။

ထိုအချိန်၌ပင် လူပုလေးတစ်ဦးထံမှ ဓားမြှောင်တစ်ချောင်းသည်
ပုလင်းနှင်းမောင်၏ ရင်ဝတည့်တည့်ဆီသို့ ဗိုးခနဲ ဝင်လာလေ၏။
သည် ထိတ်လန့်လွန်းသောကြောင့် မျက်စိကို စုံမှိတ်လိုက်လေ၏။
တ်လည်း ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြ၏။ ထိုသို့ ပစ်ပေါက်ပြီး
နှင့် တစ်ပြိုင်နက် လူပုလေးများ၏ ပြကွက်သည် ပြီးဆုံးသွားပြီမို့
၍ ဝင်သွားကြလေ၏။

ပရိသတ်လည်း ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ ကျွန်ုပ်သည် ဆားပု
နှင်းမောင်ဘက်သို့ လှည့်၍ကြည့်လိုက်ရာ ဆားပုလင်းနှင်းမောင်သည်
လက်၌ ဓားမြှောင်ကိုကိုင်လျက် အေးအေးလူစွာ စီးကရက်သောက်နေ
ကို တွေ့လိုက်ရလေ၏။

"ဘယ်လိုလဲ ကိုနှင်းမောင်၊ ကျုပ်ဖြင့် စိတ်ပူလိုက်ရတာဗျာ"ဟု
ပြောလိုက်ရာ ကိုနှင်းမောင်က ပြုံးလျက် "ခါကြောင့် ကျုပ်ပြောတာပေါ့၊
ကပ်ကြည့်ရတာ ရှေ့ဆုံးကကြည့်ရတာ ကောင်းပါတယ်လို့"ဟုဆိုကာ
မြှောင်ရိုး၌ ဆေးနီဖြင့် ရေးထားသော နံပါတ် (၇) ဂဏန်းကို ကျွန်ုပ်
ပြလေ၏၊

"ဪ… နံပါတ် (၇)ပါလား၊ တော်တော်တိုက်ဆိုင်တာပဲနော်"
ကျွန်ုပ်က ပြောလိုက်မိလေ၏။ ထိုအချိန်၌ပင် ဆပ်ကပ်မန်နေဂျာ
ကို ရှိလာပြီးလျှင် ဆားပုလင်းနှင်းမောင်အား လွန်စွာလျှာလိပ်သော
လိပ်စကားပြောဖြင့် အနူးအညွတ် တောင်းပန်လေ၏။

ဆားပုလင်းနှင်းမောင်ကမူ မန်နေဂျာ၏ စကားဆုံးသည်နှင့် တစ်ပြိုင်
တ်–

"ခင်ဗျားအဖွဲ့က နံပါတ် (၇) လူပုလေးကို အနီးဆုံးဂါတ်တဲကို
ချားကိုယ်တိုင် လာပို့ပါ"ဟု ပြောလိုက်လေ၏။ မန်နေဂျာကလည်း–

"မတော်တဆဖြစ်တာပါ၊ လူကြီးမင်းအနေနဲ့ ခွင့်လွှတ်စေချင်
တယ်"ဟု တောင်းပန်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည်

www.burmeseclassic.com



ငင်း၏ ကုတ်အင်္ကျီအတွင်းမှ ဓာတ်ပုံတစ်ပုံနှင့် စာတစ်စောင်ကို ထုတ် လိုက်လေ၏။ မန်နေဂျာကလည်း ထိုစာနှင့် ထိုဓာတ်ပုံကို ကမျာကယ ယူ၍ ကြည့်လေ၏။ ကျွန်ုပ်လည်း မန်နေဂျာနှင့်အတူ ထိုဓာတ်ပုံ ကြည့်လိုက်ရာ ကြိုးတန်းတစ်တန်းပေါ်တွင် မျောက်တစ်ကောင်ကဲ့ ဆောင့်ကြောင့်ထိုင်နေသော လူပုလေးဟစ်ဦး၏ ဓာတ်ပုံကို တွေ့ရလေ ၏။ ဆားပုလင်းနှင်းမောင်သည် စီးကရက်ကို ပစ်ချကာ ဖိနပ် နင်းချေရင်း–

"ကာလကတ္တား ဘုံဘေပုလိပ်အဖွဲ့တွေက အလိုရှိနေတဲ့ လူသ တရားခံဖြစ်တယ်၊ ဟောဒါ အိန္ဒိယပြည်က ဆားပုလင်းမှုကာ သတင်းပေးချက်စာပဲ၊ အဲဒီတော့ မန်နေဂျာကြီး နံပါတ် (၇) လူပု ကို အမြန်ဆုံး လာပြီးပို့ပါ၊ ဒါမှမဟုတ်ရင် ကျုပ်ကိုယ်တိုင် ဝင်ပြီးဖ လိမ့်မယ်"ဟု ဆားပုလင်းနှင်းမောင်က ပြောရာ မန်နေဂျာက မျက်လုံး လျက်–

"ဒီလိုဆိုရင်တော့ ကျုပ် မဖမ်းဝံ့ပါဘူး၊ မိတ်ဆွေကိုယ်တိုင်ဝဲ ပြီး ခေါ်သွားပေတော့၊ လူပုလေးတွေက ဓားပေါက်အလွန်ပဲ ကျွမ်းထ ကြတယ်၊ အဲဒါကိုတော့ သတိပေးလိုက်ပါရစေ"ဟု ဆိုကာ မန်နေ လည်း အရိုအသေပေး၍ ထွက်သွားလေတော့၏။

ထိုအခါ ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်သ ထိုင်နေရာ ရုတ်တရက်ထပြီး ကတ္တီပါ ကန့်လန့်ကာကြီးအတွင်းသို့ သွက်သွက် လျှောက်ဝင်သွားလေတော့၏။ ကျွန်ုပ်လည်း ၎င်း၏နော သို့ လိုက်သွားရကောင်းနိုးနိုး ထိုင်နေရကောင်းနိုးနိုး စဉ်းစားပြီးနော

"အို... မဖြစ်သေးပါဘူး၊ တရားခံဖမ်းဖို့ကိစ္စဆိုတော့ ငါလို သွားမှ ဖြစ်မှာပါ"ဟု ဆုံးဖြတ်ပြီး ကတ္တီပါ ကန့်လန့်ကာနီကြီးနောင် လိုက်၍ ဝင်သွားမိလေရာ ကန့်လန့်ကာ၏ အတွင်းဘက်၌ သန်မာထွား သော လူသန်ကြီးသုံးဦးနှင့် တိတ်ဆိတ်စွာ သတ်ပုတ်နေသော ဆားပု နှင်းမောင်ကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်သည် ယောင်ယမ်းကာ 'ဟိုက်'



အော်လိုက်မိလေတော့၏။

မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်နှင့် လူသန်ကြီးသုံးဦးတို့သည် အကြိတ်အနယ် သတ်ပုတ်နေကြလေ၏။ ဆားပုလင်းနှင်းမောင်၏ လက် တစ်ဖက်မှာ အဝတ်ဖြင့် သိုင်း၍ထားရသောကြောင့် ကျန်လက်တစ်ဖက် တည်းဖြင့် သတ်ပုတ်နေရလေ၏။ ခြေထောက်ဖြင့်လည်း ကန်သည့်အခါ ကန်ရလေ၏။ ခေါင်းဖြင့် ဆောင့်သည့်အခါ ဆောင့်ရလေ၏။ ဆားပုလင်း နှင်းမောင်အား ဓားဖြင့်ပေါက်သော လူပုလေးသည် ဓားမြှောင်ကြီးတစ် လက်ကိုကိုင်၍ ဆားပုလင်းနှင်းမောင်အား ဓားဖြင့်ပေါက်သတ်ရန် ချက် ကောင်းကို ရှာနေလေ၏။ သို့ရာတွင် လူချင်းလုံးထွေးနေသောကြောင့် အခွင့်မရဘဲ ရှိလေ၏။ ထိုသို့နေစဉ်အတွင်း ဆားပုလင်းနှင်းမောင်က လူသန်ကြီး၏ မေးစေ့ကို ခြေထောက်ဖြင့် ကန်လိုက်ရာ လူသန်ကြီးသည် နောက်သို့လန်၍ လဲကျသွားလေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်၏ ရင်ဝသို့ ချိန်၍ လူပုလေးက ဓားဖြင့် ပေါက်လိုက်လေ၏။ ကျွန်ုပ်လည်း မျက်လုံးများ ပြာဝေသွားကာ မျက်စိကို မှိတ်လိုက်မိလေ၏။

အမှန်စင်စစ်အားဖြင့် လူပုလေးက ဓားဖြင့်ပေါက်လိုက်သည့် အချိန်၌ပင် သေနတ်သံတစ်ချက် ဒိုင်းခနဲ ပေါ်လာ၏။ မည်သည့်အရပ် ဒေသဆီမှ ပစ်လိုက်သော သေနတ်သံဖြစ်သည်ကို သိလိုသဖြင့် ကြည့် လိုက်ရာ အဝတ်ဖြင့် သိုင်းထားသော ဆားပုလင်းနှင်းမောင်၏ လက်တွင် ခြောက်လုံးပြူးတစ်လက်ကို တွေ့ရလေ၏။ လူပုလေးသည် သေနတ်ဒဏ် ရာဖြင့် လဲ၍နေပြီဖြစ်သည်။ ဆားပုလင်းနှင်းမောင်သည် လူပုလေးထံသို့ သွားပြီးလျှင် လူပုလေးအား ကုပ်မှကိုင်၍ ဆွဲထူလိုက်ကာ လေးငါးဆယ်ချက် ပါးရိုက်လိုက်လေ၏။ ထို့နောက် လူပုလေးအား ကုလားစကားဖြင့် အောက်ပါ အဓိပ္ပာယ်ရသော စကားကို ပြောလေ၏။

"လက်ကျိုးသွားပြီ မဟုတ်လား"

လူပုလေးက တစ်စုံတစ်ရာ ပြန်မပြောချေ။ ဆားပုလင်းနှင်း မောင်သည် လူပုလေး၏လက်အား လက်ထိတ်ခတ်လိုက်လေ၏။ စောစော

www.burmeseclassic.com

www.burmeseclassic.com



ဘာ သတ်ပုတ်လျှက်ရှိသော လူသန်ကြီးများမှာလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်၍ကုန်ပြီဖြစ်၏။ ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်ဘက်သို့လှည့်ကာ–

"ဒီကျပုကို ဂါတ်မှာ ချုပ်ထားလိုက်ပေတော့ အိုင်ပီ"ဟု ပြောလိုက်သဖြင့် ကျွန်ုပ်သည် လူပုလေး၏ ဇက်ပိုးကို လက်ဝါးဖြင့် တဖြောင်းဖြောင်း ရိုက်ကာ ဂါတ်သို့ ခေါ်သွားရလေတော့၏။

*

## တစ်ညလုံးစစ်ရသော လူပုကလေး

ဂါတ်သို့ရောက်သည့်အခါ၌ ကျွန်ုပ်သည် လူပုကလေးအား စစ်ဆေးရလေတော့၏။ ကုလားစကားဖြင့် ကျွန်ုပ်က–

"မင်းနာမည် ဘယ်သူလဲ"ဟု မေးလိုက်လေ၏။ လူပုကလေးက မဖြေဘဲ ခေါင်းကိုခါ၍ ပြလေ၏။

"မင်းနောက်မှာ ပန်းသုံးပွင့်တံဆိပ်ဂိုဏ်း ရှိတယ်မဟုတ်လား"ဟု ကျွန်ုပ်က မေးလိုက်ပြန်၏။

လူပုကလေးက ခေါင်းကို ခါပြပြန်လေ၏။

"မင်းက ဆားပုလင်းနှင်းမောင်ကို ဘာဖြစ်လို့ ဓားနဲ့ပေါက်သတ်ကြံတာလဲ"ဟု ကျွန်ုပ်က မေးပြန်လေ၏။ လူပုကလေးက ခေါင်းကိုခါပြန်၏။ ထိုအခါ ကျွန်ုပ်သည် လွန်စွာစိတ်တိုလာပြီဖြစ်သဖြင့် လူပုကလေးအား ရိုက်ရလေတော့၏။ လူပုကလေး၏ပါးကို သုံးလေးချက် ဖြန်းခနဲ ဖြန်းခနဲ ရိုက်ချလိုက်လေ၏။ ကျွန်ုပ်လည်း ထိုသို့ရိုက်ချပြီးနောက် လူပုကလေးအား–

"ငါမေးမယ်၊ မင်း ကောင်းကောင်းဖြေပါ၊ မင်းနာမည် ဘယ်သူလဲ"ဟု မေးလိုက်လေ၏။ လူပုကလေးက ခေါင်းကို ခါပြလေ၏။ ထိုအခါ ကျွန်ုပ်ကလည်း–



"မင်းနာမည် ဘယ်သူလဲ"ဟု ထပ်၍မေးပြန်လေ၏။ လူပုကလေးက ခေါင်းကို ခါမြဲခါပြန်လေ၏။ ကျွန်ုပ်မေးသည်ကို မဖြေပေ။ ကျွန်ုပ်သည် စိတ်တိုလာသဖြင့် လူပုကလေး၏ ခြေသလုံးအား မျှဉ်းလုံးနှင့် ရိုက်ရန် ပုလိပ်နှစ်ဦးကို အမိန့်ပေးလိုက်လေ၏။ ပုလိပ်နှစ်ဦးလည်း လူပုကလေးအား သမံတလင်းပေါ်၌ ထိုင်ခိုင်း၍ ခြေထောက်ဆင်းစေပြီးလျှင် မျှဉ်းလုံးဖြင့် တစ်လှည့်စီ လိမ့်ကြလေတော့၏။ လူပုကလေးမှာ နာကျင်လှသဖြင့် မျက်နှာတွင် ချွေးသီးချွေးပေါက်များ စို့နေလေ၏။ သို့ရာတွင် အော်ဟစ်ခြင်းကိုမူ မပြုပေ။ ကျွန်ုပ်က ထပ်မံ၍–

"မင်းနာမည် ဘယ်သူလဲ"ဟု မေးလိုက်လေ၏။ လူပုကလေးက ခေါင်းကို ခါမြဲခါပြလေ၏။ ကျွန်ုပ်၏ မေးခွန်းကို မဖြေပေ။ ထို့ကြောင့် ကျွန်ုပ်လည်း စိတ်ဆိုးသည်ထက် စိတ်ဆိုးလာပြီးလျှင် လူပုကလေးအား အချုပ်၌ ခောက်ထိုးဆွဲ၍ ထားလိုက်လေတော့၏။ ပြီးလျှင် ကျွန်ုပ်သည် ကျွန်ုပ်အား ကူညီသော ပုလိပ်နှစ်ဦးအား ခေါ်ယူကာ ဂါတ်တဲအပြင်ဘက်သို့ ထွက်သွားပြီးလျှင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ရှာဖွေ၍ လက်ဖက်ရည်သောက်၍ နေလေတော့၏။ လက်ဖက်ရည်သောက်ရင်းနှင့် ကျွန်ုပ်သည် ပုလိပ်ကလေးနှစ်ဦးနှင့် ရောက်တတ်ရာရာစကားများကို တစ်နာရီကျော်ကျော်ခန့် ပြောဆိုရင်း အချိန်ဖြုန်းလေ၏။ ထို့နောက်တွင် ဂါတ်တဲသို့ ပြန်လာ၏။ ကျွန်ုပ် အတပ်သိပေသည်။ လူပုကလေးသည် ကျွန်ုပ်မေးခွန်းကို ဖြေဆိုပေတော့မည်။ ကျွန်ုပ်သည် ဆေးတံကိုသောက်ရင်း ဂါတ်တဲအတွင်းသို့ အေးချမ်းစွာ လျှောက်သွားလေ၏။ ထို့နောက် လူပုကလေးအား ခောက်ထိုးဆွဲထားရာသို့ သွားလေ၏။ ထိုအချိန်၌ သီချင်းဆိုသံကို ကြားရလေ၏။ ကျွန်ုပ်သည် ရပ်၍ ထိုအသံကို နားထောင်မိလေ၏။ အသေအချာ နားထောင်သောအခါ၌ သီချင်းဆိုနေခြင်းမဟုတ်ဘဲ ကဗျာတစ်ပုဒ်ကို အသံနေအသံထားဖြင့် ရွတ်ဆိုနေခြင်းပင်ဖြစ်၏။ ကဗျာမှာလည်း အင်္ဂလိပ်ကဗျာ ဖြစ်ပေ၏။

ကျွန်ုပ်သည် ထိုကဗျာကို နားထောင်နေမိလေ၏။ ကဗျာဆိုသူသည် ကဗျာအတိုကလေးတစ်ပုဒ်ကို မပြီးနိုင်မစီးနိုင် အကြိမ်ကြိမ်အခါခါ

www.burmeseclassic.com

www.burmeseclassic.com

ရှုတ်ဆိုနေခြင်းပင်ဖြစ်၏။ ထိုကဗျာမှာ အောက်ပါအတိုင်းဖြစ်ပေ၏။

The way is not difficult for those who have no preferences when love and hate are both absent everything become clear and undisguised.

ထိုအချိန်၌ပင် ကျွန်ုပ်အနီးသို့ ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင် ရောက်ရှိလာပြီးလျှင် ထိုကဗျာရွတ်သံကို နားထောင်ပြန်လေ၏။ ထိုနောက် ဆားပုလင်းနှင်းမောင်က ပြုံး၍ ကျွန်ုပ်အား–

"လူပုကလေး ကဗျာရွတ်နေတာပဲ၊ ခင်ဗျားတို့ ဇောတ်ထိုးဆွဲထားတယ်ထင်တယ်၊ အသံက အစ်တစ်တစ်ကြီး ဖြစ်နေပါလား"ဟု ပြောလေ၏။

"ဟုတ်တယ် ကိုနှင်းမောင်၊ ကျုပ် ဒီကောင်ကို ဇောက်ထိုးဆွဲထားတာ တစ်နာရီကျော်ပြီဗျ"ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်၍သောက်ရင်း တစ်စုံတစ်ရာ စဉ်းစား၍ ထိုနေရာ၌ပင် ကျန်ရစ်ခဲ့လေ၏။ ကျွန်ုပ်မှာ လူပုကလေးရှိရာသို့ လာပြီးလျှင် လူပုကလေးအား 'ထုပ်'မှ အောက်သို့ ချလေ၏။ ပြီးလျှင် ကျွန်ုပ်က–

"ဟေ့ကောင်၊ ဒီတစ်ခါမေးတာ ဖြေပေတော့၊ မဖြေရင်တော့ မိုးလင်းအထိ ဆွဲထားမယ်"ဟု ပြောလိုက်လေ၏။ လူပုကလေးမှာ ကျွန်ုပ်အား ခေါင်းခါပြလေ၏။

"မင်း ဘယ်သူလဲ"ဟု ကျွန်ုပ်က မေးလိုက်လေ၏။ လူပုကလေးက မဖြေဘဲ ခေါင်းကိုခါပြလေ၏။ ကျွန်ုပ်မှာ ပို၍စိတ်တိုလာလေ၏။ ထိုအချိန်၌ပင် ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်အနီးသို့ ရောက်ရှိလာလေ၏။ ပြီးလျှင် လူပုကလေးအား စီးကရက်တစ်လိပ်ထုတ်၍ လာတိုက်လေ၏။ လူပုကလေးက စီးကရက်ကို နှုတ်ခမ်း၌ တေ့လိုက်လေ၏။ ဆားပုလင်းနှင်းမောင်က မီးခြစ်ကို 'ထောက်'ခနဲခြစ်၍ မီးတို့ပေးလိုက်လေ၏။ လူပုကလေးသည် စီးကရက်ကို အားရပါးရ ဖွာလေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်က–

"ငါက စုံထောက်တစ်ယောက် ဖြစ်တယ်ကွ၊ ငါဟာ လူဆိုးတွေကို မုန်းလည်းမမုန်းဘူး၊ ချစ်လည်းမချစ်ဘူးကွ၊ ဖမ်းစရာရှိရင် ဖမ်းတယ်၊ သေနတ်နဲ့ ပစ်စရာရှိရင် ပစ်တယ်၊ ယှဉ်ပြိုင်သတ်ပုတ်တဲ့အခါ သတ်ပုတ်တယ်၊ သက်ညှာဖို့ လိုအပ်တဲ့အခါ သက်ညှာတယ်၊ ရက်စက်ဖို့ လိုအပ်တဲ့အခါ ရက်စက်တယ်၊ ငါ့ရဲ့စိတ်ဟာ တစ်ဖက်စောင်းနင်း ဘယ်တော့မှ ဖြစ်မနေဘူး၊ ဘက်မလိုက်ဘူး၊ ငါဟာ တာဝန်ဝတ္တရားတစ်ခုကို ကျေကျေပွန်ပွန် ထမ်းဆောင်နေတဲ့ သဘောပဲ။ ဒါကြောင့် ငါလိုက်ခဲ့တဲ့ အမှုတွေဟာ ဘယ်လောက်ပဲ ရှုပ်ထွေးရှုပ်ထွေး နောက်ဆုံးကျရင် ရှင်းလင်းပြတ်သားသွားတာချည်းပဲ၊ မဖော်နိုင်တဲ့ အမှုဆိုလို့တော့ ငါ့ရဲ့သက်တမ်းတစ်လျှောက်မှာ မရှိသေးဘူး၊ အခု ငါပြောတာတွေဟာ ငါကျင့်သုံးနေတဲ့ ကျင့်စဉ်ပဲ၊ အဲဒီလောက်ဆိုရင် မင်း ငါ့အကြောင်း သိပါပြီ၊ မင်းနာမည် ဘယ်သူတုန်း"ဟု မေးလိုက်လေ၏။

ထိုအခါ လူပုကလေးက–

"ကျုပ်နာမည် အမ်ဂျစ်ခန်"ဟု ပြောလိုက်လေ၏။

"ငါတွေ့ဖူးတဲ့ ပထန်တွေက အရပ်မြင့်ပါတယ်၊ မင်းက ဘာဖြစ်လို့ အရပ်ပုနေတာလဲ"ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။ ထိုအခါ လူပုကလေးက စီးကရက်ပြာကို တောက်ခနဲခြေချရင်း–

"ကျုပ်တွေ့ဖူးတဲ့ စုံထောက်တွေက တော်တော်ညံ့ပါတယ်၊ ခင်ဗျားက ဘာဖြစ်လို့ ဒါလောက် တော်တာတုန်း"ဟု ပြန်၍မေးလိုက်လေ၏။

"ဒါကတော့ကွာ၊ စုံထောက်တွေက ဒါလောက်အများကြီးမှာ ညံ့တဲ့လူလည်းရှိ၊ တော်တဲ့လူလည်း ရှိကြတာပေါ့ကွာ၊ ဒါပေမဲ့ စုံထောက်ဟာ စုံထောက်ပဲ၊ လူဆိုးကို ဖမ်းနိုင်ခွင့်ရှိတယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထိုအခါ လူပုကလေးက–

"ပထန်တွေလည်း အများကြီးပဲဗျာ၊ အရပ်ပုတဲ့လူလည်း ရှိတယ်၊ အရပ်ရှည်တဲ့လူလည်း ရှိမှာပေါ့၊ ဒါပေမဲ့ 'ပထန်' ဟာ 'ပထန်'ပဲ ဖြစ်တယ်ဗျ၊ အားလုံး သတ္တိကောင်းကြတယ်"ဟု လူပုကလေးက ဆားပုလင်းနှင်းမောင်၏ စကားကို အားကျမခံ ပြန်၍ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က–



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ဒါတွေထားလိုက်ပါတော့၊ မင်းက ဘယ်မှာနေတာလဲ" ဟု မေးလိုက်လေ၏။

"ကမ္ဘာအနှံ့ ဆိုပါတော့ဗျာ၊ ဒါပေမဲ့ ဘုံဘေမှာ အနေများပါတယ်" ဟု လူပုကလေးက ပြောလိုက်လေ၏။

"ဒါနဲ့ မင်းရဲ့ အလုပ်အကိုင် ပြောပါဦး"ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"အလုပ်အကိုင်က နှစ်မျိုးရှိတယ်ဗျ၊ တစ်မျိုးကတော့ ဆပ်ကပ်ထဲက ဓားပေါက်သမားပဲ၊ ကျန်တဲ့တစ်မျိုးကတော့ အငှားလူသတ်သမားပေါ့ဗျာ၊ ဒါပေမဲ့ ကျုပ်ဟာ ဘယ်သူ့ကိုမှ ချစ်လည်းမချစ်ဘူး၊ မုန်းလည်းမမုန်းဘူး၊ ချစ်ခြင်းမုန်းခြင်းဆိုတဲ့ တစ်ဖက်စောင်းနင်းဖြစ်မှု၊ ဘက်လိုက်မှု ကျုပ်မှာမရှိဘူး၊ ဓားနဲ့ပေါက်စရာရှိရင် ပေါက်သတ်လိုက်တာပါပဲ၊ ချစ်လို့လည်း မဟုတ်ဘူး၊ မုန်းလို့လည်း မဟုတ်ဘူး၊ ကျုပ်ဟာ တာဝန်ဝတ္တရားတစ်ခုကို ကျေကျေပွန်ပွန် ထမ်းဆောင်နေတဲ့ သဘောပါပဲ၊ အခု ကျုပ်ပြောတာတွေဟာ ကျုပ်ရဲ့ လုပ်ငန်းစဉ်တွေပဲ"ဟု လူပုကလေးက ပြော၍ စီးကရက်ကို အောက်သို့ချကာ နင်းချေလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က–

"ဒီလိုဆိုရင် မင်းနဲ့ငါ လုပ်ငန်းစဉ်ချင်း တူတာပေါ့၊ အဲဒီတော့ အမ်ဂျစ်ခန်ရဲ့၊ မင်းကို ငါ မေးမယ်၊ အခု ဒီကိုလာတာ အဓိက ဘယ်သူ့ကို သတ်ချင်လို့လဲ"ဟု မေးလိုက်လေ၏။

"အဓိက သတ်ရမှာကတော့ ခင်ဗျားကိုပဲ၊ ဒါပေမဲ့ ခက်တာက ခင်ဗျားက ကျုပ်ကိုသတ်ဖို့ အလှည့်ရောက်သွားပြီလေ၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲဗျာ၊ အလုပ်တာဝန်တစ်ခုကို ထမ်းဆောင်တာပဲပေါ့၊ ကျေနပ်စရာလည်း မဟုတ်ဘူး၊ မကျေနပ်စရာလည်း မဟုတ်ဘူး၊ အဖြစ်အပျက်အားလုံးဟာ ဘာနဲ့တူသလဲဆိုတော့"ဟု လူပုကလေးက ပြော၍ စကားကို ရပ်ဆိုင်းထားလိုက်လေ၏။

ဆားပုလင်းနှင်းမောင်က–



"လုပ်စမ်းပါဦး အမ်ဂျစ်ခန်ရဲ့၊ ဘာနဲ့တူသတုန်း"ဟု မေးလိုက်လေ၏။

"ဘာနဲ့တူသလဲဆိုတော့ အဖြစ်အပျက်အားလုံးဟာ ကျယ်ပြောတဲ့ အာကာသကြီးနဲ့တူတယ်၊ လိုတာလည်း မရှိဘူး၊ ပိုတာလည်းမရှိဘူး" ဟု လူပုကလေးက ပြောလိုက်လေ၏။

"သိပ်ဟုတ်တာပဲ အမ်ဂျစ်ခန်၊ တစ်ခုပဲ မေးစရာရှိတော့တယ်၊ ခုနသုံးပွင့်တုံဆိပ်ဂိုဏ်းနဲ့ ပတ်သက်ပြီး ဘာပြောချင်သလဲ၊ ဒါမှမဟုတ်ရင် ဘာပြောပြနိုင်သလဲ၊ တာဝန်ဝတ္တရားတစ်ခုကို ထမ်းဆောင်နေတဲ့သဘောနဲ့ မေးရတာပဲ၊ မင်းကလည်း ရန်သူဖမ်းမိထားတဲ့ အဖမ်းခံ သုံ့ပန်းတစ်ဦးရဲ့ တာဝန်ဝတ္တရားအတိုင်း မင်းသိသလောက် ပြောပြပေတော့"

"အဲဒီလို မပြောပြဘူးဆိုရင်တော့ ငါ့အနေနဲ့ တာဝန်ဝတ္တရားအတိုင်း ညှဉ်းပန်းနှိပ်စက်ရပါလိမ့်မယ်၊ ဒါပေမဲ့ ငါ့မှာ ချစ်ခြင်းမုန်းခြင်းဆိုတဲ့ ဘက်လိုက်မှုတွေ မရှိဘူး၊ ငါဟာ မင်းပြောတဲ့ အာကာသကြီးပဲ၊ အလိုအပိုမရှိ ဆောင်ရွက်ရပါလိမ့်မယ်"ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ထိုသို့ပြောရာတွင် ဆားပုလင်းနှင်းမောင်သည် လိုခြင်းပိုခြင်းမရှိ၊ ကျယ်ပြောသော အာကာသကြီးဆိုသည့် စကားကို ကုလားစကားအတွင်း၌ အောက်ပါအင်္ဂလိပ်စကားကို ညှပ်၍ပြောခဲ့လေ၏။

Like vast space where nothing is lacking and nothing is in excess.

ထိုအခါ လူပုကလေးက–

"နက်ဖြန် ပြောရမှာလား၊ ဒီနေ့ ပြောရမှာလား"ဟူ၍ ကတ်သီးကတ်သတ် ပြန်၍မေးလေတော့၏။

"ငါ့မှာ မနေ့ကဆိုတာလည်း မရှိဘူးကွ၊ နက်ဖြန်ဆိုတာလည်း မရှိဘူးကွ၊ ငါ ဒီကနေ့ သက်သက်မှာပဲ နေထိုင်လေ့ရှိတယ်၊ အလုပ်လုပ်လေ့ရှိတယ်"ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အောင်ပြီလေ၊ ကျုပ်ကတော့ ဒီတနေ့တောင်ရှိတဲ့လူ မဟုတ်ဘူး၊ ဆောင်း မငြေသဆောက်တဲ့ ဒီအချိန်ကလေးပေါင်း မြောက်မြားစွာပေါ်မှာပဲ နေလေ့ရှိတယ်၊ အလုပ်လုပ်လေ့ရှိတယ်၊ အဲဒီတော့ 'ပန်းသုံးပွင့်တံဆိပ်' အသင်းရဲ့ အစိကတ္တုကြီးဟာ ဧပြီလ (၄) ရက်၊ (၁၃) နာရီမှာ ဟိုတယ်တစ်ခုရဲ့ နံပါတ် (၁၃) အခန်းမှာ (၁၃) ရက်လုံးလုံး တည်းခိုနေထိုင်မှာဖြစ်တယ်၊ ခင်ဗျားကိုယ်တိုင် သွားပြီးတွေ့ပါ၊ ခင်ဗျားတို့နှစ်ယောက် ရင်ဆိုင်လိုက်ပါ၊ တစ်ဦးဦး ချုပ်ငြိမ်းသွားတဲ့အခါမှာ ဒီဇာတ်လမ်းဟာ ပိုပြီး လှပလာမယ်၊ ဒါပေမဲ့ ခင်ဗျားက အနိုင်ရပြီး ဟိုဘက်က ချုပ်ငြိမ်းသွားမယ်ဆိုတာတော့ ကျုပ် ခန့်မှန်းနိုင်ပါတယ်"ဟု လူပုလေးက ပြောလိုက်လေ၏။

"အမ်ဂျစ်ခန်၊ ဘာကြောင့် မင်းက ဒီလိုပြောနိုင်တာလဲ"ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဘာကြောင့်မှ မဟုတ်ပါဘူး၊ ခင်ဗျားက ချစ်ခြင်းမုန်းခြင်း မရှိဘူး၊ ချစ်ခြင်းမုန်းခြင်းဆိုတဲ့ အရာနှစ်ခုကို ဘက်မလိုက်ဘူး၊ ဒါကြောင့် ခင်ဗျားရဲ့ လှုပ်ရှားမှုတွေဟာ ပြတ်ပြတ်သားသားရှိတယ်၊ အောင်အောင်မြင်မြင်ရှိတယ်၊ ခင်ဗျားဟာ လုပ်သင့်လုပ်ထိုက်တာကို လုပ်နေတဲ့သဘော သက်ရောက်တယ်၊ ဒါကြောင့် ခင်ဗျားရဲ့ ဆောင်ရွက်မှု လှုပ်ရှားမှုတွေဟာ သူ့အလိုလို ပြီးမြောက်သွားလေ့ရှိနေတာ၊ ခင်ဗျားဟာ မှန်ပြင်နဲ့တူတယ်၊ မှန်ပြင်ဟာ သူ့ရှေ့မှာ ရုပ်ချောတဲ့လူ လာပြီးရပ်ရင်လည်း အရုပ်ထင်ပြမှာပဲ၊ အကျည်းတန်တဲ့လူ လာပြီးရပ်ရင်လည်း အရုပ်ထင်ပြမှာပဲ၊ သူ့အလုပ်က အရုပ်ထင်ပြဖို့ပဲ၊ ရုပ်ချောခြင်း၊ အကျည်းတန်ခြင်းဟာ သူနဲ့ လုံးဝမပတ်သက်ဘူး၊ ဒီသဘောပဲ မိတ်ဆွေကြီး၊ မိတ်ဆွေကြီးဟာ မှန်ပြင်လိုပါပဲ၊ ဒါပေမဲ့ တစ်ခုတော့ မှာလိုက်ပါရစေ၊ ခင်ဗျားနဲ့ ရင်ဆိုင်မဲ့လူဟာ ရေးဟောင်း ကချေသည်တစ်ဦးလို ပျော့ပျောင်းပြီး မုဆိုးတစ်ယောက်လို မျက်စိလျင်တယ်၊ ကျားတစ်ကောင်လိုလည်း ရဲရင့်တယ်၊ သဲကန္တာရက မြေခွေးတစ်ကောင်လိုလည်း သွေးဆာတော်မွတ်နေတယ်၊ တွင်းပုန်း ကုလားမလေးလိုလည်း လျှို့ဝှက်နိုင်လွန်းတယ်၊ ကျီးကန်းလိုလည်း အဖော်အပေါင်းတွေရှိတယ်၊ မျိုင်းလိုလည်း စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနိုင်တယ်၊ ပြီးတော့ ကဗျာနဲ့ဖွဲ့ဆိုအပ်တဲ့ ဒဏ္ဍာရီ မင်းသမီးလေးလိုလည်း လှတယ်"ဟု လူပုကလေးက ရှည်လျားစွာ ပြောလိုက်လေ၏။

"လှတယ် ဟုတ်လား"ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဟုတ်တယ် လှတယ်၊ ကျုပ်တွေ့ဖူးတဲ့ မိန်းမတွေထဲမှာ သူဟာ အလှဆုံးပဲ"ဟု လူပုကလေးက ပြန်၍ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က-

"အင်မတန်လှတဲ့ မိန်းကလေး ဟုတ်လား၊ ဂျပန်ပြည်ကလာမဲ့ မိန်းကလေး ဟုတ်လား၊ ပန်းချီဆွဲတတ်တယ်လေ၊ စုတ်တံနဲ့ စက္ကူပေါ် မှာ တမှုဟုတ်ချင်း ရေးဆွဲရတဲ့ 'ဆုမိယဲ'ဆိုတဲ့ ပန်းချီပညာကိုတတ်တဲ့ မိန်းကလေး မဟုတ်လား"ဟု မေးလိုက်ရာ လူပုကလေးသည် ဆားပုလင်းနှင်းမောင်၏ မျက်နှာကိုကြည့်ကာ-

"ခင်ဗျား ဒီလောက်သိနေရင်လည်း ကျုပ်ကို ဘာဖြစ်လို့ ဖမ်းတာတုန်း၊ ခင်ဗျားပြောတာတွေအားလုံး ဟုတ်တယ်"ဟု ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ဓားပေါက်ကျွမ်းကျင်၍ စကားတတ်လှသော လူပုကလေး အမ်ဂျစ်ခန်ကို အချုပ်ခန်းအတွင်းသို့ သွင်းပြီးနောက် ရဲစခန်းမှ ထွက်လာခဲ့ကြတော့၏။

လမ်းတွင် ကျွန်ုပ်က ဆားပုလင်းနှင်းမောင်အား-

"လူပုကလေးက တော်တော့်ကို ကတ်သီးကတ်သတ်နိုင်တယ်ဗျ၊ ကျုပ်မေးခင်တုန်းက တစ်လုံးမှ မပြောဘူး၊ ခင်ဗျားစစ်မှပဲ ပြောတော့တယ်"ဟု ပြောလိုက်လေ၏။

"ဒီလိုဗျ၊ ကျုပ်လည်း မရိပ်မိပါဘူး၊ လူပုကလေးကို ခင်ဗျားက ဆိုးဆွဲထားတုန်းက အင်္ဂလိပ်ကဗျာတစ်ခု ဆိုတယ်မဟုတ်လား၊ ကဗျာရဲ့ အဓိပ္ပာယ်ကို သေသေချာချာ နားထောင်ပြီး စဉ်းစားတော့မှ

www.burmeseclassic.com



နည်းလမ်းက လွယ်ပါတယ်၊ ဘက်မလိုက်တဲ့ လူအတွက် အလွန်
လွယ်ပါတယ်၊ ချစ်ခြင်းမုန်းခြင်း ကင်းတဲ့လူအတွက် အရာရာဟာ ကြည်
လင်ပြတ်သားနေတယ်၊ ဖုံးကွယ်ထားတဲ့ အရာဆိုလို့ မရှိဘူးဆို
အစိပ္ပာယ် မဟုတ်လား၊ ဒီတော့ သူပြောထားတဲ့ နည်းအတိုင်း သူ့
ချစ်ခြင်းမုန်းခြင်းမပါဘဲ အလုပ်သဘောသက်သက်နဲ့ စစ်ဆေးရတော့
ပေါ့ဗျာ"ဟု ဆားပုလင်းနှင်းမောင်က ရှင်းပြလေ၏။

"တော်တော်လာတဲ့ လူပုကလေးပဲ"ဟု ကျွန်ုပ်က ပြောလိုက်
လေ၏။

"ဒီလိုဗျ၊ ဒီလူပုကလေးဟာ နယ်နယ်ရရတော့ မဟုတ်ဘူး
သူ့ခေါင်းထဲမှာ ဖီလိုဆိုဖီတစ်ခုခု နိုင်နိုင်မာမာ ရှိနေတယ်၊ ကြေးစား
သတ်သမား ဖြစ်နေတာလည်း စဉ်းစားစရာပဲ"ဟု ဆားပုလင်းနှင်းမောင်
လေးနက်စွာ ပြောလိုက်လေ၏။

"ဒါနဲ့ နေပါဦးဗျ၊ ပန်းသုံးပွင့်တံဆိပ်အသင်းက အသင်းခေါင်း
ဆောင် မိန်းကလေးဆိုတာက ဧပြီလ (၄) ရက်နေ့မှာ တကယ်လာ
လား"ဟု ကျွန်ုပ်က မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က စီးကရက်
လိပ်ကိုထုတ်၍ ရှိုက်ဖွာပြီး-

"ရောက်နေပြီ အိုင်ဗီ၊ ဖမ်းဖို့အတွက် စောင့်နေတာပဲ"ဟု ပြော
လိုက်လေတော့၏။

နောက်တစ်နေ့၌ ကျွန်ုပ်သည် ကျွန်ုပ်၏ အော်စတင် ကားက
ကိုမောင်းကာ ဆားပုလင်းနှင်းမောင် နေထိုင်ရာ အမှတ် ၂၉၅၊ ဘိုလ
လမ်း (ယခု ဗညားဒလလမ်း) နေအိမ်သို့ သွားရောက်ခဲ့လေ၏။

"လာဗျို့... အိုင်ဗီ၊ ခင်ဗျားကို ကျွန်တော် စောင့်နေတာပဲ"ဟု
ဆားပုလင်းနှင်းမောင်က ကျွန်ုပ်ကို တွေ့တွေ့ချင်း ဆီးကြိုပြောလိုက်
လေ၏။

"ခင်ဗျားတော့ ဘယ်လိုနေမလဲ မသိဘူး၊ ကျုပ်ကတော့ တစ်ညလုံး
အိပ်မပျော်ဘူးဗျို့၊ ပန်းသုံးပွင့်ဂိုဏ်း ခေါင်းဆောင်ကိုဖမ်းဖို့ တစ်ညလုံး
တွေးပြီး အိပ်လို့ကို မရတော့ဘူး၊ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာတော့ ဘာ



ဖြစ်နေတာက ပန်းသုံးပွင့်ဂိုဏ်းခေါင်းဆောင်ဟာ နွဲ့နွဲ့နှောင်းနှောင်း
မလေးတစ်ယောက် ဖြစ်နေတယ်ဆိုတော့"ဟု ကျွန်ုပ်က ပြောလိုက်
ရာ ဆားပုလင်းနှင်းမောင်က ကျွန်ုပ်၏စကားကိုဖြတ်၍-

"မထင်နဲ့ အိုင်ဗီ... မထင်နဲ့၊ မိန်းကလေးတစ်ယောက်ဆိုပြီး
ထင်တော့ မသေးလိုက်နဲ့၊ သိပ်ပြီး ကြောက်စရာကောင်းတယ်၊ ရှေးခေတ်
ပြည်က 'ဆာမူရိုင်း'တွေ အကြောင်းကို အိုင်ဗီ ကြားဖူးမှာပေါ့၊
ဂိတကို မြတ်နိုးတဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ စိတ်ဓာတ်ရယ်၊ အသွင်မတူ
စိတ်ဓာတ်နှစ်ခု ပိုင်ဆိုင်တဲ့ အင်မတန် ကြောက်စရာကောင်းတဲ့
သားတွေပေါ့ဗျာ၊ ဒါပေမဲ့ ယဉ်ကျေးတိုးတက်နေတဲ့ ဒီနေ့ ဂျပန်ပြည်ရဲ့
အဖွဲ့အစည်းမှာတော့ အကြွင်းအကျန် 'ဆာမူရိုင်း' မျိုးနွယ်ထဲကပေါ့
ဒါကြောင့် အဲဒီ ဂျပန်မကလေးဟာ စင်ရော်လေးလို လှပပြီး စွန်ရဲ
ကောင်လို ရဲရင့်လိမ့်မယ်၊ သိုးငယ်တစ်ကောင်လို အပြစ်ကင်းတဲ့ပုံမျိုး
ပေမဲ့ ကျားတစ်ကောင်လို သွေးဆာနေလိမ့်မယ်၊ ဝါးပင်ငယ်လို နွဲ့နှောင်း
ပေမဲ့ ကျောက်တောင်ကြီးလို ခိုင်မာလိမ့်မယ်၊ ဝါဂွမ်းလို သိမ်မွေ့နူးညံ့
ပေမဲ့ ဓားသွားလို ထက်မြက်စူးရှလိမ့်မယ်"ဟု ပြောလေ၏။

ထို့နောက် ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်တို့သည် စထရင်း
ဟိုတယ်သို့ သွားရောက်ခဲ့လေ၏။ ဟိုတယ်သို့ ရောက်သောအခါ၌
ဆားပုလင်းနှင်းမောင်က ဟိုတယ်စာရေးအား အခန်းနံပါတ် (၁၃) တွင်
တည်းခိုနေသူ၏အမည်ကို မေးလေရာ ဟိုတယ်စာရေးက-

"ဂျပန်မလေးတစ်ယောက်ပဲ၊ သိပ်ချောတာပဲ"ဟု ပြောလေ၏။
ထိုအခါ ဆားပုလင်းနှင်းမောင်က-

"ချောတာတွေ လှတာတွေ တို့မသိချင်ဘူး၊ သူ့နာမည်ကိုပဲ
သိချင်တယ်"ဟု ပြောလိုက်လေ၏။ ဟိုတယ်စာရေး ဗိုလ်ကပြားလေးသည်
ဆားပုလင်းနှင်းမောင်အား သေချာစွာ စိုက်ကြည့်လိုက်လေ၏။ ဆားပုလင်း
နှင်းမောင်ကလည်း ထိုဗိုလ်ကပြား စာရေးအား ပြန်၍စိုက်ကြည့်လိုက်
လေ၏။ ထို့နောက် ဗိုလ်ကပြားစာရေးသည် မျက်နှာကို လွှဲလိုက်ပြီးလျှင်
ယူသည်လက်ခံစာအုပ်ကို ဖွင့်၍ကြည့်ကာ-

www.burmeseclassic.com

www.burmeseclassic.com



"အခန်းနံပါတ် (၁၃) မှာ တည်းခိုနေတဲ့ ဂျပန်မလေးရဲ့နာမည်က မိကီရိုမဒါလို့ ခေါ်ပါတယ်ခင်ဗျာ၊ လူကြီးမင်းတို့ တွေ့ ... ရင် ဧည့်ခန်း မှာ စောင့်နေပါ၊ ကျွန်တော် သွားခေါ်ပေးပါ့မယ်"ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က–

"မင်း သွားခေါ်စရာ မလိုပါဘူး၊ ငါတို့ကိုယ်တိုင် သွားတွေ့လိုက်ကြမယ်"ဟု ပြောလိုက်လေ၏။

"လူကြီးမင်းတို့ ဧည့်ခန်းမှာပဲ ထိုင်စောင့်နေပါ၊ အဲဒါ ဟိုတယ်ရဲ့ ထုံးစံပါပဲ"ဟု ဟိုတယ်စာရေးက ပြန်၍ပြောလေ၏။

"ငါတို့က စီအိုင်ဒီကပဲ၊ ရာဇဝတ်နဲ့မကင်းတဲ့လူတွေကို အချိန်မရွေး တွေ့နိုင်ခွင့်ရှိတယ်၊ အဲဒါ စီအိုင်ဒီရဲ့ ထုံးစံပဲ"ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောဆိုလိုက်လေ၏။ ထိုအခါ ဗိုလ်ကပြားစာရေးသည်–

"ရပါတယ်ဆရာ၊ 'မိကီရိုမဒါ' အခန်းနံပါတ် (၁၃) မှာရှိပါတယ် စောစောကပဲ ကျွန်တော့်ဆီကို တယ်လီဖုန်းဆက်ပြီး တက္ကစီတစ်စီးငှား ပေးဖို့ မှာထားပါတယ်"ဟု ယဉ်ကျေးစွာ ပြောလေတော့၏။

ထို့နောက် ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်တို့သည် ဟိုတယ်၏ ဒုတိယထပ်သို့ တက်သွားပြီးလျှင် စင်္ကြံလမ်းလေးအတိုင်း လျှောက်သွား ကာ အခန်းနံပါတ်များအား ကြည့်ရှုသွားလေ၏။ အခန်းနံပါတ် (၁၃) ရှေ့သို့ ရောက်သောအခါ၌ ဆားပုလင်းနှင်းမောင်က ရပ်၍ ရေခဲတောင် စီးကရက်ဘူးကိုထုတ်ကာ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီးလျှင် ကျွန်ုပ်အား–

"အိုင်ပီရေ ခင်ဗျားလက်ထဲက သေနတ်ကြီးကို အိတ်ထဲပြန်ထည့် လိုက်ပါဗျာ"ဟု ပြောလိုက်လေရာ ကျွန်ုပ်က–

"ဒါနဲ့ ခင်ဗျားကပြောတော့ မိကီရိုမဒါဆိုတဲ့ ဂျပန်မလေးဟာ တော်တော်ကြောက်စရာကောင်းတယ်ဆိုဗျ၊ ဒီတော့ ကျုပ်တို့အနေနဲ့ အလစ်ပေးလို့မဖြစ်ဘူး၊ တော်ကြာ သူက လက်ဦးသွားလိမ့်ဦးမယ်"ဟု ပြောလိုက်လေရာ ဆားပုလင်းနှင်းမောင်က–



"အိုင်ပီပြောတာ မှန်ပါတယ်၊ ကြောက်စရာလည်း ကောင်းတယ်၊ ...လည်း လက်မြန်တယ်၊ ဒါပေမဲ့ သူက မိန်းကလေးဗျ၊ ဒီတော့ ကျုပ် ...ာ 'ဟန်းဒီကက်' ပေးရမယ်၊ သူကစပြီး တိုက်ခိုက်မှ ကျုပ်တို့က ...င်သင့် အနေအထားက ပြန်ပြီးတိုက်ခိုက်ရမယ်၊ အကျောပေးပြီး ...ပြိုင်တိုက်ခိုက်တဲ့ သဘောပေါ့ဗျာ၊ ဒါက လောကရဲ့ ထုံးစံပဲ"ဟု ...၍ပြောလိုက်ပြီးလျှင် အခန်းတံခါးအား တွန်း၍ဖွင့်လိုက်လေ၏။

အခန်းတံခါးမှာ အခန်းအတွင်းမှ ချက်မချထားသောကြောင့် ...၍သွားလေ၏။ ကျွန်ုပ်လည်း ဆားပုလင်းနှင်းမောင်နောက်မှနေ၍ ...န်းအတွင်းသို့ လိုက်ဝင်သွားလေတော့၏။ အခန်းအတွင်းရှိ ခုတင် ...က မြင်ကွင်းကို မြင်လိုက်ရသောအခါ ကျွန်ုပ်အဖို့ လွန်စွာအံ့သြသွား ...လေတော့၏။

"ဘယ်လိုဖြစ်နေပြန်ပြီလဲ ကိုနှင်းမောင်၊ ကျုပ်တော့ မတွေးတတ် ...အောင်ဖြစ်နေပြီ"ဟု ကျွန်ုပ်က မေးလိုက်မိလေ၏။ ထိုအခါ ဆားပုလင်း ...င်းမောင်သည် ကျွန်ုပ်အား တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုပေ။ ...အကြောင်းအရာတစ်ခုအား ချင့်ချိန်တွေးတောနေဟန် ရှိလေ၏။ ထို့နောက် ...ခုတင်ပေါ်တွင် လဲနေသော ပန်ချာပီကုလားကြီး၏ အလောင်းကို ခြေဆုံး ...ခေါင်းဆုံး သေချာစွာ ကြည့်ရှုနေလေ၏။

"ကျုပ်တို့ နည်းနည်းနောက်ကျသွားတယ်၊ ဒီလူအသတ်ခံရတာ ...သိပ်မကြာသေးဘူးဗျ၊ နာရီဝက်လောက်ပဲ ရှိသေးတယ်"ဟု ဆားပုလင်း ...င်းမောင်က ပြောလေရာ ကျွန်ုပ်က–

"ဒဏ်ရာလည်း မတွေ့ပါလား ကိုနှင်းမောင်၊ ဇကန္တ တော့ ဒီလို ...ဆောင်ထောင်မောင်းမောင်း ယောကျ်ားကြီးတစ်ယောက်ကို နွဲ့နွဲ့နှောင်း ...နှောင်း ဂျပန်မလေးတစ်ယောက်က အသေသတ်နိုင်ဖို့ဆိုတာ သေနတ်နဲ့ ...ရင်ပစ်၊ မပစ်ရင် အဆိပ်ခပ်လိုက်မှပဲရမယ်"ဟု ပြောလိုက်လေ၏။ ...ထိုအခါ ဆားပုလင်းနှင်းမောင်က–

"အဆိပ်ခပ်သတ်တာလည်း မဟုတ်ဘူး၊ သေနတ်နဲ့ပစ်တာလည်း ...မဟုတ်ဘူး၊ လည်ပင်းညှစ်ပြီး သတ်ထားတာဗျ၊ ဟောဒီမှာကြည့် လည်

www.burmeseclassic.com

www.burmeseclassic.com



ပင်းမှာ ညှိုးမည်းနေတယ်၊ ပြီးတော့ မျက်လုံးပြူးနေတယ် မဟုတ်လား”
ပြန်၍ပြောလိုက်ရာ ထိုအခါကျမှပင် ကျွန်ုပ်လည်း သေဆုံးနေ
ပန်းချာပီကြီး၏ အလောင်းကို သေချာစွာ ကြည့်မိလေ၏။ လည်ပင်း
ညိုမည်းနေသော ဒဏ်ရာကြီးကို အထင်အရှား တွေ့ရလေ၏။

“ကိုနှင်းမောင် ကျုပ်တော့ဖြင့် မယုံနိုင်အောင် ဖြစ်နေတ
ဒီလို ယောကျာ်းတစ်ယောက်ကို မိန်းကလေးတစ်ယောက်က လည်
ညှစ်သတ်တယ်ဆိုတာ မဖြစ်နိုင်စရာပါပဲ”ဟု ကျွန်ုပ်က ပြောလိုက်သ
ဆားပုလင်းနှင်းမောင်က–

“လည်ပင်းမှာရှိတဲ့ ညိုမည်းနေတဲ့ ဒဏ်ရာကိုကြည့်ရတာ
မိန်းကလေးတစ်ယောက်ရဲ့ လက်ချက်မဟုတ်ဘူးဆိုတာ သိနိုင်ပါတ
ဒါပေမဲ့ ‘မိကိရှိမဒါ’ကတော့ ဒီအခန်းထဲမှာ နေသွားတယ်ဆိုတာ သေ
ပါတယ်”ဟု ပြန်၍ပြောလေ၏။ ထိုအခါ ကျွန်ုပ်လည်း အခန်းပတ်
ကို နေရာလပ်မကျန်အောင် သေချာစွာ လိုက်၍ကြည့်လိုက်လေ့ရာ
ကလေးတစ်ယောက် နေထိုင်သွားကြောင်း မည်သည့်သဲလွန်စကိုမျှ မ
ရသောကြောင့် ဆားပုလင်းနှင်းမောင်အား–

“ကျုပ်တော့ဖြင့် ဒီအခန်းထဲမှာ အမျိုးသမီး နေသွားတယ်ဆို
မတွေးတတ်အောင်ပါပဲ ကိုနှင်းမောင်ရယ်”ဟု ပြောလိုက်ရာ ဆားပု
နှင်းမောင်က–

“သိပ်ပြီး သေချာတာပေါ့ အိုင်ပီ၊ ဟောဟို စားပွဲပေါ်က ပန်း
ကို မြင်ရုံနဲ့ ဂျပန်မလေး ဒီမှာနေသွားတယ်ဆိုတာ ကျုပ် အတပ်ပြော
တယ်၊ နေသွားတယ်ဆိုတာလောက်ကိုသာ မဟုတ်သေးဘူး၊ သူ့စိတ်
တောင် ခန့်မှန်းလို့ ရပါတယ်ဗျာ၊ ဂျပန်မလေး စိတ်ညစ်နေတယ်ဗျို့”
ပြန်ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်၏ စကားကြောင့် ကျွန်ုပ်လ
အတော်အံ့သြသွားသဖြင့် မယုံကြည်ဟန်ဖြင့် ပြန်မေးလိုက်မိလေ၏။

“ဟုတ်ရဲ့လား ကိုနှင်းမောင်ရဲ့၊ ပန်းအိုးကို မြင်ရုံနဲ့ သူ စိတ်
နေတယ်၊ ပျော်နေတယ်ဆိုတာကို ဘယ်လိုခွဲခြားခန့်မှန်းနိုင်သလဲဗျ



“အိကေဘားန”ဆိုတဲ့ ဂျပန် ပန်းအလှပြုပြင်နည်းပညာကို အိုင်ပီ
ဘူးရင် ဒီစကားကို အံ့သြမှာ မဟုတ်ဘူး၊ အလုပ်က ပြန်လာတဲ့
ရှင်ယောကျာ်းဟာ ညနေခန်းက ပန်းအိုးမှာ အိမ်ရှင်မထိုးထားတဲ့ ပန်းကို
နဲ့ သူ့ဇနီးဟာ ဒီနေ့ ပျော်နေသလား၊ စိတ်ညစ်နေသလား၊ ဝမ်းသာ
သလား၊ ဝမ်းနည်းနေသလားဆိုတာကို သိနိုင်တယ်ဗျ၊ ဒီ ‘အိကေဘားန’
အလှပညာရဲ့ အခြေခံကတော့ ပန်းထိုးတဲ့အခါမှာ အပိုင်းသုံးပိုင်း
ထားတယ်၊ ကောင်းကင်ရယ်၊ လူသားရယ်၊ မြေကြီးရယ်၊ ကဲပါလေ
တော့ အချိန်မရှိပါဘူး အိုင်ပီ၊ ခင်ဗျားဇနီး ခင်ခင်ကြီးကို ခင်ဗျား
သင်ပေးနိုင်အောင် နောက်တော့ ကျုပ် ခင်ဗျားကို အသေအချာ
ပြပါ့မယ်”ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်တို့သည် အောက်ထပ်
သို့ ဆင်းလာခဲ့ကြပြီးလျှင် ဟိုတယ်စာရေး ဗိုလ်ကပြားဆီသို့ သွားကြ
၏။ ဟိုတယ်စာရေး ဗိုလ်ကပြားလည်း ဆားပုလင်းနှင်းမောင်အား
နှုန်ကျိုးနွံစွာဖြင့်–

“ဆရာလည်း မိကိရှိမဒါကို တွေ့ခဲ့ပါသလားခင်ဗျာ”ဟု မေးလေ
၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က–

“မိကိရှိမဒါဆိုတဲ့ ဂျပန်မလေး မရှိတော့ဘူး၊ သူ့အခန်းထဲမှာတော့
သည် ပန်းချာပီကြီးတစ်ယောက်တော့ တွေ့ခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီ
ချာပီကြီးကတော့ စကားမပြောနိုင်ဘူး”ဟု ပြောလိုက်လေ၏။

“မိကိရှိမဒါတစ်ယောက် အပြင်ကို ထွက်မသွားသေးပါဘူး ဆရာ၊
တော် ဒီမှာ တစ်ချိန်လုံး ရှိနေပါတယ်၊ သူ အပြင်ကိုထွက်သွားရင်
တော် တွေ့ရမှာပါ၊ ဆရာတို့ ရောက်မလာခင် နာရီဝက်လောက်က
တော့ကို အခန်းထဲက ဖုန်းဆက်ပြီး တက္ကစီတစ်စင်း အဆင်သင့်ငှား
ဖို့ မှာထားတယ်၊ ပြီးတော့ သူ့အခန်းထဲမှာ ရှိနေတယ်ဆိုတဲ့ ပန်းချာ
လားကြီး ဆိုတာလည်း ဆရာတို့ပြောမှပဲ သိရတော့တယ်၊ ဒီနေ့
မနက်လုံး ဟိုတယ်စားပွဲထိုးတွေကလွဲလို့ ဘယ်သူမှ အပေါ်ထပ်ကို
ကြသေးဘူး၊ ဘယ်ညည့်သည် ပန်းချာပီမှလည်း ဒီကို ရောက်မလာ

www.burmeseclassic.com

www.burmeseclassic.com

သေးပါဘူး"ဟု ဟိုတယ်စာရေးက ပြောလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် တစ်စုံတစ်ခုကို တွေးတောစဉ်းစားလိုက်ပြီးနောက်-

"အားခန်းတွေမှာ ဘယ်သူတွေ တည်းခိုနေလဲ"ဟု မေးလိုက်လေ၏။

"အခန်းနံပါတ် (၁၂) မှာတော့ 'ဂုဏ်မင်း'ဆိုတဲ့ ဟောင်ကောင်က လာတဲ့ တရုတ်အဘိုးကြီးတစ်ယောက် တည်းနေပါတယ်၊ အခန်းနံပါတ် (၁၄) မှာ တည်းခိုနေတဲ့ လူကတော့ မန္တလေးက ဦးရွှေညာဆိုတဲ့ ဆိုင်ပိုင်ရှင်ကြီး တစ်ယောက်ပါပဲ"ဟု ဟိုတယ်စာရေးက ပြန်၍ဖြေလေ၏။

"ကဲ... ဒီလောက်သိရရင် တော်ပါပြီကွာ၊ မင်းရဲ့ မန်နေဂျာကို ခေါ်ပြီး အခန်းနံပါတ် (၁၃)ကို လိုက်ခဲ့တော့"ဟုဆိုကာ ဆားပုလင်းနှင်းမောင်သည် ဟိုတယ်၏ ဒုတိယထပ်သို့ တက်၍သွားလေ၏။ ကျွန်ုပ်လည်း ဆားပုလင်းနှင်းမောင်၏ နောက်မှလိုက်ပါသွားရလေ၏။

အခန်းနံပါတ် (၁၂) ရှေ့သို့ ရောက်သောအခါ ဆားပုလင်းနှင်းမောင်သည် အခန်းတံခါးကို တွန်း၍ဖွင့်လိုက်လေ၏။ အခန်းတံခါးမှာ ဖေ့ရုံမျှသာ စေ့ထားသောကြောင့် ဖြစ်လေ၏။

"အိုင်ပီရေ... လစ်သွားပြီဗျို့၊ ကျုပ် ထင်တာထက်တောင် ပိုလျင်နေပါလား"ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေရာ ကျွန်ုပ်လည်း အခန်းအတွင်းသို့ သေချာစွာ ကြည့်လိုက်လေ၏။ ဟိုတယ်က ပေးထားသော ပစ္စည်းများကိုသာ တွေ့ရလေ၏။ မည်သူတစ်ယောက်မျှ တည်းခိုမနေကြောင်း ထင်ရှားလှပေသည်။

"ကဲ... အခန်းနံပါတ် (၁၄) ကို သွားကြည့်ကြရအောင်လားဗျာ"ဟု ဆိုကာ ဆာပုလင်းနှင်းမောင်သည် အခန်းနံပါတ် (၁၄) ရှေ့သို့ ရောက်သောအခါ အခန်းတံခါးကို ခေါက်လေ၏။ မကြာမီမှာ အခန်းတံခါးပွင့်လာပြီးလျှင် လွန်စွာ ဥပဓိရုပ်ကောင်းသော ဦးရွှေညာဆိုသည့် ဆိုင်ပိုင်ရှင်ကြီးကို တွေ့ရလေ၏။

"ဘာကိစ္စများ ရှိကြလို့လဲ၊ ကျုပ်နာမည်က ဦးရွှေညာပါ"ဟု ဦးရွှေညာက ပြောလိုက်လေရာ ဆားပုလင်းနှင်းမောင်က-



"ကျုပ်တို့က စီအိုင်ဒီကပါ၊ ဟိုဘက်ခန်းမှာ လူသတ်မှုဖြစ်သွားခဲ့ပါတယ်၊ အဲဒါနဲ့ပတ်သက်ပြီး ဦးရွှေညာကို မေးစရာရှိလို့ပါ"ဟု ပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်၏ စကားကို ကြားလိုက်ရသောအခါ ဦးရွှေညာ၏ မျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်သွားသော ဟန်အမူအရာများ ပေါ်ပေါက်လာလေ၏။

"ဘုရား... ဘုရား၊ ဒုက္ခပါပဲ၊ ဘယ်သူများ ဒီလောက်ရက်ရက်စက်စက် သတ်ရတာလဲဗျာ"ဟု ဦးရွှေညာက ညည်းတွားလိုက်လေ၏။

"ခင်ဗျား ဟိုဘက်ခန်းမှာ တည်းနေတဲ့ ဂျပန်မလေးကို တွေ့လိုက်သေးလား"ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ရာ ဦးရွှေညာမှာ လွန်စွာ အံ့အားသင့်သွားပြီးလျှင်-

"ဟိုဘက်ခန်းမှာ ဂျပန်မလေး တည်းနေတယ် ဟုတ်လား၊ ကျုပ်ကတော့ မတွေ့မိပါဘူး၊ ပြီးတော့ ကျုပ် ဒီမှာတည်းနေတာ (၅) ရက်လောက်ရှိသွားပြီ၊ ဟိုဘက်ခန်းက ဘယ်သူတည်းနေလဲဆိုတာကို မသိရပါဘူး၊ အဲဒီ ဂျပန်မလေးကိုလည်း မတွေ့မိပါလား၊ ပြီးတော့ ဒီနေ့တစ်နေ့လုံး ဘာသံမှ မကြားမိပါဘူး၊ ညကလည်း ဘာသံမှ မကြားမိပါလား" ဟု ပြောလေ၏။

ထိုအချိန် ဟိုတယ်စာရေးနှင့်အတူ ဗိုက်ရွှဲသော လူဝကြီးတစ်ယောက် ပါလာလေ၏။

"ခင်ဗျား ဒီဟိုတယ်က မန်နေဂျာလား"ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဟုတ်ပါတယ်ခင်ဗျာ၊ အခန်းနံပါတ် (၁၃)မှာ ဘာဖြစ်လို့ပါလဲ ခင်ဗျာ"

"အထဲမှာ ပန်ချာပီကြီးတစ်ယောက် အသတ်ခံရတယ်၊ အဲဒါကို ပါတ်တဲ အကြောင်းကြားထားလိုက်ပါ၊ ကျုပ်တို့ ကိစ္စလေးတစ်ခုရှိလို့ သွားလိုက်ဦးမယ်"ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"ဟုတ်ကဲ့... ဟုတ်ကဲ့၊ ဒါနဲ့ ခင်ဗျားတို့ ဘယ်လာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့ စီအိုင်ဒီကပါ၊ သူတို့မေးရင် ဆားပုလင်းနှင်းမောင် လာသွားတယ်လို့ ပြောလိုက်ပါ၊ ညနေမှာ ဂါတ်ကိုဝင်ပြီး အကျိုးအကြောင်း ပြောလိုက်မယ်"ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောလိုက်ပြီးလျှင် ဦးရွှေညာဘက်သို့လှည့်ကာ–

"ဒီမှာ ဦးရွှေညာ၊ ဒီသုံးလေးရက်အတွင်းတော့ ခင်ဗျား ပြန်လို့ မဖြစ်သေးဘူး၊ ဒီမှာပဲ တည်းနေဦးပေါ့၊ လိုအပ်လို့ မေးစရာရှိရင် ကျုပ်တို့ လာခဲ့မယ်"ဟု ပြောလိုက်လေ၏။

"ဟုတ်ကဲ့၊ ကျုပ် ဘယ်ကိုမှ မသွားပါဘူး"ဟု ဦးရွှေညာက ပြန်၍ ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင် သည် ဟိုတယ်မှ ထွက်လာခဲ့ကြလေ၏။

* * *

"အိုင်ဆေး ကိုနှင်းမောင်၊ မနေ့က ဂရင်းဟိုတယ်မှာ အသတ်ခံ ရတဲ့ ပန်ချာပီကြီးအကြောင်းကို သိပြီဗျို့၊ ဒီနေ့မနက်ဘဲ လမ်းမတော်ဂါတ် တဲက ဌာနအုပ် ကိုလှမောင်က ကျုပ်ဆီကို ဖုန်းဆက်ပြီးပြောပြတယ်"ဟု ကျွန်ုပ်က စကားစလိုက်လေရာ ဆားပုလင်းနှင်းမောင်က–

"နာမည်က 'တိုနီဆင်း'တဲ့၊ နယူးဒေလီမြို့က နာမည်ကြီး အဆောက်အအုံ ကန်ထရိုက်တာကြီး တစ်ဦးပါ၊ မြန်မာပြည်ကို ရောက် လာပြီး သုံးရက်မြောက်နေ့မှာ အသတ်ခံရတာပဲ၊ ကျုပ်သိရတာတော့ 'တိုနီဆင်း'မှာ နောက်ကြောင်းရာဇဝင် ရှုပ်ရှုပ်ယှက်ယှက် မရှိပါဘူး၊ လူ ကောင်းတစ်ယောက်ပဲ၊ အထက်တန်းကျောင်းသား ဘဝတုန်းက စကား များပြီး ကျောင်းသားတစ်ယောက်ကို လက်သီးနဲ့ထိုးလို့ ကျောင်းအုပ်ကြီးက ခေါ်ပြီး သတိပေးခံရတဲ့ အသေးအမွှား ပြစ်မှုလေးတစ်ခုပဲရှိတယ်၊ သူ့ ပတ်ဝန်းကျင်မှာ လူတိုင်းနဲ့ သင့်မြတ်အောင်နေခဲ့တဲ့ လူကောင်းတစ် ယောက်ပါ"ဟု ပြန်၍ပြောလေ၏။

"ကိုနှင်းမောင် ခင်ဗျားကတော့ တကယ့်လူပါပဲဗျာ၊ အဲဒီ ပန်ချာပီ ကြီးရဲ့အကြောင်းကို ခင်ဗျား မသိသေးဘူးလို့ ကျုပ်က ထင်နေတာ



...တော့ ခင်ဗျားက အသေးစိတ် သိနေပြီပဲ၊ ကျုပ်တို့က နာမည်နဲ့ အလုပ် ...ကိုင်လောက်ပဲ သိတာဗျ"

"သေတဲ့သူ ဘယ်သူဆိုတာကို သေသေချာချာသိမှ သတ်တဲ့သူ ... ဘယ်သူလဲဆိုတာကို သိမှာပေါ့ဗျ၊ လူသတ်မှုတစ်ခုကိုတွေ့ရင် ...ောက် တော်တော်များများဟာ တရားခံဘယ်သူလဲဆိုတဲ့ အချက်ကို ...လျှင်စဉ်းစားကြတာကိုးဗျ၊ ကျုပ်ကတော့ ဒီလိုမဟုတ်ဘူး အိုင်ပီ၊ ...သတ်မှုတစ်ခုကိုတွေ့ရင် သေတဲ့သူဟာ ဘယ်သူလဲ၊ သူ့နောက်ကြောင်း ... ဘယ်လိုပဲ၊ သူဟာ ဘာကြောင့် အသတ်ခံရတာလဲ၊ မသေခင်က ...တွေလုပ်ခဲ့သလဲဆိုတဲ့ အသတ်ခံရတဲ့သူရဲ့အကြောင်းကိုပဲ ခေါင်းထဲမှာ ...ည့်ပြီး စဉ်းစားတယ်၊ ဘယ်သူသတ်သလဲဆိုတဲ့ အချက်ကို လုံးဝ ...ဉ်းစားဘူး၊ တိုတိုပြောရရင်တော့ဗျာ၊ တရားခံ ဘယ်သူလဲဆိုတဲ့အချက် ... အလျှင်မရှာဘူး၊ တရားလို ဘယ်သူလဲဆိုတာကိုပဲ အလျှင်ရှာတယ်၊ ...မှ တရားခံ ဘယ်သူလဲဆိုတာကို လွယ်လွယ်နဲ့ သိမှာပေါ့"ဟု ဆားပု ...င်းနှင်းမောင်က ကျွန်ုပ်အား လူသတ်မှုနှင့် ပတ်သက်၍ သူ၏ လုပ်ပုံ ...ိုင်ပုံ စဉ်းစားတွေးခေါ်ပုံကို စိတ်ရှည်လက်ရှည် ပြောပြနေလေ၏။

"ဒါနဲ့ ကိုနှင်းမောင်၊ 'မိကီရှိမဒါ'ဟာ 'တိုနီဆင်း'ကို ဘာကြောင့် ...တ်ရတာလဲ၊ 'တိုနီဆင်း'ဟာ လူကောင်းတစ်ယောက်လို့ ကိုနှင်းမောင် ...ာတယ်မဟုတ်လား၊ ပန်းသုံးပွင့်ဂိုဏ်းနဲ့ ပတ်သက်စရာ အကြောင်းရှိမှာ ...ဟုတ်ပါဘူး"

"တိုနီဆင်းကို မိကီရှိမဒါက သတ်တာမဟုတ်ပါဘူး၊ မိကီရှိမဒါရဲ့ ...တစ်ယောက်က သတ်လိုက်တာပါ၊ အဲဒီနေ့က တိုနီဆင်းဟာ 'မိကီရှိ ...ဒါ'ကို တွေ့ဖို့ ဟိုတယ်ကို သွားတာပဲ၊ မိကီရှိမဒါက ချိန်းထားလို့ပဲ ...ဖြစ်မယ်၊ ဟိုတယ်ရှေ့က မလာဘဲ လူမတွေ့အောင် ဟိုတယ်နောက်ဘက် ...လွှယ်ပေါက်က လာဖို့လည်း မှာထားလိမ့်မယ်၊ ဒါကြောင့်လည်း ဟိုတယ် ...ရေးက 'တိုနီဆင်း'ကို မမြင်လိုက်တာပေါ့၊ သူ့အလောင်းကို ကျုပ် ...ကြည့်တုန်းက သူစီးထားတဲ့ ဖိနပ်ကို သတိပြုမိလိုက်တဲ့အချက်ရှိတယ်၊ ...ဖိနပ်မှာ ကပ်နေတဲ့ ရွှံ့စေးမည်းမည်းတွေကို တွေ့ကတည်းက ဟိုတယ်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ပေါက်က မလာဘဲ နောက်ဖေးလမ်းကြားထဲက လျှောက်လာပြီ မလွယ်ပေါက်က တက်လာတယ်ဆိုတာကို သိလိုက်ရတယ်”ဟု ဆားပုလင်းနှင်းမောင်က ပြောပြီးလျှင် စကားကိုဖြတ်ကာ ရေခဲတောင် စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိဖွာရှိုက်လိုက်လေ၏။ ထို့နောက်–

“အိုင်ပီ ပြောသလို ‘တိုနီဆင်း’ဟာ လူကောင်းတစ်ယောက်ဆိုတော့ ပန်းသုံးပွင့်ဂိုဏ်းနဲ့ ပတ်သက်စရာ အကြောင်းမရှိဘူးဆိုတဲ့ အချက်ဟာလည်း စဉ်းစားစရာပါပဲ၊ ဒါပေမဲ့ တိုနီဆင်းဟာ လူကောင်းတစ်ယောက်ဖြစ်ပါတယ်ဆိုတာကလည်း သိပ်နိုင်လုံလှတဲ့ အချက်အလက် မဟုတ်သေးပါဘူး၊ လူတစ်ယောက်ဟာ ဒီပတ်ဝန်းကျင်မှာ လူရိုးလူကောင်းတစ်ယောက်ဖြစ်နေပေမဲ့ နောက်ပတ်ဝန်းကျင်တစ်ခုမှာ လူဆိုးလူညစ် ဖြစ်နေတတ်တာကိုးဗျ၊ လူတစ်ယောက် ကောင်းတယ်၊ မကောင်းဘူးဆိုတာဟာ အချိန်အခါနဲ့ အခြေအနေပေါ်မှာ မူတည်နေတာကိုးဗျ၊ ဘယ်လိုပဲဖြစ်ဖြစ်လေ တိုနီဆင်းဟာ ပန်းသုံးပွင့်ဂိုဏ်းနဲ့ တစ်နည်းမဟုတ် တစ်နည်းတော့ ပတ်သက်နေလိမ့်မယ်၊ မြန်မာပြည်ကို လာတာလည်း ပန်းသုံးပွင့်ဂိုဏ်းရဲ့ အလုပ်ကိစ္စကြောင့်ပဲ ဖြစ်လိမ့်မယ်”

“အခန်းနံပါတ် (၁၂)က ယောင်ကောင်ကလာတဲ့ ‘ဗုာမင်း’ဆိုတဲ့ တရုတ်အဘိုးကြီးကရော ကိုနှင်းမောင်”

“တိုနီဆင်းကိုသတ်တာ သူပဲဖြစ်လိမ့်မယ်၊ မီကီရှိမဒါဟာ တိုနီဆင်း မလာခင်မှာ မလွယ်ပေါက်က ဆင်းသွားလိမ့်မယ်၊ တိုနီဆင်း ရောက်လာတော့ အခန်းနံပါတ် (၁၃) ထဲမှာ မီကီရှိမဒါကို မတွေ့ဘဲ တရုတ်အဘိုးကြီး ‘ဗုာမင်း’ကို တွေ့လိမ့်မယ်၊ သူတို့နှစ်ယောက် အပေးအယူကိစ္စတစ်ခုကို ခဏလောက် စကားပြောကြလိမ့်မယ်၊ ဘာဖြစ်လို့ ဒီလိုပြောနိုင်သလဲဆိုတော့ ဆေးလိပ်ပြာခွက်ထဲက စီးကရက်တိုတွေကြောင့်ပဲ၊ ‘အခန်းနံပါတ် (၁၂)’ ထဲမှာလည်း စီးကရက်တိုတွေ တွေ့တယ်၊ စီးကရက်တိုတွေရဲ့ ဖင်တွေကို ကြည့်ရတာကတော့ ‘ဗုာမင်း’ဆိုတဲ့ တရုတ်အဘိုးကြီးဟာ စီးကရက်ကို စွပ်တံနဲ့ သောက်ပုံပဲ၊ စီးကရက်ကို စွပ်တံနဲ့သောက်ရင် စီးကရက်ရဲ့ ဖင်ပိုင်းမှာ သွားနဲ့ကိုက်ထားတဲ့အရာတို့၊ နှုတ်ခမ်း

ဘားတဲ့အရာတို့ မတွေ့ရဘူးဗျ၊ ဒါကြောင့် ပိုသေချာအောင် ဟိုတယ်စာရေးကို ကျုပ် မေးကြည့်ခဲ့သေးတယ်၊ ဟိုတယ်စာရေးကလည်း ‘ဗုာမင်း’ဆိုတဲ့ တရုတ်အဘိုးကြီးကို သူ ကောင်းကောင်း သတိထားကြည့်မိတယ်တဲ့၊ စီးကရက်သောက်ရင် ဆင်စွယ်စွပ်တံနဲ့တပ်ပြီး ဟန်ပါပါသောက်လေ့ရှိတယ်တဲ့၊ ဘာပဲဖြစ်ဖြစ်လေ မီကီရှိမဒါနဲ့ ဗုာမင်းတို့နှစ်ယောက်ကို အမြန်ဆုံးမိဖို့ပဲ အရေးကြီးတယ်”ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

“အခန်းနံပါတ် (၁၄)က ဦးရွှေညာဆိုတဲ့ လူကြီးကရောဗျာ”ဟု ဘုန်းပိုက မေးလိုက်လေ၏။

“ဒီလူကြီးလား၊ သိပ်အရေးကြီးတာပေါ့ဗျာ၊ ကျုပ်တို့အတွက် သိပ်အရေးကြီးတာပေါ့၊ ဒါကြောင့် အဲဒီနေ့က သူ့ကို ဂါတ်တဲခေါ်ပြီး စစ်တာပေါ့ဗျာ၊ ဦးရွှေညာဟာ ကျုပ်တို့အတွက်တော့ တည်ကြက်ပေါ့၊ သူ့ကို ဒီအမှုနဲ့ပတ်သက်ပြီး သက်သမကင်း မဖြစ်ဘူးဆိုတော့ သူဟာ ဆက်ပြီး လှုပ်ရှားမှာပေါ့ဗျာ၊ သူ စပြီးလှုပ်ရှားတာနဲ့ တစ်ပြိုင်တည်းမှာ သူ့ရဲ့ ခြေရာခံဖို့ ကျုပ် စီစဉ်ပြီးပြီ”ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ ပြောလေ၏။

“ဟုတ်တယ် ကိုနှင်းမောင်၊ ကျုပ်လည်း ဒီလူကြီးကို ကြည့်ရတာ သိပ်ပြီး မသက်သာဘူး၊ အဲဒီနေ့က ခင်ဗျားက ဘာဖြစ်လို့ သူ့ကို လေးလေးနက်နက်ထားပြီး မစစ်ဆေးရတာလဲလို့ စိတ်ထဲမှာ အပြစ်တင်မိသေးတယ်၊ ဒါပေမဲ့ ခင်ဗျားအကြောင်းကို ကျုပ် သိလေတော့ တစ်ခုခုတော့ အကြောင်းရှိလို့ပဲလို့ တွေးလိုက်မိသေးတယ်”

“ဒီလိုဗျ အိုင်ပီ၊ အမှုတစ်ခုနဲ့ ပတ်သက်လို့ သက်ဆိုင်တဲ့လူတွေကို စစ်ဆေးမေးမြန်းတော့မယ်ဆိုရင် သိပ်အရေးမကြီးတဲ့ လူတွေကို အရင် စစ်ရတယ်ဗျ၊ ကိုယ်က တကယ့်တရားခံလို့ ထင်ထားတဲ့လူကို နောက်ချန်ထားရတယ်၊ ဒါမှ သူ့ရဲ့ လှုပ်ရှားမှုကို ပိုပြီးလေ့လာနိုင်မှာပေါ့ဗျာ၊ တရားခံကို တောခြောက်ပြီး လှန့်ဖမ်းတဲ့ သဘောပေါ့၊ အဲဒီနေ့က ဦးရွှေညာဆိုတဲ့ လူကြီးကို ဂါတ်တဲခေါ်ပြီး စစ်လိုက်ရင် ပန်းသုံးပွင့်

www.burmeseclassic.com

www.burmeseclassic.com

ဂိုက်ရဲ့ လှုပ်ရှားမှုကို ကွင်းဆက်ပြတ်သွားမှာပေါ့၊ ဒါကြောင့် ဒီလူကြီးကို ကျုပ်က သိပ်မေးတော့ဘဲ ပြန်ခဲ့တာပေါ့ အိုင်ပီ၊ ပြီးတော့ ဒီနေ့မနက် ကပဲ ဂရင်းဟိုတယ်ကို ဖုန်းဆက်ပြီး ပန်ချာပီကြီး အသတ်ခံရမှုနဲ့ပတ်သက်ပြီး တရားခံကို မိနေပြီဆိုတဲ့အကြောင်း ဦးရွှေညာတစ်ယောက် ပြန်လိုက ပြန်နိုင်ပြီဆိုတဲ့အကြောင်းကို ဟိုတယ်စာရေးကတစ်ဆင့် ပြောခိုင်းလိုက်တယ်၊ သိပ်မကြာပါဘူး၊ သူ့ရဲ့ လှုပ်ရှားမှုကို ပြတော့မှာပါ”

“ဒါဆို ဦးရွှေညာကို စောင့်ကြည့်ဖို့ ကျုပ်တို့ဆီက တစ်ယောက်ယောက်ကို လွှတ်ထားဖို့ လိုလိမ့်မယ်ထင်တယ်”–

“မလိုပါဘူး အိုင်ပီ၊ ကျုပ်ကိုယ်တိုင် လေ့ကျင့်ပေးထားတဲ့ ကောင်လေးတွေ ရှိပါတယ်၊ အခုအချိန်လောက်ဆိုရင် ဒီကောင်လေးတွေဟာ ဂရင်းဟိုတယ်အနားမှာ ဂေါ်လီကစားနေကြပြီ၊ ဟိုတယ်နောက်ကနောက်ဖေးလမ်းကြားထဲမှာလည်း ဟိုအမှိုက်ပုံ၊ ဒီအမှိုက်ပုံမွှေနဲ့ မလွယ်ပေါက် အဝင်အထွက်ကို စောင့်ကြည့်နေကြလိမ့်မယ်”

“ဖြစ်ပါ့မလား ကိုနှင်းမောင်၊ ကလေးတွေဆိုတော့ စိတ်ချရပါ့မလား”

“သိပ်ဖြစ်တာပေါ့ အိုင်ပီ၊ ဒီအလုပ်မျိုး ကလေးတွေနဲ့ လုပ်မှဖြစ်တာဗျ၊ တစ်ယောက်ယောက် စောင့်ကြည့်တဲ့အလုပ်ရယ်၊ နောက်ယောင်ခံလိုက်တဲ့ အလုပ်ရယ်ဟာ ကလေးတွေနဲ့ အကိုက်ဆုံးပေါ့ဗျာ၊ လူကြီးဆိုရင် ရိပ်မိနိုင်တယ်၊ ကလေးဆိုတော့ လမ်းကြားထဲမှာ ဝင်ကစားလည်း ရတယ်၊ လမ်းမပေါ်မှာ ဂေါ်လီရိုက်ပြီး စောင့်ကြည့်နေလို့လည်း ရတယ်ဗျ၊ အိမ်တစ်အိမ်ကို လူဝင်လူထွက် စောင့်ကြည့်မယ်ဆိုပါတော့ လူကြီးတစ်ယောက်အနေနဲ့ အဲဒီအိမ်ရဲ့ မလှမ်းမကမ်းမှာ ရပ်ပြီးကြည့်နေရင် အချိန်ကြာတော့ ရိပ်မိသွားမှာပေါ့၊ တကယ်လို့ နောက်ဖေးဘက်က အဝင်အထွက်ကိုလည်း သူ ဘယ်လိုလုပ်ပြီး သိနိုင်မလဲ၊ အရှုးယောင်ဆောင်ပြီး နောက်ဖေးလမ်းကြားထဲမှာ ဟိုအမှိုက်စုတ်ကောက်၊ ဒီအမှိုက်စုတ်ကောက်နဲ့ စောင့်ကြည့်နေရင်လည်း တစ်ဖက်က သိသွားနိုင်တယ်၊ ကလေးတစ်ယောက်



…တော့ နိုင်းထားလိမ့်မယ်လို့ ဘယ်သူထင်မလဲဗျာ၊ ဒါကြောင့် တစ်ယောက်…ယောက်ကို Watch (ဝပ်ချ်) လုပ်တာပဲဖြစ်ဖြစ် Shadow(ရှဲဒိုး)လိုက်တာ…ဖြစ်ဖြစ် ဒီလုပ်တဲ့သူဟာ ထူးခြားတဲ့ ရုပ်အင်္ဂါနဲ့ ထူးခြားတဲ့ ဝတ်စား…ဆင်ယင်မှုမျိုး မရှိရဘူးဗျ”

“ရှင်းပြစမ်းပါဦး ကိုနှင်းမောင်၊ ကျုပ်အတွက် ဗဟုသုတရတာပေါ့…ဗျား၊ ထူးခြားတဲ့ ရုပ်ရည်အင်္ဂါမျိုးနဲ့လူကို မခိုင်းရဘူးဆိုတာက ဘယ်လိုလဲ”

“ဒီလိုလေဗျာ အိုင်ပီ၊ တကယ်လို့ ခင်ဗျားနောက်ကို တစ်ယောက်…ယောက်က နောက်ယောင်ခံ (Shadow) လိုက်နေတယ်ဆိုပါစို့။ အဲဒီ…သူဟာ အရုပ်သိပ်ရည်တဲ့ လူတစ်ယောက်ဖြစ်နေရင် ခင်ဗျား သတိထားမိ…မှာပေါ့၊ တကယ်လို့ သာမန်လူတွေထက် အရုပ်ပုတဲ့လူ ဖြစ်ပြန်ရင်လည်း သတိထားမိမှာပဲ၊ ဒါကြောင့် အရပ်ရှည်ရှည်တွေ၊ အရပ်ပုပုလူတွေ၊ အသားဖြူလွန်းတဲ့လူတွေ၊ အသားမည်းလွန်းတဲ့လူတွေ၊ ဝလွန်း ပိန်လွန်း…တဲ့လူတွေ မသုံးရဘူးဗျ”

“ဆံပင်ရှည်ရှည်၊ ထိပ်ပြောင်ပြောင်၊ နှာခေါင်းကောက်ကောက်၊ နှာခေါင်းပြားပြား စတဲ့ ထူးခြားတဲ့ မျက်နှာပေါက်ရှိတဲ့ လူတွေကိုလည်း …သုံးရဘူး အိုင်ပီ၊ အရပ်အမောင်းကလည်း သာမန်အများစုရှိတဲ့ အရပ်အမောင်း၊ ကိုယ်ကာယကလည်း သာမန်လူတွေရှိတဲ့ အနေအထားမျိုး၊ မျက်နှာအနေအထားကလည်း ထူးခြားမှု ပေါ်လွင်မှုမရှိဘဲ ဖြစ်ရမယ်၊ အသားအရောင်ကလည်း လူအများစုရှိတဲ့ အဝင်းမျိုး ဖြစ်ရမယ်၊ အရပ်…ဒေသရဲ့ အခြေအနေအရ လူအများစုမှာရှိတဲ့ ကိုယ်အင်္ဂါ ရုပ်ဆင်းသဏ္ဌာန်…မျိုး ဖြစ်ရမှာပေါ့ဗျာ၊ တရုတ်ပြည်မှာကျတော့ တရုတ်လူမျိုး အများစုရှိ…တဲ့ မျက်နှာရုပ်ဆင်း ကိုယ်အင်္ဂါမျိုး၊ ကုလားပြည်မှာကျတော့ ကုလား…လူမျိုး အများစုရှိတဲ့ အရပ်အမောင်း ကိုယ်အင်္ဂါ အချိုးအစားမျိုး ဖြစ်ရ…တယ်ပေါ့ဗျာ”

“ဟုတ်ပြီဗျို့၊ ကျုပ်လည်း အခုမှပဲ သဘောပေါက်တော့တယ်၊ …အခုကတော့ Shadow (ရှဲဒိုး)လိုက်တာတို့၊ Wath ဝပ်ချ်လုပ်တာတို့ကို …ဘယ်သူ့ကိုခိုင်းခိုင်း ရတာပဲလို့ ထင်နေခဲ့တယ်၊ …ခု ကိုနှင်းမောင်

www.burmeseclassic.com



ရှင်းပြမှပဲ သဘောပေါက်တော့တယ်၊ အဲဒါနဲ့ ဝတ်ဆင်ပုံကိုလည်း ပြောပြစမ်းပါဦးဗျာ"

"ဝတ်ဆင်ပုံကလည်း ဒီလိုပဲပေါ့ဗျာ၊ ထူးခြားတော့ လွှင်မှု ဖြစ်မနေ ဘူး၊ လုံချည်အင်္ကျီကို အနီရောင်၊ အဝါရောင်စတဲ့ အရောင်ပြောင်းပြောင်း တွေနဲ့ ကွက်ကြားတွေ၊ ပန်းပွင့်တွေ၊ အစင်းတွေ စတဲ့ ဒီဇိုင်းအဆင် လှလှပပကြီး မဝတ်ရဘူး၊ အရပ်ဒေသအလိုက် အများစုဝတ်တဲ့ အဝတ် အစားမျိုးကို ဝတ်ရမယ်ဗျ၊ ဥပမာ ရန်ကုန်မှာဆိုရင် အများစု ဝတ်လေ့ ရှိတာက အင်္ကျီအဖြူရောင်နဲ့ လုံချည်အကွက်စိပ်စိပ်ပဲ ဖြစ်တယ်၊ ဒီလို ဝတ်ထားရင် တစ်ဖက်လူက သတိမပြုမိဘူး၊ တကယ်လို့ အင်္ကျီအနီရောင် နဲ့ ဘောင်းဘီရှည်ကြီး ဝတ်ထားမယ်ဆိုရင် Shadow (ရှဲဒိုး) အလိုက်ခံ ရတဲ့လူက သတိထားမိသွားမယ်၊ ပြီးတော့ ဦးထုပ်၊ ထီးတွေကိုလည်း မဆောင်းရဘူး၊ လက်ထဲမှာလည်း စာအုပ်တို့ စက္ကူထုပ်တို့ ကိုင်မထား ဘူး၊ တစ်ဖက်လူက ကိုယ့်ကို သတိမထားမိအောင် အမှတ်အသားမထေး တဲ့ သဘောပေါ့ဗျာ"

"တကယ်ပါဗျာ ကိုနှင်းမောင်၊ ခင်ဗျားကတော့ စုံထောက်ပညာနဲ့ ပတ်သက်လာရင်တော့ ပါရဂူတစ်ယောက်ပါပဲ၊ အခု ခင်ဗျားပြောပြတဲ့ Shadow (ရှဲဒိုး) လိုက်ပုံလိုက်နည်း၊ Watch (ဝပ်ချ်) လုပ်ပုံလုပ်နည်း တွေကို စာတမ်းရေးပြီး စီအိုင်ဒီမှာ ထားဖို့ကောင်းတယ်"

"ကျုပ်ဆီမှာ ရေးပြီးသား အဆင်သင့် ရှိပါတယ်ဗျာ၊ ဒါပေမဲ့ ဒီမျက်နှာဖြူတွေ စီအိုင်ဒီမှာ ရှိနေသရွေ့တော့ ကျုပ်ရဲ့ပညာတွေကို ထိမ် ကာထားရမှာပဲ၊ ဒီကောင်တွေက အဲဒီနည်းတွေကို အသုံးပြုပြီး လူဆိုး ဓားပြတွေကို ဖမ်းရင်တော့ ကိစ္စမရှိပါဘူး၊ ရာဇဝတ်မှု ပပျောက် ရေးကို အထောက်အကူ ရနိုင်တာပေါ့ဗျာ၊ ဒါပေမဲ့..."

"ဒါပေမဲ့ ဘာဖြစ်သလဲ ကိုနှင်းမောင်၊ စီအိုင်ဒီဆိုတာ တရားခံ ဖမ်းဖို့ မဟုတ်လား၊ အဲဒီအတွက် အထောက်အကူရရင် မကောင်းဘူးလား"

"ဘယ်ဟုတ်မလဲ အိုင်ပီ၊ မျက်စိတစ်ဆုံးကို ကြည့်ရမှာပေါ့ဗျာ ကျုပ်တို့တစ်တွေ ဒီအတိုင်းသွားနေကြမှာမှ မဟုတ်ဘဲ၊ ကိုယ့်နိုင်ငံ



ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်မှာ ကိုယ်ဖန်တီးခွင့်ဆိုတာကို ရအောင်လုပ်ရမှာ ပေါ့ဗျာ၊ လွတ်လပ်ရေးအတွက် ဦးဆောင်မဲ့ နိုင်ငံရေးပုဂ္ဂိုလ်တွေ မကြာခင် ပေါ်လာတော့မှာပဲ၊ အဲဒီ မျိုးချစ်တွေရဲ့ နိုင်ငံရေး လှုပ်ရှားမှုတွေကို မျက်နှာဖြူတွေ ကြီးစိုးနေတဲ့ စီအိုင်ဒီက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး၊ တကယ်လို့ ကျုပ်ရဲ့နည်းတွေကိုသုံးပြီး မျိုးချစ်နိုင်ငံရေးပုဂ္ဂိုလ်တွေရဲ့ လှုပ်ရှားမှုကို အဟန့်အတားလုပ်ရင် မခက်ပေဘူးလား၊ ဒါကြောင့် ဒီနည်း တွေကို လွတ်လပ်ရေးမရမချင်း စီအိုင်ဒီကို ဘယ်တော့မှ မပေးဘူး၊ တစ်နေ့ လွတ်လပ်ရေး ရလာတဲ့အခါကျမှ ကျုပ်ရဲ့ စုံထောက်နည်းပညာတွေကို တရားဥပဒေ စိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းရေးအတွက် အသုံးပြုရမယ်"

"ဟုတ်တယ်ဗျို့ ကိုနှင်းမောင်၊ ခင်ဗျားပြောမှပဲ ကျုပ် သဘော ပေါက်တော့တယ်၊ လွတ်လပ်ရေးရရင် ခင်ဗျားရဲ့ စုံထောက်နည်းပညာ တွေကို စီအိုင်ဒီမှာ အသုံးချလိုက်ရင် ကျုပ်တို့ မြန်မာပြည်မှာ လူဆိုး ဓားပြဆိုတာတောင် ရှိမှာမဟုတ်တော့ပါဘူး"

"ကျုပ် လောင်းရဲပါတယ်ဗျာ၊ လွတ်လပ်ရေးရပြီး စီအိုင်ဒီမှာ ကျုပ်ရဲ့ စုံထောက်နည်းပညာတွေကို အသုံးချခွင့် ပြုမယ်ဆိုရင် ကမ္ဘာကျော် စကော့တလန်ယာဒ်က စုံထောက်တွေတောင် ကျုပ်တို့စီအိုင်ဒီမှာ ပညာတော် သင် လာရလိမ့်မယ်"ဟု ဆားပုလင်းနှင်းမောင်က ပြောပြီးလျှင် ဆက်၍-

"ကဲ... အိုင်ပီ စကားကောင်းနေလိုက်တာ၊ အချိန်အတော်လင့် သွားပြီ၊ ညနေကျမှ ကျုပ် အိမ်ကစောင့်နေမယ်၊ အိုင်ပီ ဝင်လာခဲ့ပေါ့၊ အခုတော့ ပန်းသုံးပွင့်ကိုဏ်းက ဦးရွှေညာကြီးရဲ့ ခြေလှမ်းကို သတင်းယူဖို့ ကျုပ်ရဲ့ ကောင်လေးတွေဆီကို သွားလိုက်ဦးမယ်"ဟု ပြောလေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်အား နှုတ်ဆက်၍ ရုံးခန်း အတွင်းမှ ထွက်ခွာသွားတော့၏။ မျိုးချစ်စိတ်ရှိသော၊ စိတ်ထားမြင့်မြတ် သော၊ ယောကျ်ားကောင်းပီသသော၊ မနာလိုဝန်တိုစိတ်ကင်းသော ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်၏ နောက်ကျောကို ကျွန်ုပ်သည် ငေးမောကြည့်ရှုကာ ခေါင်းတဆတ်ဆတ်ညိတ်၍ ကျန်ရစ်ခဲ့လေတော့ သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ရုံးဆင်းချိန်သို့ရောက်သောအခါ ကျွန်ုပ်သည် ကျွန်ုပ်၏ 'အော်စတင်ကား'လေးကိုမောင်း၍ ဆားပုလင်းနှင်းမောင် နေထိုင်ရာ အမှတ် ၂၉ ဘိုလိန်းလမ်း (ယခု ဗညားဒလလမ်း)နေအိမ်သို့ သွားရောက်ခဲ့လေ၏။ အိမ်ခန်းရှေ့ရှိ အုတ်ခုံပေါ်တွင်ထိုင်၍ တယောထိုးနေသော ဆားပုလင်းနှင်းမောင်ကို တွေ့လျှင်တွေ့ချင်း ကျွန်ုပ်က–

"ကိုနှင်းမောင် ခင်ဗျားအတွက် သတင်းထူးတစ်ခု ပါတယ်ဗျို့ ခင်ဗျား ပြန်သွားပြီး နာရီဝက်လောက်အကြာမှာ"ဟု စကားစလိုက်လေရာ ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်၏စကားကို ဆုံးအောင်နားမထောင်တော့ဘဲ စကားဖြတ်၍–

"ဂရင်းဟိုတယ်စာရေးက ဖုန်းဆက်တယ် မဟုတ်လား"ဟု မေးလိုက်လေရာ ကျွန်ုပ်မှာ လွန်စွာအံ့ဩမိလေတော့၏။

"တကယ်ပါပဲဗျ၊ မှန်လိုက်တာ ကိုနှင်းမောင်၊ ခင်ဗျားကတော့ တကယ့် အံ့မခန်းလူပါပဲဗျာ၊ အကြားအမြင်များ ရနေပြီလားဗျာ"

"အကြားအမြင် မဟုတ်ပါဘူးဗျာ၊ အတွေးအမြင်ပါဗျာ၊ တွေးလိုက်ရင် မြင်ပါတယ်"

"ထားလိုက်ပါတော့ဗျာ၊ အတွေးအမြင်ပဲဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ဘယ်လိုတွေးလို့ ဘယ်လိုမြင်တာလဲဗျာ၊ ကျုပ်ကတော့ဖြင့် ဉာဏ်မမီတော့ပါဘူး"

"ဒီလိုလေဗျာ၊ ဟိုတယ်စာရေးကို ဦးရွှေညာကို စောင့်ကြည့်ဖို့ ကျုပ် မှာထားတယ်၊ ဒါကလည်း တမင်တကာ မှာထားတာပဲ၊ ဒီစာရေးကို ကျုပ် သိပ်မယုံဘူး၊ ဦးရွှေညာတို့ သူ့ကို ပိုက်ဆံပေးထားကြလိမ့်မယ်၊ ဒါကြောင့် ကျုပ်က ဦးရွှေညာကို စောင့်ကြည့်ပေးဖို့ သူ့ကို မှာထားတဲ့အကြောင်း ဦးရွှေညာကို သူသွားပြောမှာ၊ ဒီတော့ ဦးရွှေညာက ကျုပ်ဆီကို သတင်းမှားပြန်ပေးဖို့ သူ့ကို ခိုင်းမှာပေါ့ဗျာ၊ ဒီတော့ ဦးရွှေညာဟာ ပိုင်လောက်ပြီဆိုပြီး လွတ်လွတ်လပ်လပ် လှုပ်ရှားတော့မှာပေါ့၊ အဲဒီအချိန်မှာ ကျုပ်ရဲ့ ကောင်လေးတွေကို သူက ဘယ်သတိထားမိတော့မလဲ၊ ကျုပ်တို့ကို တစ်ပတ်ရိုက်နိုင်ပြီဆိုပြီး ဦးရွှေညာကြီးတစ်



ယောက် ဘဝင်ခိုက်နေမှာပေါ့ဗျာ"ဟု ဆားပုလင်းနှင်းမောင်က ရှင်းပြလေ၏၊ ထို့နောက်–

"ဟိုတယ်စာရေးက ဘယ်လိုများ ဖုန်းဆက်လိုက်သလဲ အိုင်ပ်"ဟု ကျွန်ုပ်အား မေးလေ၏။

"ဦးရွှေညာကြီးဆီကို ခပ်ဝဝ မိန်းမကြီးတစ်ယောက် ရောက်လာလို့ သူက ဧည့်ခန်းမှာ ထိုင်စောင့်ခိုင်းပြီး ဦးရွှေညာကို သွားခေါ်ပေးတယ်၊ ဦးရွှေညာက လိုက်လာပြီး အဲဒီမိန်းမကြီးနဲ့ ဆီဈေးနှုန်းတွေအကြောင်း ပြောတာကို သူ ကြားရတယ်၊ ပြီးတော့ ဦးရွှေညာဟာ အဲဒီမိန်းမကြီးနဲ့သွားတာနဲ့ သူ့ကို အခန်းခရှင်းပေးပြီး ဟိုတယ်က ဆင်းသွားတယ်တဲ့၊ နောက် ဦးရွှေညာရဲ့ အိပ်ရာလိပ်ကို မြင်းလှည်းပေါ်လိုက်ပြီး တင်ပေးလိုက်ရသေးတယ်ဆိုပဲ"

ကျွန်ုပ်၏စကားကြောင့် ဆားပုလင်းနှင်းမောင်သည် အားပါးတရ ရယ်မောလိုက်ပြီးလျှင်–

"ဟား... ဟား... ဟား ကိုယ့်ကိုယ်ကိုယ် တော်တော်လည်ကြပြီ ထင်နေကြတယ် ထင်ပါရဲ့၊ ကျုပ်တို့ မျက်စိလည်အောင် သတင်းမှားပေးလိုက်တာကိုးဗျ၊ ဘယ်ရပါ့မလဲဗျာ၊ ဒီလောက်ဉာဏ်မျိုးနဲ့တော့ ကျုပ်ကို ညာလို့ဘယ်ရပါ့မလဲဗျာ"ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ ဆယ်နှစ်၊ ဆယ့်တစ်နှစ် အရွယ်ခန့်မျှသာ ရှိသေးသော ကုလားကလေးတစ်ယောက်သည် အိမ်ပေါ်သို့ တက်လာလေ၏။ ထို့နောက် ကုလားကလေးသည် ၎င်း၏ လက်ချောင်းများကို ပုံသဏ္ဌာန်အမျိုးမျိုး လုပ်၍ ဆားပုလင်းနှင်းမောင်အား ပြလေ၏။ ဆားပုလင်းနှင်းမောင်လည်း ကုလားလေး၏ လက်လှုပ်ရှားပုံများကို သေချာစွာ စိုက်၍ကြည့်နေလေ၏၊ ကျွန်ုပ်အဖို့ နားမလည်နိုင်အောင် ဖြစ်၍နေလေတော့၏။ ထို့နောက် ဆားပုလင်းနှင်းမောင်ကလည်း ၎င်း၏ လက်ချောင်းများကို ပုံသဏ္ဌာန်အမျိုးမျိုးလုပ်၍ လှုပ်ရှားပြလိုက်လေရာ ကုလားကလေးသည် ဆားပုလင်းနှင်းမောင်အား ခေါင်းညိတ်ပြပြီးလျှင် အိမ်ပေါ်မှ ပြေး၍ဆင်းသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန်ုပ်က–

"အိုင်ဆေး ကိုနှင်းမောင်၊ ဘယ်လိုအဓိပ္ပာယ်လဲဗျာ၊ ကျုပ်ကိုလည်း ရှင်းပြစမ်းပါဦး" ဟု ပြောလိုက်လေ၏။

"ဦးရွှေညာကို စောင့်ကြည့်ဖို့ ကျုပ်ခိုင်းထားတဲ့ ကောင်လေးပါ ဦးရွှေညာအကြောင်း ကျုပ်ဆီကို သတင်းလာပို့တာပါ"

"သတင်းပို့လာတာကလည်းဗျာ၊ ပါးစပ်နဲ့မပြောဘဲ လက်ချောင်း တွေ ထောင်ပြတယ်လို့ ကျုပ်ဖြင့် တစ်ခါဖူးမှ မကြားဖူးဘူးဗျာ၊ ဒါ ဒီကုလားကလေးက ဆွံ့အနေလို့လားဗျာ"

"ဟား... ဟား... ဟား... ဘယ်ကလာ ဆွံ့အ,နေရမှာလဲဗျ ကောင်လေးက စကားပြောတတ်ပါတယ်၊ ခင်ဗျားကိုတွေ့တော့ လူစိမ်း ဧည့်သည်တစ်ယောက်လို့ထင်ပြီး စကားဝှက်နဲ့ ကျုပ်ကို ခင်ဗျားနားမလည် အောင် ပြောသွားတာပါ"

"ဟာဗျာ ကျုပ်ကလည်း ထုံလိုက်တာ လွန်ပါရောဗျာ၊ လက် ချောင်းတွေနဲ့ စကားပြောတဲ့နည်းကို ဒီတစ်ခါပဲ ကျုပ်ဖြင့် ကြားဖူးသေး တယ်၊ အဲဒါ ခင်ဗျားတွင်တဲ့နည်းလား"

"ကျုပ်တွင်တဲ့နည်း မဟုတ်ပါဘူးဗျာ၊ ဂျာမန်ထိပ်တန်း သူလျှို တွေရဲ့နည်းပါ၊ ကျုပ်က မြန်မာစကားနဲ့ ပြန်ထားတာပါ"

"အေးဗျာ ဒီကောင်လေးကလည်း အဲဒီလက်ချောင်းနဲ့ စကားပြော တဲ့နည်းကို တော်တော်ကျွမ်းကျင်သားပဲ၊ သူ့လက်ချောင်းလေးတွေ လှုပ်ရှားပြလိုက်တာ သိပ်မြန်တာပဲ၊ ပါးစပ်နဲ့ပြောတာထက်တောင် မြန်သေး တယ်"

"ဒီလောက်တင် ဘယ်ကသေးမလဲ၊ အဝေးမှာ လူနှစ်ယောက် စကားပြောနေတာကို မကြားရဘဲ နှုတ်ခမ်းတွေ လှုပ်နေတာကိုကြည့်ပြီး ဘာအကြောင်းအရာ ပြောနေတယ်ဆိုတာကို ကိုးဆယ်ရာခိုင်နှုန်းလောက် မှန်အောင်ပြောနိုင်တယ်၊ အဲဒီနည်းကိုလည်း ဂျာမန်သူလျှိုတွေ တော်တော် များများ တတ်ကြတယ်ဗျ၊ ဒါကြောင့် လက်ဖက်ရည်ဆိုင်တို့ အရက်ဆိုင် တို့ထဲမှာ အရေးကြီးတဲ့စကားပြောရင် ဘာသာစကား တစ်မျိုးတည်းနဲ့ ပြောရဘူးဗျ၊ သည့်ပြင် ဘာသာစကားတွေပါ ညှပ်ပြီးပြောရတယ်၊ အဲဒီ လိုပြောမှ ဘေးလူတစ်ယောက်က နှုတ်ခမ်းလှုပ်ရှားတာကိုကြည့်ပြီး အကဲ ခတ်လို့မရမှာ၊ ဥပမာ ဆိုကြပါစို့ဗျာ၊ အင်္ဂလိပ်လူမျိုး အင်္ဂလိပ်လို စကား ပြောနေကြတယ် ဆိုပါစို့၊ တစ်ခါ... တစ်ခါမှာ ဂျာမန်လိုဖြစ်ဖြစ်၊ ပြင် သစ်လိုဖြစ်ဖြစ် တစ်လုံးနှစ်လုံး ညှပ်ပြီးပြောရတယ်ဗျ၊ ကျုပ်တို့ မြန်မာ ချင်းချင်း စကားပြောလည်း အဲဒီလိုပဲပေါ့ဗျာ၊ အင်္ဂလိပ်လိုဖြစ်ဖြစ်၊ ကုလားလိုဖြစ်ဖြစ် ညှပ်ပြောလို့ရတာပေါ့၊ အဲဒါက စစ်သူလျှိုတွေရဲ့ အလေ့အထပါဗျာ၊ ခုတော့ ကျုပ်တို့ မြန်မာပြည်က 'ဘူးယို' ဗိုလ်ရူး တွေက ဘာမှနားမလည်ဘဲနဲ့ မြန်မာစကားထဲမှာ အင်္ဂလိပ်လိုညှပ်ပြီး ပြောနေကြတာပေါ့ဗျ၊ မြန်မာစကားနဲ့ ပြောလို့ရလျက်သားနဲ့ အင်္ဂလိပ်စကား ညှပ်ပြောတယ်ဆိုတာက ကောင်းတဲ့အလေ့အကျင့် မဟုတ်ဘူး၊ မြန်မာစကားဟာ ဝေါဟာရ ဆင်းရဲတယ်၊ စကားအဓိပ္ပာယ် ချို့တဲ့တယ် ဆိုတဲ့ သဘောမျိုး ရောက်နေတယ်"

"ကျုပ်လည်း ခင်ဗျားပြောမှပဲ ဗဟုသုတရတော့တယ်၊ နောက်ဆို အင်္ဂလိပ်လို ညှပ်ပြီးပြောတဲ့အကျင့်ကို ရှောင်ရတော့မယ်၊ ဒါပေမဲ့ စောစောက ခင်ဗျားရဲ့ ကုလားကလေး အနားမှာရှိရင်တော့ အင်္ဂလိပ်လို ညှပ်ပြောမှ ဖြစ်မယ်ဗျို့၊ ဒီကုလားကလေးက တော်တော်လျင်တာပဲဗျ"

"နောက်ပြီးတော့ ဒီကောင်လေးရဲ့ အရည်အချင်းတစ်ခုကို ပြောပြ ဦးမယ်၊ လူတစ်ယောက်ရဲ့ ကိုယ်တစ်ပိုင်းဓာတ်ပုံကိုကြည့်ပြီး အဲဒီလူ့ အရပ် ဘယ်လောက်ရှိတယ်ဆိုတာကို အတိအကျ ပြောနိုင်တယ်ဗျ၊ လွန်ဆုံးလွဲရင် လက်မဝက်လောက်ပါပဲ"

"ဟာ... တယ်ဟုတ်ပါလားဗျာ၊ တကယ့်ကောင်လေးပဲ"

"ဒါတင်ဘယ်ဟုတ်မလဲဗျာ၊ မိန်းမ၊ ယောကျ်ား အယောက် (၂၀) လောက်စုဝေးပြီး ရပ်နေတယ်ဆိုပါစို့၊ အဲဒီလူအုပ်ကို တစ်ချက်ပဲ မျက်စိ နဲ့ကြည့်ပြီး ဘယ်သူက ဘယ်လိုအကျီအရောင်၊ ဘယ်လိုလုံချည်အဆင် ဝတ်ထားတယ်ဆိုတာကို တစ်ယောက်မကျန် မှန်အောင်ပြောနိုင်တယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အဲ့မခန်းပါပဲဗျာ၊ တကယ့်ကိုတော်တဲ့ ကုလားကလေးပဲ"

"သိပ်လည်း ချီးကျူးမနေနဲ့ဦး အိုင်ပီ၊ အဲဒီ ကုလားကလေး ကျွန်တော် သင်ပေးထားတဲ့ ကောင်လေးတွေထဲမှာ အထုံဆုံး၊ အထိုင်း ဗျ"

"ဟာဗျာ အထုံဆုံး အထိုင်းဆုံး ကောင်လေးတောင်မှ အဲဒီလော ထူးချွန်ရင် ဟိုကောင်လေးတွေတော့ ဘယ်လိုနေမှာလဲ မသိဘူး၊ စ တလန်ယာဒ်က စုံထောက်တွေကိုတောင် သင်တန်းသွားပေးလို့ ရ ထင်တယ်"

"ကဲ... အိုင်ပီ၊ အချိန်သိပ်မရှိတော့ဘူး၊ ဂရင်းဟိုတယ်ကို သွား ကြဖို့ အချိန်တန်ပြီ"

"ဘာလုပ်မလို့လဲ ကိုနှင်းမောင်၊ ဦးရွှေညာကြီးမှ မရှိတော့ဘ"

"သိပ်ရှိတာပေါ့ အိုင်ပီ၊ ဒီလူကြီး ဘယ်မှမသွားသေးပါ ခင်ဗျားက ဟိုတယ်စာရေးပြောတဲ့ သတင်းမှားကို ယုံနေတာကိုး စောစောက ဟိုကုလားလေး ကျုပ်ကို သတင်းအတိအကျ ပေးသွား တယ်ဗျ"

"အေးဗျာ ဒါနဲ့ စောစောက ခင်ဗျား ကုလားကလေး ပြောသွာ တာ ဘာအဓိပ္ပာယ်လဲဗျ၊ ကျုပ်ကိုလည်း ရှင်းပြစမ်းပါဦးဗျာ"ဟု ကျွန်ုပ် မေးလိုက်လေရာ ကိုနှင်းမောင်က–

"ဒီလိုဗျာ"ဟု အစချီလိုက်လေ၏။

"ဦးရွှေညာကြီးတစ်ယောက် ဟိုတယ်မှာပဲ ရှိသေးတယ်တဲ့၊ ဒီ နေ့လယ် နှစ်နာရီလောက်မှာ ဟိုတယ်ရဲ့နောက်ဘက် မလွယ်ပေါက်က ပြီး တရုတ်အဘိုးကြီးတစ်ယောက် တက်သွားတယ်၊ အဲဒီ တရုတ်အ ကြီး ပြန်ဆင်းလာတာတော့ မတွေ့ဘူးတဲ့၊ ကျုပ်အထင်တော့ အဲဒီတရု အဘိုးကြီးဟာ ပန်ချာပီကြီး 'တိုနီဆင်း'ကို သတ်လိုက်တဲ့ 'ဝှာမင်း'ဆို တရုတ်အဘိုးကြီးပဲ ဖြစ်ရမယ်"ဟု ဆားပုလင်းနှင်းမောင်က ကျွန်ုပ်အ ရှင်းပြလေ၏။



"ဒီလိုဆိုရင် ဟိုတယ်ရဲ့ အခန်းနံပါတ် (၁၄) ထဲမှာ ဦးရွှေညာနဲ့ င်းတို့နှစ်ယောက် ရှိနေကြပြီပေါ့၊ ကျုပ်တို့အဖို့ အခန့်သင့်လိုက်တာ နှစ်ယောက်စလုံးကို ဖမ်းလိုက်ရုံပဲပေါ့"ဟု ကျွန်ုပ်က ပြောလိုက်လေ ဆားပုလင်းနှင်းမောင်က–

"နှစ်ယောက်စလုံးကို ဖမ်းလို့မရတော့ဘူး အိုင်ပီ၊ တစ်ယောက် ည်းကိုပဲ ဖမ်းလို့ရတော့မယ်"ဟု ပြောလိုက်လေ၏။

"ဘာဖြစ်လို့လဲ ကိုနှင်းမောင်၊ ဟိုတယ်မှာ နှစ်ယောက်စလုံး နေတယ်မဟုတ်လား၊ သူတို့နှစ်ယောက်စလုံးကလည်း တရားခံတွေပဲ ဟုတ်လား"ဟု ကျွန်ုပ်က ပြန်၍ မေးခွန်းထုတ်လိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က–

"အိုင်ပီ ပြောသလို ဟိုတယ် အခန်းနံပါတ် (၁၄) မှာ သူတို့ ယောက်စလုံး ရှိပါတယ်၊ ပြီးတော့ သူတို့နှစ်ယောက်စလုံးဟာ ပန်းသုံး င်ဂိုဏ်းနဲ့ ပတ်သက်နေတဲ့ တရားခံတွေပါပဲ၊ ဒါပေမဲ့ ခုအချိန်လောက် ိုရင် သူတို့နှစ်ယောက်အနက်က တစ်ယောက်ယောက်တော့ သေနေ ာက်ပြီဗျို့"ဟု ပြန်ပြောလေ၏။

"ဘာဖြစ်လို့လဲ ကိုနှင်းမောင်၊ ဦးရွှေညာနဲ့ တရုတ်အဘိုးကြီး ာမင်း'ဟာ ပန်းသုံးပွင့်ဂိုဏ်းသားအချင်းချင်းဆိုတော့ ပြန်ပြီးမသတ်ကြတန် ာင်းပါဘူး"

"ကဲ... အိုင်ပီ၊ အချိန်သိပ်မရှိတော့ဘူး၊ ကျုပ်တို့နှစ်ယောက် ိုတယ်ကို သွားမှဖြစ်မယ်ဗျို့၊ တော်ကြာ တရားခံ လွတ်သွားလိမ့်ဦး ယ်၊ ဟိုကျမှပဲ အိုင်ပီ့ကို အသေးစိတ် ရှင်းပြတော့မယ်"ဟု ဆားပုလင်း င်းမောင်က ပြန်၍ ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်နှင့် ဆားပုလင်း င်းမောင်တို့သည် 'ဂရင်းဟိုတယ်'သို့ ထွက်ခွာခဲ့ကြလေတော့၏။

ဟိုတယ်စာရေးသည် ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်အား မြင် ိုက်သည်နှင့် လွန်စွာအံ့သြနေသော မျက်နှာထားမျိုးနှင့် အောက်ပါအတိုင်း ကြ၍ ပြောလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ပါလား....လာကြပါ၊ လာကြပါခင်ဗျာ၊ ကျွန်တော်က လူသတ်မှုကိစ္စ ပြီးသွားပြီလို့ ထင်နေတာ၊ ပြီးတော့ ဒီနေ့မနက် အခန်းနံပါတ် (၁၄)မှာ တည်းခိုနေတဲ့ 'ဦးရွှေညာကြီး ပြန်သွားပြီ'ဆို အကြောင်းကို ဆရာတို့ စီအိုင်ဒီကို ကျွန်တော် ဖုန်းဆက်ပြီး သတင်းပေး ခဲ့သေးတာပဲ မဟုတ်လား၊ ဟိုတယ်မန်နေဂျာကလည်း အဲဒီ လူသတ်မှုကိစ္စ ပတ်သက်ပြီး ဟိုတယ်ကို ပုလိပ်တွေ ခဏခဏ အဝင်အထွက်လုပ်နေ တာကို သိပ်မကြိုက်ဘူးဆရာ"

ထိုအခါ ဆားပုလင်းနှင်းမောင်က ရေခဲတောင် စီးကရက်တ လိပ်ကိုထုတ်ကာ မီးညှိဖွာရှိုက်လိုက်ပြီးလျှင်–

"မင်းကကော့ အပြောအဆို တယ်ပြီးလိမ္မာတဲ့ကောင်ပဲ၊ အဲဒီ ပြောတတ်လာအောင် ဦးရွှေညာဆိုတဲ့လူကြီးက မင်းကို ငွေဘယ်လော ပေးထားသလဲ၊ ပြီးတော့ မင်းရဲ့ ဟိုတယ်မန်နေဂျာကို ပြောလိုက် ရာဇဝတ်မှု ကျူးလွန်ထားတဲ့ တရားခံတွေကို အကာအကွယ်ပေးနေ မင်းလို စာရေးမျိုးကို ဒီဟိုတယ်မှာ ခန့်ထားတာ စီအိုင်ဒီက ဆားပုလ နှင်းမောင်က မကြိုက်ဘူးလို့ ပြောလိုက်ပါ"ဟု ဆားပုလင်းနှင်းမောင် ပြောလိုက်လေရာ ဟိုတယ်စာရေးလည်း လွန်စွာမှ ထိတ်လန့်တုန်လှုပ်သွား လေတော့၏။

"မဟုတ်... မဟုတ်ပါဘူးဆရာ၊ သူတို့ကိစ္စမှာ ကျွန်တော် မပါ ပါဘူး၊ သူတို့နဲ့ ကျွန်တော် မပတ်သက်ပါဘူးဆရာ၊ ကျွန်တော့်ကို အမှု ထဲ ဆွဲမသွင်းပါနဲ့ ဆရာ"ဟု ထိတ်ထိတ်ပျာပျာနှင့် တောင်းပန်လေ၏။

"မင်းကို ငါတို့က အမှုထဲ ဆွဲသွင်းနေတာ မဟုတ်ဘူး၊ မင်းက အမှုထဲကို ဝင်လာတာပဲ၊ အဲဒီတော့ မင်းကိုလည်း ဂါတ်တဲကို ခေါ်သွား ရလိမ့်မယ်၊ ဟိုကျမှ ကြည့်ရှင်းပေါ့ကွာ"

"မလုပ်... မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော် ဘာမှမသိပါဘူး လူသတ်မှုမှာ ကျွန်တော် မပါပါဘူး ဆရာ"ဟု ဟိုတယ်စာရေးသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ပြန်၍ ပြောလေ၏။



"ဦးရွှေညာဆိုတဲ့ လူကြီး ရှိသေးလားကွ"ဟု ဆားပုလင်းနှင်း မောင်က မေးလိုက်ပြန်လေရာ ဟိုတယ်စာရေးက–

"ရှိ... ရှိပါတယ်ဆရာ၊ သူ ဘယ်မှမသွားပါဘူး"ဟု ပြန်၍ဖြေ လေ၏။

"ဒီလိုမှပေါ့ကွ၊ မင်း တော်တော်လိမ္မာလာပြီပဲ၊ နောက်ဆိုရင် ဒီလို အကြံသေး ဉာဏ်သေးနဲ့ ငါ့ကို မလိမ့်တပတ်လုပ်ဖို့ မကြိုးစားနဲ့" ဟု ဆားပုလင်းနှင်းမောင်က ဟိုတယ်စာရေးအား ပြောလိုက်ပြီးလျှင်–

"ကဲ... အိုင်ပီ၊ အခန်းနံပါတ် (၁၄) ကို သွားကြစို့ဗျာ၊ စာရေး နဲ့ရှုပ်နေတာနဲ့ အချိန်တောင် အတော်လေး ကုန်သွားတယ်ဗျို့"ဟု ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်တို့သည် ဟိုတယ်၏ ဒုတိယထပ်သို့ တက်၍လာခဲ့ကြလေ၏။ အခန်းနံပါတ် (၁၄) ရှေ့သို့ ရောက်သောအခါ၌ ဆားပုလင်းနှင်းမောင်က ကျွန်ုပ်အား–

"အိုင်ပီ ခင်ဗျားမှာ သေနတ်ပါတယ် မဟုတ်လား"ဟု မေးလိုက် လေ၏။

"ပါ ပါတယ် ကိုနှင်းမောင်"

"ဒီလိုဆိုရင် အဆင်သင့်ဖြစ်ပါစေဗျာ၊ လက်မနှေးပါစေနဲ့၊ ဒီလူ ကြီးကတော့ အေးအေးဆေးဆေး အဖမ်းခံမဲ့ပုံမျိုးတော့ မဟုတ်ဘူး"ဟု ဆားပုလင်းနှင်းမောင်က ကျွန်ုပ်အား သတိပေးလိုက်လေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် အခန်းတံခါးကို ခေါက် လေ၏။ ထိုအခါ အခန်းတွင်းမှ 'ဘယ်သူလဲ'ဟု မေးသံကို ကြားရလေ၏။

"ကျုပ်ပါဗျ ဦးရွှေညာ၊ စီအိုင်ဒီက ဆားပုလင်းနှင်းမောင်ပါ"ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောလိုက်လေရာ အခန်းတံခါး ပွင့်လာ ပြီးလျှင်–

"ခင်ဗျားတို့ ရောက်လာပြန်ပြီကိုး၊ ဒါနဲ့ ဟိုဘက်အခန်းက လူသတ်မှုနဲ့ ပတ်သက်ပြီး ကျုပ်ကို မေးစရာ မြန်းစရာ မရှိတော့ဘူးဆို "ဟု ဦးရွှေညာကြီးက ဆီးကြို၍ ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က–

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးရွှေညာ၊ အဲဒီ လူသတ်မှုကိစ္စနဲ့ ပတ်သက်
ခင်ဗျားကို မေးမြန်းစရာ မရှိတော့ဘူး၊ 'တိုနီဆင်း'ကို သတ်တဲ့တ
ခံဟာ တရုတ်အဘိုးကြီးလို ရုပ်ဖျက်ထားတဲ့ ဟောင်ကောင်ကလာ
ရာဇဝင်လူဆိုး 'ဝှာမင်း'ပါ"ဟု ပြောလိုက်ပြီးလျှင် အခန်းအတွင်း
ဝင်သွားလေ၏။ ကျွန်ုပ်လည်း ဆားပုလင်းနှင်းမောင်နောက်မှ လိုက်
သွားရလေ၏။ ထိုအခါ ဦးရွှေညာက–

"ဒီလိုဆိုရင်လည်း အဲဒီ ဝှာမင်းဆိုတဲ့လူကို သွားဖမ်းပေ
ကျုပ်နဲ့ ဘာဆိုင်လို့လဲ၊ ကျုပ်ဆီကိုလာပြီး ဒီလို နှောင့်ယှက်တာက
လွန်လွန်းလှပြီထင်တယ်၊ ခင်ဗျားတို့ ပုလိပ်တွေ သိထားဖို့က ကျုပ်
ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ဆိုတာ မမေ့ဖို့ပါပဲ၊ သူ
ဂျပိုးတစ်ယောက်ကို စစ်သလို လာပြီးစစ်လို့ မရဘူး"ဟု ပြောလေ

"ဟုတ်တယ် ဦးရွှေညာ၊ ခင်ဗျားဟာ လူကြီးလူကောင်းတစ်
ယောက်ပါပဲ၊ ဒါပေမဲ့ လူသတ်သမားဖြစ်နေပြီ၊ လမ်းဘေးက လူ
ယောက်ဖြစ်ဖြစ်၊ လူကြီးလူကောင်းပဲဖြစ်ဖြစ် တရားဥပဒေကတော့ မျက်
သာမပေးဘူးဗျ"ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"ဘာဗျ ကျုပ်က လူသတ်သမားဟုတ်လား၊ ဘယ်လိုပြောလို
တာလဲဗျ၊ ကျုပ်က ဘယ်သူ့ကို သတ်ရမှာလဲ"

"ဦးရွှေညာ ကျုပ်ကို ဒီလိုပြန်ပြီး ငြင်းတဲ့တရားခံဆိုတာ ဘယ်
မှ မရှိဖူးသေးပါဘူး၊ ကျုပ်က သေချာမှ ဖမ်းတတ်တဲ့လူပါဗျ၊ ဝှာမင်း
ခင်ဗျား သတ်လိုက်ပြီပဲ၊ ဒီတော့ ခင်ဗျားဟာ လူသတ်တရားခံ မဟု
လို့ ဘာဖြစ်ရမှာလဲ၊ လူကြီးလူကောင်းဆိုတာ အမှန်အတိုင်း ဝန်ခံရတာ
ဗျ"ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောလိုက်၏။ ထိုအခါ ဦးရွှေညာ

"ဝှာမင်းကို ကျုပ်က ဘာဖြစ်လို့ သတ်ရမှာလဲဗျ၊ အဲဒီ ဝှာမင်း
ကျုပ် သိလည်းမသိဘူး၊ စောစောက ခင်ဗျားပြောမှပဲ အဲဒီနာမည်
ကျုပ် ကြားဖူးတယ်"ဟု ပြောလေရာ ဆားပုလင်းနှင်းမောင်က–

"ကဲ... ဦးရွှေညာ၊ ကျုပ်ကိုတော့ မလိမ်တာပတ်လုပ်မယ် မကြံ
ကျုပ်လက်သီးက ခင်ဗျားရဲ့ကျည်ဆံထက် မြန်တယ်နော်၊ သေနတ်ထု



ယ်လို့တော့ မစဉ်းစားလိုက်ပါနဲ့ဗျာ၊ အေးအေးဆေးဆေးပဲ အဖမ်းခံလိုက်
"ဟု ပြန်၍ပြောလိုက်ပြီးလျှင် ကျွန်ုပ်ဘက်သို့လှည့်ကာ–

"ကဲ... အိုင်ပီ၊ ဟောဟို အဝတ်ဗီရိုကြီးထဲမှာ ကြည့်စမ်းပါဦးဗျာ"
ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်လည်း ၎င်းအဝတ်ဗီရိုအား ဆွဲ၍
ဖွင့်လိုက်ရာ ဗီရိုအောက်ခန်း၌ ဓားဒဏ်ရာဖြင့် သေနေသော တရုတ်ဝှာမင်း
အလောင်းကို တွေ့ရလေ၏။ အလောင်းကို ခြေထောက်ကွေး၍ ဗီရို
အောက်ခန်းအတွင်း၌ ထိုးသိပ်၍ ထည့်ထားခြင်းဖြစ်လေ၏။

"သူက ကျုပ်ကို သတ်ဖို့လာတာပဲ၊ ဒီတော့ ကျုပ်အနေနဲ့ ခုခံ
ကာကွယ်ပိုင်ခွင့် ရှိပါတယ်ဗျ"ဟု ဦးရွှေညာက ပြောလေ၏။

"အဲဒီစကားတွေကို တရားရုံးကျမှပဲပြောပေါ့ ဦးရွှေညာ၊ ဒါပေမဲ့
ဝှာမင်းဟာ ခင်ဗျားကို အကြောင်းမဲ့ လာသတ်တာမှ မဟုတ်ဘဲ၊ ခင်ဗျား
ဟာ ပန်းသုံးပွင့်ဂိုဏ်းဝင်တစ်ယောက်ပဲ မဟုတ်လား၊ ခင်ဗျားတို့ရဲ့ ဂိုဏ်း
ခေါင်းဆောင် ဂျပန်မလေး 'မီကီရှီမဒါ'က 'ဝှာမင်း'၊ 'တိုနီဆင်း'နဲ့
ခင်ဗျားကိုတွေ့ဖို့ မြန်မာပြည်ကိုရောက်လာပြီး ဒီဟိုတယ်မှာ အချိန်းအချက်
နဲ့ လာတည်းကြတာ မဟုတ်လား၊ 'တိုနီဆင်း'ဟာ ဂိုဏ်းစည်းကမ်းဖောက်
တယ်လို့ 'မီကီရှီမဒါ'က ခင်ဗျားတို့နှစ်ယောက်ကို ပြောပြပြီး သတ်ပစ်ဖို့
တာဝန်ပေးခဲ့တယ်၊ ဒီတော့ ခင်ဗျားနဲ့ ဝှာမင်းဟာ 'တိုနီဆင်း'ကို အခန်း
နံပါတ် (၁၃) ထဲမှာ သတ်ခဲ့ကြတယ် မဟုတ်လား၊ အဲဒီနေရာမှာ 'မီကီ
ရှီမဒါ'နဲ့ 'ဝှာမင်း'ဟာ ပင်လယ်ကူးသင်္ဘောတစ်စီးနဲ့ 'တိုင်ဝမ်ကျွန်း'ကို
လိုက်သွားကြပြီလို့ ခင်ဗျားက ထင်နေတယ်၊ အမှန်တော့ 'မီကီရှီမဒါ'
တစ်ယောက်ပဲ သင်္ဘောနဲ့ ပါသွားတာပါ၊ 'ဝှာမင်း'ကိုတော့ ခင်ဗျားကို
သတ်ဖို့ ချန်ထားခဲ့တယ်၊ ဒါကြောင့် 'ဝှာမင်း'ဟာ နောက်တစ်ကြော
ခင်ဗျားဆီကို ပြန်လာတာပေါ့၊ ဒါပေမဲ့ ခင်ဗျားက လက်ဦးမှုရသွားတယ်
မဟုတ်လား"ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ဦးရွှေညာလည်း မည်သို့မျှ ပြန်၍မပြောတော့ဘဲ ခေါင်းငိုက်စိုက်
ချ၍သာ ငူငူကြီးရပ်လျက် နေလေတော့၏။ ထိုအချိန်၌ ဟိုတယ်မန်နေဂျာ
နှင့် ၎င်း၏ ဟိုတယ်စာရေးလည်း ရောက်ရှိလာလေရာ ဆားပုလင်းနှင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်က ဟိုတယ်စာရေးအား အနီးဆုံးဂါတ်သို့ ဖုန်းဆက်၍ အကြောင်း ကြားစေလိုက်လေ၏။ နာရီဝက်ခန့်မျှ ကြာသောအခါ၌ ဌာနအုပ်ကြီး ဦးစိန်ပန်းနှင့်အတူ ပုလိပ်နှစ်ယောက် ရောက်ရှိလာကြလေ၏။

"ကဲ... ဦးစိန်ပန်း၊ ဟောဒီမှာ လူကြီးလူကောင်း တရား ဦးရွှေညာပဲ၊ သေနေတဲ့သူကတော့ ဟောင်ကောင်က နာမည်ကြီး လူ 'တုမင်း'ပေါ့၊ ဒီကောင်က တရုတ်အဘိုးကြီးတစ်ယောက်လို ရုပ်ဖျက် နေရာမှာ အတော့်ကိုတူတာပဲ" ဟု ဆားပုလင်းနှင်းမောင်က ပြောလို လေ၏။ ထို့နောက် ဆက်၍

"ဦးရွှေညာကို ခေါ်သွားပြီး ဂါတ်ရောက်မှပဲ သူ့ရဲ့စစ်ချက် ယူတော့ဗျာ၊ ကျန်တဲ့အမှုသွား၊ အမှုလာ အကြောင်းအရာတွေကို နက်ဖြန်မှပဲ ကျုပ် လာပြီးအသေးစိတ် ပြောတော့မယ်၊ ခုတော့ ကျုပ် အိုင်ပီ စီအိုင်ဒီကိုပြန်ပြီး အစီရင်ခံစာ ရေးရဦးမယ်"

ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမော တို့သည် ဟိုတယ်မှထွက်၍ လာခဲ့လေ၏။

"ဘယ်လိုလဲဗျ ကိုနှင်းမောင်၊ ကျုပ်ကတော့ဖြင့် တယ်ပြီးမရှင်း သေးဘူး၊ ဘာကြောင့် မိကီရှိမဒါက သူ့ဂိုဏ်းသားတွေကို တစ်ယော ချင်း လိုက်သတ်နေရတာလဲဗျာ"

"ဒီလိုလေဗျာ၊ 'မိကီရှိမဒါ'ဟာ ပန်းသုံးပွင့်ဂိုဏ်းကို ဖျက်သိမ်း သူ့ဘဝမှာ ထင်ထင်ပေါ်ပေါ်နဲ့ စည်းစိမ်ရှိရှိ နေချင်တော့ နိုင်ငံအနှံ့ ရှိတဲ့ သူ့ဂိုဏ်းသားတွေကို လက်စဖျောက်ပစ်ရတာပေါ့၊ သူက ပန်းသုံး ပွင့်ဂိုဏ်းကို ဒီအတိုင်း ဖျက်သိမ်းလိုက်ရင် တစ်ချိန်ချိန်မှာ အဲဒီဂိုဏ်းသား တွေကြောင့် သူ့အကြောင်း ပေါ်လာနိုင်တယ်လေ၊ တယောဆရာကြီး ဦးသာဒင်နဲ့ ဘနာဂျီဟာလည်း ပန်းသုံးပွင့်ဂိုဏ်းဝင်တွေ၊ ဒါကြောင့် သူ အသတ်ခံရတာလေ၊ သူတို့ကို သတ်တာကတော့ ဦးရွှေညာကြီးပဲ ဖြစ် မယ်၊ နောက်ဆုံးမှ 'မိကီရှိမဒါ'က ရောက်လာပြီး ကျန်တဲ့လူတွေ ဦးရွှေညာကြီးကို ရှင်းပစ်မှာကိုးဗျ"



"ဒါနဲ့ ဦးသာဒင်ကတော့ ကျုပ်ကို သူဟာ ပန်းသုံးပွင့်ဂိုဏ်းကပါ လို့ ပြောမပြပါလား"

"ဘယ်ပြောမလဲဗျ အိုင်ပီ၊ ခင်ဗျားက ပုလိပ်အရာရှိပဲ၊ ခင်ဗျားကို ဆိုင်ချက်ပွင့်တော့ ဘယ်လောက်ပဲခင်ခင် သူ့အကြောင်းကို ထိမ်ချန်ထား မှာပေါ့ဗျာ၊ သူ့ကို ပန်းသုံးပွင့်ဂိုဏ်းက တမင်သက်သက် ရန်ရှာတယ်လို့ ပြောမှာပေါ့"

"ဟုတ်တယ်ဗျို့ ကိုနှင်းမောင်၊ ကျုပ်ကတော့ အစကတော့ ဦးသာဒင်ကြီးက ဘယ်လိုလူစားမျိုးလဲဆိုတာ သေသေချာချာ မတွေးမိခဲ့ ဘူးဗျို့၊ ဒါနဲ့ 'မိကီရှိမဒါ'ကို လွတ်သွားတာ နာတယ်ဗျာ၊ ကျုပ်တို့ဆီမှာ ပန်းသုံးပွင့်ဂိုဏ်းသားတွေ အစအန ကျန်နေသေးရင် အမှုတွေထပ်ပေါ်လာ နိုင်သေးတယ်"

"ဒီအတွက် မပူပါနဲ့ အိုင်ပီ၊ 'မိကီရှိမဒါ'ကို မိမှာပါ၊ ဟောင်ကောင် က ပုလိပ်အဖွဲ့ကို ကျုပ် သံကြိုးရိုက်ထားပြီးပါပြီ၊ 'အဇာရီမီးသဘော' ဟောင်ကောင်ကိုဆိုက်ရင် 'မိကီရှိမဒါ'ကို သူတို့ ဖမ်းကြလိမ့်မယ်၊ 'မိကီရှိမဒါ'ဟာ နိုင်ငံတိုင်းက အလိုရှိနေတဲ့ ပန်းသုံးပွင့်ဂိုဏ်းခေါင်းဆောင် ပဲဗျ၊ ပြီးတော့ လူပုလေး အမ်ဂျစ်ခန်နဲ့ ဦးရွှေညာတို့ကို စစ်မေးလိုက်ရင် မြန်မာပြည်မှာ ကျန်သေးတဲ့ ပန်းသုံးပွင့်ဂိုဏ်းသားတွေကို သိရမှာပါ၊ ဒါပေမဲ့ ကျုပ်အထင်တော့ ပန်းသုံးပွင့်ဂိုဏ်းသားတွေ မရှိကြတော့ဘူးလို့ ထင်ပါတယ်၊ ဦးရွှေညာကြီး တစ်ယောက်တောင် မသေလို့ ကျန်ခဲ့တာ ဟုတ်လား အိုင်ပီ"

ဆားပုလင်းနှင်းမောင် ပြောသည့်အတိုင်းပင် ထိုနေ့ ထိုအချိန်မှစ၍ ပန်းသုံးပွင့်ဂိုဏ်းသည် ဇာတ်သိမ်းသွားခဲ့လေ၏။ ရက်အနည်းငယ်အတွင်း၌ ဟောင်ကောင်မှလာသော သတင်းအရ 'မိကီရှိမဒါ'ကို ပုလိပ်အဖွဲ့မှ ဖမ်းဆီးမိကြောင်း သိရှိရပြန်လေ၏။

သဗ္ဗေသတ္တာကမ္မဿကာ

မင်းသိင်္ခ

www.burmeseclassic.com

www.burmeseclassic.com



# ချစ်ခြင်းမုန်းခြင်း နယ်ခြားမျဉ်း

မောင်သိန်းဆိုင်

တစ်။

တာဝန်ကျ စခန်းမှူး ဦးလှရွှေသည် တယ်လီဖုန်း စကားပြောခွက် ...မှခက်ချိတ်ကလေးအပေါ်သို့ ပြန်၍တင်ထားလိုက်သည်။

သူသည် တယ်လီဖုန်းဖြင့် စကားပြောရခြင်းအပေါ် မတင်မကျ ...မနုပ်ရှိမိဟန်ဖြင့် သက်ပြင်းတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်။

သူနှင့် စားပွဲတစ်တန်းတွင် ရှိနေသော ဒုရဲအုပ် ကိုသန့်စင်အား ...ည့်ကာ–

"ရယ်စရာတော့ အတော်ကောင်းတာပဲ"

ဓာကိုယ်တည်းပြောသလို ပြောလိုက်ပြီး "သူ့နာမည်ကိုတောင် ...တ်ပြီးပြောမသွားဘူး"

"ဘယ်သူလဲ ဆရာ"

ကိုသန့်စင်က စာရေးနေရာမှ မော့်မကြည့်ဘဲ မေးလိုက်သည်။ ...သန့်စင်ကိုယ်တိုင် မေးရိုးမေးစဉ် မေးလိုက်ခြင်းသာဖြစ်သည်။ ထူးထူးခြား ...း စိတ်ဝင်စားဟန် မပြလှ။

www.burmeseclassic.com

www.burmeseclassic.com



ဦးလှရွှေက တိတ်ဆိတ်နေရာ ကိုသန့်စင်သည် လက်ထဲမှ သောက်လက်စ ဆေးလိပ်တိုကို ချထားလိုက်ကာ–

"ဟင်၊ ဘယ်သူလဲ" ထပ်မေးသည်။

"ဟို သီချင်းဆိုတဲ့ ကောင်မလေးအမှုလေ၊ သူ့နာမည်က နွယ် ဦးဆိုလား၊ သူ့အကြောင်း မောင်ရင့်ကို ကိုယ်ပြောပြဖူးသားပဲ၊ အဲဒီကော နဲ့ပတ်သက်ပြီး ငနဲတစ်ယောက်က ဖုန်းဆက်ခဲ့တာပဲ၊ ဘယ်သူဘယ် ဆိုတာတော့ ဖွင့်ပြောမသွားဘူး"

ကိုသန့်စင်သည် စိတ်ဝင်စားလာဟန်ပြသည်။

"သြော်... ဟိုတစ်လောက ကျွန်းမာရေးဆိပ်ကမ်းမှာ ရေထဲလိမ့် ပြီး ရေနစ်သေသွားတဲ့ လူတစ်ယောက်နဲ့ ပတ်သက်တဲ့ ကေ့စ်လား ဘယ်လိုလဲ ဆရာ"

"အဲဒီလူကို ရေထဲတွန်းချပြီး သတ်ပစ်လိုက်တာ ကောင်မလေးကို တိုင်ပဲတဲ့၊ သူက သတင်းပေးခဲ့တယ်၊ ဘာကြောင့် တွန်းချခဲ့ရတာ မေးတော့လည်း ရေရေရာရာ မပြောဘူး၊ ဒါကြောင့် ရယ်စရာကောင်းတယ် လို့ ပြောရတာပဲ"

"ကျွန်တော် အကြမ်းဖျင်းသိရသလောက်တော့ သေသွားတဲ့သူ မိန်းမရှိတယ်၊ ကောင်မလေးတစ်ယောက်နဲ့လည်း ကြိုက်နေတယ် ယူဆရတယ်၊ သူတို့အကြားမှာ မပြေလည်နိုင်တာ တစ်ခုခုရှိရမယ် ကြောရဲ့ကြံတယ်ထင်ပြီး ရေထဲတွန်းချပစ်ခဲ့တာမျိုးလည်း ဖြစ်ကောင်းဖြ မှာပဲ"

"မောင်ရင် အဲဒီလိုထင်သလားဟင်"

"သဘောကို ပြောတာပါ"

"အဲဒီအယူဆကို မေ့ထားလိုက်စမ်းပါ၊ ကောင်မလေးမှာက 'အင် ဘိုင်' ကောင်းကောင်းရှိနေတယ်၊ အဲ့ဒီညက သူ စတူဒီယိုမှာ ရှိနေတာ သက်သေပြနိုင်တယ်၊ ဟိုသီချင်းရေးဆရာ ဆိုတာကလည်း အတူတူရှိ တာကို ဝန်ခံခဲ့ပြီးပြီပဲ၊ ကိုယ်ထင်တာကတော့ ကောင်မလေးကို မကျေနပ် တာရှိနေတဲ့ လူတစ်ယောက်ယောက်က ချောက်တွန်းတာလည်း ဖြစ်နိုင် ယ်၊ ဒါမှမဟုတ် အခြားအကြောင်းတစ်ခုခုကြောင့် ဖြစ်ကောင်းဖြစ်

"ဒါဆိုရင် သိပ်တော့ မခက်ခဲပါဘူး ဆရာ၊ ကျွန်တော် ကောင် နဲ့ ဆက်သွယ်လိုက်မယ်၊ ကောင်မလေးရဲ့ နောက်ကြောင်းကို မယ်၊ လိုအပ်ရင်လည်း ကောင်မလေးကို ခေါ်မေးပြီး နည်းနည်းဖိအား စစ်ဆေးလိုက်ရင် အကြောင်းစုံ ပေါ်လာမှာပါပဲ"၊

ဒုရဲအုပ် ကိုသန့်စင်သည် သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်ရှိ ဖြင့် ဆိုလိုက်သည်။

စခန်းမှူး ဦးလှရွှေသည် ဒူးယားဗူးကို အိတ်အတွင်းမှ ထုတ်ယူ တစ်လိပ်ကို သူကိုယ်တိုင်အတွက်ယူပြီး အခြားတစ်လိပ်ကို ကိုသန့်စင် ကမ်းပေးလိုက်သည်။ ဓာတ်ငွေ့မီးခြစ်ဖြင့် မီးညှိသည်။

"ဟင် ဘယ်လိုလဲဆရာ ကျွန်တော် ကောင်မလေးနဲ့ ဆက်သွယ် ရမလား"

ဦးလှရွှေက စီးကရက် မီးခိုးများကို မှုတ်ထုတ်လိုက်ရင်း–

"ကောင်းပါတယ်၊ ဒါပေမဲ့ သိပ်တော့ ဖိအားပေးပြီး မမေးပါနဲ့ဦး၊ တို့အနေနဲ့ သူ့အပေါ် သံသယသိပ်ရှိနေတယ်လို့ ထင်မသွားစေချင် လေ"

"ကောင်းပါပြီဆရာ၊ ကျွန်တော် လိမ္မာပါးနပ်စွာနဲ့ ချဉ်းကပ်မှာပါ၊ ဘက် အခင်းဖြစ်တဲ့ညက သူနဲ့အတူ ရှိနေတာ ဘယ်သူပါလိမ့်၊ တော် နာမည်မေ့သွားပြီ"

"လွမ်းမှိုင်းတဲ့၊ ရယ်ဂီဘမောင်လို့လည်းခေါ်တယ်"

"သူက သီချင်းရေးတယ်နော်"

"ဟုတ်တယ်၊ အဖွဲ့ခေါင်းဆောင်လည်း ဖြစ်နေသေးတယ်"

"ဟုတ်ပါပြီဆရာ၊ ကျွန်တော် သူတို့နှစ်ယောက်လုံးနဲ့ ဆက်သွယ် ပါမယ်"

စားပွဲကို ကျောခိုင်းကာ ရဲစခန်း တံခါးပေါက်ဆီသို့ လျှောက်သွား သော ကိုသန့်စင်၏ နောက်ကျောပိုင်းကို ဦးလှရွှေ ငေးကြည့်နေသည်။

www.burmeseclassic.com



ကိုသန့်စင်သည် သူနှင့်တွဲ၍ အလုပ်လုပ်လာသော ကာလ
သောက် သိပ်အပါ:အနုပ်ကြီးမဟုတ်၊ ထိုက်သင့်သလောက်သာ ဉာဏ်
ဖြစ်သည်။

သို့တိုင် သူ့ကို ဉာဏ်သွားသူထက် အင်အားအသုံးပြုသူအဖြ
ဦးလှရွှေ ပိုမိုအလိုရှိနေမိသည်။

ကိုသန့်စင်၏ ကိုယ်ခန္ဓာသည် အားကစားသမားတစ်ယောက်
တုတ်ခိုင်ပြီး အချိုးအစား ကျလှသည်။ အရပ်အမောင်း မြင့်မားသည်
သူ့ခန္ဓာကိုယ် အဟန့်ကြောင့် ဒုဓ ိုက်သမားများ လေးစားခဲ့ညားရသည်

သူ၏ လက်များမှာ လက်သီးဆုပ်လိုက်လျှင် အုန်းသီးတစ်
ပမာဏလောက် ရှိမည်ထင်ရသည်။

အရပ် ငါးပေခြောက်လက်မနှင့် ကိုယ်အလေးချိန် ပေါင်တစ်
ငါးဆယ်လောက်ရှိသူက ကြောင်က ကြွက်ကလေးဖမ်းသလို ဖမ်းနိုင်မည်
ယူဆရသည်။ အရိုးရော အသားပါ ကြေမွသွားအောင် ကိုင်ပေါက်
မည်ဟု ထင်မှတ်ရသည်။

ကိုသန့်စင်နှင့် ပတ်သက်၍ ထိုအတွက် ဦးလှရွှေမှာ အစဉ်
ကျေနပ်ခြင်းကို ခံစားနေရတတ်ပေသည်။

*

နှစ်။

ရယ်ဂျီဘမောင် သို့မဟုတ် လွမ်းမိုင်းသည် ကုန်သည်လမ်း ပလ
ဖောင်းတလျှောက်တွင် နာရီပေါင်း အတော်ကြာအောင် လမ်းလျှောက်လျ
ရှိသည်။ စီးကရက် အလိပ်ပေါင်း အတော်များများကို ရှိုက်ဖွာပစ်ခဲ့
ဖြစ်သည်။

ယခုတော့ သူ မန်ကျည်းပင်တစ်ပင်ကို မှီရပ်ကာ အနားယူ
သည်။ ဗူးထဲမှ နောက်ဆုံးစီးကရက်ကို ရှိုက်ဖွာနေသည်။

သူနှင့် မျက်နှာချင်းဆိုင်တည့်တည့် လမ်းတစ်ဖက်ခြမ်းတွင် ပြ

အဆောက်အအုံကြီးတစ်ခုရှိသည်။ အဝိုးရဌာနကြီးတစ်ခုဖြစ်
အထပ် လေးထပ်ရှိသည်။

နေ့အခါ လူသံ ကားသံတို့ဖြင့် ရှုပ်စည်ကားကာ ကြက်ပျံမကျ
တက်ကျက်ကျက် ရှိနေတတ်သည့် ကုန်သည်လမ်းတလျှောက်မှာ
ညအခါ၊ ကျတော့လည်း တိတ်ဆိတ်ငြိမ်သက်နေသည်။ လူသူ
ရှင်းနေသည်။

မိုးပြေးကလေး တစ်ဖြိုက်ရွာလိုက်ခြင်းကလည်း လူပို၍ရှင်းအောင်
လိုက်သလိုဖြစ်သည်။

ဝေါခနဲ ဝေါခနဲ အပြင်းမောင်းနှင်သွားသည့် ဘတ်စ်ကားသံများ
ကြားနေရသည်။ ကားများ ဖြတ်သွားသည်ကိုသာ ရိပ်ခနဲ တွေ့
ရတတ်သည်။ လမ်းတစ်ဖက်ရှိ အဆောက်အအုံအထပ် အားလုံးလို
မီးမှောင်ချထားသည်။ မှောင်မည်းလျက်ရှိသည်။ အဲ၊ အပေါ်ဆုံး
ထပ်မှာသာလျှင် မီးရောင်ရှိသည်။

ထိုအထပ်တွင် ယင်းဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးသည်
ခုနှင့်အတူ နေထိုင်လျက်ရှိသည်။

ရယ်ဂျီဘမောင် သို့မဟုတ် လွမ်းမိုင်းသည် အဆောက်အအုံ
ဆုံးထပ်ဆီသို့ မမှိတ်မသုံ ငေးကြည့်လျက်ရှိသည်။ စောစောကပင်
အထပ်တွင် အရိပ်တစ်ခု လှုပ်ရှားသွားလာဟန်ကို မြင်နေရသေးသည်။
တော့ ငြိမ်သက်နေသည်။

ထိုအရိပ်မှာ နွယ်ဇင်ဦး၏ အရိပ်ဖြစ်သည်ကို သူ သိသည်။

သူသည် နွယ်ဇင်ဦးအား တက်ရောက်တွေ့ဆုံရန် သင့်မသင့်
ရင်း ကြာမြင့်စွာ ရပ်နေမိခြင်းဖြစ်သည်။ ချီတုံချတုံ ရှိနေရသည်။

နွယ်ဇင်ဦးအား တက်ရောက်တွေ့ဆုံရန် ကိစ္စမှာ ယခင်အခါများ
ကတော့ အဆန်းတကြယ် မဟုတ်ခဲ့။ တွေ့ဆုံနေကျပင်ဖြစ်သည်။
ကြိမ်ပေါင်းများစွာ တွေ့ဖူးခဲ့ပြီဖြစ်သည်။

စင်စစ် သူနှင့် နွယ်ဇင်ဦး ဆိုသည်ကလည်း သူစိမ်းပြင်ပြင်များ
တ်ကြ။

www.burmeseclassic.com

www.burmeseclassic.com



သို့တိုင် သည်တစ်ခါတော့ နောက်ဆံတင်းနေမိသလို ရှိသည် စိတ်ထဲမှာ လေးလံနေသလို ခံစားနေရသည်။

အကြောင်းက မြောက်မြားစွာရှိနေသည်။

'လွှမ်းမိုင်း' အမည် မခံယူမီက သူသည် 'ရယ်ဂျီဘမော်ဒ်' အမည်ဖြင့် ထင်ရှားနှင့်သူဖြစ်သည်။

သူသည် ဂီတသမားတစ်ယောက်ဖြစ်သည်။ တေးသမားတစ်ယောက်ဖြစ်သည်။

ယခု အပြောနှင့် ပြောရလျှင်တော့ 'တေးသည်'ဟုဆိုရပေမည်။

အစပိုင်းက တေးဂီတကို ဝါသနာအလျောက် သီဆိုတီးမှုတ်ခဲ့သော်လည်း ယခုတော့ 'ကြေးစား' ဖြစ်လာရသောကြောင့်ဖြစ်သည်။

ရယ်ဂျီသည် ဂစ်တာတီးသည်။ သူသည် အဖွဲ့တွင် လီဒ်ဂစ်တာအတီးများသည်။ သို့သော် ရစ်သမ်သမားလိုလျှင် ရစ်သမ်၊ ဘေ့စ်လိုလျှင် ဘေ့စ်၊ တစ်ခါတရံ ဒရမ်ကို ဝင်ခေါက်ရသေးသည်။

သူသည် အဖွဲ့၌ 'ဂျိုကာ'ပင်ဖြစ်သည်။ လိုအပ်သောနေရာဝင်ဖြည့်ပေးရတတ်သည်။ ကိုယ်တိုင် သီချင်းရေးပြီး ရံခါကိုယ်တိုင်ဝင်ဆိုသည်။ သို့သော် အဆိုတွင်ကား ကံမလိုက်ဟု ဆိုရမည်။ အဆိုနှင့်အောင်မြင်လှသည် မဟုတ်ပေ။

စင်စစ် 'တေလေငှက်' အဖွဲ့သည် ယခုမှ ပေါ်ပေါက်လာသည် မဟုတ်။ ကြာမြင့်စွာကတည်းကပင် ပေါ်ပေါက်ခဲ့သည်။

အစပိုင်းကတော့ လူငယ်တစ်စု လမ်းသောပလက်ဖောင်း ခါတ်မီးတိုင်အောက်တွင် အပျော်တမ်း စပြီးတီးခတ်ခဲ့သည်။ သည်ကနေ တစ်ဆင့်ထက်တစ်ဆင့် တန်ဆောင်တိုင် ပွဲတော်များ၊ မွေးနေ့ဧည့်ခံပွဲများ ခရစ္စမတ် ညများတွင် စင်ထက်၌ စတင်တီးခတ်ခဲ့ကြသည်။

သည်ကနေ အောင်မြင်မှုများ ရလာခဲ့သည်။ အပျော်တမ်းမှသည် ကြေးစားဖြစ်လာသည်။ စတိတ်ရှိုးများတွင် အခကြေးငွေယူ၍ တီးသည်။

စီးရီးများတွင် ကြေးယူ၍ ဝင်တီးပေးသည်။ ရံခါ သူတို့ကိုယ်တိုင် စီးရီးများ ထုတ်ဝေလေသည်။



'တေလေငှက်'ကို တည်ထောင်သူ၊ ဦးစီးသူနှင့် သံယောဇဉ်ရှိစွာ ဆက်လက်တည်တံ့အောင် ထိန်းသိမ်းခဲ့သူမှာ ရယ်ဂျီသာဖြစ်သည်။ ရယ်ဂျီသည် တေလေငှက်၏ အမာခံ။

ယခုတော့လည်း စတင်စုစည်းစဉ်က သူအချို့ မရှိတော့ပေ။ တေလေငှက်အမည်နှင့် လိုက်ဖက်စွာ ကွဲထွက်လွင့်ပျံသွားကြပေပြီ။

တေလေငှက်၌ မြဲနေသူတစ်ယောက်မှာ 'နွယ်ဇင်ဦး'ဖြစ်သည်။

ယခု 'လွှမ်းမိုင်း' အမည်ယူထားသော ရယ်ဂျီအကြောင်း အလျင်ပြောချင်သည်။

ရယ်ဂျီသည် ဂီတသံယောဇဉ်ကြောင့် ပညာသင်ခြင်းကို တစ်ပိုင်းတစ်စနှင့် စွန့်လွှတ်ခဲ့သည်။

သူ၏ဖခင်မှာ အငြိမ်းစား စက်ရှင်မင်းကြီးဖြစ်သည်။ သားကို အသါစား လမ်းဘေးတေးသည် ဖြစ်စ မမြင်လို၊ တားမြစ်ပိတ်ပင်၍ မရသောအခါ စွန့်ပစ်ထားလိုက်သည်။

ရယ်ဂျီကိုယ်တိုင်က အနုပညာမာနရှိသည်။ သူ ဝါသနာပါသော အလုပ်ကို လုပ်သည်။ မိဘစွန့်ပစ်ခြင်းကို အမှုမထားဘဲ သူ့လမ်းကို သူ ဇွဲကြီးစွာ လျှောက်လှမ်းလာခဲ့သည်။ စွန့်ပစ်ခြင်းခံရစဉ်က ရင်ကော့ ခေါင်းမော့၍ အိမ်မှဆင်းခဲ့သူ ဖြစ်သည်။

သို့သော် 'ကြွေတစ်လှည့်၊ ကြက်တစ်ခုန်' ဆိုသလိုပါပဲ။

စောစောပိုင်းက တေလေငှက်၏ အခြေအနေသည် အလွန်ကောင်းသည်။ အနာဂတ်အတွက် အလင်းရောင်များကို မြင်နေရသည်။ အောင်မြင်ကျော်ကြားမှုနှင့်အတူ ငွေကြေးများကိုလည်း ထုပ်ထုပ်ပိုက်ပိုက် ရလာနိုးမည် ထင်ခဲ့သည်။

အခြေအနေက ထင်သည့်အတိုင်း ပြက်မလာခဲ့။

အနှစ်နှစ်ဆယ် တေးများ၊ ပြန်လည်ဆန်းသစ်တေးများက စတီရီယို သီချင်းများအပေါ် ဖြတ်သန်းကျော်လွှားလာသည်။ သီချင်းကြီးဆန်းဆန်းနှင့် နိမ်းမာသံစဉ်များကို လူတို့ နှစ်ခြိုက်လက်ခံလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရယ်ဂျီတို့ လူစုမှာ မြန်မာသံစဉ်များနှင့်ပတ်သက်၍ အခြေခံမရှိ၊ အတွေ့အကြုံ အလေ့အကျင့်မရှိ။

ရယ်ဂျီတို့ စူးစိုက်လေ့လာခဲ့သည်မှာ အနောက်တိုင်းဂီတသာ ဖြစ်သည်။ ရော့ခ်အင်ရိုး လာမလား၊ အမေရိကန် ကျေးလက်ဂီတလာမလား၊ ဒစ္စကိုလာမလား၊ ရက်ပ်လာမလား၊ အော်လ်တာနေတစ် လာမလား သည်အရာတွေမှာတော့ ရယ်ဂျီတို့တတ်သည်၊ ကျွမ်းသည်။

ရုတ်တရက် ဂီတရေစီးကြောင်း အပြောင်းအလဲတွင် ရယ်ဂျီတို့ လူသိုက် မျက်စိလည်သွားသည်။ ယောင်တောင်တောင်၊ ကြောင်တက်တက် ဖြစ်ကျန်ရစ်သည်။

စကနဦး တည်ထောင်စဉ်ကပင် 'တေလေငှက်'သည် ငွေကြေး တောင့်တင်းသော အဖွဲ့မဟုတ်။ ဂစ်တာအိုကလေးသုံးလုံးဖြင့် စခဲ့သောအဖွဲ့၊ အငြိမ့်အဖွဲ့မှ ဂျပ်စ်ဘင်နှင့် စခဲ့သောအဖွဲ့။

ထို့ကြောင့် ယခုလို အခြေအနေတွင် သူတို့မှာ ငွေကြေးသည် အဓိက လိုအပ်ချက်ဖြစ်လာသည်။ အထူးသဖြင့် ခေါင်းဆောင်နေရာ တာဝန်ယူထားသော ရယ်ဂျီအဖို့ ငွေကြေးအပိုင်းကဏ္ဍသည် ခေါင်းခဲဖွယ် ရာ ဖြစ်လာသည်။

ရယ်ဂျီသည် ပင်ကိုကပင် အကျည်းတန်သူဖြစ်သည်။ အရုပ်ဆိုးသူ ဖြစ်သည်။

သူ၏အရုပ်သည် ငါးပေကို သီသီကလေးမျှသာကျော်သည်။ လက်မ အစိတ်အပိုင်းလောက်သာ ကျော်သည်။ သူ၏ခန္ဓာကိုယ်မှာ အနည်း ငယ် ရွဲ့သယောင်ရှိသည်။ မျက်လုံးပြူးပြူး နှာတံပွပွနှင့် ထူထဲသော နှုတ်ခမ်းများရှိသည်။

ထို့ကြောင့် သူ့ကို 'မှင်စာ'ဟု နောက်ပိုင်းတွင် ခေါ်လေ့ရှိကြသည်။

သူ၏နှာတံသည် အလိုမကျသောအခါ ဒေါသဖြစ်သောအခါများ တွင် ရဲနီလာတတ်သည်။ သူ၏ မျက်လုံးများသည် မီးစုံးလို အရောင် တောက်ပလာတတ်သည်။ သူ၏ ညိုညစ်သောအသားသည် သွေးမရှိသလို ဖျော့တော့သွားတတ်သည်။



သူသည် ပြုံးခဲရယ်ခဲသည်။ တစ်ခါတရံ ရယ်မောလျှင်လည်း အမ်ပွာယ် ကင်းမဲ့ကာ ခြောက်သွေ့နေတတ်သည်။ သူသည် အတွေးသမား ဖြစ်သည်။ ငြိမ်သက်ခြင်းနှင့် အထီးကျန်ခြင်းကို နှစ်သက်တတ်သည်။

သို့သော် သူကား ဖန်တီးရှင်ဖြစ်သည်။ အနုပညာရှင်ဖြစ်သည်။ ဂီတကဝေဖြစ်သည်။

ခေတ်ပေါ် စတီရီယို သီချင်းများ ကောင်းစားစဉ်က သူ၏ သီချင်း များကို လမ်းတကာမှာ ကြားရသည်။ လူငယ်များ၏ နှုတ်ဖျားမှာ ရေပန်း စားခဲ့သည်။ ကက်ဆက်တကာမှ ပေါ်ထွက်လာလေ့ရှိသည်။ ဆယ်စုနှစ် ကော်မျှ လူငယ်များအပေါ်တွင် သူ လွှမ်းမိုးနိုင်ခဲ့သည်။

သည်စဉ်က ငွေကြေးထက် ဝါသနာကို အလေးထားခဲ့မိသည့် အတွက် ယခုအခါ နောင်တရနေမိသည်။ အောင်မြင်မှုများနှင့် ကြုံကြိုက် ဉီက လက်ဖျားငွေသီးနေခဲ့သော်လည်း ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရသော အခါ သည်းခြေကြိုက်အစာ ငွေသည် အလိုအပ်ဆုံးနှင့် အတောင့်တ[illegible] အရာ ဖြစ်လာသည်။

သို့ဖြင့် ရယ်ဂျီသည် လုပ်ငန်းရေးရာကတစ်ဖက်၊ အနုပညာရေးရာ က တစ်ဖက်၊ ငွေကိစ္စကတစ်ဖက်ဖြင့် မနိုင်ဝန်ကို သယ်ပိုးထားရသူလို ဖြစ်လာသည်။ သူ့ကိုကြည့်လျှင် အမြဲတမ်း စိတ်ညစ်နေပြီး လောကကြီးကို နာလိုနေသူအဖြစ် မြင်ရမည်။ သူနှင့် စကားပြောကြည့်လျှင် စိတ်ဖောက် ပြန် ဆိုးသွမ်းနေသူလေလား ထင်ရသည်။

သြော်... သည်အကြား နွယ်ဇင်ဦးက တစ်မျောင့်။

'တေလေငှက်'သည် နွယ်ဇင်ဦးအပေါ် မျှော်လင့်ချက်ဖြင့် ဆက်လက် ရပ်တည် ရှင်သန်နေသည်ဟု ဆိုနိုင်သည်။

နွယ်ဇင်ဦးကား 'တေလေငှက်'၏ တစ်ဦးတည်းသော မိန်းမသား ပင်တိုင်အဆိုတော် ဖြစ်သည်။

'တေလေငှက်'ကို ဖွဲ့စည်းစက သူမ အပျော်တမ်း ဝင်ဆိုခဲ့ ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆော့ စာသင်ရက်များအတွင်း ပါဝင်သီဆိုခြင်းကို ရှော ရှားနေခဲ့သည်။ နောက်မှ ရယ်ဂျီ၏ တိုက်တွန်းမှုအရ ပြန်သည်သီဆိုခြ ဖြစ်သည်။

ထိုအခါ ရယ်ဂျီတို့မှာ ကြေးရနေပြီဖြစ်သည်။ ကြေးစားများ ဖြ နေခဲ့ပြီဖြစ်သည်။

နွယ်ဇင်ဦးသည် ရယ်ဂျီရေးပေးသော သီချင်းများဖြင့် အောင်မြ ကျော်ကြားလာခဲ့သည်။ ပရိသတ်၏ ဩဘာ လက်ခုပ်သံကို ရလာခဲ့သည

အကယ်၍ နွယ်ဇင်ဦးကသာ 'တေလေငှက်'အပေါ် သံယော ပြတ်မည်ဆိုလျှင် အခြားတောင့်တင်းသော ဝိုင်းများသို့ ရောက်ရှိသွား သည့်ထက်မက နာမည်ကြီးနိုင်သည်။ သည့်ထက်မက ငွေရနိုင်သည် အမှန်။

ကမ်းလှမ်းလာသော ဝိုင်းတို့ကလည်း မနည်းလှ။

သို့သော် နွယ်ဇင်ဦးသည် 'တေလေငှက်' အပေါ် သံယောဇဉ်ကြ စွာ ဖက်တွယ်နေခဲ့သည်။ အခြေအနေ အချိန်အခါကောင်းကို စောင့်မျှ နေခဲ့သည်။ 'တေလေငှက်'ကလည်း သူမ၏ တစ်ကိုယ်တော်စီးရီးများ ထုတ်ဝေရန် ကျားကုတ်ကျားခဲ ကြိုးပမ်းနေသည်။

နွယ်ဇင်ဦးသည် အသံသာသည်သာမက ရုပ်ရည်ကလည်း ချေ မောသူဖြစ်သည်။

အကယ်၍ အလွန်အမင်း ပိန်မနေဘူးဆိုလျှင် ရုပ်ရှင်သို့ပါ ကူ ပြောင်းနိုင်သည်။

သူမသည် အရပ်ရှည်သွယ်သည်။ ဘဲဥပုံ မျက်နှာလေးရှိသည် မေးချွန်ကလေးမှာ ကွက်တိကျပြီး သပ်ရပ်နေသည်။

ဆံပင်သည် ကြေးနီရောင်ရှိသည်။ ဝန်းစက်ပြီး အပြာရည်လွှ နေသော မျက်ဝန်းကြီးများရှိသည်။ ချွန်ထက်သေသပ်သော နှာတံနှ ပါးလျားရွှန်းစိုသော နှုတ်ခမ်းကလေးများရှိသည်။

စင်စစ် သူမသည် ကပြားမကလေးဖြစ်သည်။ အမည်ရင်းမှာ 'ရီတာ' ဖြစ်သည်။

နွယ်ဇင်ဦးသည် လုပနေပျိုပြီး ပျော်ရွှင်လန်းဆတ်သော မိန်းကလေ ဖြစ်သင့်သည်ဟု ရယ်ဂျီထင်သည်။ သူမသည် ထာဝစဉ် ရယ်မောရွှင်



ပြီး အောင်မြင်ကျော်ကြားခြင်းနှင့် ချမ်းသာကြွယ်ဝခြင်းကို ပိုင်ဆိုင်သင့် သည်ဟု ထင်သည်။

အကယ်၍ နွယ်ဇင်ဦးသာ သူမနှင့် ရွယ်တူတန်းတူ၊ သို့မဟုတ် ထက် အသက်ယောင်ယောင်ကြီးသော ချမ်းသာကြွယ်ဝသူတစ်ယောက် လက်ထပ်သွားခဲ့မည်ဆိုလျှင် ထိုအခွင့်အရေးကို မိမိကိုယ်တိုင် မရ သည့်တိုင် ရယ်ဂျီ ခွင့်လွှတ်မိမည်ဖြစ်သည်။

နွယ်ဇင်ဦး၏ဘဝကို အလုံးစုံနားလည်ထားသူမှာ ရယ်ဂျီဖြစ်သည်။

နွယ်ဇင်ဦးတွင် မိဘမရှိတော့ပေ။ ငယ်စဉ်ကပင် အဒေါ်ဖြစ်သူက ကျွေးမွေးစောင့်ရှောက်လာခဲ့သည်။

ကျွေးမွေးစောင့်ရှောက်သည်ဆိုသော်လည်း အိမ်မှာ အိမ်ဖော်သာသာ အထားဖြင့် နေထိုင်ကာ အိမ်မှုကိစ္စများကို တွေ့မရှောင်လုပ်ခဲ့ရသည်။ ခဲတစ်ပိုင်း၊ ကျောင်းသူတစ်ပိုင်းဖြင့် ဘဝကို ကျင်လည်လာခဲ့ရသည်။ ကြောင့်လည်း စာမေးပွဲများကို အတန်တန် ကျရှုံးခဲ့ရခြင်း ဖြစ်ပေလိမ့် မည်။

သူမ၏ဘဝတွင် ရည်မှန်းချက်နှစ်ခုသာ ရှိသည်။

တစ်ခုမှာ သီချင်းများ သီဆိုကာ အောင်မြင်ကျော်ကြားလာဖို့။

နောက်တစ်ခုမှာ ထိုသီချင်းများကို စီးရီးအခွေအဖြစ်သို့ ငွေကြေး ထုတ်ပြီး ထုတ်ဝေပေးနိုင်သူ ငွေကြေးချမ်းသာသူနှင့် လက်ထပ်ဖို့။

သို့သော် နွယ်ဇင်ဦးသည် လူရွေးမှားခဲ့လေသည်တကား။

●

သုံး။

နွယ်ဇင်ဦးသည် ချစ်ကဲဆိုးမကလေးဟုပြောလျှင် ရနိုင်မည်ထင် သည်။ သူမ၏ လုပမှုနှင့် ကျော်ကြားမှုများနှင့် စပ်လျဉ်းကာ လက်ထပ် လိုသူ မြောက်မြားစွာရှိခဲ့သည်။ သူမအား ချဉ်းကပ်သူ အမြောက်အမြား ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

တောင်ကြီးမြို့နေ စဝ်ခွန်ဝင်းဆိုလျှင် မျိုးရိုးအရရော၊ ရုပ် အရရော၊ ချမ်းသာကြွယ်ဝမှုအရပါ ဆိုစရာမရှိအောင် ပြည့်စုံသူဖြစ်သ သူသည် နွယ်ဇင်ဦးကိုလည်း နှစ်နှစ်ကာကာ ချစ်မြတ်နိုးခဲ့လေသ သို့သော် သူသည် မိုးတစ်နေ့တွင် တောင်ကြီးသို့အပြန် မော်ဘော် မှောက်ကာ သေဆုံးခဲ့သည်။

ကိုအောင်ကျော်ဌေးဆိုသူ ရှိသေးသည်။ မြိတ်ဘက်မှ သူဌေး သည်။ စက်လှေပိုင်ရှင်ဖြစ်သည်။ သူသည် ရန်ကုန်မှ မြိတ်သို့ စက်လှေ ထွက်သွားခဲ့ပြီး မြိတ်သို့ ဘယ်သောအခါမှ ပြန်မရောက်ခဲ့တော့

ဦးကံပေါ်ဆိုသော မြေနှင့်ခြံများပိုင်ရှင် မုဆိုးဖိုတစ်ဦးကလ နွယ်ဇင်ဦး၏ အဒေါ်မှတစ်ဆင့် လက်ထပ်ဖို့ နားဖောက်ဖူးသည်။ သို့ သူသည် ဆွေမျိုးများအလိုကျ ခယ်မဖြစ်သူနှင့် လက်ဆက်ခဲ့ရသည်

သည်အကြားမှ နွယ်ဇင်ဦးသည် သက်ဆွေဦးနှင့် ငြိစွန်းခဲ့လေသ

သက်ဆွေဦးမှာ အခြားသူမဟုတ်။ 'တေလေငှက်'ကို ဖွဲ့စည်းခဲ့ ဒုရမ်သမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။ အားလုံး၏ ငယ်သူငယ်ချင်းလ ဖြစ်သည်။

သူသည် 'တေလေငှက်'နှင့် နှစ်ပေါင်းများစွာ ကင်းကွာခွဲ သွားခဲ့သည်။ နောက်မှတစ်ဖန် ပြန်ရောက်လာသည်။ သူ ခွဲထွက်သွားခါ နွယ်ဇင်ဦးမှာ ယခုလို နာမည်မရှိသေး။ မကျော်စောသေး။ အသက် ဖြင့်လည်း ငယ်သေးသည်။

သက်ဆွေဦးသည် မန္တလေးမှ အမျိုးသမီးတစ်ယောက်နှင့် လ ထပ်ခဲ့သည်။ ထို့ကြောင့် ပြဿနာ မပေါ်တန်ကောင်းဟု ထင်ခဲ့သ

ရှေ့ပိုင်းတုန်းက ဖြစ်ပါသည်။

ရယ်ဂျီနှင့် သက်ဆွေဦးတို့သည် တစ်နေ့သောအခါ နွယ်ဇင်ဦး တိုက်ခန်းမှာ နွယ်ဇင်ဦးနှင့် တွေ့ဆုံစကားစမြည်ပြောပြီး ပြန်လာခဲ့ကြသ သူတို့သည် 'နန်းသီတာ' သို့ဝင်ကာ ဘီယာသောက်ကြသည်။

ထိုအခါ သက်ဆွေဦးက ရယ်ဂျီအနေနှင့် ဘယ်လိုမှ မျှော်လင့်မထာ သော သတင်းစကားတစ်ခုကို ဆိုခဲ့သည်။



"ကိုယ်နဲ့ ဇင်ဦးတို့တော့ ချစ်နေကြပြီ ထင်တာပဲ ရယ်ဂျီ"

ရယ်ဂျီသည် သတင်းစကားအတွက် အံ့အားတသင့်လည်း ဖြစ်မိ သည်။ သက်ဆွေဦးအား ကြေကွဲစွာ စူးစိုက်ကြည့်နေမိသည်။

သက်ဆွေဦး၏ ရုပ်ရည်မှာ မနာလိုချင်စရာကောင်းလောက်အောင် ချောမောသည်အမှန်ပင်။ အရပ်မြင့်မြင့် အသားလတ်လတ်နှင့် ကပြားရုပ် ပေါက်နေသည်။ လက်မထပ်ခင်က သူသည် စန်းပွင့်သူဖြစ်သည်။ မိန်း ကလေးမြောက်မြားစွာ၏ အရေးပေးခံရသူဖြစ်သည်။ သည်အထဲက မန္တလေးသူနှင့် စွံသွားခဲ့ခြင်းဖြစ်သည်။

"မင်း ဇင်ဦးကို ဖွင့်ပြောလိုက်ပြီလားဟင်"

ရယ်ဂျီ မေးသည်။

"ဘယ်လိုလုပ် ပြောနိုင်မှာလဲ၊ ကိုယ့်မှာက လက်ရှိလက်ထပ် ထားသူ ဖြစ်နေတယ် မဟုတ်လား"

"မင်း သိပ်နောက်ကျခဲ့ပါပြီ သက်ဆွေ၊ တကယ်တော့ ဇင်ဦးကို ချစ်တယ်ဆိုရင် လက်မထပ်ခင်ကတည်းက ဖွင့်ပြောဖို့ အခွင့်အရေးတွေ ရခဲ့လျက်သားနဲ့"

ဝန့်တိုစိတ်ကို ရယ်ဂျီ ဖုံးကွယ်၍မထားနိုင်ခဲ့။ ကြိတ်ပြီး တားမြစ် စကားဆိုသည်။

"ဟိုတုန်းကတော့ ဇင်ဦးဆိုတာ ပေါက်စကလေး ရှိသေးတာပဲ၊ မိန်းတာရိုးမကလေးပဲ၊ ခုလို လှလာလိမ့်မယ်လို့ ဘယ်သူက မျှော်လင့် ထားမလဲ၊ ခုတော့"

"ခုတော့ ဘာဖြစ်လဲဟင်"

"သူ သိပ်လှလာတယ်၊ ဆွဲဆောင်မှုနဲ့ ပြည့်ဝလာတယ်"

ရယ်ဂျီသည် ခေါင်းကိုခါယမ်းပြီး–

"သိပ်ဆိုးတဲ့အဖြစ်ပဲ သက်ဆွေ၊ ဇင်ဦးက ဒီအဖြစ်ကို လက်ခံမှာ သား၊ မင်းရဲ့ဇနီးနဲ့ ပတ်သက်လို့ကော"

"ကိုယ့်မိန်းမဆီကို ကွာရှင်းပြတ်စဲပေးဖို့ စာရေးထားခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရှေ့အပတ်ထဲလောက်မှာ အဖြူအမည်း သဲကွဲလာမှာပဲ၊ တကယ်တော့ ကိုယ် ရန်ကုန်ပြန်ရောက်လာရတာကလည်း အိမ်ထောင်ရေး အဆင်မပြေ လို့ပဲ ရယ်ဂျီ၊ ကိုယ့်မိန်းမက ငွေဂုဏ်သိပ်မောက်တယ်လေ၊ ယောက္ခမ တွေကလည်း မကြည်ဘူး”

ရယ်ဂျီသည် သက်သေဦးအပေါ် မစ္ဆရိယစိတ် အစဉ်ထားရှိလာ သည်။ သူ၏ ရုပ်ရည်ချောမောမှုအပေါ်တွင်သာမက၊ မိန်းကလေးတွေ ဖွဲ့လမ်းနှစ်သက်ခြင်းအပေါ်တွင်သာမက၊ စတိတ်ရှိုးတိုင်းတွင် ပေါ်ပြူလာ ဖြစ်ခြင်းအပေါ်တွင်ပါ မစ္ဆရိယစိတ် မွေးမြူထားခဲ့သည်။

စိတ်ထဲက မုန်းတီးနေခဲ့သော်လည်း ‘တေးလေငှက်’တွင် သက်သေ ဦး၏ အခန်းကဏ္ဍကလည်း မသေးလှ၍ အောင့်အည်းလက်ခံထားခဲ့ရခြင်း ဖြစ်သည်။

ဘီယာပုလင်းများကို လက်သတ်ပြီးနောက် နန်းသီတာမှ အပြန်တွင် ရယ်ဂျီပြောခဲ့သည်။

“တစ်စုံတစ်ခု သတင်းထူးရင် မင်း ကိုယ့်ကို အရင်အသိပေးမယ် လို့ ကတိပေးနိုင်ပါ့မလားဟင်”

“ဘာလို့ မပေးနိုင်ရမှာလဲ၊ ကိုယ် မင်းကို အစစအရာရာ ပထမဆုံး အသိပေးပါမယ် ရယ်ဂျီ”

လူချင်းခွဲခဲ့ကြသောအခါ ရယ်ဂျီသည် ကုန်သည်လမ်းအတိုင်း မိုးရွာထဲမှာ လျှောက်ခဲ့သည်။ သူ၏ရင်ထဲတွင် နင့်နေသည်။ နာနေသည်။ ကြေကွဲဝမ်းနည်းခြင်းဖြင့် ပြည့်နှက်နေသည်ဟု ထင်သည်။

အို ဒီလိုမဖြစ်သင့်ဘူး။ မဖြစ်ထိုက်ဘူး။

သူသည် ရင်ထဲမှာ ပုံတင်သံသဖွယ် သည်စကားကို အတန်တန် ရွတ်ဆိုနေမိသည်။

ရယ်ဂျီအဖို့ နွယ်ဇင်ဦးသည် ပန်းကလေးတစ်ပွင့်ဖြစ်သည်။ အဲဒီ ပန်းကလေးကို သူ လပေါင်းနှစ်ပေါင်းများစွာ ပျိုးခဲ့ရသည်။ သူသည် ပန်းခြံပိုင်ရှင်အဖြစ်သည့် ဥယျာဉ်မှူးဖြစ်သည်။ ရေလောင်းခဲ့သည်။ ပေါင်းသင်ခဲ့ သည်။ ပိုးမွှားများကို ဖယ်ရှားခဲ့သည်။

ဥယျာဉ်မှူးသည် နေရောင်ခြည်အောက်မှာ တစ်စထက် တစ်စ ဝွားဝွား စွင့်စွင့် ပွင့်လာသော ပန်းကလေးကို မခူးရက် မနမ်းရက်ဘဲ အရိပ်တကြည့်ကြည့် စောင့်ကြည့်နေခဲ့သည်။

ယခု အစွမ်းကုန် ပွင့်လန်းလာပြီ၊ အစွမ်းကုန် မွှေးကြိုင်လာပြီ ဆိုတော့မှ ခူးချင်သူတွေ ပေါ်လာသည်။ ပျားပိတုန်းနှင့် လိပ်ပြာတွေ ဝိုင်း လည်လာသည်။

‘ဥယျာဉ်မှူး ပန်းမခူးရ’ ဆိုသလိုများ ဖြစ်နေပြီလား တွေးမိသည်။ အို ဒီလိုမဖြစ်သင့်ဘူး။ မဖြစ်ထိုက်ဘူး။

သူ ခေါင်းကိုယမ်းခါရင်း အသံထွက်အောင်ပင် ရေရွတ်လိုက်မိ သည်။

တစ်ဆက်တည်းမှာလည်း ကိုယ့်ကိုယ်ကိုယ် အားမရနိုင်အောင် သည်။

ဘာကြောင့် အသည်းကို လိမ်လည်လှည့်စားခဲ့မိပါလိမ့်၊ ဘာကြောင့် ဟန်ဆောင်ခဲ့မိပါလိမ့်။

အခါခါ အားတင်းဖူးသည်။ အားခဲဖူးသည်။

“ဇင်ဦး မင်းကို ကိုယ် ချစ်နေမိပြီ”ဟု ဖွင့်ပြောရန်ဖြစ်သည်။

သို့သော် နွယ်ဇင်ဦးရှေ့တွင် သူသည် ရင်တွေခုန်ကာ ဒူးတွေတုန် ကာ အာခေါင်တွေ ခြောက်သွေ့ကာ သည်စကားကို မပြောရဲ မပြောဝံ့ အောင် ရှိခဲ့သည်။ ရင်ထဲတွင်ပင် ကျိတ်မှိတ်မျိုသိပ်ထားခဲ့ရဖူးပေါင်း များခဲ့ပြီ။

နွယ်ဇင်ဦး နေထိုင်သော လေးထပ်တိုက်ရှေ့သို့ ရောက်လာသည်။ ကျည်းပင်အရိပ်ခိုကာ နွယ်ဇင်ဦး၏အခန်းကို သူ စောင့်ကြည့်နေသည်။ ဇင်ဦး၏ အရိပ်သည် မှန်ပြတင်းတွင် ထင်နေသည်။

သူမ၏ အခန်းမှ မီးမှိတ်လိုက်မှ သူ ပြန်သည်။

“ဇင်ဦး မင်းကို ကိုယ်ချစ်တယ်”

www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်း မိုးရွာထဲတွင် သူတစ်ကိုယ်တည်းသာ ကြား

အောင် ရေရွတ်မိပြီ။

ပြီး မိုးနှင့်အပြိုင် မျက်ရည်များလည်း စီးကျလာတတ်လေ

*

လေး။

ရှေ့အပတ်ထဲတွင် သူတို့အဖွဲ့ အင်းယားလိတ် မင်္ဂလာဆောင်တ

ဖြေဖျော်ကြရသည်။

ရယ်ဂျီ၊ သက်ဆွေဦး၊ နွယ်ဇင်ဦး အပါအဝင် လူစုံတက်စုံပ

သည်။

မင်္ဂလာ အခမ်းအနားပြီးတော့ ညနေခြောက်နာရီ။

တူရိယာ ပစ္စည်းများကို ပို့ပေးပြီးနောက် ရယ်ဂျီနှင့် သက်ဆွေ

တို့ နန်းသီတာသို့ အပန်းဖြေရန် ရောက်လာကြသည်။

သည်ကနေ့တော့ သူတို့ အရက်ပြင်းသောက်ကြသည်။ ရမ်သော

ကြသည်။

ညနေပိုင်းတွင် မိုးဖွဲလာ၍ ဖြစ်ပါသည်။ အေးလာ၍ဖြစ်ပါသည်

ယခင်ကတော့ သူတို့ ဘီယာကိုသာ သောက်တတ်ပြီ။

သက်ဆွေဦးသည် နေ့လယ်ပိုင်းကလည်း အင်းယားလိတ်ဟိုတယ်

မိတ်ဆွေတစ်ဦးနှင့်ဆုံကာ အနည်းအပါး သောက်ထားသေးသည်။

သက်ဆွေဦးက အင်းယားလိတ် ဧည့်ခံပွဲတွင် ရှိနေစဉ်ကပင်-

"ရယ်ဂျီ မင်းကို အသိပေးစရာ သတင်းထူးရှိနေတယ်" ဆိုခဲ့သည်

ထိုအတွက် ရယ်ဂျီမှာ သိချင်စိတ်စောနေသည်။ ရင်ခုန်နေသည်

သတင်းက အဆိုးလား၊ အကောင်းလား။

ဝမ်းနည်းစရာလား၊ ဝမ်းသာစရာလား မတွေးတတ်နိုင်သေး။

နန်းသီတာသို့ ရောက်ခါစကပင် ရယ်ဂျီက မေးခဲ့သည်။

"ကိုယ့်ကို အသိပေးစရာ သတင်းထူးရှိတယ်ဆို"



သက်ဆွေဦးက လက်ကာပြပြီး-

"အေးအေးဆေးဆေးကျမှ ပြောရအောင်ပါ"

သူတို့ အခြားအကြောင်းအရာများကို ပြောရင်း ကြာမြင့်စွာ

နေကြသည်။

ခင်စစ် စကားဖောင်လောက်အောင် ပြောနေသူမှာ သက်ဆွေဦး

သည်။ ရယ်ဂျီကား နားထောင်သမားသက်သက်။ ငြိမ်သက်တိတ်

စွာ နားထောင်နေခဲ့သည်။

နောက်တွင်တော့ သက်ဆွေဦးသည် ထိုင်ရာမှထသည်။

"ကိုယ်တို့ ဇော်တာကို ဆင်းကြရအောင်"

"ဟင်... ဘာအတွက်လဲ"

"ဒီနေရာမှာ လူသံသူသံတွေ ဆူညံနေတာပဲ၊ ဇော်တာမှာ

တို့ အေးအေးဆေးဆေး စကားပြောရအောင်၊ မင်းကြားချင်တဲ့

င်းကိုလည်း ပြောမယ်လေ"

ရယ်ဂျီသည် သက်ပြင်းရှိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်သည်။

တို့ ကျွန်းမာရေးဆိပ်ကမ်း ဇော်တာကို ဆင်းလာကြသည်။

မိုးသည် ဖွဲဖွဲစွေစွေ ရွာနေဆဲ။ မိုးရွာနေသည်နှင့်မတူ။ နှင်းဖွဲမှုန်

လေးတွေ ကျဆင်းနေသည်နှင့်တူသည်။

အလွန် အေးမြ၍ကားနေသည်။ ထို့ကြောင့်ပင် ထင်သည်။ ဆိပ်ခံ

ဇော်တာတွင် လည်းကောင်း၊ အနီးပတ်ဝန်းကျင် ဆိပ်ကမ်းတွင်လည်း

ကောင်း၊ လူသူကင်းရှင်းလျက်ရှိသည်။ သူတို့နှစ်ယောက်မှအပ အခြားမရှိ။

ဆိပ်ခံတွင် ဆိုက်ထားသော မော်တော်အချို့မှာ တံခါးအလုံပိတ်

ကာ တာရပတ်များ ချထားကာ ငြိမ်သက်နေသည်။

ရယ်ဂျီနှင့် သက်ဆွေဦးတို့သည် တစ်ယောက်က ကျောက်ကြီးပုံ

မှာထိုင်သည်။ အခြားတစ်ယောက်က ကျောက်ကြီးချည်သော ဆိုင်

မှာ ထိုင်နေသည်။

တစ်ဖက်ကမ်းသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ နိုကြင်သော

ပ်စစ်မီးလုံးကလေးများကို ဝေဝါးစွာ တွေ့နေရသည်။ စာပဝါနောက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်မှ လင်းလက်နေသလိုဖြစ်သည်။

ပင်လယ်ကူး သင်္ဘောကြီးများဆီမှ မီးရောင်တို့သည်ကား တ... သော ဒီရေစီးမှာ မျောပါနေသလို ရှိသည်။

သက်ဆွေဦးသည် ရှခင်းကို ငေးကြည့်နေရင်းကနေ အိပ်မက်... နေသူတစ်ယောက်လို ရေရွတ်လိုက်သည်။

“ဒီနေရာကလေးက သိပ်လှတာပဲနော်၊ မြစ်ပြင်ရယ်၊ မီးလုံး... စုံတွေရယ်နဲ့ မီးကလည်း တဖွဲဖွဲရွာနေသေးတယ်၊ ကိုယ်တော့ သိပ်ကို... ကူးယဉ်နေချင်မိတယ် သူငယ်ချင်း”

သက်ဆွေဦး ကဗျာဆန်နေသည်ကို ရယ်ဂျီက အံ့မြင်က... စောင့်ကြည့်နေသည်။

ပျော်နေပုံထောက်ပြီး ကြားရမည့်သတင်းမှာ သက်ဆွေဦးအတွ... သတင်းကောင်းဖြစ်ပြီး မိမိအတွက် သတင်းဆိုးဖြစ်မည်ကို ရယ်ဂျီ ... တင်သဘောပေါက်နေမိသည်။

“ပြောစမ်းပါ”

“ဟင်”

“မင်း ပြောမယ်ဆိုတဲ့ သတင်းကို ပြောစမ်းပါ”

သက်ဆွေဦး ရယ်မောလိုက်သည်။

“ကိုယ်တော့ ကမ္ဘာပေါ်မှာ အပျော်ဆုံးလူတစ်ယောက် ဖြစ်... ရယ်ဂျီ။ ဘာကြောင့်လဲသိလား၊ ဒီကနေ့ည ဇင်ဦးနဲ့တွေ့မယ်၊ သူ့... ကိုယ်ချစ်နေတဲ့အကြောင်း ပြောမယ်၊ လက်ထပ်ခွင့်တောင်းမယ်”

“မင်းရဲ့ မိန်းမနဲ့ ပတ်သက်လို့ကော”

“သူက ကွာရှင်းပြတ်စဲပေးဖို့ သဘောတူတယ်တဲ့၊ ဒီက... စာရောက်လာတယ်”

ရယ်ဂျီသည် သက်ပြင်းတစ်ချက်ကို တိတ်တခိုး ရှိုက်လိုက်သည်...

သူ၏ မျက်ဝန်းမှာ မျက်ရည်ကြည် ရစ်ဝဲလာသည်။ အမှန်... သတင်းက သက်ဆွေဦးအတွက် သတင်းကောင်းဖြစ်သော်လည်း သူ့အတွ... တော့ သတင်းဆိုး ဖြစ်နေသည်။



သက်ဆွေဦးက စကားဆက်သည်။

“တကယ်လို့ ဇင်ဦးကသာ လက်ထပ်ဖို့ သဘောတူခဲ့ရင် ကိုယ် ...အပတ်ထဲမှာ မန္တလေးကို သွားမယ်၊ ကိုယ့်မိန်းမနဲ့ ကွာရှင်းပြတ်စဲတဲ့ ...ချုပ် လုပ်လာခဲ့မယ်”

“သူ သဘောတူမှာပါ သက်ဆွေ”

ရယ်ဂျီသည် ညည်းညူသလို ဆိုလိုက်သည်။

“သူက ဘာလို့ မောင်ရင့်လို လူတစ်ယောက်ကို ငြင်းပယ်ရမှာလဲ”

တကယ်တမ်းတွင်လည်း နွယ်ဇင်ဦးသည် သက်ဆွေဦးအပေါ် ...နည်းနှင့်မျှ ငြင်းပယ်လိမ့်မည်မဟုတ်ဟု ရယ်ဂျီထင်သည်။ သည်ကနေ့ ...ယားလိတ် ညစ်ခံပွဲမှာ သူတို့ချင်း ကြည့်ကြသည့် အကြည့်နှင့် ...ဆံပြောဆိုပုံများက ယင်းအကြောင်းကို အထောက်အကူပြုနေသည်။ ...သေပြနေသည်။

နွယ်ဇင်ဦးသည် သက်ဆွေဦးအပေါ် လိုအပ်သည်ထက် တွယ်တာ ...ပြနေသည်ကို ရယ်ဂျီ မြင်ခဲ့ရသည်။

ရယ်ဂျီသည် ကျောက်ကြိုးပုံပေါ်မှ ထရပ်လိုက်သည်။ စီးကရက် ...လိပ်ကို ထုတ်ယူကာ မီးဖွဲမှုန်များကို လက်ဖဝါးဖြင့်ကာပြီး မီးညှိသည်။

“ကိုယ့်အတွက်လည်း တစ်လိပ်လောက်”

သက်ဆွေဦး ထိုင်ရာမှထသည်။ မျက်နှာချင်းဆိုင် လာရပ်သည်။ ...ရက် မီးညှိသောအခါ သက်ဆွေဦး၏ မျက်နှာကို မီးရောင်ဖြင့် ...ကို မြင်သာလာသည်။

ပြုံးနေသော မျက်နှာ၊ ကျေနပ်မှုပြည့်ဝနေသော မျက်နှာ။ ရယ်ဂျီ ...က် ရှုရှာမှန်းတီးဖွယ် အကောင်းဆုံးမျက်နှာ။

ရယ်ဂျီသည် ဆိပ်ခံဗော့တံတားအစွန်းသို့ လျှောက်သွားသည်။ ...ဘွင် သန္နိဋ္ဌာန်တစ်ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ပြီးဖြစ်သည်။

“မင်းကို သူ လက်ခံမှာပါ သက်ဆွေ၊ မင်းကို သူ လက်ထပ်မှာပါ”

တစ်ကိုယ်တည်း ပြောသလို ပြောရာက နောက်သို့လှည့်ပြီး–

“ဒီမှာ ဘာလဲမသိဘူး၊ လာကြည့်စမ်း သက်ဆွေ”

www.burmeseclassic.com

www.burmeseclassic.com



သက်ဆွေဦး သူ့အပါးသို့ ရောက်လာသည်။

"ဘာလဲဟင်"ဆိုပြီး ရေထဲသို့ ငုံ့ကြည့်သည်။ သက်ဆွေဦး၏ အနေအထားမှာ ရယ်ဂျီ လိုချင်သော အနေအထားမျိုးဖြစ်သည်။ ရှေ့ ကုန်းငိုက်၍ စိုက်ကြည့်နေသည်။

"ဒါပဲ သက်ဆွေ"

ပြောရင်း ရယ်ဂျီသည် သက်ဆွေဦး၏ လည်ကုပ်ကို လက်ဝါးစောင်း ဖြင့် ခုတ်ချလိုက်သည်။

သက်ဆွေဦးသည် ညည်းသံသဲ့သဲ့ပြုရင်း ရေထဲသို့ ထိုးကျသွားသည်။ ဝဲဂယက်အကြား နစ်မြုပ်ကာ သူ၏ ကိုယ်ခန္ဓာသည် မြင်ကွင်း လျှင်မြန်စွာ ပျောက်ကွယ်သွားသည်။

ရယ်ဂျီသည် လက်ထဲမှ စီးကရက်ကို ရေထဲသို့ပစ်ချပြီး နောက် လှည့်လိုက်သည်။ ထိုအခါ ရှေ့မှာ ကိုယ်ခန္ဓာတစ်ခု ပိတ်ဆီးပြီးရပ်နေ ကြောင်း တွေ့ရသည်။ ရယ်ဂျီ ခြေလှမ်းတုံ့သွားသည်။

အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူတစ်ယောက်။ ကိုယ်တွင် မိုးကာအင်္ကျီ ဝတ်ထားသည်။ မိုးရေကာ ဖျင်ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားသည်။

လက်ထဲတွင် ငါးမျှားသော လက်ထွန်နှင့် နိုင်လွန်ကြိုး ရစ်ဘီးနှင့် ငါးဇင်ရိုင်း အချို့ကိုလည်း ကြိုးဖြင့်တွဲသီထားသည်။

"ရေထဲကို တစ်ခုခု ကျသွားသလားလို့"

သူက မေးသည်။

"ဟင့်အင်း ဘာမှ မကျပါဘူး"

ရယ်ဂျီ ငြင်းလိုက်သည်။

"ရေထဲ ကျသွားသံ ကြားမိတယ်ထင်တယ်"

"လှိုင်းရိုက်လိုက်တာပါ၊ မြင်တယ်မဟုတ်လား၊ ဒီတက်နေတာ လေ"

"ခင်ဗျား တစ်ယောက်တည်းလား"

"ဟုတ်ပါတယ်၊ တစ်ယောက်တည်းပါ"



"ခင်ဗျားတို့ နှစ်ယောက်လာသံလားလို့"

"ဟင့်အင်း ကျွန်တော် တစ်ယောက်တည်းပါ"

ရယ်ဂျီသည် စိတ်ကျဉ်းကျပ်ကာ မျက်နှာမှာ ဖြူလျော်နေသည်။ သည် ပြင်းစွာခုန်နေသည်။

"ဩော်... ကျွန်တော်လည်း ငါးကိုပဲ အာရုံစိုက်နေမိတာနဲ့ တောင် သတိမထားမိလိုက်ဘူး"

"ခင်ဗျား ဘယ်ကနေ ပေါ်လာတာလဲ"

"ကျွန်တော် ဟိုဘက်မှောင်ရိပ်မှာ ငါးမျှားနေတာ ကြာပြီလေ၊ ကားပါဗျာ၊ ဒီကနေ့ ငါးလည်း သိပ်မဆွဲပါဘူး၊ ပြန်တော့မှာပါ၊ က် ခင်ဗျားမှာ မီးခြစ်များ ပါသလားဟင်"

"ပါပါတယ်"ဆိုကာ ရယ်ဂျီသည် သူ့အတွက် မီးခြစ်ပေးလိုက် ည်၊

လက်တစ်ဆစ် နီးပါးမျှရှိသော ဆေးပေါ့လိပ်တိုကလေးကို မီးညှိ သူ့မျက်နှာကို ရယ်ဂျီ အကဲခတ်ကြည့်သည်။

အကျည်းတန်သော မျက်နှာ။ ကြမ်းတမ်းခက်ထရော်သော မျက်နှာ။ ပြင်မှာ ကန့်လန့်ဖြတ် အမာရွတ်ကြီးတစ်ခုရှိသည်။ သူက မီးခိုးငွေ့များကို ထုတ်လိုက်သည်။

"ကျေးဇူးပဲ၊ သွားလိုက်ပါဦးမယ်"

မိုးဖွဲမှုန်များအကြားသို့ ကျောခိုင်းတိုးဝင်သွားသော သူ့ကို ကြည့်ကာ ကို သက်ပြင်းတစ်ချက်ကို လေးလံစွာ ရှိုက်လိုက်သည်။

*

ငါး။

မိုက်မဲသည်ဟုပင် ပြောရမည်လားမသိ။ နွယ်ဇင်ဦးကို တွေ့ချင် သည်။ ဆုံချင်နေသည်။ သူမ၏ မျက်နှာကို မြင်တွေ့ချင်နေသည်။ ၏အသံကို ကြားချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူသည် နှယ်ဇင်ဦး၏ နေထိုင်ရာ အဆောက်အအုံလ[...] လျှောက်လာခဲ့သည်။

ငယ်သူငယ်ချင်းဖြစ်သော သက်ဆွေဦးနှင့် ပတ်သက်၍ သူ့အာ[...] မခံစားရသလိုရှိသည်။ ရင့်ထဲမှာ ဟာလာဟင်းလင်း ဖြစ်နေသည်။

သူသည် အဆောက်အအုံအတွင်း ဝင်လိုက်သည်။ ဓာတ်လှေ[...] အသုံးပြုဖို့တွက် အခက်အခဲ မရှိသော်လည်း သူသည် လှေကားကိုအ[...] ပြုကာ တက်ရောက်လာခဲ့သည်။

ဓာတ်လှေကားမှာ မောင်းသူမလိုသော အလိုအလျောက် မောင်းနှ[...] ရသည့် အမျိုးအစားဖြစ်သည်။

သူသည် လှေကားထစ်များအတိုင်း တက်ရောက်လာခဲ့သည[...] နှယ်ဇင်ဦး၏ အခန်းသို့ ရောက်သောအခါ မောဟိုက်နေတော့သည်[...]

နှယ်ဇင်ဦးက သူ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်အတွ[...] အံ့အားသင့်နေသည်။

စင်စစ် သူမ စောင့်မျှော်သူမှာ အခြားတစ်ယောက် ဖြစ်ပုံရသည[...] သက်ဆွေဦးပင် ဖြစ်ပေလိမ့်မည်။

နှယ်ဇင်ဦးက သူ့ကို သူမအတွက် သီးသန့်ရထားသော အခန်း[...] သို့ ခေါ်ဆောင်သွားသည်။ ရယ်ဂျီသည် အခြားအိမ်သားများကို [...] ပြုံးပြနှုတ်ဆက်ပြီး နှယ်ဇင်ဦး၏နောက်မှ လိုက်ပါခဲ့သည်။

ကနဦးက နှယ်ဇင်ဦး သီချင်းဆိုသည်ကို သူမ၏ ဦးလေး[...] အဒေါ်က သဘောမတူလှပေ။ ရယ်ဂျီတို့နှင့် အပေါင်းအသင်းလုပ်သည[...] လည်း မနှစ်သက်ခဲ့။

သို့သော် ထိုလုပ်ငန်းမှ ကျော်ကြားမှုကို ရနိုင်သည်။ ငွေကြေး[...] သည်ကို သိရှိလာသောအခါ ကြည်ကြည်ဖြူဖြူ ခွင့်ပြုထားခဲ့သည[...] ထိုအလုပ်ဖြင့် နှယ်ဇင်ဦး အောင်မြင်သွားပြီး အိမ်မှထွက်ခွာသွားနိုင်လျ[...] လည်း သူတို့ တာဝန်ပေါ့သွားလိမ့်မည်ဟု ယုံကြည်နေသည်။

နှယ်ဇင်ဦး၏ ဦးလေးနှင့် အဒေါ်မှာလည်း သားသမီးများ[...]



[...]ဝတာဝန်က တနင့်တပိုး တင်ရှိနေသည်။

နှယ်ဇင်ဦးထံ တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်သော အခွင့်အရေး [...]ကြာမီကမှ ရယ်ဂျီ ရရှိလာခဲ့ခြင်းဖြစ်သည်။

နှယ်ဇင်ဦးသည် ရယ်ဂျီအား ဆိုဖာတစ်လုံးတွင် နေရာချပေးပြီး [...]ကိုယ်တိုင်က ထိုခုတင်ပေါ်တွင် လှဲလျောင်းနေသည်။ စီးကရက်ဗူး၊ [...]ခြစ်စသည်တို့ရှေ့မှာ ချထားပေးသည်။

နှယ်ဇင်ဦးကိုယ်တိုင် စိတ်လှုပ်ရှားလျက်ရှိကြောင်း ရယ်ဂျီတွေ့ရ[...]သည်။

သူမသည် တစ်စုံတစ်ရာအတွက် စိတ်စောနေဟန်ရှိသည်။ ပြာရည် [...]သော မျက်ဝန်းကလေးများသည် လှုပ်လှုပ်ခတ်ခတ် ဖြစ်နေသည်။

“ဇင်ဦး မင်းကိုကြည့်ရတာ ဒီည တစ်မျိုးဖြစ်နေတယ်”

“ဘယ်လို တစ်မျိုးဖြစ်နေလို့လဲ ရယ်ဂျီ”

“စိတ်လှုပ်ရှားနေသလိုပဲ၊ တစ်စုံတရာကို အလိုမကျနိုင်သလိုပဲ၊ [...]များအယွင်းရှိနေသလဲ ဇင်ဦး”

နှယ်ဇင်ဦးသည် မျက်ဝန်းကလေးများကို တစ်စွန်းတစမှေးစင်းပြီး [...]ကိုကြည့်သည်။ ပြုံးပြီး ခေါင်းကိုယမ်းခါပြသည်။

“ပြောစမ်းပါ ဇင်ဦး၊ မင်း ဘာဖြစ်နေသလဲ”

ရယ်ဂျီက စိတ်မရှည်ဟန်နှင့် ခပ်ဆတ်ဆတ်ဆိုကာ ထိုင်ရာမှ [...]လိုက်သည်။ ထိုအခါမှ နှယ်ဇင်ဦးက စိတ်ဆုံးဖြတ်လိုက်သလို [...]ပြင်းရှိုက်သည်။

“အမှားအယွင်းတွေကတော့ အများကြီးပဲ ရယ်ဂျီ”

“ဘယ်လိုအမှားအယွင်းလဲ ဟင်”

“သက်ဆွေနဲ့ ပတ်သက်လို့ပါ”

“သက်ဆွေ... သူနဲ့ ဘာပတ်သက်သလဲ”

ရယ်ဂျီက တမင် အံ့အားသင့်ဟန်ပြု၍ မေးလိုက်သည်။

“ပတ်သက်စရာတွေ ရှိနေတယ် ရယ်ဂျီ၊ သူနဲ့ ဒီကနေ့ည တွေ့ဖို့

www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားတယ်၊ အို ရယ်ဂျီရယ်၊ ဇင်ဦး သူနဲ့မတွေ့ချင်ဘူး၊ တွေ့ဖို့အင်အား မရှိသလို ဖြစ်နေတယ်"

"ဒါများ ဘာလို့ဆန်းကြယ်နေရတာလဲ ဇင်ဦးရယ်၊ ကိုယ်တို့တ က တွေ့နေကျပဲ မဟုတ်လား၊ စကားပြောနေကျပဲ မဟုတ်လား"

"ဒီတစ်ခါတော့ ဆန်းကြယ်တယ် ရယ်ဂျီ၊ သူ သူ့ဇနီးနဲ့ ကွာ ပြတ်စဲမဲ့အကြောင်း ပြောလိမ့်မယ်၊ ပြီးတော့... ပြီးတော့ ဇင်ဦးန တစ်စုံတစ်ခု တောင်းခံလာလိမ့်မယ်၊ အဲဒါကို ဇင်ဦးမှာ စိတ်ရှုပ်ထွေး တာပဲ၊ သူနဲ့ ဒီည မျက်နှာချင်း မဆိုင်ချင်ဘူး၊ မဆိုင်ရဲဘူး၊ ဖြစ်နိုင် ဇင်ဦးကို အပြင်ခေါ်သွားပါလား ရယ်ဂျီ"

"ကောင်းပြီလေ၊ ကိုယ် ခေါ်သွားပေးမယ်"

"ဒါပေမဲ့ သူ့ကို တမင်ရှောင်သွားတယ်ဆိုတဲ့ အဖြစ်မျိုး သူနားလည်မသွားစေချင်ဘူး၊ ဒီလိုမျိုး ဖြစ်စေချင်တယ် ရယ်ဂျီ၊ ဥ ဆိုပါတော့၊ ရယ်ဂျီက ဇင်ဦးကို သီချင်းတိုက်ဖို့ သို့မဟုတ် အခြားအ တစ်ခုခုအတွက် လာခေါ်တယ်၊ ဇင်ဦးက မလိုက်ချင်ဘူးလို့ ငြင်းတ ဒီမှာ ရယ်ဂျီက ဒေါသဖြစ်တယ်ပေါ့၊ ဒါနဲ့ မလိုက်ချင်လိုက်ချင် လိုက် သွားရတဲ့သဘော၊ မငြင်းပယ်နိုင်လို့ လိုက်ခဲ့ရတဲ့သဘော"

"ကိုယ် နားလည်ပါပြီ ဇင်ဦး"

ရယ်ဂျီက တိုးတိတ်စွာ ပြောလိုက်သည်။ သူ၏ရင်ထဲမှာ မ လှပါ၏။ နွယ်ဇင်ဦးသည် သက်ဆွေဦးအပေါ် ထိုက်သင့်သလောက် သံယော ရှိနေသည်ကို အလိုလို နားလည်လာသည်။

"ကိုယ်တို့မှာ အကြောင်းပြစရာလည်း ရှိပါတယ်လေ၊ ဒီ စတူရီယိုမှာ မာလ်တီပယ်လုပ်ဖို့ ချိန်းထားတာရှိတယ်၊ ကိုယ်တို့ စတူ မှာ သွားရှောင်နေလို့ဖြစ်တယ်"

"ဒီတစ်ညလောက် သူ့ကို ရှောင်နေရုံပါပဲ၊ နောက်နေ့တွေကျ တော့ ဇင်ဦးရဲ့စိတ်တွေ တည်ငြိမ်လာမှာပါ"

"ဟုတ်ပါပြီ၊ ကိုယ် ကတိပေးနိုင်ပါတယ် ဇင်ဦး၊ မင်း သူနဲ့ စေရဘူးလို့ ကိုယ် ကတိပေးပါတယ်"



နွယ်ဇင်ဦးသည် ဆွယ်တာအင်္ကျီတစ်ထည်ကို ကိုယ်ပေါ်၌ ထပ် သည်။ လက်ပွေ့အိတ်ကို ကောက်ယူသည်။

"သွားကြစို့"

သူတို့ အခန်းထဲမှ ထွက်ခဲ့သည်။ နွယ်ဇင်ဦးက မျက်နှာကို ညို့ ဟန် တမင်ပြုသည်။ ရယ်ဂျီအပေါ် မကျေနပ်ဟန်ပြုသည်။ အိမ်သား အား-

"ဒီည မာလ်တီပယ်ရှိတယ်၊ သိပ်ဒုက္ခပေးတဲ့ ရယ်ဂျီပဲ၊ စောစော တော့ ကြိုမပြောဘူး၊ ဇင်ဦး လိုက်သွားဦးမယ်နော်"

အိမ်သားများက ရိုးနေသောဖြစ်စဉ်ဖြစ်၍ ဘာမျှအထူးအထွေ ပြောတော့။

သူတို့ အဆောက်အအုံထဲမှ ထွက်ခဲ့ကြသည်။ လမ်းပေါ်သို့ က်လာသည်။ နွယ်ဇင်ဦးက ပြုံးလိုက်သည်။

"အင်း အခုမှပဲ ဝန်ထုပ်ဝန်ပိုးကြီး ကျသွားသလို ရှိတော့တယ်၊ ဦးကို ခေါ်ထုတ်လာတဲ့အတွက် ကျေးဇူးပါပဲ ရယ်ဂျီ"

ရယ်ဂျီက နွယ်ဇင်ဦးကို မကြည့်ဘဲ တိတ်ဆိတ်စွာဖြင့် ဆက်၍ လျှောက်လာသည်။ နွယ်ဇင်ဦးက စကားဆက်သည်။

"ဇင်ဦးမှာ အလီဘိုင်ကောင်းကောင်း ရှိနေပြီ၊ ရယ်ဂျီနဲ့အတူ တူရီယိုမှာ မာလ်တီပယ်လုပ်ရင်း တစ်ညလုံး ရှိနေပါတယ်ဆိုတာ က်သေကောင်းကောင်းပြလို့ရနေပါပြီ"

ရယ်ဂျီအနေနှင့်လည်း ထိုသက်သေပြချက်မှာ မိမိအတွက်လည်း ဘူးလိုအပ်ပြီး အကောင်းဆုံး သက်သေပြချက်တစ်ရပ် ဖြစ်နေသည်ဆို င်းကို လေးနက်စွာ သဘောပေါက်လျက်ရှိသည်။

ဘာပဲပြောပြော လောလောဆယ်မှာတော့ သူတို့ ရွှင်လန်းမြူးတူး လွတ်လပ်ပျော်ရွှင်စွာ လျှောက်လာခဲ့ကြသည်။

မိုးဖွဲမှုန်များ ကျဆင်းဆဲ။

*

www.burmeseclassic.com

www.burmeseclassic.com



**ခြောက်။**

နောက်တစ်နေ့တွင် သက်ဆွေဦး၏ အလောင်းကို မြစ်အတွင်း ဆယ်ယူရရှိခဲ့သည်။

ရယ်ဂျီသည် ထိုသတင်းကို တုန်လှုပ်ခြင်းကင်းစွာဖြင့် နားထော နေခဲ့သည်။ သတင်းစာတွင်ပါလာသော သတင်းကို ခံစားမှုမဲ့စွာ ဖတ် ခဲ့သည်။

သတင်းမှာ တိုတိုကလေးဖြစ်သည်။ တံငါလှေတစ်စင်းသည် သံလျက်စွန်းအနီးတွင် ငါးရှာနေခိုက် ပိုက်တွင် အလောင်းတစ်လော လာငြိသည်။ ရဲစခန်းသို့ အကြောင်းကြားပြီး ဆေးရုံသို့ပို့သည်။ သူ့ ကိုယ်တွင်ရှိနေသော အမျိုးသားမှတ်ပုံတင်အရ သေဆုံးသူမှာ သက်ဆွေ ဖြစ်ပြီး တေလေငှက်တီးဝိုင်းမှ ဒရမ်တီးသူအဖြစ် စုံစမ်းသိရှိရသည်။

သက်ဆွေဦးသည် အရက်အလွန်မူးကာ ရေထဲသို့ လိမ့်ကျသေဆုံး ရသည်ဟု ယူဆရကြောင်း ရဲက စုံစမ်းဆဲဖြစ်ကြောင်း စသည်ဖြင့်ဖြစ်သည်။

သတင်းကို ဖတ်ပြီးနောက် သူသည် နွယ်ဇင်ဦးထံ တယ်လီဖုန်း ဆက်လိုက်သည်။ နွယ်ဇင်ဦးနှင့် အခန့်သင့်ပင် တွေ့ရသည်။

"ကိုယ်ပါ ဇင်ဦး၊ သက်ဆွေရဲ့သတင်းကို ကြားပြီးပြီလား၊ ဟုတ် လားဟင်"

တစ်ဖက်မှ ရှိုက်သံကို အလျင်ကြားရသည်။

"ကြားပြီးပါပြီ"

အသံက ငိုသံပါနေသည်။

"သိပ်ဆိုးရွားတဲ့သတင်းပဲ၊ သူ့အတွက် ကိုယ် စိတ်မကောင်းပါဘူး သူ ဘာလို့ ဒီလိုလုပ်တာလဲ မသိဘူး"

"ဘယ်လို လုပ်သွားတာလို့ ဆိုလိုတာလဲ ရယ်ဂျီ"

"သူ့ကိုသူ သတ်သေသွားတာကို ပြောတာ"

"အို… မဟုတ်နိုင်ဘူး၊ သူ့ကိုယ်သူ သတ်သေတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ရယ်ဂျီကကော ဘာလို့ သက်ဆွေဟာ သူ့ကိုသူ သတ်သေ သွားတယ်လို့ ပြောနိုင်သလဲ"



"သူ့မှာ စိတ်ညစ်စရာတွေ ရှိနေတယ်လေ၊ သူ့ဇနီးက ကွာရှင်း ခွင့်တောင်းထားတယ်"

"ဒီအတွက် သူ စိတ်မညစ်နိုင်ပါဘူး၊ သူ ပျော်နေတာ၊ နေ့လယ် က အင်းယားလိတ် ညစာစားပွဲမှာ အတွေ့သားမဟုတ်လား"

ရယ်ဂျီသည် ယင်းကိစ္စနှင့်ပတ်သက်၍ နွယ်ဇင်ဦးနှင့် ဆက်လက် ပြောကြားလိုခြင်း မရှိတော့။

"ဘာပဲဖြစ်ဖြစ် ရဲနဲ့စုံထောက်ဘက်ကတော့ ကိုယ်တို့ကို မေးတာ မြန်းတာ စုံစမ်းတာတွေ လုပ်လာနိုင်တယ် ဇင်ဦး၊ ဘာကြောင့်လဲဆိုတော့ ကိုယ်တို့ဟာ သက်ဆွေရဲ့ အရင်းနှီးဆုံးနဲ့ အနီးကပ်ဆုံး မိတ်ဆွေတွေ ဖြစ်နေလို့ပဲ၊ ဒီအခါ မင်းလုပ်ရမှာတော့ ညက မင်း ကိုယ်နဲ့အတူရှိနေ တယ်ဆိုတာကလွဲပြီး မထွက်ဆိုဖို့ပဲ၊ စတူရီယိုကို ကိုယ်တို့ ရောက်သွားပြီး တယ်တီပယ်လုပ်တယ်၊ မိုးလင်းခါနီးမှ ပြန်လာတယ်ဆိုတာ စတူရီယိုက လူတွေလည်း သက်သေထွက်ဆိုနိုင်ကြလိမ့်မယ်၊ အဲဒီလိုမှမဟုတ်ဘဲ အခြားဟာတွေ လျှောက်ထွက်ရင် အမှုနဲ့ပတ်သက်လာပြီး မင်းတို့ကိုယ် တို့ သိက္ခာကျရလိမ့်မယ်၊ နာမည်လည်း ပျက်ရလိမ့်မယ်"

"အခုလို သတိပေးတာ ကျေးဇူးပါပဲ ရယ်ဂျီရယ်"

နွယ်ဇင်ဦးက အသံတိမ်တိမ်ဖြင့် ဆိုရှာသည်။ သည့်နောက်မှာ တော့ ရယ်ဂျီ မျှော်လင့်ထားသည့်အတိုင်း 'တေလေငှက်' အဖွဲ့သားများ အဦးလှရွှေ၊ ကိုသန့်စင် စသည့် ရဲအရာရှိများ၏ စုံစမ်းစစ်ဆေး မေးမြန်း ခြင်းကို အနည်းနှင့်အများ ခံခဲ့ကြရသည်။ အထူးသဖြင့်တော့ အဖွဲ့ခေါင်း ဆောင်ဖြစ်သော ရယ်ဂျီ ကိုယ်တိုင်နှင့် နွယ်ဇင်ဦးတို့မှာ ပိုမိုမေးမြန်းခြင်း ခံရသည်။

အမှုမှာလည်း ထင်မှတ်သည်ထက် ပိုမိုရှုပ်ထွေးလာသည်။ ကိုသန့် စင်က ရယ်ဂျီရှေ့မှာပင် ပြောခဲ့သည်။

"သက်ဆွေဦးဟာ အရက်မူးလွန်ပြီး ရေထဲလိမ့်ကျတယ်လို့ အတပ် မပြောနိုင်ဘူး၊ မကျဘူးလို့လည်း မဆိုနိုင်ပါဘူး၊ တစ်စုံတစ်ယောက်က တွန်းချခဲ့တာမျိုး ဖြစ်ချင်ဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ဘူး ဆိုပါတော့

www.burmeseclassic.com

လေ၊ ကိုယ် စစ်ဆေးတွေ့ရှိသလောက်ကတော့ သူ့ရဲ့ ကျန်းမာရေး ... ကောင်းနေခဲ့တယ်၊ သူ့ကျန်းမာရေးနဲ့ ခံနိုင်ရည်အရ အရက်မူးသိပ်လွန် ... တဲ့ အနေအထားမှာ မရှိဘူး၊ ဒါကြောင့် သူ ဘာကြောင့် ရေထဲကျ ... သလဲဆိုတာကို စုံစမ်းရမှာပဲ"

"ကျွန်တော်တော့ တခြားအကြောင်း တစ်စုံတစ်ရာကြောင့် ... မထင်ပါဘူး၊ ကျွန်တော်လည်း ဘာမှသိတာတော့ မဟုတ်ဘူး..."

ရယ်ဂျီက ပိတ်ပြောလိုက်သည်။

"ဟုတ်ကောင်း ဟုတ်မှာပါ၊ ဒါပေမဲ့ ကိုယ့်မှာတော့ ဘာကြောင့် ... ဆိုတာကို ကွဲကွဲပြားပြားသိအောင် စုံစမ်းဖို့ တာဝန်ကရှိနေတယ်၊ ... လောဆယ်မှာတော့ တစ်စုံတစ်ခုကြောင့်ပါလို့ ကောက်ချက်မချသေးပါ ... ဆရာဝန်ရဲ့ ဆေးစာကို စောင့်ရမှာပဲ၊ ဆေးစာအရ ရှေ့ဆက် အလုပ် ... ရမှာပဲ၊ ဆရာဝန်ကပြောတယ်၊ သေဆုံးသူရဲ့ လည်ကုပ်မှာ ညိုမည်း ... ဒဏ်ရာတစ်ခုကို တွေ့ရတယ်၊ အဲဒီဒဏ်ရာ ရှိနေတာကို ဆရာဝန် ... မကြိုက်ဘူး၊ သက်ဆွေဦးဟာ အလိုအလျောက် အရက်မူးလွန်ပြီး ... ကျသေတယ်ဆိုတာကို ရုတ်တရက် လက်ခံဖို့ ခက်နေတယ်"

"ခင်ဗျား ဆိုလိုတာက သက်ဆွေဦးကို တစ်စုံတစ်ယောက်က ... လုပ်ကြံသတ်ဖြတ်လိုက်တယ်လို့လား၊ အမှုဟာ ရိုးရိုးသားသား သေဆုံး ... မဟုတ်ဘူး ထင်နေတယ်လား"

"မသေချာသေးပါဘူး၊ သေချာအောင် စုံစမ်းပါမယ်လို့ ဆိုလို ... ပါ၊ ဒါထက် မောင်ရင့်အနေနဲ့ နွယ်ဇင်ဦးဆိုတဲ့ အဆိုတော်အကြောင်း ... တော်တော်သိမှာပေါ့နော်၊ သူနဲ့ သက်ဆွေဦးရဲ့ ဆက်ဆံရေးက ဘယ် ... ရှိသလဲဟင်"

"ရိုးရိုးသားသားပါပဲ၊ အလုပ်အတူလုပ်တဲ့ သူငယ်ချင်းတွေ ... ဘာကြောင့်မေးတာလဲ"

"သက်ဆွေဦးရဲ့ အခန်းကို ရှာကြည့်တော့ ကောင်မလေး ... စာသုံးလေးစောင်ကို တွေ့ခဲ့ရတယ်"

"ခင်ဗျား သူ့ကို ဆွဲမထည့်ပါနဲ့၊ သူတို့ချင်း ဘာမှမဟုတ်သ ...



... ဘာမှမသိပါဘူး၊ ပြီးတော့ အခင်းဖြစ်တဲ့ညက သူဟာ ကျွန်တော်နဲ့အတူ ... ယိမှာ တစ်ညလုံး ရှိနေခဲ့တယ်"

"တစ်ညလုံး အတူရှိနေတယ်ဆိုတာက နာရီမလပ် စက္ကန့်မလပ် ... ရှိနေတာလား၊ သူ ရေသောက်ကလေးဘာလေးတောင် ထမသွားဘူး ..."

"မသွားဘူး၊ စက္ကန့်မလပ် အတူရှိနေခဲ့တယ်"

"ဩော်... ဒီအထိပဲလား၊ သူမသွားတော့ မောင်ရင်ကိုယ်တိုင် ... တော့ ထမသွားဘူးလား"

"ဟင်အင်း"

ရယ်ဂျီသည် ကိုသန့်စင်က သူ့ကို လှောင်နေသည်ဟုထင်သည်။ ... ကာရန့်မကင်း ဖြစ်နေပြီလားဟူ၍လည်း အကဲခတ်သလို ကြည့်သည်။ ကိုသန့်စင်က စီးကရက် ထုတ်ယူမီးညှိကာ ရှိုက်ဖွာပြီး မီးခိုးများ ... ကြားမှ သူ့ကို ကြည့်နေသည်။

ရယ်ဂျီသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"သွားတော့ သွားပါတယ်" သူက ဝန်ခံသလို ဆိုလိုက်သည်။ "ဒါပေမဲ့ ကျွန်တော်တို့ ရောက်နေတဲ့ နေရာက ရှစ်မိုင်မှာပဲ၊ ရှစ်မိုင်ကနေ ... ကျွန်ပိုင်းအတွင်း ပန်းဆိုးတန်း ကျန်းမာရေးဆိပ်ကမ်းကိုလာပြီး သက်ဆွေ ... ကို ရေထဲတွန်းချဖို့ မဖြစ်နိုင်ဘူးဆိုတာကိုသာ ပြောတာပါ"

"ကိုယ်ကလည်း အဲဒီလို တွန်းချတယ်လို့ မပြောရသေးပါကလား၊ ... စက္ကန့်ပိုင်းတောင်ခွဲပြီး မနေကြဘူးလား၊ နေကြသလားဆိုတာကိုသာ ... ပြောတာပါ"

"သက်ဆွေကို ရေထဲတွန်းချလိုက်တာ တစ်စုံတစ်ယောက်က ... မြင်လိုက်ရတယ်လို့ သက်သေခံတာများကော ရှိလို့လား"

"အဲဒီလိုလည်း မပြောပါဘူး၊ ရှိလည်း မရှိပါဘူး၊ ဆောရီးပါပဲ ... ဆောင်လွမ်းမိုင်း၊ ကိုယ့်အနေနဲ့ မောင်ရင့်ကို စိတ်အနှောင့်အယှက်ပေးရာ ... နေရင် ခွင့်လွှတ်ပါ၊ ဒါပေမဲ့ ကိုယ့်တာဝန်နဲ့ ဝတ္တရားများအရ ဖြစ်နိုင် ... ဘာ မှန်သမျှကို စဉ်းစားရမှာပဲ၊ အဖြစ်နိုင်ဆုံး နီးကပ်အောင် တွေးရမှာပဲ၊

www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတလေ မဖြစ်နိုင်ဘူးဆိုတာကလည်း ဖြစ်ချင်ဖြစ်တတ်လာတယ် ကိုယ့်အတွေ့အကြုံအရ မဖြစ်နိုင်ဘူး ထင်ထားတာတွေ ဖြစ်ဖြစ်လာတာ ဆယ်ခါမက ကြုံရဖူးနေပြီ”

“ဒါပေမဲ့ နွယ်ဇင်ဦးကိုတော့ သိပ်အကျပ်မကိုင်ပါနဲ့ဗျား၊ သူ့ သိပ်စိတ်နိုင်တဲ့ မိန်းကလေး မဟုတ်ရှာပါဘူး၊ ကြောက်လန့်ပြီး ထင် တွေထွက်ခဲ့ရင် အမှုဟာ ပိုရှုပ်ကုန်လိမ့်မယ်”

ရယ်ဂျီ၏စကားကြောင့် ကိုသန့်စင်က ပခုံးတွန့်လိုက်သည်။

“ဒါကတော့ မောင်ရင့်အပူ မပါပါဘူးလေ၊ မောင်ရင့်အလုပ်လည်း မဟုတ်ဘူး၊ ကိုယ်နဲ့ နွယ်ဇင်ဦးရဲ့ အပိုင်းပဲ၊ ကိုယ်တို့အလုပ်ကိစ္စပဲ”

ရယ်ဂျီသည် စကားခပ်ပြတ်ပြတ်ပြောကာ ကျောခိုင်းထွက် သွားသော ကိုသန့်စင်ကိုကြည့်ပြီး ရင်ထဲမှာ မုန်းတီးနာကျည်းခြင်း ဝေဒနာကို ကျန်ရစ်ခဲ့သည်ဟု အထင်ရောက်သည်။

မုန်းသည် မုန်းသည်ဆိုသော စကားသည် နားဝယ် ပဲ့တင်သံ ဂယက်ထနေသည်။

*

## ခုနစ်။

မုန်းသည်၊ မုန်းသည်။ အားလုံးကို မုန်းသည်။ တစ်လောကလုံး ကိုမုန်းသည်။ သည်စကားကို ရင်ထဲမှာ ရွတ်ဆိုနေမိပြန်ပြီ။

သက်ဆွေဦး သေဆုံးပြီး လေးရက်မြောက်သောနေ့တွင် ရယ်ဂျီ အား နွယ်ဇင်ဦးက သူမ၏အိမ်သို့ လာရောက်တွေ့ဆုံရန် တယ်လီဖုန်းဖြင့် ဖိတ်ခေါ်ခဲ့သည်။

နွယ်ဇင်ဦးက ရယ်ဂျီအား သူမ၏အခန်း၌ လက်ခံတွေ့ဆုံသည်။ နွယ်ဇင်ဦးကို ကြည့်ရသည်မှာ အလွမ်းမင်းသမီးကလေးပုံစံမျိုး ပေါက် သည်။ သူမ၏ ကိုယ်ခန္ဓာမှာ ရက်ပိုင်းအတွင်း ပိုမိုကျုံ့လှီသွားသလိုရှိသည် အသားရောင်သည် ပိုမိုဖျော့တော့သွားသည်။ သွေးမရှိသော ဖြူခြင်းမျိုးဖြင့် ဖြူဖျော့နေသည်။

မျက်နှာကလေးမှာ ညှိုးငယ်နေသည်။ ဆယ်နှစ်ခန့် ပိုမိုအိုမင်းဟန် ပေါက်နေသည်။

မျက်ကွင်းကလေးများ ညိုနေသည်။ မျက်ဝန်းသည် အတန်တန်ငို အားဟန်ဖြင့် နီရဲစပ်ကျင်နေသည်။ ဝေသီနေသည်။ ယခုပင်လျှင် မျက်ရည် ကြည်လဲ့လဲ့ကို တွေ့နေရဆဲဖြစ်သည်။

သူမ၏ ကြေးနီရောင်ဆံပင်သည် ကြာမြင့်စွာ ဖြီးသင်ခြင်း ကင်းမဲ့ဟန်ဖြင့် မျက်နှာနှင့် ပခုံး၊ လည်ကုပ်တို့အပေါ်သို့ သွယ်ကျနေသည်။

ရယ်ဂျီသည် နွယ်ဇင်ဦးကိုကြည့်ကာ ရင်ထဲမှာ ကြေကွဲလာသည်။ ဝမ်းနည်းလာသည်။ မျက်ရည်များပင် ရစ်ဝဲလာမိလေသည်။

သူ သက်ပြင်းရှိုက်ရင်းက ပြောလိုက်မိသည်။

“ဇင်ဦးရယ် မင်း ဘာဖြစ်နေသလဲကွယ်”

နွယ်ဇင်ဦးက ခေါင်းကလေးကို အလျင်ယမ်းခါပြသည်။

“ဇင်ဦး ဘာမှမဖြစ်ပါဘူး”

“တစ်ခုခုတော့ ဖြစ်နေပါတယ်”

“ဇင်ဦး သိပ်စိတ်ဓာတ်ကျနေတယ် ရယ်ဂျီ၊ အားလည်း သိပ်ငယ် ဘာပဲကွယ်”

“ဘာကြောင့်လဲ ဇင်ဦး၊ မင်း ဘာကြောင့် ခုလိုဖြစ်နေရတာလဲ”

“သက်ဆွေနဲ့ ပတ်သက်လို့ပါ”

“သက်ဆွေ၊ သူ အခုအခါမှာတော့ မင်းကိုလာပြီး ဒုက္ခမပေးနိုင် တော့ပါဘူး၊ သူ သေပြီပဲ”

နွယ်ဇင်ဦးသည် ရယ်ဂျီအား မျက်ရည်ရစ်ဝဲနေသော မျက်ဝန်းညို ကြီးများဖြင့် ကြည့်လိုက်သည်။

“ရယ်ဂျီ”

“ဟင်”

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာမှမသိဘူးနော်၊ မသိချင်ဟန်များ ဆောင်နေတာလား ကွယ်"

"ဘာကို သိရမှာလဲ၊ ဘာကိုမသိချင်ဟန် ဆောင်နေရမှာလဲ"

"သက်ဆွေနဲ့ ဇင်ဦးတို့အကြောင်း ရယ်ဂျီ တကယ်ပဲ မသိဘူးလား ဟင်"

"ကိုယ် သိသင့်သလောက်တော့ သိပါတယ်၊ အဲဒီ သိထားတာ ထက်လည်း ပိုပြီးမသိချင်ဘူး ဇင်ဦး"

"ရယ်ဂျီ ဘာတွေသိထားသလဲ"

"သက်ဆွေက မင်းကို ချစ်နေတယ်၊ သူ့ဇနီးနဲ့ ကွာရှင်းပြတ်စဲမယ်၊ မင်းဆီက အချစ်ကိုတောင်းခံမယ်၊ ဒီလို ကိုယ်သိထားတယ်"

"ဇင်ဦးဆီက အချစ်ကို သူ တောင်းခံခဲ့တာ ကြာပြီပဲ"

"သူ ရသွားသလား"

နွယ်ဇင်ဦးက တစ်ချက်ရှိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။ ရယ်ဂျီ၏ ရင်ထဲမှာ နင့်ကနဲဖြစ်သွားသည်။ မျက်နှာပျက်သွားသော်လည်း ပြန်၍ ဣန္ဒြေဆောင်နေလိုက်သည်။

"ဒါဆို ဘာကြောင့်များ သူ့ကိုယ်သူ သတ်သေသွားရတာလဲ စင်စစ်ဖြစ်ရမှာက ကမ္ဘာပေါ်မှာ အပျော်ဆုံးလူတစ်ယောက် အနေအထား မျိုးပဲ"

"ဘာကြောင့်လဲ ရယ်ဂျီ"

"ဩော် ဇင်ဦးရယ်၊ မင်းရဲ့အချစ်ကိုရတဲ့လူဟာ ကမ္ဘာပေါ်မှာ အပျော်ဆုံး လူတစ်ယောက်သာ ဖြစ်ရမှာပေါ့"

ရယ်ဂျီက တကယ်လိုက်လှဲစွာ ပြောလိုက်ခြင်းဖြစ်သည်။

နွယ်ဇင်ဦးသည် ရယ်ဂျီ၏ မျက်နှာကို အကဲခတ်သလို စူးစိုက် ကြည့်လိုက်သည်။ မျက်လုံးချင်း ရင်မဆိုင်ရဲသလို ရယ်ဂျီ မျက်လွှာ ထားလိုက်သည်။

နွယ်ဇင်ဦးကတော့ သူ့ကို ကြံ့မြင့်စွာ ငေးကြည့်နေသည်။ ရယ်ဂျီ၏ စကားကိုလည်း အလေးအနက် စဉ်းစားနေဟန်ရှိသည်။



စင်စစ် ယခုမှပင် နွယ်ဇင်ဦးသည် ရယ်ဂျီအား နားလည်နိုင်လာ ခြင်းဖြစ်သည်။

"မင်းရဲ့အချစ်ကို ရတဲ့လူဟာ ကမ္ဘာပေါ်မှာ အပျော်ဆုံးလူတစ် ယောက်သာ ဖြစ်ရမှာပေါ့" ဆိုသော စကားသည် ရင်ထဲမှလာသော စကား၊ နှလုံးသား၏ နက်ရှိုင်းသော အပိုင်းမှလာသော စကားဟု နွယ်ဇင်ဦး နားလည်လာရသည်။

အသည်း လျှော်င်သံ၏ တော်လဲပုံတင်သံလည်း ဖြစ်မည်။ ဆန္ဒ နှင့် ဝန်ခံသောစကားလည်း ဖြစ်နိုင်သည်။

ယခုမှပင် နွယ်ဇင်ဦးသည် မိမိအား ရယ်ဂျီအနေနှင့် ချစ်ချင်ချစ် နိုင်သည်ဆိုခြင်းကို သဘောပေါက်လာမိခြင်းဖြစ်သည်။

နွယ်ဇင်ဦး၏ မျက်လုံးကလေးများ ရွှန်းလက်လာသည်။ တောက်ပ လာသည်။

လူတစ်ယောက်၏ နက်ရှိုင်းသော စိတ်အပိုင်းအစတစ်ခုကို တူးဖော် ထွက်ချက်ချလာနိုင်သောကြောင့် ဝမ်းသာဟန်တူသည်။

"ရယ်ဂျီ"

နွယ်ဇင်ဦးက ခေါ်သောအခါ ရယ်ဂျီ မထူးဘဲ ခေါင်းကိုသာမော့ ကြည့်လာသည်။

"သက်ဆွေဟာ သူ့ကိုယ်သူ သတ်သေသွားတယ်လို့ ရယ်ဂျီထင် သလားဟင်"

"ထင်ရတာပဲလေ"

"ဘယ်လိုအထောက်အထားနဲ့လဲဟင်"

"သူ ကိုယ့်ကို ဖွင့်ပြောဖူးတာရှိတယ်၊ သူ့စိတ်က နှစ်ခွဖြစ်နေတယ်၊ မင်းနဲ့ သူ့ဇနီးတို့အကြားမှာ ဝေခွဲမရအောင် ဖြစ်နေပုံရတယ်၊ ရှေ့ နောက်နင်းမိသလိုပေါ့၊ ဘယ်ဘက်ကို ပစ်ပြီး ဘယ်ဘက်ကို တွယ်ထား ရမယ်ဆိုတာ မသိနိုင်သလိုပဲပေါ့၊ အဲဒီအတွက် စိတ်ညစ်ပြီး အရက်တွေ သောက်၊ ရေထဲခုန်ချ သတ်သေသွားတာပဲ ဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရယ်ဂျီသည် ပြောရင်းမှပင် မိမိစကားများအပေါ် မိမိကိုယ်တိုင် အယုံအကြည် ကင်းမဲ့လျက်ရှိကြောင်း သဘောပေါက်လာသည်။ သူ့ရှေ့ နာကို အကဲခတ်ကြည့်နေသည့် နွယ်ဇင်ဦး၏ မျက်လုံးများကလည်း အယုံအကြည် ကင်းမဲ့ခြင်းကို ဖော်ပြလျက်ရှိကြသည်။

အခြားသော အချိန်ကာလများတွင်ဆိုလျှင် နွယ်ဇင်ဦးသည် ရယ်မော၍ ပစ်လိုက်လေမည်လား မသိ။

"အဲဒီလို မဟုတ်ဘူး ရယ်ဂျီ၊ အဲဒီလို မဖြစ်နိုင်ဘူး၊ သက်ဆွေဟာ သူ့မိန်းမအပေါ်မှာ အတော်ကြာကြာကတည်းက စိတ်ပျက်နေခဲ့တယ် သူဟာ အိမ်ထောင်ရေး အဆင်မပြေတာကို အကြောင်းပြုပြီး ဇာတိမြေ ငှက်တေလေကို ပြန်ရောက်လာရတာပဲ မဟုတ်လား၊ သူ ရောက်စကတည်း က ဇင်ဦးကို ချစ်ရေးဆိုခဲ့တယ်၊ ဇင်ဦး... ဇင်ဦး သူ့ကို ကြာရှည်ငြင်းဆန် မနေနိုင်ဘဲ လက်ခံခဲ့မိတယ်"

နွယ်ဇင်ဦး၏ အသံသည် တိမ်ဝင်သွားသည်။ ဆို့နင့်သွားသည့် အလို... မျက်ဝန်းတွင်လည်း မျက်ရည်တွေ ရစ်ဝဲလာပြန်ပါပကောလား

"အခြေအနေတွေက လွန်ခဲ့တယ် ရယ်ဂျီ၊ အို... ဇင်ဦး မှားခဲ့ တယ်ကွယ်၊ ဇင်ဦးဟာ သူ့အပေါ် တွယ်တာလွန်းတယ်၊ လိုက်လျော လွန်းခဲ့တယ်၊ ခုတော့... ခုတော့"

"ခုတော့ ဘာဖြစ်သလဲ ဇင်ဦး"

ရယ်ဂျီသည် နှလုံးသား ပေါက်ကွဲမတတ် အနေအထားဖြင့် မေးလိုက်သည်။ အသံသည် အတော်ပင် ကျယ်လောင်သွားခဲ့သည်။

ဇင်ဦးသည် မျက်ရည်ပြည့်လျှမ်းသော မျက်ဝန်းများဖြင့် မော့်ကြည့် သည်။

"ခုတော့ ဇင်ဦးမှာ မထွေးနိုင် မအန်နိုင် ဖြစ်နေရပြီရယ်ဂျီ ဇင်ဦးမှာ သူနဲ့ပတ်သက်တဲ့ အထုပ်အထည် ရှိနေပြီ၊ ရင်သွေးရှိနေပြီ"

"အို... ဇင်ဦးရယ်"

ရယ်ဂျီသည် နာကျင်စွာ ညည်းညူလိုက်သည်။ နှလုံးသားတွင် အဆိပ်မြားခြင်းခံရသော သားကောင်နှယ် ညည်းညူလိုက်မိခြင်းဖြစ်သည်။

"သူက ကတိပေးထားခဲ့တယ် ရယ်ဂျီ၊ ရင်သွေးကို ဘာမှလုပ် ...ပါနဲ့တဲ့၊ သူ့ဇနီးဆီက ကွာရှင်းပြတ်စဲခွင့်တောင်းမယ်၊ ဇင်ဦးကို ...ထပ်ယူမယ်၊ သူ ဆုံးမဲ့ညက သူ့ဇနီးဆီက သတင်းကို ပြောရအောင် ...နဲ့တွေ့ဖို့ ချိန်းထားတဲ့ညပဲ၊ ဇင်ဦးက သိပ်ပြီး စိတ်လှုပ်ရှားနေမိလို့ ...ကို ရှောင်ခဲ့တာပဲ"

ရယ်ဂျီတွင် ပြောစရာစကား မရှိတော့သလိုဖြစ်သည်။ ခေါင်းငိုက် ...ချထားလိုက်မိသည်။ ကိုယ် အနှစ်နှစ်အလလ ပြုစုပျိုးထောင်ခဲ့သော ...ကလေးမှာ အညွန့်ချိုးခံလိုက်ရလေပြီ၊ အရွံ့ခြွေခံလိုက်ရချေပြီ။

သူလည်း ဝမ်းနည်းစိတ်ဖြင့် မျက်ရည်များ စီးကျလာသည်။

ဤသည်ကို နွယ်ဇင်ဦး မမြင်သာစေရန် ထိုင်ရာမှ ထရပ်လိုက် ...သည်၊ ပြတင်းပေါက်တွင် သွားရပ်နေလိုက်သည်။

ကျောဘက်မှ နွယ်ဇင်ဦး၏ အသံကို ဆက်၍ကြားနေရသည်။

"အကြောင်းတစ်ခုခုကြောင့် သူ့ကိုယ်သူ သတ်သေသွားတယ် ...မဟုတ် မတော်တဆ အရက်မူးပြီး ရေထဲလိမ့်ကျ သေဆုံးသွားတယ် ...ရင်တော့ ဇင်ဦး ဘာမှမပြောချင်ပါဘူး၊ ကံတရားလို့ပဲ သဘောထား ...ပါတယ်၊ ဒါပေမဲ့ အခုတလော ဦးသန့်စင်ဆီက ကြားရတဲ့ သတင်း ...က သူဟာ သူ့ကိုယ်သူ သတ်သေသွားတာ၊ မတော်တဆ ရေထဲလိမ့် ...တာမဟုတ်ဘဲ အသတ်ခံရတယ်လို့ ရည်ညွှန်းနေတယ်"

ရယ်ဂျီသည် ကိုယ်ကို ဆတ်ခနဲ လှည့်လိုက်သည်။

"ဒီလူပြောတာကို ယုံကြည်မနေစမ်းပါနဲ့ ဇင်ဦး၊ သူက လူတကာ ...ပေါ်မှာ သက်ရာရန့် မကင်းနေတဲ့လူပဲ"

"ဇင်ဦးကလည်း ခုထိတော့ မယုံသေးပါဘူး၊ ဒါပေမဲ့ ဇင်ဦး ...ပြောတာကို ဆုံးအောင်နားထောင်စမ်းပါဦး၊ ဇင်ဦးက တကယ်လို့လို့ ...ပြောခဲ့တယ်နော်၊ တကယ်လို့ သူပြောခဲ့တဲ့အတိုင်း သက်ဆွေဟာ တစ်စုံ ...တစ်ယောက်ရဲ့ အသတ်ခံရတာပါဆိုရင် အဲဒီသူဟာ ဇင်ဦးရဲ့ ရန်သူပဲ၊ ...ဦးရဲ့ ဘဝနဲ့ စိတ်ကူးယဉ်အိပ်မက်တွေကို ဖျက်ဆီးပစ်တဲ့သူပဲ၊ ပြီး ...ဦးရဲ့ မမွေးသေးတဲ့ကလေးရဲ့ ဖအေကို သတ်လိုက်တဲ့သူပဲ"

www.burmeseclassic.com

www.burmeseclassic.com



"တော်တော့… ဇင်ဦး"

"မတော်နိုင်ဘူး၊ အဲဒီလူကိုလေ ဇင်ဦးကိုယ်တိုင် ဇင်ဦးလ လက်စားချေရမှ ကျေနပ်နိုင်မှာပဲ၊ ဒီမှာ ရယ်ဂျီ၊ သူ အဲဒီညက သေ ဆိုတာကို ရယ်ဂျီ ကြိုသိနေတယ် မဟုတ်လားဟင်"

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ ကိုယ်က ကြိုသိနေရမှာလဲ"

"ရယ်ဂျီ ဇင်ဦးကို လာခေါ်တော့ သူနဲ့မတွေ့ချင်ဘူးလို့ ဇင်ဦး ပြောတယ်၊ ဒီတော့ သူနဲ့မတွေ့စေရပါဘူးလို့ ရယ်ဂျီ ကတိပေးခဲ့တ ကျိန်ဆိုပြီး ကတိပေးတယ်၊ ဒါ သူသေမယ်ဆိုတာကို ရယ်ဂျီ ကြိုသိနေ ကတိပေးနိုင်တာ ဖြစ်မှာပေါ့၊ မဟုတ်လားဟင်"

ရယ်ဂျီသည် နတ်ကျသလို တုန်နေသည်။ သူသည် နွယ်ဇင်ဦး မျက်နှာကို စူးစိုက်ကြည့်နေသည်။

ယခုတော့လည်း နွယ်ဇင်ဦး၏ မျက်နှာမှ ဖျော့တော့ခြင်း၊ အို ခြင်းများ လွင့်ပျောက်နေခဲ့ပြီဖြစ်သည်။ မျက်နှာတွင် သွေးရောင်လွှ တက်နေသည်။ အကြောဆိုင်မှန်သမျှ မာကျောနေသည်။ မျက်ဝန်းသ တောက်ပကာ ခက်ထန်ခြင်းကို ဆောင်ယူထားသည်။

"ဒါပဲ ရယ်ဂျီ၊ ဇင်ဦး ပြောချင်တာ ဒါပဲ"

ရယ်ဂျီသည် ကိုယ်ကို ဆတ်ခနဲလှည့်လိုက်သည်။ နွယ်ဇင်ဦး ရုတ်တရက် ကျောခိုင်းလိုက်သည်။ ထို့နောက် အခန်းပေါက်ဝသို့ ပြေးထွ ခဲ့သည်။

လှေကားအထစ်ပေါင်း များစွာကို မည်သို့နင်း၍ ဆင်းခဲ့ကြော မမှတ်မိ။ မည်သည့်နည်းဖြင့် လမ်းမပေါ်သို့ ရောက်လာကာ ဥဒ ပြေးလွှားနေသော ကားတွေအကြားတွင် ကားတစ်စင်းတလေ၏ တိုက် ခြင်းမှ မခံရဘဲ လျှောက်လာခဲ့မှန်းမသိ။

သူသည် မိုးတွေရွာနေသည့်အကြားမှာ မျက်ရည်များ စီးကျရင်း လျှောက်လာခဲ့သည်။ သူ့မှာ အသိတစ်ခုပဲရှိသည်။

၎င်းမှာ…



အရာအားလုံးကို မုန်းတီးခြင်းဖြစ်သည်။ မိမိကိုယ်ကို မုန်းသည်။ ဦးကို မုန်းသည်။ သက်ဆွေဦးကို မုန်းသည်။ ကိုသန့်စင်ကို မုန်း အို တစ်လောကလုံးကို မုန်းသည်။ အရာအားလုံးကို မုန်းသည်။ မုန်းသည်။ မုန်းသည်။

*

## ရှစ်။

ရယ်ဂျီသည် 'ငုဝါမြိုင်'သို့ ရောက်ရှိလာခဲ့သည်။

'ငုဝါမြိုင်'သည် အင်းလျားလမ်းတွင်ရှိသည်။ ကျယ်ပြန့်သော ကြီးမားခန့်ငြားသော နှစ်ထပ်တိုက်တစ်လုံး၏ အမည်ဖြစ်သည်။

'ငုဝါမြိုင်'တွင် မိုတင်းနေထိုင်လျက်ရှိသူတို့ကား ရယ်ဂျီ၏ မိဘ အသိုင်းအဝန်းဖြစ်သည်။ ရယ်ဂျီသည် ထိုဆွေမျိုး အသိုင်းအဝန်း ဆယ်နှစ်တာမျှ ခွဲခွာထားခဲ့သည်။ ဖြတ်တောက်ထားခဲ့သည်။ မြိုင်'သို့ ရယ်ဂျီ ခြေမချခဲ့သည်မှာ ဆယ်နှစ်တာမျှ ရှိခဲ့ပြီ။

သံတံခါးကိုကျော်ကာ အိမ်ဆင်ဝင်နှင့် နီးကပ်လာသည်။ ထိုအခါ င်အောက်မှ ထွက်လာသော ရွှေအိုရောင် တိုယိုတာ၊ ကိုရိုလာ ကား းနှင့် ဆုံရသည်။

"ဟော… မဟာဂစ်တာကျော်ကြီးပါလား၊ ဘယ်က မျက်စိလည် လဲ မသိဘူး"

ကားအတွင်းမှ အသံတစ်သံ ထွက်လာသည်။ ရယ်ဂျီ သိပါသည်။ လေး၏ လှောင်ပြောင်သံ။

"သွားပြောမနေပါနဲ့၊ အတော်ကြာ ဘိတယ်တို့၊ အက်ဘာတို့လို ကျော်ဖြစ်ချင် ဖြစ်လာမှာ၊ ခုလောလောဆယ်တော့ ထမင်းဖိုးမရှိလို့ တောင်းတာ ထင်ပါရဲ့"

ကိုကိုကြီး၏ သရော်သံ။ ရယ်ဂျီသည် သူတို့၏ ရယ်သံများကို သောအခါ တံတွေးပစ်ခနဲထွေးပြီး ကားကို ဖြတ်ကျော်လျှောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဂဇ္ဇတနိုက် လှည့်ကြည့်မနေနဲ့။

ကိုကိုကြီးနှင့် ကိုကိုလေးမှာ နာမည်ကျော်ကြားစ ရှေ့နေများ ကြသည်။ ဧည့်ခန်းသို့ ဝင်ရောက်လာသည်။

"ဟယ်... ရယ်ဂျီ၊ နင် ရောက်လာတယ်လား"

အာမေဋိတ်သံနှင့် ဆီးကြိုလိုက်သူမှာ မမရှယ်လီဖြစ်သည်။

မမရှယ်လီက ဖြီးလိမ်းပြင်ဆင်ကာ အပြင်သို့ထွက်ရန် အဆင် ဖြစ်နေသည်။ သူမသည် ဆရာဝန်မဖြစ်သည်။

"ကြည့်စမ်းပါဦး၊ နင့်ကိုမြင်ရတာ ညှဉ်းသိုး စုတ်ပြတ်နေတာ ကိုင်း ဆိုစမ်းပါဦး၊ ဒီတစ်ခါ ဘာဒုက္ခပေးဦးမလို့လဲ"

"မေမေနဲ့တွေ့ရအောင် ပြန်လာတာ"

"ရယ်ဂျီ၊ မာမီ ကောင်းကောင်းမကျန်းမာဘူးနော်၊ သိပ် စိတ် မပေးပါနဲ့လား"

"အဲဒါ မမအပူ မဟုတ်ပါဘူး"

ရယ်ဂျီသည် မမရှယ်လီကို ကျောခိုင်းကာ အိမ်ပေါ်ထပ် လှေ ကို ပြေးတက်လာခဲ့သည်။

မေမေ၏ အိပ်ခန်းတံခါးဝသို့ရောက်လျှင် ရပ်လိုက်သည်။ တံ ကို ခေါက်လိုက်သည်။

"ဝင်ခဲ့လေကွယ်"

တိုးတိတ်သော ဖိတ်ခေါ်သံကို ကြားရသည်။ မေမေ့အသံ။ တံခါး တွန်းဖွင့်ဝင်လိုက်သည်။

ကျုံလိုဖျော့တော့သော အမျိုးသမီးကြီးတစ်ဦးသည် အခန်းပေါ ကို ကျောပေးကာ လက်တွန်းလှည်းပေါ်မှာ ထိုင်နေသည်။ ပြတင်းပေါ တဆင့် အင်းလျားကန်ဘက်သို့ ငေးကြည့်နေသည်။ အမျိုးသမီးကြီး ထိုလက်တွန်းလှည်းပေါ်၌ အသက်ထက်ဆုံး နေသွားရမည့်သူဖြစ်သ ကားမှောက်ပြီး ဒဏ်ရာရကာ အောက်ပိုင်းသေခဲ့သည်မှာ ကြာပြီဖြစ်သ

"ဘယ်သူလဲဟင်"

နောက်လှည့်မကြည့်ဘဲ မေးသည်။



"သားပါ ရယ်ဂျီပါ မေမေ"

တစ်အိမ်လုံးက မာမီ ခေါ်သော်လည်း ရယ်ဂျီက 'မေမေ'သာခေါ် အမျိုးသမီးကြီးသည် နောက်သို့လှည့်ကြည့်လာသည်။

"အို... သား၊ သား... ရယ်ဂျီ"

အမျိုးသမီးကြီး၏ မျက်ဝန်းများသည် လျှင်မြန်စွာ စွတ်စိုလာသည်။

လက်မြှောက်၍ ကြိုဆိုလိုက်ရာ ရယ်ဂျီသည် သူမ၏ ရင်ခွင်အတွင်း သားငယ်တစ်ယောက်လို ပြေးဝင်လိုက်သည်။

"သားရယ်... ရယ်ဂျီရယ်"

"မေမေ... မေမေ"

သားအမိနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် တင်းကျပ် ဆွဲပွေ့ထားကြသည်။ အားပါးတရ ငိုရှိုက်လိုက်ကြသည်။

"သား အိမ်ကိုပြန်လာပြီနော်၊ တကယ် ပြန်လာခဲ့ပြီနော်"

"ဟုတ်ကဲ့မေမေ၊ သား အိမ်ကို ပြန်လာပါပြီ၊ တကယ်ပြန်လာ

"မေမေ ဝမ်းသာလိုက်တာ သားရယ်"

သည်တစ်အိမ်လုံးတွင် တွယ်တာစရာ၊ ချစ်ခင်စရာဆို၍ မေမေ ယောက်သာရှိသည်ဟု ရယ်ဂျီထင်သည်။ သူနှင့် တစ်အိမ်သားလုံး သည်။ အိမ်သားအားလုံးက သူ့ကို မုန်းတီးကြသည်။ အထင်သေးကြ နှိမ်ကြသည်ဟုထင်သည်။

မေမေတစ်ယောက်သာ မိမိကို နားလည်သည်၊ ခွင့်လွှတ်သည်၊ သည်ဟု အထင်ရောက်သည်။ မေမေမှတစ်ပါး အခြားသံယောဇဉ် သည်အိမ်မှာမရှိ။

သူ ယခုတစ်ခေါက် 'ငုဝါမြိုင်'သို့ ရောက်လာခြင်းမှာ မေမေ့ ယောဇဉ်ကြောင့်ဖြစ်သည်။ မေမေ့ကို နှုတ်ဆက်ဖို့ လာရောက်ခြင်းဖြစ် နောက်ဆုံးအကြိမ်အဖြစ် လာရောက်နှုတ်ဆက်ခြင်းဖြစ်သည်ကို အလိုလို နားလည်နေသည်။

"သားကလေး သိပ်ဆင်းရဲပင်ပန်းနေသလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ထင်သလောက် ဆင်းရဲပင်ပန်းမနေပါဘူး မေမေ၊ သား ဝါသနာနဲ့ သားပါ၊ ဝါသနာပါတဲ့အလုပ် လုပ်နေရတော့ သား ပျော်ပါတယ်"

"ဝမ်းသာပါတယ် သားရယ်၊ ဒါပေမဲ့ ဒီတစ်ခါ 'ငုဝါမြိုင်' ပြန်ထွက်မသွားနဲ့တော့နော်၊ မေမေ့အဖို့ လောကမှာ သိပ်အချိန်ကြာကြာ နေရတော့မှာ မဟုတ်ပါဘူး၊ မေမေ ဒုက္ခတကို သက်ညှာတဲ့အနေနဲ့ သား ငုဝါမြိုင်က ပြန်ထွက်မသွားနဲ့တော့နော်၊ ပြန်ထွက်မသွားတော့ပါဘူး မေမေ့ကို ကတိပေးပါ သားရယ်"

"သား ကတိပေးပါတယ် မေမေ၊ ပြန်ထွက်မသွားဘူးလို့ သား ကတိပေးပါတယ်"

သားအမိနှစ်ယောက်တို့သည် ကြာမြင့်စွာ ဖက်တွယ်ထားကြသည်။ ကြာမြင့်စွာ မျက်နှာချင်းဆိုင်ကာ စကားတွေပြောကြသည်။

ထို့နောက် မေမေ့ကို လက်တွန်းလှည်းပေါ်မှ ခုတင်ပေါ်သို့ ပေးသည်။ စောင်ခြုံပေးသည်။ ခြင်ထောင်ချပေးသည်။

"မေမေ စိတ်အေးချမ်းသာ အိပ်တော့နော်၊ ဂွဒ်နိုက် မေမေ"

"ဂွဒ်နိုက် သား"

အခန်းမီးကို ပိတ်ပေးခဲ့သည်။ အခန်းတံခါးကို အသံမမြည်အောင် ပိတ်ပေးထားခဲ့သည်။

ထို့နောက် ရယ်ဂျီသည် အပေါ်ထပ် စကြံလမ်းအတိုင်း လျှောက် လာခဲ့သည်။ အပေါ်ထပ်တွင် အိပ်ခန်းများသာ ရှိပေသည်။

ဖေဖေ၏ အိပ်ခန်းမှာ အစွန်ဆုံးတွင်ရှိသည်။ ထိုအခန်းပေါက်ဝ တွင် ရပ်လိုက်သည်။ အခန်းအတွင်းမှာ ဖေဖေ မရှိကြောင်း သေချာသည်။ ဖေဖေသည် ည ဆယ့်နှစ်နာရီလောက်ကျမှ သူ၏ မယားငယ်ထံမှ ပြန်ရောက်လာပေလိမ့်မည်။

အခန်းမှာ သော့ခတ်ထားသည်။ သို့သော် သည်သော့၏အကြောင်း ကို ရယ်ဂျီ နောကြေနေခဲ့ပြီ။ ငယ်စဉ်က သော့ကို ခိုးဖွင့်ဝင်ပြီး ပိုက်ဆံ ခိုးနေကျ။

ရယ်ဂျီတွင် သံချောင်းကလေးတစ်ချောင်း ပါလာသည်။ သံချောင်း နှင့်ငယ်မျှ အားစိုက်လှည့်လိုက်သောအခါ သော့ပွင့်သွားသည်။ ရယ်ဂျီ သည် ဖေဖေ၏ အိပ်ခန်းအတွင်း ရောက်လာသည်။

အဝတ်ထည့်သော ဗီရိုဆီသို့လာသည်။ ဗီရို အောက်ဆုံးထပ် အဝတ်များအောက်သို့ လက်နှိုက်လိုက်သည်။ အေးစက်မာကျောသော အရာတစ်ခုကို စမ်းသပ်မိပြီး ဆွဲထုတ်ယူလိုက်သည်။

သေနတ်တစ်လက် ဖြစ်ပါသည်။ ဖေဖေကိုင်နေကျ 'ဒသမ သုံးရစ် ပစ္စတို' ခြောက်လုံးပြူးသေနတ်။ စစ်ဆေးကြည့်ရှုသောအခါ ကျည်အပြည့် ရှိကြောင်း တွေ့ရသည်။

အဝတ်ချိတ်သော ချိတ်မှ မိုးရေကာဖျင်ဂျာကင်တစ်ထည်ကို ယူဝတ် သည်။ သေနတ်ကို ဂျာကင်အင်္ကျီအိတ်အတွင်း ထိုးထည့်ထားလိုက်သည်။

သည်နောက်မှာတော့ ရယ်ဂျီသည် 'ငုဝါမြိုင်'ကို ကျောခိုင်းထွက် လာခဲ့သည်။ မိုးတဖွဲဖွဲ ရွာနေဆဲ။

နွယ်ဇင်ဦးကို သတ်ရမည်။

နွယ်ဇင်ဦးကို နှုတ်ပိတ်ရမည်။

စင်စစ် နွယ်ဇင်ဦးသည် ကမ္ဘာပေါ်တွင် ရယ်ဂျီ၏ အချစ်မြတ်နိုး ဆုံး မိန်းကလေး။ အတွယ်တာဆုံး မိန်းမတစ်ယောက်။

သို့သော် နွယ်ဇင်ဦးက သူ ချစ်မြတ်နိုးသလို မချစ်ခဲ့ကြောင်း ထင်ရှားနေခဲ့ပြီ။ သူ တွယ်တာသလို မတွယ်တာကြောင်း ပေါ်လွင်နေခဲ့ပြီ။ ဆက်ဆွေဦးအပေါ် အလွယ်တကူ လိုက်လျောခဲ့ခြင်းက ဤသည်ကို သက်သေပြနေသည်။

အချစ်နှင့် အမုန်းသည် ငွေဒင်္ဂါးတစ်ပြား၏ ခေါင်းဘက် မျက်နှာ နှင့် ပန်းဘက် မျက်နှာစာလိုဖြစ်သည်။ တစ်ချိန်တည်းတွင် အတူတကွ တည်ရှိနေကြသည်။

သေခြင်းတရားနှင့် အသက်ရှင်ခြင်းတရားတို့လို နံရံတစ်ချပ်ခြား ရုံသာ တည်ရှိနေသည်။

အချစ်နှင့်အမုန်းတို့အကြားတွင် ခြားထားသောစည်းသည် ပါးလွှာ လှသည်။ လွှာရဲလွန်းလှသည်။ သေးငယ်မှုန်မွဲလှသည်။ အမုန်းမှအချစ်သို့ ပြောင်းရန်

www.burmeseclassic.com

ခက်ခဲလှမည်ဖြစ်သော်လည်း အချစ်မှသည် အမုန်းသို့ပြောင်းရန်
လွယ်ကူလှသည်။

ရယ်ဂျီသည် နွယ်ဇင်ဦးကို ချစ်ခဲ့သည့် အမုန်းဖြစ်ပါ၏။ သို့
အောင် နွယ်ဇင်ဦး၏အချစ်ကို မရနိုင်မှန်း သိလာသောအခါ အချစ်
အမုန်းသို့ ပြောင်းခဲ့သည်။ သံယောဇဉ်မှသည် မစ္ဆရိယသို့ ပြောင်းခဲ့
သူ 'ငုဝါမြိုင်'သို့ ပြန်လာခြင်းမှာ မေမေ့အား နှုတ်ဆက်ဖို့အ
လည်း ပါဝင်သည်။ ဖေဖေ၏ သေနတ်ကို ပြန်လာယူခြင်းလည်းဖြစ်
သက်ဆွေဦးကို သူ သတ်လိုက်ကြောင်း နွယ်ဇင်ဦး ရိပ်မိပြီ
မှာ သေချာ၍နေပါပြီ။ နွယ်ဇင်ဦးသည် မိမိ၏ မစ္ဆရိယစိတ်အ
ခြေရာခံနိုင်စွမ်း ရှိခဲ့သည်။

ထိုကဲ့သို့ သတ်ဖြတ်ခဲ့ခြင်းအပေါ် နွယ်ဇင်ဦး မကျေ
လက်စားချေရန် အခွင့်အလမ်းကို စောင့်နေခဲ့သည်။ လက်စား
ဆိုသည်မှာလည်း ခက်ခဲလှသည် မဟုတ်ပါ။ ရဲကို ဖွင့်ပြောလိုက်
ဖြစ်သည်။ ကိုသန့်စင်တို့နှင့် တွေ့ဆုံဆွေးနွေးလိုက်ရုံသာဖြစ်သည်။

အခင်းဖြစ်သည့်နေ့က ဆယ်နာရီနီးပါးရှိမှ ရယ်ဂျီက သူ
လာရောက်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း ပြောပြလျှင် ရဲက စိတ်ဝင်စား
မည်။ ဆရာဝန်၏ ဆေးစာအရ သက်ဆွေဦး သေဆုံးခဲ့သည်မှာ ဆယ်
ဝန်းကျင်ဖြစ်ကြောင်း အထောက်အထား ရရှိပြီးဖြစ်သည်။

ပြီး သက်ဆွေဦး၏ အဆုတ်အတွင်း၌ ရေကို လိုအပ်သည်
ပို၍ မတွေ့ခဲ့ရ။ ရေနစ်သေဆုံးခြင်းထက် လည်ပင်းရိုးကျိုး၍ သေ
ဖြစ်ကြောင်း ဆရာဝန်၏ ဆေးစာက ဖော်ပြခဲ့သည်။

နွယ်ဇင်ဦးသည် ဆူးညှောင့်ခလုတ် ဖြစ်ခဲ့ပြီ။

ယခင်က နွယ်ဇင်ဦး သည် ရယ်ဂျီအတွက် အချစ်ငှက်။

ယခုမူ အမုန်း 'ပဒိုင်းပန်း'။

*



ကိုး။

ရှုံးနိမ့်သည်ဟုပင် ဆိုရမည်လားမသိ။ 'ငုဝါမြိုင်'မှ ပြန်လာပြီး
နောက် ရယ်ဂျီသည် အများသုံး တယ်လီဖုန်းရုံသို့ ဝင်သည်။ စခန်းမှူး
ဦးလှရွှေထံ တယ်လီဖုန်းဆက်သည်။ စကားပြောခွက်တွင် လက်ကိုင်ပုဝါ
ကော အသံဖျက်၍ ဆက်ခဲ့ခြင်းဖြစ်သည်။

တစ်ဖက်မှ–

"ဟယ်လို... ပြောပါ၊ စခန်းမှူး ဦးလှရွှေပါ" ဆိုလာသောအခါ–

"ကျွန်တော် တာဝန်သိ ပြည်သူတစ်ယောက်ပါ၊ တေလေငှက်က
ရမ်မှာ သက်ဆွေဦး သေဆုံးရတာနဲ့ ပတ်သက်လို့ သတင်းပေးချင်လို့ပါ"

"အမည်ကလေး တဆိတ်လောက် သိပါရစေ"

"......"

"ဒီလိုပါ၊ တကယ်လို့ အမှုမှန်ပေါ်လာတဲ့တိုင်အောင် မိတ်ဆွေက
နှင့်ဟာဝန်ခံဖို့ အလိုမရှိဘူးဆိုရင် နာမည်ကို လျှို့ဝှက်ထားမှာပါ"

ရယ်ဂျီက ငြိမ်သက်နေလိုက်သည်။ တစ်ဖက်မှ သက်ပြင်းရှိုက်
သံကြားရသည်။

"ကောင်းပါပြီ၊ ကျုပ် နားလည်ပြီ၊ ခင်ဗျားရဲ့နာမည်ကို ထာဝရ
လျှို့ဝှက်ထားချင်တယ် ဆိုပါတော့၊ ကိုင်း ပေးချင်တဲ့သတင်းကိုသာ
ပြောပါ"

"သက်ဆွေဦးကို သူ့ကောင်မလေးက ရေထဲတွန်းချပြီး သတ်လိုက်
တာပါ"

"သူ့ကောင်မလေးဆိုတာက ဘယ်သူလဲ"

"နွယ်ဇင်ဦးတဲ့၊ တေလေငှက်အဖွဲ့မှာ သီချင်းဆိုတယ်"

"ဟုတ်ပါပြီ၊ ဘာကြောင့် သူ့ကောင်မလေးလို့ ပြောနိုင်ရတာလဲ"

"သူတို့ချင်း ချစ်နေကြတယ်၊ ကျူးကျူးလွန်လွန် ဖြစ်ခဲ့ကြတယ်"

"ခင်ဗျား မှားနေပြီ၊ ချစ်နေတယ်ဆိုရင် ဘာကြောင့် သတ်ရမှာလဲ"

"သက်ဆွေဦးမှာ လက်ထပ်ပြီးသား ဇနီးရှိနေတယ်၊ အဲဒီဇနီးနဲ့
ကွာရှင်းပြတ်စဲမယ်ဆိုပြီး တကယ်တမ်းကျတော့ သက်ဆွေဦးက ကွာရှင်း

www.burmeseclassic.com

www.burmeseclassic.com



ပြော်စေဖို့ ငြင်းခဲ့တယ်၊ ဒီမှာတင် ကောင်မလေးက သူ့ကို ကျောရိုး တယ်ဆိုပြီး သတ်ခဲ့တာပါပဲ"

"အကြောင်းကတော့ နိုင်လုံပါပြီ၊ ဘယ်ပုံဘယ်နည်း သတ်ခဲ့တာ ဆိုတာက ရှိသေးတယ်"

"သက်ဆွေဦးကို အရက်မူးအောင်တိုက်၊ ကမ်းနားခေါ်လာ၊ ရေ တွန်းချ၊ ဝါရင့် ရဲအရာရှိတစ်ယောက်အနေနဲ့ ခင်ဗျား ဒီလောက်တော့ တွေးတတ်ဖို့ကောင်းတယ်"

ရယ်ဂျီသည် ဒေါသဖြင့်ပြောပြီးနောက် စကားပြောခွက်ကို ချ လိုက်သည်။

"ဟယ်လို"

"......"

"ဟယ်လို"

"......"

အများသုံး တယ်လီဖုန်းရုံကလေးထဲမှ ထွက်ခဲ့ပြီးနောက် ရယ်ဂျီ သည် သူ၏အခန်းသို့ ပြန်ခဲ့သည်။

သူသည် အမှုအခင်းဖြစ်စဉ် မိမိ ဘယ်နေရာတွင် ရှိနေပါသည် ဆိုသော သက်သေပြချက် (Alibi)၏ သဘောကို စောကြောလေ့လာထား မိသူဖြစ်သည်။ ထို့ကြောင့် လိုအပ်သော စီစဉ်မှုများကို ပြုခဲ့သည်။

အစတွင် သူသည် စန္ဒရားခုံ၌ ထိုင်သည်။ ဒို၊ ရေ၊ မီ၊ ဖာ စသော ဂီတသင်္ကေတ စာရွက်တစ်ရွက်ကို အလျင်စလို ရေးချလိုက်သည်။ ထိုသင်္ကေတအတိုင်း စန္ဒရား လေ့ကျင့်ခန်းတစ်ခု တီးသည်။

ယင်းကို သူက ကက်ဆက်ဖြင့် ဖမ်းယူထားသည်။ ထို့နောက် လက်စွမ်းပြ တီးကွက်များကိုတီးသည်။ စိတ်ရှိလက်ရှိနှင့် အားပါးတရ တီးခဲ့သောကြောင့် သူ၏ လက်သံမှာ မိုးသီးမိုးပေါက်များ ကျသံငယ် ဆူဝေလျှံတက်နေသည်။ လေပြင်းမုန်တိုင်းတိုက်ခတ်သံနှယ် ဖြစ်သည်။

တစ်နေ့ကျလျှင်တော့ ယင်းလက်သံကို 'အမုန်း'အမည်ပေးရမည်ဟု သူ စဉ်းစားသည်။



အကြောင်းမှု ယင်းတီလုံးများကို တီးနေခိုက် သူ၏အာရုံရိပ်မှာ သက်ဆွေဦးသည် လည်းကောင်း၊ နွယ်ဇင်ဦးသည်လည်းကောင်း၊ ကိုသန့်စင် သည်လည်းကောင်း၊ ဖေဖေသည်လည်းကောင်း၊ ကိုကိုကြီး၊ ကိုကိုလေးနှင့် တို့သည်လည်းကောင်း ပေါ်ပေါက်လာသည်။ မုန်းတီးခြင်းနှင့် နာကျည်း ခြင်းတရား၊ အာဃာတနှင့် မစ္ဆရိယစိတ်တို့သည် နှလုံးအိမ်ဝယ် ဆူဝေလျှံ တက်လာသလို ခံစားခဲ့ရသောကြောင့်ဖြစ်သည်။

သူသည် အိမ်ခန်းပြတင်းပေါက်များကို ဖွင့်ထားခဲ့သည်။ လျှပ်စစ် ခလုတ်များကို ဖွင့်ထားခဲ့သည်။ အခန်းတံခါးပေါက်တွင် 'မနှောင့်ယှက်ပါနှင့်' ဆိုသော စာတန်းကို ကပ်ထားလိုက်သည်။

ထို့နောက် သူသည် နေထိုင်ရာ အဆောက်အအုံ၏ နောက်ဖေးဘက် လှေကားကို အသုံးပြုကာ လမ်းမပေါ်သို့ ဆင်းလာခဲ့သည်။

လမ်းမပေါ်မှနေ၍ သူ့အခန်းသို့ ပြန်ကြည့်သောအခါ ပြတင်းပေါက် များ ပွင့်နေသည်။ ပြတင်းပေါက်မှ မီးရောင်ထိုးထွက်နေသည်။ စန္ဒရား လေ့ကျင့်သံများကို ကြားနေရသည်။

ဆိုလိုသည်မှာတော့ သူ့အခန်းတွင် သူကိုယ်တိုင် ရှိနေသည်။ စန္ဒရား လေ့ကျင့်နေသည်ဟု သူတို့ ထင်မြင်နိုင်စေရန်ဖြစ်သည်။ သည်နည်း ဖြင့် ဇင်နွယ်ဦး သေဆုံးချိန်တွင် သူ အိမ်တွင်ပင် ရှိနေပါသည်ဆိုသော 'အလီဘိုင်'ကို ရရှိနိုင်ပေလိမ့်မည်။

သူသည် ဂျာကင်အင်္ကျီကိုဝတ်ကာ မိုးရေထဲတွင် လျှောက်လာခဲ့ သည်။ သူ ဦးတည်ခဲ့သည်မှာ နွယ်ဇင်ဦးထံသို့။

သူ၏ ဂျာကင်အင်္ကျီ လက်ယာဘက်အိတ်မှာ လေးလံနေသည်။ သေနတ်၏ အလေးချိန်သည် အင်္ကျီကို တစ်ဖက်သို့ ရွဲ့စောင်းကျနေစေ သည်။

သူသည် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်သည်။ ထိုဆိုင်၏ ကောင်တာတွင် တယ်လီဖုန်းကို မြင်ရသောကြောင့်ဖြစ်သည်။ သူသည် ဆိုင်၏ ကောင်တာနောက်တွင် ထိုင်နေသူအား ငွေထုတ်ပေးကာ–

"တယ်လီဖုန်းဆက်မယ်နော်" ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆက်ပါ"

သူ နွယ်ဇင်ဦး၏ ဖုန်းနံပါတ်ကို လှည့်လိုက်သည်။ တစ်ဖက်မှ 'ဟယ်လို' ဆိုသောအသံသည် နွယ်ဇင်ဦး၏အသံ။

"ကိုယ်ပါ၊ ရယ်ဂျီပါ"

"ဩော်... ရယ်ဂျီ၊ ဆိုပါဦး ဘာလဲ"

"မင်းနဲ့တွေ့ချင်လို့ပါ၊ မင်း ဆင်းလာခဲ့ပါလား ဇင်ဦး၊ ကိုယ်တို့ လေဟာပြင်မှာ တစ်ခုခုစားကြတာပေါ့၊ နောက်တစ်နေ့ရာရာကို သွားသွား၊ မသွားရင်လည်း ရုပ်ရှင်ဖြစ်ဖြစ် ကြည့်ရအောင်ပါ"

"ဟင့်အင်း၊ ဇင်ဦး ဆင်းမလာနိုင်ဘူး၊ ရယ်ဂျီ တွေ့ချင်ရင် ဒီကို ဆီတက်ခဲ့လေ၊ ဘာကြောင့်လဲဆိုတော့ အိမ်မှာ ဇင်ဦးတစ်ယောက်တည်း ရှိတယ်၊ အိမ်စောင့်ကျန်နေတယ်၊ ဦးလေးတို့မိသားစုက ရုပ်ရှင်သွားကြည့် နေကြတယ်လေ"

ရယ်ဂျီမှာ ရွှီခနဲ လေချွန်မိမတတ် ဖြစ်ရသည်။

"ကောင်းပြီ ဇင်ဦး၊ အဲဒီလိုဆို မင်းဆီကို ကိုယ် တက်လာခဲ့မယ် ဒါပဲနော် ဘိုင့်ဘိုင်"

"ဘိုင်"

စကားပြောခွက်ကို ချထားပြီး ဆိုင်ထဲမှ ထွက်ခဲ့သည်။

သူသည် ကျေနပ်မှုကို ခံစားနေရသလိုဖြစ်သည်။ အခြေအနေတွေ အစစ အဆင်ပြေအောင် ဖန်တီးပေးနေသလိုရှိသည်ဟု ထင်သည်။

ပလက်ဖောင်းအတိုင်း လျှောက်လာရင်းမှ နွယ်ဇင်ဦးအား ဒုက္ခ ရမည့်အဖြစ်ကို မလိုလားနိုင်အောင် ခံစားရပြန်သည်။ သူမသည် ထင်ထား ကျော်ကြားရန် အလားအလာရှိသော မိန်းကလေးတစ်ယောက်။ ထိုအဆင့် သို့ မိမိကိုယ်တိုင် ပြုစုပျိုးထောင်လာခဲ့သည်လည်း အမှန်။ ကိုယ်ပျိုးထောင် ပန်းကို ကိုယ်တိုင်ခြွေရမည့်အဖြစ်၊ ကိုယ်စိုက်သောအပင်ကို ကိုယ်တိုင် ခုတ်လှဲပစ်ရမည့်အဖြစ်မှာ စင်စစ် စိတ်သက်သာစရာ ကောင်းလှသည် မဟုတ်ကြောင်း သဘောပေါက်မိသည်။

သို့သော် ယခုတော့လည်း အရှုံးနှင့် လက်လွတ်ဆုံးရှုံးမှုမှာ ဘောက်က အလေးသာနေသည်ကို စိတ်မကောင်းစွာ တွေးမိရင်း သံယောဇဉ် တရားများကို ဥပေက္ခာပြုနိုင်အောင် ကြိုးစားသည်။

သူ့တွင် အခြားရွေးချယ်စရာ လမ်းစလည်းမရှိတော့။ နွယ်ဇင်ဦး သည် အကင်းပါးသော မိန်းကလေး၊ ဖျတ်လတ်သွက်လက်သော မိန်းက လေး၊ သက်ဆွေဦးအား သူ သတ်လိုက်သည်ကို ရိပ်မိနေဟန်ရှိကာ ၎င်းကိုက သက်သေမကင်းဖြစ်နေသော ကိုသန့်စင်၏ ရှေ့မှောက်၌ အကောင်း ဆုံးသက်သေအဖြစ် ရပ်တည်နေသည်။ နွယ်ဇင်ဦးကို သူ ရှင်းမှဖြစ်ပေလိမ့် မည်။

နွယ်ဇင်ဦး နေထိုင်ရာ အဆောက်အအုံရှေ့သို့ ရောက်လာသည်။ အပေါ်ဆုံးထပ်မှာ မီးအလင်းရောင်ကို မြင်ရသောအခါ သူ သက်ပြင်းတစ် ချက်ကို ရှိုက်လိုက်မိသည်။

*

**တစ်ဆယ်။**

ကိုသန့်စင် ပလက်ဖောင်းတစ်ဖက်မှနေကာ လေးထပ်တိုက် အဆောက်အအုံ၏ အပေါ်ဆုံးထပ်သို့ အကဲခတ်၍ ကြည့်နေသည်။ ထို အထပ်မှာ နွယ်ဇင်ဦး ရှိသောအထပ်ပင်ဖြစ်သည်။

သူသည် အစိမ်းနရောင် မိုးကာအင်္ကျီကို ဝတ်ထားသဖြင့် ယူနီဖောင်း မှာ မပေါ်လွင်ချေ။ သာမန်အရပ်သားတစ်ယောက်ပမာသာ ဖြစ်သည်။

လေးထပ်တိုက် အဆောက်အအုံ အပေါ်ဆုံးထပ်တွင် မီးရောင်ကို မြင်နေရသည်။ လူတို့ လှုပ်ရှားသော အရိပ်များကို တွေ့နေရသည်။ ကြာမီ လှုပ်ရှားနေသော အရိပ်အယောင်တို့ ငြိမ်သက်သွားသည်။

သူ လမ်းတစ်ဖက်ကို ဖြတ်ကူးမည်ပြုစဉ် ထိုအဆောက်အအုံ၏ အောက်ဘက်ဆီမှာ တစ်စုံတစ်ယောက်ကို တွေ့လိုက်ရသည်။ သူ့ကို ချက်ချင်းမှာပင် ကိုသန့်စင် မှတ်မိလိုက်သည်။

ရယ်ဂျီ သို့မဟုတ် လွမ်းမှိုင်း။

www.burmeseclassic.com

www.burmeseclassic.com



'ဘောလေငှက်'၏ သီချင်းရေးဆရာ သို့မဟုတ် အဖွဲ့ခေါင်းဆောင် ရယ်ဂျီသည် ပတ်ဝန်းကျင်ကို မကြည့်ဘဲ ခေါင်းငိုက်စိုက်ချကာ ပလက်ဖောင်းပေါ်မှာ လျှောက်လာနေသည်။

ကိုသန့်စင်သည် ရုတ်တရက် ခြေလှမ်းတုံ့သွားသည်။ ရယ်ဂျီသည် နွယ်ဖင်ဦးထံ လာရောက်ခြင်းဖြစ်မည်ဟု တွေးလိုက်မိသောကြောင့်ဖြစ်သည်။

စင်စစ် လောလောဆယ်တွင် သူ တွေ့ဆုံစစ်မေးလိုသည်မှာ နွယ်ဖင်ဦးသာဖြစ်သည်။ နွယ်ဖင်ဦးရော ရယ်ဂျီကိုပါ တပြိုင်နက် တွေ့ဆုံမေးမြန်းခြင်း ပြုသင့်မပြုသင့် စဉ်းစားရခက်နေသည်။

ဘတ်(စ်)ကားတန်းကြီးတစ်တန်းရှေ့မှ ဖြတ်သွားသည်။ တစ်ဖက်ပလက်ဖောင်းကို မျက်ခြည်ပြတ်သွားသည်။

ကားတန်းဆုံး၍ လှမ်းကြည့်လိုက်သောအခါ ရယ်ဂျီကို မတွေ့တော့။ အဆောက်အအုံအတွင်း ဝင်သွားပြီဖြစ်ဟန် ရှိသည်။

•

ရယ်ဂျီသည် ဓာတ်လှေကားအတွင်း ဝင်လိုက်သည်။ ဓာတ်လှေကားတံခါး ပိတ်ခါနီးတွင် လူတစ်ယောက် ဝင်ရောက်လာသည်ကို သူ သတိပြုလိုက်မိသည်။ ထိုသူမှာ မိမိလို ဓာတ်လှေကားစီး ခရီးသည်တစ်ယောက်ပင် ဖြစ်လိမ့်မည်ထင်သည်။

သူ ဘယ်အထပ်သို့ သွားမှာပါလိမ့်။ ထား၊ သူ ဘယ်သွားသွား ကိုယ်သွားချင်သောနေရာသို့ ရောက်ဖို့အရေးကြီးသည်။

ဓာတ်လှေကားနံရံတွင် ခလုတ်ကလေးများရှိသည်။ ကြက်သီးခေါင်းပမာ ဖုကလေးများရှိသည်။ အထပ်တစ်ခုတွင် ခလုတ်တစ်ခု။

အောက်ဆုံးထပ် သို့မဟုတ် မြေညီထပ် အမှတ်အသားမှာ 'G' ဖြစ်သည်။

ပထမထပ်။ '1 st'

ဒုတိယထပ်။ '2 nd'

အပေါ်ဆုံးထပ် သို့မဟုတ် လေးထပ်။ '3 rd' ပြီး ရပ်စေလိုလျှင် နှိပ်၍ရအောင် 'Stop' အမှတ်အသား ခလုတ်တစ်ခုရှိသည်။

သူသည် အပေါ်ဆုံးထပ်အတွက် စတုတ္ထခလုတ်ကို နှိပ်လိုက်သည်။ ဓာတ်လှေကားသည် စတင်ရွေ့လျားစပြုသည်။ စတင် တက်ရောက်စပြုသည်။

ဓာတ်လှေကားအတွင်းသို့ မိမိနောက်မှ ဝင်ရောက်လာသူသည် မိမိကို စောင့်ကြည့်နေသည်ဟု ရယ်ဂျီ ထင်သည်။ ထို့ကြောင့် ထိုသူကို အကဲခတ်သလို ကြည့်လိုက်သည်။ ဓာတ်လှေကား ခေါင်မိုးမှ မီးရောင်မှာ မှိန်မွှားနိုကြင်သည်။

သူသည် မိုးကာအင်္ကျီ ဝတ်ထားသည်။ ခေါင်းမှာ မိုးရေကာဖျဉ်ဦးထုပ် ဆောင်းထားသည်။ ဦးထုပ်၏ အနားပြားသည် သူ၏မျက်နှာကို အမှောင်ရိပ်ကျနေသည်ဖြစ်၍ မျက်နှာကို မမြင်သာ။

ထိုသူ၏ ကိုယ်ခန္ဓာမှာ တုတ်ခိုင်သည်။ ခြေတံလက်တံ ကြီးမားသည်။ သူ၏ ကြီးမားတုတ်ခိုင်သော ကိုယ်ခန္ဓာကို ဓာတ်လှေကားနံရံတွင် လေးကန်စွာ မှီထားသည်။ အမှောင်ရိပ်ကျနေသော သူ၏မျက်လုံးများက မိမိကို စူးစိုက်ကြည့်နေသည်ဟု ရယ်ဂျီ အထင်ရောက်သည်။

ရယ်ဂျီသည် ဂျာကင်အင်္ကျီအိတ်အတွင်း လက်ထိုးနှိုက်လိုက်သည်။ ထိုအခါ အေးစက်မာကျောသော သေနတ်၏ တုံ့ပြန်မှုကို ခံစားလိုက်ရသည်။

"ကျန်းမာပါစ ရယ်ဂျီ"

ရုတ်တရက် နှုတ်ဆက်ခြင်းခံလိုက်ရသည်။ ရယ်ဂျီသည် လန့်ဖျပ်သွားသလို ခံစားရသည်။ ယင်းအဖြစ်ကို တစ်ဖက်လူက သဘောကျစွာ ရယ်မောလိုက်သည်။

"ခင်... ခင်ဗျား ဘယ်သူလဲ"

ရယ်ဂျီက ဓာတ်လှေကားနံရံကို ကျောဖြင့် တင်းကျပ်စွာ ကပ်ထားရင်းက မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဘယ်သူလဲဆိုတာ မောင်ရင် သိဖို့မလိုပါဘူး၊ မောင်ရင် ဘယ်သူလဲဆိုတာသာ သိဖို့လိုတာပါ"

"ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ"

"နောက်တော့ ကျုပ် ဘာတွေလျှောက်ပြောနေတာလဲဆိုတာ သိလာမှာပေါ့၊ ဒီလိုပါ ရယ်ဂျီ၊ သက်ဆွေဦးဆိုတဲ့ လူတစ်ယောက်ဟာ လွန်ခဲ့တဲ့ ငါးရက်လောက်က လှိုင်မြစ်အတွင်းမှာ ရေနစ်သေဆုံးခဲ့တယ်၊ လူအများစုရဲ့အထင်ကတော့ အရက်မူးပြီး ဇော်တံတားပေါ်ကနေ ရေထဲအားလွှတ်ကျသွားတယ်လို့ပဲ၊ ဒါပေမဲ့ လူတချို့ကတော့ သူဟာ အဲဒီလို ရိုးရိုးသားသား သေဆုံးတာမဟုတ်ဘူး၊ တစ်စုံတစ်ယောက်က တွန်းချလိုက်တယ်ဆိုတာကို သိထားကြတယ်၊ အဓိက သိထားကြသူ သုံးယောက်ရှိတယ်၊ သက်ဆွေဦး ကိုယ်တိုင်၊ ထားပါ၊ သူက သေဆုံးခဲ့ပြီမို့ ဘယ်လိုမှ နောက်အထောက်အထားကို ပြောမပြနိုင်တော့ပါဘူး၊ မောင်ရင် ကိုယ်တိုင်နဲ့ နောက်တစ်ယောက်ကတော့ ကျုပ်ကိုယ်တိုင်ပါပဲ"

ရယ်ဂျီ၏ အသက်ရှူသံမှာ ပြင်းပြလာသည်။ သူ၏ နှလုံးသားမှာ လက်ဖြင့် ဆုပ်နယ်ခြင်းခံရသလို တင်းကျပ်နာကျင်လာသည်။ သို့သော် ဟန်ကိုယ့်ဖို့ဆိုသလို အားတင်းလိုက်သည်။

"ခင်ဗျားပြောနေတာတွေ ဘာမှအဓိပ္ပာယ်မရှိဘူး၊ ဒီကိစ္စကို ကျုပ် မသိဘူး"

"မောင်ရင် သိပါတယ်၊ ကောင်းကောင်း သိပါတယ်၊ ဒီမယ် ကြည့်စမ်း၊ ကျုပ် ဘယ်သူလဲလို့"

သူက ခေါင်းကိုမော့ပြလိုက်သည်။ မီးအလင်းရောင်သည် သူ၏ မျက်နှာပေါ်သို့ တိုက်ရိုက်ထိုးကျသည်။

အကျည်းတန်သော မျက်နှာတစ်ခု။ ကြမ်းတမ်းခက်ထရော်သော မျက်နှာတစ်ခု။

နေလောင်ထားသော အသားနှင့် ပါးပြင်တွင် ကန့်လန့်ဖြတ် အမာရွတ်ကြီးတစ်ခုရှိသည်။ သူ၏ မျက်စိပေါက်မှာ ကျဉ်းမြောင်းပြီ

...န်းသူငယ်အိမ်မှာ သေးကွေးရှန်းလက်သည်။ သူ၏ အကြည့်သည် ...စ်ယောက်၏ အသားကို မဆိုထားနှင့်၊ သံမဏိနံရံကိုပင် ထိုးဖောက် ...င်စွမ်းလိမ့်မည်ဟု ယူဆရသည်။

အမှန်ပြောရလျှင်တော့ ရယ်ဂျီသည် သူ့ကို ရုတ်ခြည်းမှာပင် ...မိလိုက်ပါသည်။ ချက်ချင်းမှာပင် သတိရလိုက်ပါသည်။

သက်ဆွေဦး ဆုံးသည့်ညက ကျွန်းမာရေးဆိပ်ကမ်း ဇော်တံတား ...း ဆုံခဲ့ရသူ၊ မှောင်ရိပ်မှာ ငါးမျှားနေခဲ့သူ၊ မိမိအား တစ်စုံတစ်ယောက် ...ကျသွားသလားဟု လာမေးသူ၊ မိမိထံမှ မီးခြစ်တောင်း၍ပင် ...ခဲ့သေးသူ။

ရယ်ဂျီသိသည်။ ရှောင်လွှဲ၍ရမည်မဟုတ်ကြောင်း သိလာသည်။ ...ကြောင့် သူ ပြုံးလိုက်သည်။

"ဪ... ကျွန်တော် မှတ်မိပြီ၊ ဒါပေမဲ့ ခင်ဗျား ဘာတွေပြောနေ ...လဲဆိုတာတော့ ကျွန်တော် မသိဘူး"

"ကျုပ်ဟာ မောင်ရင်ထင်သလို သာမန်တံငါသည်တစ်ယောက် ...တော့ မဟုတ်ဘူးကွဲ့၊ လူနုံတစ်ယောက်လည်း မဟုတ်ဘူး၊ အငြိမ်းစား ...ထားတဲ့၊ ငါးကို အပျင်းပြေ လာမျှားတတ်တဲ့ အရာရှိဟောင်းတစ်ဦးပဲ၊ ...ကြောင့် သတင်းစာမှာ သက်ဆွေဦးရဲ့အလောင်းကို ရှာတွေ့တဲ့အကြောင်း ...ရတော့ ကျုပ်နည်းကျုပ်ဟန်နဲ့ စုံစမ်းမှုတွေ ပြုခဲ့တယ်၊ သက်ဆွေဦးဟာ ...လေငှက် တီးဝိုင်းက ဒရမ်မာ ဖြစ်တယ်ဆိုတာ သိလာတယ်၊ အဲဒီ ...ဖွဲ့ရဲ့ ခေါင်းဆောင်ဟာ မောင်ရင်ဆိုတာ သိလာတယ်၊ ခပ်တိုတိုပြော ...ရင် သက်ဆွေဦးနဲ့ မောင်ရင်တို့ မိန်းကလေးတစ်ယောက်၊ သူ့နာမည် ...ယံဇင်ဦး ဟုတ်စ၊ သူ့ကို ဝိုင်းပြီးချစ်နေကြတယ်၊ မိန်းကလေးက ...က်ဆွေဦးဘက်ကို အလေးသာသွားတယ်၊ ဒီမှာတင် မောင်ရင်ဟာ ...န်တိုစိတ်နဲ့ သက်ဆွေဦးကို အရက်မူးအောင်တိုက်ပြီး ဇော်တံတားက ...တွန်းချသတ်လိုက်တာပဲ မဟုတ်လား"

ရယ်ဂျီ၏ အသက်ရှူသံ ပို၍ပြင်းလာရသည်။ ရင်ထဲမှာ ပိုမိုတင်း

www.burmeseclassic.com

www.burmeseclassic.com



ကျပ်သော ဝေဒနာ ခံစားလာရသည်။

ရန်သူသစ်တစ်ယောက် တိုးလာပြီဆိုခြင်းကို နားလည်ရသည်။ ရန်သူမှ အဓိကရန်သူ၊ အနီးကပ်ဆုံးရန်သူ။

ဓာတ်လှေကားသည် ပထမထပ်ကို ဖြတ်ကျော်ခဲ့သည်။ ရယ်... သက်ပြင်း ိက်ရင်း ပြောလိုက်သည်။

"သပ်ကောင်းတဲ့ ဝတ္ထုတစ်ပုဒ်ပဲ၊ အဲဒီအတွက် ခင်ဗျား ဘာလို... သလဲ"

"ငွေတစ်သိန်း"

"တစ်သိန်း"

"ဟုတ်တယ်၊ ဒီဇာတ်လမ်းကို ကိုယ် ရဲတွေရှေ့မှာသာ ပြော... ရင်"

"သိပ်မခြိမ်းခြောက်ပါနဲ့၊ ခက်တာက ခင်ဗျားကိုပေးဖို့ ငွေတစ်သိ... ကျွန်တော့်မှာ ရှိမနေတာပဲ"

"မောင်ရင့်မှာ မရှိပေမဲ့ မောင်ရင့်မိဘတွေမှာ ရှိပါတယ်... ကျပ် အားလုံးကို ဇစ်ဇစ်မြစ်မြစ် လိုက်ပြီးမှ မောင်ရင်နဲ့တွေ့ဖို့ ဆုံးဖြ... ခဲ့တာပါ"

"ကောင်းပြီ၊ ခင်ဗျားက တစ်ခါတည်းနဲ့ ပြီးမှာလား၊ ငွေလိုတိ... ထပ်ကာတလဲလဲ တောင်းနေမှာလား"

"ကိုယ် ကတိပေးပါတယ်၊ မောင်ရင့်ဆီက ငွေတစ်သိန်း ရပြီး... နောက် ကျုပ် ရန်ကုန်ကနေ ထွက်သွားပါမယ်၊ အသက်ထက်... ပြန်မလာတော့ဘူးလို့ ကတိပေးတယ်"

ရယ်ဂျီသည် တွေးတောသလို ငြိမ်သက်နေသည်။ မိမိရှေ့မှ လူ... ကို စူးစိုက်ကြည့်သည်။ ထိုသူက အောင်နိုင်သူတစ်ယောက်လို ဝင့်ကြ... သော မျက်နှာထားဖြင့် သူ့အား ကြည့်နေကြောင်း တွေ့ရသည်။

မှန်တီးခြင်းတရားသည် ရင်ဝယ်ဂယက်ထန်လာသည်။ ဓာတ်... ကားသည် ဒုတိယထပ်ကို ဖြတ်ကျော်စပြုသည်။

"ခု မောင်ရင် ကောင်မလေးဆီ သွားမှာမဟုတ်လား"

"ဟုတ်တယ်"

"ဒီကနေ့ သွားမတွေ့ပါနဲ့၊ ငွေတစ်သိန်း ကိစ္စအတွက် ကိုယ်တို့ ...င်ရင့်အခန်းကိုပြန်ပြီး ဆွေးနွေးကြရအောင်ပါ"

ပြောပြောဆိုဆိုမှာပင် သူက ရယ်ဂျီ၏ ရင်ဘတ်ရှေ့မှကျော်ကာ ...တ်တစ်ခုကို နှိပ်လိုက်သည်။ ရယ်ဂျီ စဉ်းစားမနေတော့ပါ၊ တွေးမနေ ...တော့ပါ။

သေနတ်ကို ဂျာကင်အင်္ကျီအိတ်ထဲမှ ဆွဲမနုတ်ဘဲ သူ့ရင်ဘတ်ကို ...်၍ထောက်ပြီး ခလုတ်ကို ညှစ်ချလိုက်သည်။

သေနတ်သံသည် အသံလုံနေသည့် ဓာတ်လှေကားထဲတွင် ဗုံးတစ် ...ဆောက်ခွဲလိုက်သလို ပြင်းထန်သည်။ ဆူညံကျယ်လောင်သော အသံ ...နားမခံသာလောက်အောင်ဖြစ်သည်။

သူ၏ ကိုယ်ခန္ဓာသည် ရင်ဘတ်မှ ဆီး၍အတွန်းခံလိုက်ရသလို ...သည်။ နောက်သို့ လန်ကျသွားသည်။ သူ၏မျက်နှာသည် အစတော့ ...အားသင့်သလို ဖြစ်နေသည်။ နောက်တော့ နာကျင်ခြင်းဝေဒနာသည် ...လာသည်။

ရယ်ဂျီသည် သူ့ကို ခံစားမှုကင်းမဲ့သော မျက်နှာဖြင့်ကြည့်ရင်း ...လိုက်သည်။

"ဆောရီးပါပဲ မိတ်ဆွေ"

"အရူး"

သူက အော်ဟစ်လိုက်သည်။ ထို့နောက် ရယ်ဂျီထံမှ သေနတ်ကို ...ယူရန် ကြိုးစားသည်။ ရယ်ဂျီသည် သူ့ရင်ဘတ်ကို နောက်တစ်ချက် ...ပစ်လိုက်သည်။

သူ၏ ကိုယ်သည် တွန့်လိမ်သွားသည်။ ချာလည်လည်သွားသည်။ ...တ်လှေကား နံရံဆီသို့ ကျောမှီကျသွားသည်။ သူ၏ ခြေထောက်များ ...င်တော့ဘဲ ခန္ဓာကိုယ်မှာ ငှက်ပျောပင်ကို ဓားနှင့်ပိုင်းလိုက်သလို ...ပ်ကြီးပြတ် လဲကျသွားသည်။

www.burmeseclassic.com



သူသည် မည်သူ့ရှေ့မှာမှ သူ၏ အဖိုးတန်လှသော ဓမ္မ ဆြာပြနိုင်လိမ့်မည် မဟုတ်တော့ပေ။

*

## တစ်ဆယ့်တစ်။

ကျယ်လောင်လွန်းသော သေနတ်သံကြောင့် ရယ်ဂျီမှာ ရူးသွပ်သွား မတတ် စိတ်အနှောင့်အယှက် ဖြစ်လိုက်ရသည်။

သူသည် သေနတ်ကို ဂျာကင်အင်္ကျီအိတ်ထဲမှ ထုတ်ယူလိုက်သည် ဂျာကင်အင်္ကျီအိတ်မှာ အပေါက်ဖြစ်သွားသည်။ ကော်ဒိုက် ယမ်းငွေ့ နှင့် အဝတ်မီးလောင်နံ့တို့ကို ရနေသည်။

တဆက်တည်းမှာပင် ဓာတ်လှေကားသည် လမ်းတစ်ဝက်လော တွင် ရပ်တံ့နေကြောင်း သတိပြုလိုက်မိသည်။ အငြိမ်းစား အရာရှိဟော ဆိုသော တံငါကြီးသည် 'ရပ်'သို့မဟုတ် 'Stop' ခလုတ်ကို နှိပ်ခဲ့ တူသည်။

မည်သည့်အထပ်တွင် ရပ်ခဲ့သည်ကို သူမသိ။ ဒုတိယထပ် တတိယအထပ်ကြားတွင် ရပ်ခဲ့ခြင်း ဖြစ်ကောင်းဖြစ်မည်ထင်သည်။

သူ့တွင် နွယ်ဇင်ဦးအား သတ်ဖြတ်လိုစိတ် မရှိတော့ချေ။ နွယ်ဇ ကိုယ်စား အခြားသူတစ်ယောက်ကို ရှင်းထုတ်လိုက်ရသဖြင့် ကျေနပ်သွ သလိုရှိသည်။

သို့ပေမဲ့ နွယ်ဇင်ဦးထံသို့မူ ရောက်ချင်နေသည်။ အဖြစ်အပျ အလုံးစုံကို ဖွင့်ပြောကာ သူ့ကို ခွင့်လွှတ်ဖို့အကြောင်း တောင်းပန်ချင်သည်

'ဇင်ဦး မင်းကြောင့် ဒီပြဿနာတွေကို ကျူးလွန်မိတာပါ၊ မင်း ချစ်လွန်းလို့ပါ'ဟု ဖွင့်ပြောလိုက်ချင်သည်။ ပြီး ဇင်ဦးထံမှ နားလည် စာနာမှု၊ ခွင့်လွှတ်မှုများကို တောင်းခံချင်သည်။ ဇင်ဦးထံမှ ကရုဏာတရား ကို သူ ရရှိနေချင်သည်။



သို့ဖြင့် သူသည် '3rd' အမှတ်အသားပါ ခလုတ်ကို နှိပ်လိုက်သည်။ လှေကားသည် အလုပ်မလုပ်ခဲ့။ ငြိမ်နေသည်။

သူသည် ပက်လက်ကြီး လဲကျသေဆုံးနေသူကို ကြည့်သည်။ ကိုယ်အလေးချိန်မှာ အနည်းဆုံး ပေါင်နှစ်ရာလောက်ရှိမည်။ ကိုယ်အလေးချိန်က ရပ်တံ့သွားသော ဓာတ်လှေကားအား အရှိန် သွားစေသည်။ စင်စစ် သည်ဓာတ်လှေကားကလည်း လွန်ခဲ့သော နှစ်ဆယ်ကျော်က တပ်ဆင်ခဲ့သည့် ဟောင်းနွမ်းပြီး ခနော်နီခနော်နဲ့ သည့် ဓာတ်လှေကားဖြစ်သည်။

ပေါင်နှစ်ရာလေးသည့် အလောင်းကို ပစ်ချခဲ့လျှင် ဆက်၍ တက်နိုင် ည်အထင်နှင့် ရယ်ဂျီသည် အလောင်းကို တံခါးဝသို့ ဆွဲယူသည်။ လေးလွန်းလှသဖြင့် ခဲခဲယဉ်းယဉ်း ဆွဲယူရသည်။

တံခါးပေါက်ကို ဆွဲဖွင့်သည်။ ပွင့်ထွက်မလာခဲ့။ သဘောမှာတော့ ါးသည် လမ်းခုလတ်တွင် ပွင့်လိမ့်မည်မဟုတ်။ ထိုသို့ပွင့်ပါက ရာယ်ဖြစ်နိုင်သည်။ အထပ်တိုင်း၏ တံခါးပေါက်ဝကျမှသာ ပွင့်ပေလိမ့် ။ ထိုအတိုင်း လျှပ်စစ်စနစ်ဖြင့် အလိုအလျောက် ခလုတ်များကို ဆင်ထားပုံပေါ်သည်။

ဓာတ်လှေကားကို လှုပ်မရသည့်အတွက် ရယ်ဂျီသည် ပျာယာခတ် သွားခဲ့။ ခေါင်းအေးအေးထား၍ စဉ်းစားသည်။

ဓာတ်လှေကား၏ မျက်နှာကျက်အနီးတွင် လေဝင်ပေါက်တစ် က်ရှိသည်။ ထိုလေဝင်ပေါက်သည် ပြင်ပနှင့် ဆက်သွယ်၍ရနိုင်သည့် တည်းသော အပေါက်ဖြစ်မည်။ ယင်းအပေါက်မှာ လက်နှင့် မမီသော်လည်း ပြင်ပကို အနည်းငယ် မြင်သာစေသည်။ အလင်း င်အချို့တို့ ဝင်လာသည်ကိုထောက်သော် ဓာတ်လှေကားမှာ နွယ်ဇင်ဦး အိပ်ခန်းနှင့် အလှမ်းမကွာလှသောနေရာတွင် ရပ်တံ့နေခဲ့ခြင်း ဖြစ်ဟန် သည်။

ရယ်ဂျီသည် ဒုံးဝေးသူတစ်ယောက် မဟုတ်။ ဓာတ်လှေကား၏ တ်ကလေးများ တည်ဆောက်ပုံကိုကြည့်သည်။ သြော် တွေ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



နံပါတ် '၃' ခလုတ်သည် အတွင်းသို့ ကပ်နေသည်။ လျှာညပ်နေ

သူ၏ ကိုယ်ပေါ်၌ သေနတ်မှတစ်ပါး ချွန်ထက်သော

သူ့အား ခြိမ်းခြောက်လာသူတွင်မူ ယင်းပစ္စည်းမျိုး ပါကောင်းပါ

ကာ ဒူးထောက်ထိုင်ချပြီး ကိုယ်၌ရှာဖွေသည်။ ဓားဦးချွန်တစ်

တွေ့ရသည်။

ဓားဦးချွန်ဖြင့် ခလုတ်ကလေးကို ထိုးကော်လိုက်သည်။

ခလုတ်မှ ပလပ်စတစ်စ ကြယ်သီးကလေးသာ ပွင့်ထွက်လာသည်။

ညပ်နေရာမှ ကြွတက်မလာ။

အဘယ်မျှ သွေးအေးကာ ဦးနှောက်ကောင်းသူပင်ဖြစ်စေ

တုန်လှုပ်လာသည်။ အခြေအနေမှာ စိတ်ပျက်ဖွယ်ရာဖြစ်သည်။

တစ်လက်၊ ဓားတစ်ချောင်းနှင့် အလောင်းတစ်လောင်း။

လှုပ်ရှားစေနိုင်း၍ မရနိုင်သော ဓာတ်လှေကား ကျဉ်းကျဉ်း

ထဲမှာ။ ရယ်ဂျီသည် စိတ်ဓာတ်ကျစ ပြုလာသည်။

ဓာတ်လှေကား၏ လျှပ်စစ်ပစ္စည်းများ ရုပ်ထွေးမှားယွင်း

လား။ တစ်ညလုံး သည်ဓာတ်လှေကားအတွင်းမှာ အလောင်းတစ်

နှင့်အတူ နေနေရတော့မှာလား။

နောက်တစ်နေ့ ရုံးဖွင့်လျှင် ရုံးမှာ လူတွေအများအပြား ရောက်

မည်။ ဓာတ်လှေကားကို လှုပ်ရှားအောင် ကြိုးစားကြရမည်။ ထိုအခါ

သည်ပုံစံအတိုင်း လူတွေ၏ ဖမ်းမိခြင်းကို ခံရလေတော့မှာလား။

ဓာတ်လှေကားအတွင်းမှာ အိုက်လှောင်၍လာသည်။ သော

လည်း ရယ်ဂျီမှာ ချွေးများပြန်လာသည်။ ဂျာကင်အင်္ကျီကို ချွတ်လို

လေသည်။

အလောင်းကို အသေအချာ ကြည့်လိုက်သည်။ သူ၏ ကျဉ်း

သော မျက်စိပေါက်သည် ပွင့်နေသည်။ ဓာတ်လှေကား မျက်နှာကြ

မမြင်သာဘဲ စူးစိုက်ကြည့်နေသည်နှင့်တူသည်။ သူ၏ ပါးစပ်သည် ပွင့်

သွေးစ အချို့ စီးကျနေသည်။ ကျက်သရေမင်္ဂလာ ကင်းမဲ့လွန်း

ရှုခင်းပင် ဖြစ်သည်။



ရယ်ဂျီသည် လက်မှနာရီကိုကြည့်သည်။ ဆယ်နာရီထိုးခါနီးပေပြီ။

က နွယ်ဇင်ဦးကို စောင့်တနေသည်။ နွယ်ဇင်ဦးသည် ရှေ့မှာ

ပြီး မိမိကို လာရောက်ကယ်တင်နိုင်ပါစေဟု ဆုတောင်းမိသည်။

သို့တိုင်အောင် နွယ်ဇင်ဦး အပါအဝင် အဆောက်အအုံတစ်ခုလုံး

တိတ်ဆိတ်လျက်။

ရယ်ဂျီသည် ဓာတ်လှေကား နံရံနှင့် ကျောကို တင်းကျပ်စွာကပ်မှီကာ

လိုက်သည်။ သူ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေလိုက်သည်။

မှာ အသံတစ်သံကို ကြားရသည်။

"အထဲမှာ တစ်ယောက်ယောက် ရှိနေသလားဟင်"

ဝမ်းသာစိတ်ဖြင့် ထိုင်ရာမှ ထရပ်လိုက်မိသည်။ အသံက နွယ်ဇင်ဦး

။ သူ့ခေါင်းပေါ် တည့်တည့်မှလာသည်။ မျက်နှာကြက် သံစကာ

ဆီမှ တိုးဝင်လာသည်။ နွယ်ဇင်ဦး၏ ဖြူဖွေးသော ခြေသလုံးသား

သုမ်းမြင်ရသည်။

"ဟင်... ဓာတ်လှေကားထဲမှာ တစ်ယောက်ယောက် ပိတ်မိနေ

လား"

သူမက ထပ်မေးသည်။

"ဟုတ်တယ် ဇင်ဦး၊ ကိုယ်ပဲ၊ ရယ်ဂျီပါ ၊ ကိုယ် ဓာတ်လှေကား

ပိတ်မိနေတယ်"

သူက ကျယ်လောင်စွာ အော်ပြောလိုက်သည်။ သို့သော် သူ၏

ကို ဇင်ဦး ကောင်းစွာကြားရဟန်မတူ။ 'ဓာတ်လှေကားထဲမှာ

မိနေတယ်' ဆိုရုံလောက်တော့ နားလည်ပုံရသည်။

"ဖြစ်ပြန်ပြီပေါ့၊ နံပါတ်သုံးခလုတ်ပဲ နေမှာပါ၊ အဲဒီခလုတ်က

ခဏ ဒုက္ခပေးနေတာပဲ၊ ဘယ်သူမှ ဂရုတစိုက် ပြင်ပေးဖော်မရဘူး"

ညည်းညူသလို ဆိုလိုက်သည်။ ပြီးမှ–

"ဒီမှာ ဘယ်သူပဲဖြစ်ဖြစ်၊ ကျွန်မပြောတာကို နားထောင်ပါ"

ရယ်ဂျီက အသေအချာ နားစွင့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ပြိုင်နက်တည်းမှာ နံပါတ်နှစ်ခလုတ်ရယ်၊ မြေညီထပ် ခလုတ်ရယ်ကို နှိပ်လိုက်ပါ၊ နံပါတ်သုံး ခလုတ်ဟာ ကြွတက်လာပြီး ဓာတ်လှေအောက်ကို ဆင်းသွားလိမ့်မယ်၊ ဒါပေမဲ့ နံပါတ်သုံးခလုတ်ကို ထပ်ပါနဲ့တော့၊ နှိပ်ရင်လည်း အချည်းနှီးပဲ၊ အဲဒီခလုတ်ဟာ အလုပ်မလုပ်ကြာပြီ၊ ရှင် အပေါ်ကို ပြန်တက်လာချင်သေးတယ်ဆိုရင် အကောင်းအကြံဉာဏ် ကျွန်မပေးမယ်၊ ဓာတ်လှေကားမစီးဘဲ ကိုယ့်ခြေထောက်ကိုသာ ကိုယ်အားကိုးပေတော့"

"ကျေးဇူးပါပဲ မိန်းကလေးရယ်"

ရယ်ဂျီသည် အထီးတည်း တိုးတိုးကလေး ရွတ်ဆိုလိုက်သည်။ နွယ်ဇင်ဦး၏ အမိန့်အတိုင်း နံပါတ် ၂ ခလုတ်နှင့် G အမှတ်အသားအောက်ဆုံးခလုတ်ကို တစ်ပြိုင်တည်း နှိပ်လိုက်သည်။

သံမဏိ ဆိုင်းကြိုးများအသံကို ဦးစွာကြားရသည်။ ဓာတ်လှေကားသည် လှုပ်ရှားလာသည်။ သံဘီးခွေများ လည်သံပေါ်လာသည်။ ငြိမ်ဖြစ်သွားပြီး ဓာတ်လှေကားသည် အောက်သို့လျှောကျလာသည်။

သူ ဓာတ်လှေကားအတွင်း ရှိနေသည်ကို နွယ်ဇင်ဦးမသိ။ သူ့အကို မမှတ်မိ။ သည့်အတွက် ဝမ်းသာရသေးသည်။

အောက်ထပ်သို့ရောက်လျှင် အလောင်းကို ထားရစ်ခဲ့ကာ ထွက်ရုံပင်ဖြစ်သည်။

တစ်စုံတစ်ယောက်သည် ဓာတ်လှေကားကို အသုံးပြုပေလိမ့်မည်။ ထိုအခါ အလောင်းကို တွေ့သွားမည်။ ယင်းအချိန်တွင် သူ အဝေးရောက်နေလောက်ပြီဖြစ်သည်။

ရယ်ဂျီသည် လက်ကိုင်ပဝါကို ထုတ်ယူသည်။ ဓာတ်လှေကားသူထိကိုင်ခဲ့မိသည် ထင်သမျှနေရာများကို လိုက်၍ပွတ်တိုက်ပစ်လိုက်သည်။ သေသူထံမှ ဓားလက်ကိုင်ရိုးကိုလည်း ယင်းနည်းအတိုင်း ပွတ်သပ်၍ သူ့အင်္ကျီအိတ်ထဲ ပြန်ထည့်ပေးထားလိုက်သည်။

ဒုတိယထပ်ကို ကျော်လာသည်။ ပထမထပ်ကို လွန်လာသည်။ ဓာတ်လှေကား ကျဆင်းပုံ ညင်သာသွားသည်။ မြေညီထပ်



ဓာတ်လှေကားသည် ရပ်သွားလေသည်။

မီးကပ်လာသည်။ ဘီးအရှိန်များ လျှော့သွားပြီး ဓာတ်လှေကားသည် ငြိမ့်ခနဲ ရပ်သွားလေသည်။

ရယ်ဂျီသည် ဆံပင်ကို လက်ဖြင့်သပ်လိုက်သည်။ အင်္ကျီကော်လာကို သေသပ်အောင် ပြုပြင်လိုက်သည်။

ဓာတ်လှေကားတံခါး အလိုအလျောက်ပွင့်လာပြီး အပြင်သို့လှမ်းထွက်ရန် ပြင်ဆင်လိုက်လေသောအခါ–

ရယ်ဂျီ သက်ပြင်းရှိုက်လိုက်မိသည်။ သူ၏ ရင်ခုန်သံ ရပ်တန့်သွားပြီထင်လိုက်မိသည်။ အသက်ရှူ ရပ်သွားလေပြီထင်သည်။

တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားကာ ဒူးများ ညွတ်ခွေကျသွားရမတတ် ခံစားလိုက်ရသည်။

အကြောင်းမှု–

ဓာတ်လှေကားပေါက်ဝမှာ သူ လူအုပ်စုတစ်စုကို တွေ့လိုက်ရသည်။ အသံဗလံများ ကြားလိုက်ရသည်။

"ဟင်… ဓာတ်လှေကားထဲမှာ ပိတ်မိနေတာ ဦးဦးရယ်ဂျီပါလား"

"အလို… ဘုရားရေ၊ လူသေလောင်းတစ်လောင်း"

"ကလေးတွေ အနားမကပ်နဲ့၊ သူ့လက်ထဲမှာ သေနတ်ရှိနေတယ်"

"ရယ်ဂျီ မင်း သူ့ကို သတ်လိုက်တယ်လားဟင်"

စင်စစ် နွယ်ဇင်ဦး၏ ဦးလေးမိသားစု ရုပ်ရှင်မှ ပြန်လာခြင်းဖြစ်သည်။

နောက်ဆုံးမှ စကားသံကမူ ထိုမိသားစု၏ နောက်ကျောဘက်တွင် ရပ်နေသော ဒု–ရဲအုပ် ကိုသန့်စင်၏ အသံဖြစ်လေသည်။

မောင်သိန်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com



# ရွှေနေမလေး မေစံရှားနှင့် သုံးပင်လိမ်

နေဝိုးသော်

(၁)

"မန္တလေးက စာဖတ်ပရိသတ် အမျိုးသမီးတစ်ယောက်က ကိုကိုတို့ ရုပ်မှန် စုံထောက်မဂ္ဂဇင်းကို ဝေဖန်ထောက်ပြတဲ့ စာတစ်စောင်ပို့တယ် ။ သူမက မဂ္ဂဇင်းထဲမှာပါတဲ့ စာမူတွေနဲ့ပတ်သက်ပြီး စာဖတ်သူတစ် ာက်အနေနဲ့ နှစ်သက်တာ မနှစ်သက်တာ အကျိုးအကြောင်းပြပြီး ဝေဖန်ထောက်ပြရုံသာမကဘူး၊ အကြံကောင်းဉာဏ်ကောင်းတွေလည်း းထားတယ်၊ အဲဒီထဲမှာ ရွှေနေမလေး မေစံရှားကိုတော့ နှစ်သက်သဘော ကြောင်းနဲ့ မေစံရှားရဲ့ပုံကို ဖော်ပြပေးဖို့ပါ ရေးထားတယ်"

"စာဖတ်ပရိသတ်က ဝေဖန်ထောက်ပြတယ်ဆိုတာကို ကိုကိုတို့ က်ခံစဉ်းစားပြီး ရှေ့လာမဲ့ စာအုပ်တွေအတွက် ဆင်ခြင်စရာ ပြင်ဆင် ရာတွေကို ဆင်ခြင်ရ ပြင်ဆင်ရမှာပေါ့၊ သူတို့ကို ကျေးဇူးတင်ထိုက် ယ်၊ ဒါပေမဲ့ ရှားပုံတော့ မဖော်ပြပါနဲ့ ကိုကိုရယ်"

"ဘာဖြစ်လို့လဲ ရှားရဲ့"

"ရှားက ထင်ပေါ်ကျော်ကြားမှုကို လိုချင်တာ မဟုတ်ဘူး၊ ရှား ုံကြည်တာကို ရှား လုပ်နေတာပါ၊ ရှား ရင်ထဲက ဆန္ဒအတိုင်း အမှန်တရား

www.burmeseclassic.com

www.burmeseclassic.com



ကို မြတ်နိုးလို့ အားနည်းသူကို ကူညီချင်လို့ပါ၊ ကိုကို့ ရှားအ
ရေးတာတောင် ရှားက သိပ်ကြိုက်တာ မဟုတ်ဘူး"

"ကျောက်ပန်းတောင်းက စာဖတ်ပရိသတ် မိန်းကလေးတစ်
ကဆိုရင် ရှားကို အားကျသတဲ့၊ သူက ဥပဒေနဲ့ တက္ကသိုက်တက်နေ
ရှားလိုပဲ အများအကျိုးကို သယ်ပိုးနိုင်အောင် လုပ်မယ်တဲ့"

"အဲဒီစကားကြားရတာတော့ ရှား ပီတိဖြစ်ပါတယ်…"

"တောင်ဥက္ကလာပက ကဗျာရေးတဲ့ မိန်းကလေးတစ်ဦးက
ရှားကို တွေ့ချင်ကြောင်း ရှားနဲ့ ရင်းနှီးလိုကြောင်းတောင် ရေးထားတ

"ဝေဖန်တာပဲဖြစ်ဖြစ် အကြံပြုတာပဲဖြစ်ဖြစ် သူတို့ကို တလေး
ကိုကို စာပြန်ရေးစေချင်တယ်"

"ရေးမှာပါ… ရှားရယ်"

ရှား၏ ရုံးအနီးရှိရာ မဟာဗန္ဓုလပန်းခြံလမ်းရှိ အဆောက်
ပထမထပ် ဝရန်တာတွင် ရှားနှင့် ကျွန်တော် စကားပြောနေကြခြင်း
ပါသည်။

နေ့လယ်ခင်းမို့ အပူရှိန်က ပြင်းလှသည်။ သည်နှစ်နွေက
ခါတိုင်းနှစ်တွေထက် ပို၍ပူသည်။ အခန်းထဲကို လေမဝင်သဖြင့် နေ
ရသည်မှာ အဆင်မပြေလှ။ မီးကမလာသဖြင့် ပန်ကာလည်း ဖွင့်
သောကြောင့် ဝရန်တာ၌ ထွက်ရပ်နေမိကြခြင်း ဖြစ်သည်။

ရှား၏ရုံးခန်းက အရှေ့ဘက်သို့ မျက်နှာမူထားသော လ
အနောက်ဘက်ခြမ်းမှာ ရှိသောကြောင့် နေစောင်းသွားသောအခါ ဝရန်တ
နေရောင်မကျတော့။ လေလည်းအနည်းငယ်ရသဖြင့် ပူအိုက်မှု အတန်
သာသည်။

"ဟိုမှာကြည့်စမ်းပါဦးရှားရယ်၊ နေပူကျဲကျဲကြီးမှာ ချိုင်းထော
ကြီးနဲ့ လျှောက်လာနေတဲ့ လူကြီးကို… အဆောင်းလည်းမပါဘူ
မသက်သာလိုက်တာ"

နေ့လယ်ခင်း နေရှိန်ပြင်းပြင်းအောက် ကတ္တရာလမ်းမကြီးတ
လူအသွားအလာ ကျဲပါးနေသော်လည်း ချိုင်းထောက်ကြီးဖြင့် တဖြည်း

ချိုင်း ကားလမ်းကို ဖြတ်ကူးလာနေသော လူကြီးတစ်ယောက်ကို တွေ့ရ
ဖြင့် ကျွန်တော်က ရှားကို ညွှန်ပြပြီး ပြောလိုက်သည်။ လူကြီးမှာ
သက် ခြောက်ဆယ်ကျော်ခန့် ရှိမည်ဟု မှန်းဆရသည်။ ညာခြေတစ်
က်မရှိ၍ ချိုင်းထောက်နှင့် အားပြုသွားနေခြင်းဖြစ်၏။

ရှားက ကျွန်တော် ညွှန်ပြသော လူကြီးကို စိုက်ငေးကြည့်နေရာမှ–

"အင်း… သူ့မှာ အပူတစ်ခုခု… သောကတစ်ခုခု ရှိနေပုံပဲ
ကို၊ သူ့သဏ္ဌာန်က အပေါ်က နေပူဒဏ်ကို ဘာမှခံစားရပုံမပေါ်ဘူး၊
ခိုက်ပုံမပေါ်ဘူး"ဟု ခပ်တိုးတိုးပြောသည်။ ရှားစကားသံထဲမှာ ကရုဏာ
များ လှိုင်းခတ်နေသည်။

ချိုင်းထောက်နှင့် လူကြီးသည် နေပူပူ ကတ္တရာလမ်းမကြီးကို
တ်ကူးလာပြီး ကျွန်တော်တို့ရှိရာဘက် လူသွားစင်္ကြံသို့ ရောက်လာသည်။
သည် လမ်းလျှောက်လာရင်း တိုက်နံပါတ်များကို လိုက်ကြည့်နေသည်။

"နံပါတ်တွေ လိုက်ကြည့်နေတယ် ကိုကို၊ ဒီနားက လူနေအိမ်တွေ
က် ရုံးခန်းတွေများတယ်၊ အထူးသဖြင့် ရှားတို့လို ဥပဒေသမားတွေရဲ့
ခန်းတွေလေ၊ သူ့မှာ ပြဿနာတစ်ခုခုရှိလို့ တိုင်ပင်ဖို့ လာတာဖြစ်မှာပဲ"

မှန်သည်။ ရှား ပြောသလိုပင်။ သူသည် နံပါတ်များကိုကြည့်၍
လျှောက်လာရင်း ကျွန်တော်တို့ရှိရာ တိုက်နံပါတ်ကို ကြည့်ပြီးသောအခါ
ကျေနပ်ဟန် လက္ခဏာပေါ်လာပြီး အပေါ်သို့ပါ မော့၍ကြည့်လိုက်သည်။
သူ့ကို ကြည့်နေသော ကျွန်တော်တို့နှင့်ပင် အကြည့်ချင်းဆုံသွားသည်။

သူသည် လှေကားရှိရာ ဝင်ပေါက်သို့ ဝင်သွားသည်။

"ကိုကို… ဟိုဦးလေးကြီးဟာ ရှားဆီလာတာ ဖြစ်နိုင်တယ်၊ ရှား
ဆီလာတာလို့ ရှားစိတ်ထဲမှာ ခံစားလိုက်မိတယ်၊ ရှားတို့ အထဲပြန်ဝင်ရ
အောင်"

"ကောင်းပြီ ရှား"

ကျွန်တော်နှင့် ရှားတို့ အတွင်းပြန်ဝင်လာကာ ရှား၏ အလုပ်စားပွဲ
တွင် မျက်နှာချင်းဆိုင် ပြန်ထိုင်မိကြသည်။ ထိုစဉ် လှေကားဆီမှတခေါက်

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်နှင့် ဖြည်းဖြည်းမှန်မှန် တက်လာသောအသံကို ကြားရသည်။ မကြာမီ အခန်းတံခါးဝ၌ ချိုင်းထောက်နှင့်လူကြီး ပေါ်လာသည်။

"ဒါ... ဒေါ်မေစံရှားရဲ့ ရုံးခန်းပါလားကွယ်"

တံခါးဝမှာရပ်၍ လူကြီးက မေးသည်။ အမေးမှာ လေးစားရှာသည်။

"ဟုတ်ကဲ့ပါရှင့်၊ ဝင်ခဲ့ပါ"

ရှားကလည်း တလေးတစား ပြန်ဖြေလျက် ဖိတ်ခေါ်လိုက်သည်။ ချိုင်းထောက်နှင့်လူကြီးသည် အတွင်းသို့ ခပ်ဖြည်းဖြည်း လှမ်းဝင်လာ၏။ ကျွန်တော်က ထိုင်ရာမှထကာ ထိုင်ခုံတစ်ခုကို သူ လွယ်ကူသက်သာစွာ ထိုင်နိုင်ရန် ပြင်ပေးလိုက်သည်။

"ထိုင်... ဦးလေး"

လူကြီးက ကျွန်တော့်အား ကျေးဇူးတင်ဟန်ကြည့်ပြီး ထိုင်ခုံနောက်မှီကိုကိုင်၍ ချိုင်းထောက်များကို ဘေးမှထိုင်ခုံတွင် မှီ၍ထောင်သည်။ ပြီးမှ ထိုင်ခုံတွင် အသာအယာ ဝင်ထိုင်၏။

"ကျွန်မ မေစံရှားပါ၊ ဘာကူညီရမလဲ ဦးလေး"

ရှားက ကိုယ်ကလေးကို ကိုင်း၍ ရည်မွန်စွာ မေးလိုက်သည်။

"ဦးလေးနာမည်က ဦးမြအောင်ပါ၊ ဒေါ်မေစံရှားဆီကိုပဲ အကူအညီတောင်းရအောင် လာခဲ့တာပါပဲ ခင်ဗျာ"

"ပြောပါဦးလေး၊ ပွင့်ပွင့်လင်းလင်း ပြောပါ"

"ဒေါ်မေစံရှားရဲ့ သတင်းတွေ ဦးလေး ကြားဖူးနေလို့ လာခဲ့တာပါ။ ဦးလေး သမီးလေးရဲ့ အမှုကိစ္စအတွက် ကူညီပေးပါခင်ဗျာ"

"ဘာများဖြစ်လို့ပါလဲ ဦးလေး"

ချွေးများဖြင့် ရွှဲရွှဲစိုလျက် အဆီတွေပြန်နေသော ဦးမြအောင်၏ မျက်နှာတွင် ဝမ်းနည်းကြေကွဲမှုများက ပြိုကျတော့မည့်မိုးလို ညို့မှိုင်းအုံ့ဆိုင်းလျက်ရှိသည်ကို ကျွန်တော် တွေ့လိုက်ရ၏။ သူ၏ မျက်ဝန်းများထဲ၌ မျက်ရည်များက စိမ့်အိုင်နေသည်။ ဆံပင်တွေ ကျိုးတို့ကျဲတဲဖြူလျက် ရုပ်အကျီအဖြူ နွမ်းနွမ်းကို ဝတ်ဆင်ထားသော ဦးမြအောင်မှာ ဆင်းရဲညှိုးနွမ်းမှုကို ပြဆိုလျက်ရှိရုံသာမက သောကဖြင့် ညှိုးချုံးရှင့်ရော်လျက်ရှိသည်။



"ဦးလေး အားနာပါတယ်... ဒေါ်မေ..."

ဦးမြအောင်က ရှားကိုကြည့်၍ အချိန်အနည်းငယ် စဉ်းစားဟန်ဖြင့် ငြိမ်နေပြီးမှ စကားစသည်။ ဦးမြအောင်၏ စကားကိုဖြတ်လျက်–

"ဦးလေးရယ်၊ ကျွန်မကို မေစံရှားလို့လည်း ခေါ်နိုင်ပါတယ်၊ ရှားမလို့လည်း ခေါ်နိုင်ပါတယ်၊ ဒေါ်တပ်ပြီး ခေါ်မနေပါနဲ့၊ ရှင်းရှင်းနီးနီးပဲပြောပါ၊ ငွေကြေးကိစ္စအတွက်ကြောင့်လည်း ပြောချင်တာ နှောင့်နှေးနေစေချင်ပါဘူး"ဟု ရှားက ဝင်ပြောသည်။

"ဦးလေး အရမ်းလေးစားသွားပြီ တူမရယ်..."

ဦးမြအောင်ထံမှ နင့်နင့်နဲနဲ ခံစားမှုဖြင့် လေးလေးနက်နက် ထွင်ဟလာသော စကားနှင့်အတူ မျက်ရည်တစ်ပေါက်သည် သူ၏ ဘယ်ဘက်မျက်လုံးအိမ် ထောင့်စွန်းမှ စီးကျလာ၏။

"ဦးလေး... တူမနဲ့တွေ့ချင်ပြီး အကူအညီတောင်းချင်ပေမဲ့ ဦးလေးမှာ... ဦးလေးမှာ..."

ဦးမြအောင် စကားပြတ်သွားပြန်သဖြင့်–

"ဦးလေးရယ် ကျွန်မ ပြောပြီးပါပြီ၊ ငွေကြေးအတွက် လုံးဝထည့်မစဉ်းစားပါနဲ့၊ ဦးလေးပြောချင်တာကိုပဲ ပြောပါ၊ အားနာစရာ လုံးဝမလိုပါဘူး"ဟု ရှားက ထောက်ရပြန်သည်။

"ဒီလိုပါ တူမရယ်၊ ဦးလေးက တူမတို့ မြင်တဲ့အတိုင်း ဒုက္ခိတပါ၊ တစ်ချိန်ကတော့လည်း တိုင်းပြည်အတွက် ဦးလေး တာဝန်ထမ်းဆောင်ခဲ့ပါတယ်၊ အခု ပင်စင်စားပေါ့၊ ဦးလေးမှာ မြသက်ဆိုတဲ့ သမီးလေးတစ်ယောက် ရှိပါတယ်၊ မြသက်ရဲ့ မိခင်ကတော့ ကွယ်လွန်ခဲ့တာ ကြာပါပြီ၊ ဒီတော့ သမီးလေး မြသက်ကပဲ ဦးလေးကို ပြုစုလုပ်ကျွေးခဲ့တာပေါ့ကွယ်၊ ဦးလေးနဲ့ သမီးလေး မြသက်တို့ဟာ ဆင်းရဲပေမဲ့ အဖေတစ်ခု သမီးတစ်ခုဘဝနဲ့ တစ်ဦးအပေါ်တစ်ဦး မှီခိုပြီး ပျော်ရွှင်ချမ်းမြေ့ခဲ့ရပါတယ်၊ ဒါပေမဲ့..."

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းမှာပင် ဦးမြအောင်သည် ဝမ်းနည်းသည်ကို မထိန်းနိုင်တော့ဟန်ဖြင့် အသံနစ်ဝင်သွားသည်။ ရှားနှင့် ကျွန်တော်က စာနာနားလည်စွာဖြင့် ဦးမြအောင် စကားပြန်ပြောလာနိုင်သည်ထိ ငြိမ်၍စောင့်နေပေးရသည်။

"ဒါပေမဲ့ ခုတော့ ဦးလေးတို့ ဘဝပျက်ရပါပြီ၊ သမီးလေး ရေတိမ်နစ်ခဲ့ရပါပြီ၊ အဖေကို လုပ်ကျွေးနေတဲ့ သမီးအလိမ္မာလေး မြသက်လေ... သူ... သူ... အသတ်ခံလိုက်ရတယ် တူမရယ်"

"ရှင်... ဘယ်လိုဖြစ်..."

"ရဲတွေက ပြောတယ်၊ အသတ်ခံရတာ တဲ့၊ အသတ်ခံရတာမှလေ ပြောရတာ ဦးလေး ရင်နာလိုက်တာ တူမရယ်၊ အသတ်မခံရခင်မှာ အဓမ္မ... "

"အို..."

"အဲဒါ သမီးလေးကို မတရား အနိုင်အထက်ပြုတဲ့သူကို တရားဥပဒေအရ ထိထိရောက်ရောက် အရေးယူနိုင်အောင် တူမက ကြိုးစားပေးပါ၊ ဦးလေးက တရားလက်လွတ် ကလဲ့စားချေချင်လို့ အဲဒီလူယုတ်မာကို အတိုင်းအထက်အလွန် ဒုက္ခရောက်စေချင်လို့တော့ မဟုတ်ဘူး၊ တရားဥပဒေအရ ထိုက်တန်တဲ့ ပြစ်ဒဏ်ကို ရစေချင်လို့ပါ၊ ဦးလေးက ငွေကြေးမရှိလို့များ..."

ရှား မျက်ရည်ဝိုင်းနေသည်ကို ကျွန်တော် တွေ့လိုက်ရ၏။ ကျွန်တော့်ရင်မှာလည်း တစစ်စစ် နာကျင်လျက်။

မေးရိုးကြီးတွေ ထောင်နေအောင် အံကြိတ်ထားကာ ရင်ထဲက အပူလုံးကို ကြိတ်မှိတ်ခံနေသည့်ကြားမှ မျက်ရည်ထိန်းမရပြီဖြစ်သော ဦးမြအောင်ထံပါးသို့ ရှား ချဉ်းကပ်သွားသည်။

"စိတ်ချပါ၊ ဦးလေးဆန္ဒတွေ ပြည့်ဝအောင် ကျွန်မ ကြိုးစားပေးပါ့မယ်၊ တရားဥပဒေအတိုင်း ဖြစ်စေရပါမယ်"

*



(၂)

ရဲအုပ် ဝင်းတင်က ဖိုင်တစ်ခုကိုဖွင့်ရင်း-

"ဒီလို ဒေါ်မေစံရှားရဲ့၊ အဖြစ်က ရင်နာစရာတော့ ကောင်းတာနော်ပဲ"ဟု စကားစသည်။

"ဟုတ်ကဲ့ ပြောပါရှင်"

"လွန်ခဲ့တဲ့ တစ်ပတ်ကပေါ့ဗျာ၊ ကျွန်တော်တို့ မြို့နယ်အစွန်က ချောင်းကြီးတစ်ခုမှာ မိန်းကလေးအလောင်းတစ်လောင်း တွေ့တယ်လို့ သတင်းရလို့ ကျွန်တော်တို့ လိုက်သွားကြတယ်၊ ဟုတ်ပါတယ်၊ မိန်းကလေး အလောင်းတစ်လောင်းပါပဲ၊ သေဆုံးတာ နှစ်ရက်သုံးရက်ရှိပြီလို့ ခန့်မှန်းရတယ်၊ သေဆုံးသူ ဘယ်သူဖြစ်မလဲဆိုတာ ဘယ်သူမှ မပြောနိုင်ကြဘူး၊ ဒါပေမဲ့ မိန်းကလေးဝတ်ထားတဲ့ အဝတ်အစားတွေက ကုမ္ပဏီတစ်ခုရဲ့ ဝတ်စုံအစားတွေ ဖြစ်နေတယ်၊ မိန်းကလေးအသက်က နှစ်ဆယ့်သုံးလေး လောက်ပေါ့၊ ရေကန်ဝန်းကျင်မှာ ရှာဖွေကြတဲ့အခါမှာ မိန်းကလေးရဲ့ အိတ်ကို တွေ့ရတယ်၊ ဒါ့အပြင် တခြားဘာသဲလွန်စ၊ ဘာအထောက်အထားမှ မတွေ့ရဘူး"

"ဟုတ်ကဲ့"

"ဒီတော့ မိန်းကလေးဟာ ရေနစ်သေတာလား၊ ရေထဲခုန်ချပြီး သေတာလား၊ တစ်ခုခုပေါ့၊ ကျွန်တော်တို့ ခန့်မှန်းခဲ့ကြတယ်၊ ဒီလိုသာမှန်ရင် ဒီမြို့နယ်တစ်ဝိုက်ကပဲ ဖြစ်ရမယ်ပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့စခန်းမှာ လူပျောက်တိုင်ထားတာ မရှိဘူး၊ ဒါ့ကြောင့် တခြားစခန်းတွေကို ဖုန်းအကြောင်းကြားပြီး မေးတော့ လူပျောက်တိုင်ထားတဲ့ စခန်းတစ်ခုကို တွေ့ရတယ်၊ မိန်းကလေးပဲ၊ ပျောက်နေတာက အသက်ကလည်း နှစ်ဆယ့်သုံးလေးတဲ့၊ ဒီတော့ ကျွန်တော်တို့တွေ့တဲ့ မိန်းကလေးဖြစ်မယ်လို့ ယူဆရတယ်၊ အဲဒါနဲ့ တိုင်ကြားတဲ့သူရဲ့ အိမ်ကိုလိုက်သွားပြီး စုံစမ်းတော့ ပျောက်နေတဲ့ မိန်းကလေးက ပြန်မရောက်သေးဘူး၊ အဲဒီမိန်းကလေး ကလည်း ကုမ္ပဏီတစ်ခုမှာ လုပ်တယ်လို့သိရတယ်၊ နာမည်က မြသက်တဲ့၊ လုပ်တဲ့ကုမ္ပဏီက လမင်းသာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့”

“တစ်ပြိုင်တည်းမှာပဲ ကျွန်တော်တို့က အလောင်းကို ဆေး
တယ်၊ သူ့အဝတ်အစားတွေကိုကြည့်ပြီး ကုမ္ပဏီကို လိုက်လံစုံစမ်းတဲ့
မှာလည်း လမင်းသာကုမ္ပဏီဆိုတာ သွားတွေ့ရတယ်၊ ဒီတော့ သေ
မိန်းကလေးဟာ မြသက်ဖြစ်ကြောင်း သေချာသလောက်ရှိသွားပြီ၊ တ
ပျောက်ဆုံးကြောင်း တိုင်ထားတဲ့ ဖခင်ဦးမြအောင်ဆီက ဓာတ်
တောင်းကြည့်တော့လည်း သေဆုံးသူနဲ့ တူနေတယ်လို့ သတိပြုမိတဲ့အ
ဦးမြအောင်ကို ခေါ်သွားပြီး ဆေးရုံမှာပြတော့ သေဆုံးသူ မိန်းကလေး
မြသက်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့တယ်”

“သေချာသွားပြီပေါ့”

“ဟုတ်ပါတယ်၊ မြသက် သေချာသွားပါပြီ၊ ဒါပေမဲ့ မြသ
ဘာကြောင့် သေရသလဲ၊ ဘာကြောင့် သူနေတဲ့ မြို့နယ်မဟုတ်
ကျွန်တော်တို့ မြို့နယ်ထဲမှာလာပြီး သေဆုံးနေရတာလဲ၊ သူလုပ်
ကုမ္ပဏီနဲ့လည်း အလှမ်းဝေးလှတယ်၊ ဒါကို ကျွန်တော်တို့ စဉ်းစားရ
နေတယ်၊ သူ့ဘာသာ ရေထဲခုန်ချပြီး သေတာလား၊ တစ်စုံတစ်ယောက်
ဒီကိုခေါ်လာပြီး ရေထဲတွန်းချ သတ်တာလား၊ ဒါမှမဟုတ် တခြားတစ်နေ
မှာသတ်ပြီး ဒီမှာလာပစ်ထားတာလား၊ ဖြစ်နိုင်ခြေတွေ အများကြီးထွက်
တယ်”

“မှန်တာပေါ့”

“မှုခင်းဆရာဝန်ကြီးက သေဆုံးသူ မိန်းကလေးရဲ့အလောင်း
စစ်ဆေးပြီး အဖြေထုတ်ပေးတဲ့အခါမှာတော့ သေဆုံးသူ မြသက်
ရေနစ်သေဆုံးတာ မဟုတ်ကြောင်း၊ အဆုတ်ထဲမှာ ရေမတွေ့လို့ ရေ
မကျခင် သေဆုံးနေပြီဖြစ်တယ်လို့ ဆိုနိုင်ကြောင်း၊ လည်ပင်းမှာ ညိုမည်း
ဒဏ်ရာတွေ တွေ့ရတာမို့ လည်ပင်းညှစ်သတ်ခဲ့ကာ ဖြစ်တယ်လို့ ယူ
နိုင်ကြောင်း၊ ဒါ့အပြင် သေဆုံးသူဟာ မသေဆုံးခင်မှာ အဓမ္မပြုကျင့်
တယ်လို့ ယူဆနိုင်တဲ့ အခြေအနေတွေ စစ်ဆေးတွေ့ရှိရကြောင်း၊ သိ
ခဲ့ရတယ်၊ ဒါကြောင့် တစ်စုံတစ်ယောက်ဟာ မြသက်ကို တစ်နေရာရာ



အဓမ္မကျင့်မယ်၊ ပြီး လည်ပင်းညှစ်သတ်မယ်၊ ပြီးတော့ ရေကန်ထဲမှာ
လာပစ်သွားတယ်လို့ ကောက်ချက်အကြမ်းထွက်လာတယ်”

“ဟုတ်ကဲ့”

“ဒါဖြင့် မြသက်ကို ဘယ်သူ အဓမ္မကျင့်သလဲ၊ ဘယ်သူသတ်တာ
လဲ၊ ကျွန်တော်တို့ ရှာရတော့မယ်၊ စုံစမ်းလိုက်တဲ့အခါ မြသက်ဟာ အဖေ
တစ်ခု သမီးတစ်ခုအနေနဲ့ နေတာဖြစ်ပြီး ဖခင်ကြီးကို လုပ်ကျွေးနေသူဖြစ်
တယ်၊ လိမ္မာရေးခြားရှိတယ်၊ အနေအထိုင် ကျစ်လစ်တယ်၊ ရိုးသားတယ်၊
ရည်းစားမရှိဘူး၊ လမင်းသာကုမ္ပဏီမှာ စာရေးဝန်ထမ်း လုပ်နေတယ်ဆိုတာ
သိရတယ်၊ မြသက် အိမ်ကိုပြန်မလာတာက လွန်ခဲ့တဲ့အပတ် သောကြာ
နေ့က၊ အဲဒီနေ့က ရုံးသွားတယ်လို့ သူ့ဖခင် ဦးမြအောင်ကပြောတယ်၊
ညကျတော့ ပြန်မလာဘူးတဲ့၊ ဆရာဝန်ကြီးရဲ့ ဆေးစာအရ ပြောရရင်
အဲဒီသောကြာနေ့ ညနေပိုင်းမှာ သေဆုံးတယ်လို့ ဆိုရမယ်”

“ဟုတ်ကဲ့”

“ဦးမြအောင်က သမီးပြန်မလာတော့ ရဲစခန်းမှာ တိုင်ချက်ဖွင့်ထား
တယ်၊ ရဲစခန်းကလည်း အနီးအနား ရဲစခန်းတွေကို သတင်းပို့ထားတယ်၊
ဒါပေမဲ့ ဒီအရွယ်ဆိုတော့ ယောကျ်ားနောက်လိုက်တာ ဖြစ်နိုင်တယ်လို့လည်း
တွက်ထားခဲ့ကြတယ်၊ အဲဒီလူပျောက်သတင်းက ကျွန်တော်တို့ဆီကို
ဝင်မလာခဲ့ဘူး၊ ကျွန်တော်တို့ လမင်းသာကုမ္ပဏီကို သွားစုံစမ်းတဲ့အခါကျ
တော့ သောကြာနေ့က မြသက် ရုံးတက်ကြောင်း မန်နေဂျာ ဒေါ်နှင်းရည်က
ပြောတယ်၊ ရုံးဆင်းမှ ပြန်သွားကြောင်း၊ ဘယ်သူနဲ့ပြန်တယ်၊ ဘယ်သွား
တယ်ဆိုတာတော့ မသိကြောင်း ထွက်ဆိုတယ်၊ ဦးမြအောင်က စနေနေ့
နောက်မှာ ကုမ္ပဏီကို ရောက်လာပြီး မြသက် ပျောက်နေကြောင်း သတင်း
ပို့လာတဲ့အတွက် သူဌေးဦးကောင်းမြတ်ကလည်း လိုက်လံစုံစမ်းပေးခဲ့
တယ်လို့ဆိုတယ်၊ ဒါပေမဲ့ သတင်းအစအန မရခဲ့ဘူးတဲ့”

“ဟုတ်ကဲ့”

“ကျွန်တော်တို့က အလောင်းတွေ့ရာ ရေကန်အနီးအနားမှာ
စုံစမ်းတဲ့အခါကျတော့ ရေကန်က လူနေရပ်ကွက်နဲ့ လှမ်းတယ် ဒေါ်မစံ

www.burmeseclassic.com

www.burmeseclassic.com



ရှားရဲ့၊ ဒါကြောင့် စုံစမ်းရခက်နေပါတယ်၊ အဲ... နောက်တော့ သတင်းတစ်ခု ရတယ်၊ သောကြာနေ့ ညဘက် ဆယ်နာရီလောက်မှာ အဲဒီရေကန်ဘက် ကနေ ပါဂျဲရိုးကားတစ်စီး မောင်းလာတာ တွေ့ရတယ်လို့ ဆိုက်ကားသမား တစ်ဦးက သတင်းပေးလာတယ်၊ အရောင်ကတော့ ညဘက်ဆိုတော့ သိပ်မသေချာဘူး၊ မီးခိုးရောင် ဖြစ်ဖို့များတယ်လို့ဆိုတယ်၊ ဒီတော့ မြသက် ရဲ့ဝန်းကျင်မှာ ပါဂျဲရိုး မီးခိုးရောင် ဘယ်သူစီးတာလဲလို့ ကျွန်တော်တို့ရှာ တယ်၊ သောကြာနေ့ ညနေ ရုံးအဆင်းမှာ မြသက် ဘယ်သွားတာတွေ့သလဲ ဘယ်သူနဲ့ တွေ့တာလဲဆိုတာ ရှာတယ်၊ အဲဒီမှာ ကားကို ကျွန်တော်တို့ ခြေရာခံမိတယ်ဆိုရမယ်၊ ပါဂျဲရိုးတစ်စီး လမင်းသာမှာရှိတယ်၊ ပိုင်ရှင်က သူဌေးဦးကောင်းမြတ်ပဲ၊ ဒီတော့ ဦးကောင်းမြတ်ကို ကျွန်တော်တို့ မေးတဲ့ အခါ ဦးကောင်းမြတ်က သူ ကုမ္ပဏီကအဆင်းမှာ သူ့မိတ်ဆွေနှစ်ဦးနဲ့ စားသောက်ဆိုင်တစ်ခုမှာ ဘီယာသောက်နေကြောင်း သူ့မိတ်ဆွေနှစ်ဦး ကို အလီဘိုင်ပြပြီး ဖြေတယ်၊ ကား သူနဲ့အတူ ရှိလားလို့မေးတော့ သူက ကားကို သူ့ဒရိုင်ဘာ လှမြင့် မောင်းကြောင်း၊ သူ ဘီယာသောက်ပြီး ပြန်တာက ဆယ်နာရီခန့်ဖြစ်ကြောင်း၊ ဒရိုင်ဘာ လှမြင့်ကပဲ သူ့ကို ကားမောင်းပြီး အိမ်ကိုပို့ခဲ့ကြောင်းဖြေတယ်၊ ဒါနဲ့ လှမြင့်ကို ကျွန်တော်တို့ မေးကြပြန်တယ်၊ လှမြင့်ကလည်း သူ့ဆရာကို သူ ကားထဲကပဲ ထိုင်စောင့် နေကြောင်းဖြေတယ်၊ ဒီမှာ လမ်းစက ပျောက်နေသလိုဖြစ်နေတယ်"

"ဟုတ်ကဲ့"

"ဒါပေမဲ့ နောက်တစ်နေ့ ညနေမှာ စခန်းကို လှမြင့်ရောက်လာ တယ်၊ ဖြောင့်ချက်ပေး ဝန်ခံတယ်၊ သူ မြသက်ကို အဓမ္မကျင့်မိပါကြောင်း မြသက်ကို သူချစ်လို့ အရကြံတာဖြစ်ကြောင်း၊ ဒါပေမဲ့ မြသက်က ရဲတိုင်မယ်ဆိုလို့ မထူးဘူးဆိုပြီး လည်ပင်းညှစ်သတ်ခဲ့ကြောင်း၊ ပြီးတော့ ရေကန်မှာ သွားပစ်ခဲ့ကြောင်း ထွက်ဆိုတယ်၊ မြသက်ကို ကျူးလွန်စဉ်က လုံချည်ကိုပါ အပ်တယ်၊ သူ့အမှားကို ကြာရှည်မဖုံးကွယ်ရဲလို့ သူ့စိတ် ဂွေချောက်ချားနေလို့ လာရောက်အဖမ်းခံတာပါလို့ ဆိုတယ်၊ ဒီတော့ ကျွန်တော်တို့လည်း ဟင်းချပြီး နေနိုင်တော့တယ်၊ လုံချည်ကို စီအိုင်ဒီက



ဓာတ်ခွဲစစ်ဆေးရေးဌာနကို ပို့တဲ့အခါမှာ သုတ်သွေးတွေ့ကြောင်း ပြန်ကြား ချက်ရခဲ့တယ်၊ ဒါကြောင့် လှမြင့်ကို အမှုဖွင့် အရေးယူထားပါတယ်၊ ဥပဒေအကြံပေးရဲ့ ပြန်ကြားချက်ရပြီးရင် တရားရုံးတင်တော့မှာပါ"

ရဲအုပ်ဝင်းတင်က ပြောရသည်ကို မောသွားသလို စားပွဲပေါ်ရှိ ဓာတ်ဘူးထဲမှ ရေနွေးကြမ်းကို ငှဲ့ယူပြီးသောက်သည်။ ရှားက ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်သည်။ ပြီးမှ-

"လှမြင့်က ဘယ်အရွယ်လဲ၊ သူ့မှာ မိန်းမမရှိဘူးလား"

ရှားက တစ်ခွန်းမေးသည်။

"အသက်အစိတ်လောက်ရှိမယ်၊ မိန်းမတော့မရှိဘူး၊ လူပုံက ပိန် ညှောင်ညှောင်လေးပါ၊ သူ့ကြည့်ရတာ ဒီလိုလုပ်မယ်တောင် မထင်ရဘူး၊ ဒါပေမဲ့ လူ့စိတ်ဆိုတာက ပြောလို့မရဘူးလေ"

ရဲအုပ်ဝင်းတင်က ဖြေသည်။

"ဟုတ်ကဲ့ ကျွန်မက တရားလိုဘက်က အကျိုးဆောင်အနေနဲ့ ဆောင်ရွက်ရမှာမို့ အချက်အလက်တွေ မေးရတာ ကိုဝင်းတင်တို့ကို အနှောင့် အယှက်ပေးသလို ဖြစ်နေပြီ"

"ကိစ္စမရှိပါဘူးဗျာ"

"ကျွန်မကတော့ ကိုဝင်းတင်တို့ ရှာဖွေထားတဲ့ အချက်တွေကိုပဲ အခြေပြုရမှာပဲ၊ အမှုကလည်း ရှင်းနေလင်းနေပါတယ်၊ တရားခံကလည်း ဖြောင့်ချက်ပေးထားပြီဆိုတော့..."

*

(၃)

ရဲစခန်းမှ အပြန်လမ်းတွင်ရှား စကားမဆိုဘဲ ငြိမ်၍နေသောကြောင့် စိတ်ထဲတွင် တွေးစရာတစ်ခုခု ပါလာပြီဟု ကျွန်တော် သတိထားလိုက်မိ သည်။ မှတ်တိုင်ရှိရာသို့ လမ်းလျှောက်လာကြရင်း ရှား မျက်နှာကလေး တည်ကာ မျက်ခုံးကလေးများ တွန့်၍နေသည်ကိုသာ တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မနေနိုင်သဖြင့်–

“ရှား… ဘာတွေစဉ်းစားနေတာလဲ”ဟု မေးလိုက်မိသည်။

“ကိုကို သတိထားမိမလား မသိဘူး”

အကြည့်တစ်ချက်နှင့်အတူ စကားတစ်ခွန်းစသည်။

“ဘာကိုလဲ ရှား”

“လှမြင့်က သူ့ အပြစ်ကျူးလွန်ကြောင်း လာပြီးဖြောင့်ချက်… တယ်၊ လုံချည်လည်း အပ်တယ်ဆိုတာလေ”

“အင်းလေ၊ ရဲအုပ် ဝင်းတင်ပြောတာ အဲဒီအတိုင်းပဲ၊ ဘာဖြစ်လို…

ရှား တစ်ခဏ ငြိမ်နေပြီးမှ–

“ရှား သံသယရှိနေတယ်”

ခပ်တိုးတိုးပြောသည်။

“ဘာကိုလဲ ရှား”ဟု ကျွန်တော်က နားမလည်စွာ ထပ်မံမေး… ပြီးမှ “ရှားက တရားလိုအကျိုးဆောင်လေ၊ တရားခံအကျိုးဆော… မဟုတ်တာ၊ တရားခံကိုမိပြီ၊ တရားခံက ဝန်ခံ ဖြောင့်ချက်ပေး… ရှားက သူ့ ကျူးလွန်တာကို ခိုင်မာအောင် သက်သေပြပြီး သူ့… အတိုင်း ဥပဒေရဲ့ ချမှတ်တာကို ခံယူစေဖို့ လုပ်ရမှာပဲလေ မဟုတ်ဘူး… ဟုလည်း ထပ်၍ ပြောလိုက်သည်။

“ကိုကိုပြောတာ မှန်ပါတယ်၊ ရှားက တရားလိုအကျိုးဆော… ဒါပေမဲ့ တရားလိုအကျိုးဆောင်ဆိုတာ တကယ် ပြစ်မှုကျူးလွန်သ… သူနဲ့ ထိုက်တန်တဲ့ ပြစ်မှုကြေးကို ပေးဆ…ခိုင်းရမှာပါ၊ ဒီလိုမဟုတ်ဘဲ…

“ဘယ်လို ရှား… ရှားပြောတာ ကိုကို နားမလည်ဘူး”

“ရှားလည်း သံသယအဆင့်ပဲ ရှိပါသေးတယ် ကိုကို”

“ရှား သံသယရှိတာက ဘာလဲ”

လူသွားလူလာ မျ…ပြားသော လမ်းမကြီးဖက်သို့ငေးရင်း … လမ်းအတိုင်း ခပ်ဖြည်းဖြည်း လျှောက်နေသော ရှားသည် ခြေလှ… ပို၍နှေးလိုက်ကာ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်သည်။

“ကိုကို့ကို ရှား တစ်ခုမေးမယ်”



“မေး”

“သဘာဝယုတ္တိနဲ့ကင်းပြီး ဇာတ်လမ်းတစ်ခုကို ဖွတ်အတင်းဖန်တီး…ရင် ကိုကို ရေးတဲ့ဝတ္ထုဟာ ဘယ်လိုနေမလဲ”

“ဟာနေမှာပေါ့၊ ဖတ်ရတဲ့သူ ဘဝင်မကျဖြစ်မှာပေါ့၊ ပေါ့ပျက်ပျက် …နေမှာပေါ့”

“ရှား…အဲဒီလို ခံစားနေရတယ်”

“ဘာကြောင့်”

“ကိုကို စဉ်းစားကြည့်၊ လှမြင့်ကို အချုပ်ထဲမှာ ရှားတို့ တွေ့ခဲ့ရ…ယ်၊ လူက ပိန်ချိချိနဲ့ လူမမာရုပ်၊ သူက ဒီလို ကျူးလွန်ရလောက်အောင် … Motive ရှိလို့လဲ၊ အကြောင်းရင်းခံလေ၊ သူပြောတော့ မြသက်ကို …ချစ်လို့ အရကြဲတာဆိုတဲ့နေရာမှာ မေးခွန်းတွေ ထွက်လာတယ်၊ …က်ကို အရကြဲတယ်ဆိုတာက မြသက်နဲ့ သူ ချစ်သူတွေ ဖြစ်နေကြလို့ … ဒါမှမဟုတ် ချစ်သူဖြစ်လုနီးပါး သံယောဇဉ်တွယ်ပြီး ရင်းနှီးနေလို့ … ပြီးတော့ ဒီပြစ်မှုကျူးလွန်တာဟာ တိုက်ခန်းတစ်ခုမှာလို့ ဆိုတယ်၊ … တိုက်ခန်းဟာ ဘယ်သူ့တိုက်ခန်းလဲ၊ လှမြင့်မှာ ဒီလို တိုက်ခန်းပိုင် …နိုင်စရာ မရှိဘူး၊ ကြည့်ပါလား၊ လှမြင့်ပုံစံက အရမ်းဆင်းရဲနွမ်းပါး … ပြီးတော့ သူ့အလုပ်က ဒရိုင်ဘာလေ၊ နောက်တစ်ခုက မြသက်က … အလွန်ရင်းနှီးကျွမ်းဝင်တဲ့ အဆင့်မရှိဘဲနဲ့ အဲဒီတိုက်ခန်းကို လိုက်မှာ … ဒါ စဉ်းစားရမဲ့ မေးခွန်းတွေနော်၊ ပြီးတော့လည်း လှမြင့်ဟာ …ကောင်းမြတ်ရဲ့ စကားအရဆိုရင် ဦးကောင်းမြတ် ရုံးအဆင်းမှာ ဘီယာ …ကို မောင်းပို့ပြီး အဲဒီမှာ စောင့်ရတယ်၊ ဒါဆိုရင် ရုံးဆင်းသွားတဲ့ …က်ကို ဟိုတိုက်ခန်းကို ဘယ်လိုခေါ်သွားလဲ၊ ဘယ်အချိန်မှာ ခေါ်သွား … ဦးကောင်းမြတ်ကို စောင့်နေတဲ့အချိန်မှာလို့ သူဖြေမယ်ဆိုရင် ရှားက …ခွန်းထုတ်ရလိမ့်မယ်၊ ဦးကောင်းမြတ်ကို သူ ဘီယာဆိုင်ပို့ပြီး စောင့် …အားချိန်ထိ မြသက်က ရုံးဆင်းပြီး ဘယ်မှာသွားနေလဲ၊ အချိန်ကွာဟ …တာကို ပြောတာ၊ နောက်တစ်ခုက ပါဂွဲရိုးကို တွေ့လိုက်တယ်ဆိုတဲ့ …ကားဆရာက ဆယ်နာရီဝန်းကျင်မှာလို့ဆိုတယ်၊ ဦးကောင်းမြတ်က

www.burmeseclassic.com

www.burmeseclassic.com



ဘီယာဆိုင်က ပြန်တာလည်း ဆယ်နာရီပဲ၊ ဒီတော့ လှမြင့်ဟာ ဆယ်
အချိန် တစ်ချိန်တည်းမှာ ဒီနေရာနှစ်ခုမှာ ဘယ်လိုတစ်ပြိုင်တည်း ရှိ
လဲ၊ အဲ... ကျန်သေးတယ်၊ လှမြင့်က ရဲစခန်းကိုအပ်တဲ့ လုံချည်
ဦးဂျမ်း စပယ်ရှယ် အကောင်းစားအဆင့်၊ တစ်ရေ နှစ်ရေလော
လျှော်ရဦးမယ်၊ လှမြင့် အနေအထားနဲ့ သူဝတ်တယ်ဆိုတဲ့ လုံချည်
ကွာနေတယ်၊ ကဲ... မေးတာတွေ ကိုကို ဖြေကြည့်ပါဦး"

ကျွန်တော် ရှား ကျေနပ်နိုင်မည့် အဖြေမျိုးမပေးနိုင်ပါ။
မေးသော မေးခွန်းတွေက အမှန်ပင် စဉ်းစားစရာကောင်းနေသည်။

"ကဲ... ကိုကို မဖြေနိုင်တော့ဘူး မဟုတ်လား"

"ဒါပေမဲ့ အဲဒါက တရားလို အကျိုးဆောင်က တရားလိုပြ
သတွေကို မေးရမဲ့ မေးခွန်းတွေမှ မဟုတ်တာ၊ တရားခံကလည်းဝန်ခံ

ကျွန်တော့်စကား မဆုံးမီ–

"နေပါဦး ကိုကို၊ ရှားက တရားလို အကျိုးဆောင်အနေနဲ့
ခံပါလို့ တရားခွင်ရောက်လာသူကို အပြစ်ပေးဖို့ချည်း စဉ်းစားရမှာ
ကိုကို၊ ဥပဒေဆိုတာ ဖြစ်နိုင်တယ်ဆိုတဲ့ ဘက်ကချည်းမဟုတ်ဘဲ မဖြ
ဘူးဆိုတဲ့ ဘက်ကလည်း စဉ်းစားပေးရမှာလေ"ဟု ရှား ဖြတ်ပြောသည်

"ရှားက တရားခံအကျိုးဆောင်မှ မဟုတ်တာ"

ကျွန်တော်က ထပ်မံဆင်ခြေကန်လိုက်ပါသေးသည်။ ရှား ပြုံးသည်

"တကယ်ကျူးလွန်တဲ့သူ ပျောက်နေပြီး မကျူးလွန်တဲ့သူ
ယောက်ကို အပြစ်ပေးပါလို့ ရှားက မတရားလျှောက်လဲ အပြစ်ဖို့ရမှာ
ကိုကို"

"ဘယ်လို... ရှား ဘယ်လိုပြောလိုက်တယ်"

ကျွန်တော်၏ အလန့်တကြား အမေး။

"ရှားက ဦးမြအောင်ရဲ့ သမီးလေး မြသက်အတွက် ဦးမြအော
ဘက်ကလိုက်ပေးတဲ့ တရားလိုအကျိုးဆောင်ပါ၊ မြသက်ကို အဓမ္မကျ
စော်ကားပြီး သတ်ဖြတ်လိုက်တဲ့ လူယုတ်မာကို အပြစ်ပေးနိုင်အော
ကြိုးစားမဲ့ တာဝန်ရှိသူပါ၊ ဒါပေမဲ့ အပြစ်မကျူးလွန်သူကို အပြစ်ကျအော



လုပ်မိဖို့ရယ်၊ အပြစ်တကယ်ကျူးလွန်သူ လွတ်သွားမှာကိုရယ် ရှား သတိထားရမယ် ကိုကို"

"အဲဒါတော့ ကိုကို လက်ခံပါတယ်၊ ရှား ဆိုလိုတာက လှမြင့်ဟာ တကယ်ကျူးလွန်သူ မဟုတ်ဘူးလို့ ဆိုလိုတာလား"

"အဲဒါ ရှား သံသယရှိတဲ့အချက်ပဲ ကိုကို"

"ဒါဖြင့် တရားခံက ဘယ်သူလဲ"

"အဲဒါတော့ ရှား မသိသေးဘူး"

"ဒါဆို တရားလိုအကျိုးဆောင်က ဝန်ခံဖြောင့်ချက်ပေးနေတဲ့ တရားခံကို အပြစ်ပေးဖို့ မလျှောက်လဲရဘဲ အဲဒီတရားခံ လွတ်မြောက်အောင် လျှောက်လဲပေးရမလို ဖြစ်နေပြီ၊ ရှားလုပ်တာ လွဲများနေမလား"

"အမှန်တရားအတွက်ပါ ကိုကို၊ ရှား မလွဲပါဘူး၊ ရှား လျှောက်လဲမှာက အမှန်တရားအတွက်ပါ"

ကျွန်တော် သက်ပြင်းချလိုက်သည်။ ရှား လိုက်ရသော အမှုများမှာ ရိုးစင်း ရှင်းလင်းသည်ဟူ၍မရှိ။ ကွေ့ကောက်လျှို့ဝှက်သော၊ အဖုံးအဖိ အမြှုပ်အလိမ်များဖြင့် ပြွမ်းသောအမှုများသာ ဖြစ်နေတတ်သည်ကို ယခင်က ကျွန်တော် တွေ့ခဲ့ရသည်။ ယခုလည်း လျှို့ဝှက်၍ သိနားလည်ရခက်သော မှုခင်းတစ်ရပ် ရှားလက်ထဲ ရောက်လာပြန်ပေပြီ။

ကြည့်...။

တရားလို အကျိုးဆောင်က တရားခံလွတ်မြောက်အောင် လျှောက်လဲရမည့်ကိန်း။

*

(၄)

ကျွန်တော်နှင့် ရှားတို့ ရှား၏ရုံးခန်းသို့ ပြန်ရောက်သောအခါ ရုံးခန်းရှေ့တွင် ထိုင်စောင့်နေသော မိန်းမကြီးတစ်ယောက်ကို တွေ့ရသည်။ အသက် ငါးဆယ့်ငါးခန့်ရှိမည်။ ပိန်ပိန်လှီလှီ အသားအရည်မွဲမွဲ၊ အဝတ်

www.burmeseclassic.com

www.burmeseclassic.com



အစားနွမ်းနွမ်း၊ ဆံပင်ဖြူဖွာလန်ကျဲနှင့်ဖြစ်သည်။ ပညာတတ်ရုပ်ရည်မျိုး မရှိ၊ ရိုးစင်းမှုရှိသည့် မျက်လုံးများတော့ ပိုင်ဆိုင်သည်။

ထူးခြားသည်က သူမ၏မျက်နှာပေါ်မှာ ပူပန်သောကများ အုပ်မိုး နေခြင်းပဲ ဖြစ်သည်။

ကျွန်တော်တို့ကို မြင်သည်နှင့် ယင်းအဒေါ်ကြီးက ထိုင်ရာမှ ထ၍ ချဉ်းကပ်လာသည်။ ကျွန်တော်က ရုံးခန်းတံခါးကိုဖွင့်ရန် သော့ကို ရှားထံမှ တောင်းယူနေစဉ်–

"သမီးက ဒီက ရှေ့နေမလေးလားဟင်"ဟု မဝံ့မရဲဖြင့် ထိုအဒေါ်ကြီးက မေးသည်။

ရှားက–

"ဟုတ်ပါတယ် အဒေါ်၊ ကျွန်မက ရှေ့နေမလေး မေစံရှားပါ"ဟု ရည်မွန်ယဉ်ကျေးစွာ ဖြေသည်။

"အဒေါ် အမှုတစ်ခု အပ်ချင်လို့ပါကွယ်"

အဒေါ်ကြီးက ခပ်လေးလေး ခပ်ရိုးရိုး ဖြေသည်။

"ဟုတ်ကဲ့ ရပါတယ်၊ အထဲဝင်ပါရှင့်"

ကျွန်တော် သော့ဖွင့်ပြီးသွားသဖြင့် ရှားက အဒေါ်ကြီးအား အတွင်းသို့ဝင်ရန် ဖိတ်ခေါ်သည်။

"သမီးကို အမှုအပ်ရတာတော့ အဒေါ် အားနာပါတယ်ကွယ်။ မဖြစ်လွန်းလို့သာပါ၊ အဒေါ့်သား ဒုက္ခရောက်နေလို့ပါ၊ ကယ်ပါဦး သမီးရယ်"

အထဲကို ဝင်လိုက်လာရင်း အဒေါ်ကြီးက အားတုံ့အားနာဖြင့် မဝံ့မရဲ ပြောရှာသည်။

"ထိုင်ပါအဒေါ်၊ အေးအေးဆေးဆေးပြောပါ"

ရှားက ထိုင်ခုံတစ်ခုကိုယူ၍ ချပေးသည်။ ကျွန်တော်က ပြတင်းတံခါးများနှင့် ဝရံတာသို့ထွက်သော တံခါးမကြီးကို ဖွင့်နေစဉ် ရှားက ထိုအဒေါ်ကြီးအား လက်ခံစကားပြောလျက်ရှိသည်။

"အဒေါ့်နာမည်က ဘယ်လိုခေါ်ပါသလဲ"



"ဒေါ်မြင့်ပါ"

"ဟုတ်ကဲ့၊ အဒေါ့်သားက ဘာဖြစ်လို့လဲ"

"အဖမ်းခံနေရလို့ပါ"

"ဘာအမှုနဲ့ အဖမ်းခံရတာလဲ"

ဒေါ်မြင့်ထံမှ စကားသံထွက်မလာဘဲ ဆိုင်းသွားသည်။

"သမီးကို အဒေါ် တောင်းပန်ပါရစေ၊ သမီးအကြောင်းပြောကြလို့ အဒေါ် အားကိုးပြီး လာခဲ့ရတာပါကွယ်၊ အဒေါ့်မှာလေ ငွေကြေးတော့ အများကြီး ပေးစရာမရှိဘူး၊ ဟောဒီ အဒေါ့်နားကပ်လေးကို သမီး ယူပါကွယ်၊ သားလေး လွတ်အောင်လုပ်ပေးပါ"

"အို…"

ရှားထံမှ ကရုဏာသက်စွာ 'အို' သံနှင့်အတူ ကျွန်တော့်ရင်ထဲ လည်း နင့်ခနဲဖြစ်သွားသည်။ သားသမီးကြောင့်ဖြစ်ရသော မိခင်၏ သောကပရိဒေဝနှင့် ကြီးမားသော မိခင်၏ မေတ္တာတရားသည် ရှားနှင့် ကျွန်တော့်ကို ပြင်းစွာရိုက်ခတ်သွားသည်။

"အဒေါ် ကျွန်မ တတ်နိုင်တာ ကူညီပါ့မယ်၊ အဒေါ့်နားကပ်ကို ပေးပါနဲ့၊ ငွေကြေးအတွက်လည်း မပူပါနဲ့"

ရှားက ဖျာဖျာသလဲ ပြန်၍ပြောသည်။ သည်ရက်များကတော့ ထူးခြားလွန်းလှသည်ဟု ကျွန်တော် တွေးမိသည်။ မနေ့ကပင် ဦးမြအောင် ရောက်လာကာ သမီးအတွက် ရှားထံ အကူအညီတောင်းခဲ့သည်။ ဖခင်၏ အပူသောက၊ ငွေကြေးမဲ့သူတစ်ဦး၏ အောက်ကျို့မှု၊ ရှား၏ တုံ့ပြန်သော မေတ္တာဖြင့် ကူညီမှု။ ယခုလည်း သားအတွက် ရတက်မအေးသော မိခင် တစ်ဦး ရောက်လာပြန်လေပြီ။ နွမ်းပါးအားနည်းသူတစ်ဦးကို ရှား မေတ္တာ ဖြင့် ကူညီဦးမည်သာ။

ဒေါ်မြင့်လည်း မျက်ရည်များ တတွေတွေစီးကျနေရာမှ "သမီးဟာ သူတော်ကောင်းမလေးတစ်ဦးဆိုတာ အဒေါ် ကြားမိပါတယ်၊ အခုတော့ တကယ်ပဲ အဒေါ် မျက်မြင်ကိုယ်တွေ့ ဖြစ်ရပါပြီ၊ သမီးရယ် အဒေါ့်ကို

www.burmeseclassic.com

www.burmeseclassic.com

ကူညီသလို အဒေါ်ကလည်း သမီးအတွက် ဘာမဆို ပြန်လုပ်ပေး
တယ်၊ သမီးအိမ်မှာ အိမ်ဖော်အဖြစ်နဲ့ပဲဖြစ်ဖြစ်..."

"အို... မဟုတ်တာ၊ အဒေါ် အဲဒီလိုမပြောပါနဲ့၊ ကျွန်မ တတ်
တာ ကူညီပါ့မယ်၊ အဒေါ် ပြောစရာရှိတာသာ ပြောပါ"

"သမီးကို ဘုရား ရဟန္တာများ စောင့်ရှောက်ပါစေကွယ်"

"အဒေါ်သားက ဘာမှုဖြစ်တာလဲ"

ဒေါ်မြင့် ချက်ချင်းစကားပြန်မလာဘဲ အပြောရခက်သလို ရှား
ကြည့်နေသည်။ ပါးပြင်မှ မျက်ရည်များကို အင်္ကျီလက်ဖြင့်တို့၍ သုတ်
ပြီးမှ ခပ်တိုးတိုးဖြေသည်။

"မိန်းကလေးတစ်ယောက်ကို အဓမ္မကျင့်ပြီး သတ်လိုက်လို့တဲ့ကွ"

"ရှင်..."

ရှား၏ အာမေဋိတ်သံနှင့်အပြိုင် ကျွန်တော်သည်လည်း မျက်
များပြူးသွားသည်။ ရှားက ကျွန်တော့်ကို မျက်ခနဲ လှမ်းကြည့်လိုက်သ
ကျွန်တော်ကလည်း ရှားကို လှမ်းကြည့်မိ၏။ ကျွန်တော်တို့ မျက်ဝန်း
ဆုံသွားကြသည်။

"ဒါ... ဒါပေမဲ့ သားလေးက ဒီလိုလုပ်လိမ့်မယ်လို့ အဒေါ်
မထင်ပါဘူးကွယ်၊ သားလေးက လူရိုးလူအေးလေးပါ၊ ပညာတတ်မဟု
ပေမဲ့ စိတ်သဘောထား နူးညံ့သိမ်မွေ့ပါတယ်၊ မဖြစ်နိုင်ပါဘူး၊ သားလေး
ဒီလိုလုပ်တာ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် သမီးဆီကို အဒေါ် လာခဲ့ရတာ
ပါကွယ်၊ သားလေးကို ကယ်ပါဦး သမီးလေးရယ်"

ရှား ရုတ်တရက်ဘာပြန်ပြောရမှန်းမသိလို နှုတ်ဆွံ့နေပြီး ဒေါ်မြ
ကိုသာ ပြန်ကြည့်နေမိသည်။ ဒေါ်မြင့်က တအင့်အင့်ရှိုက်ရင်း စကား
ဆက်သည်။

"အဒေါ်မှာ ယောကျ်ားလည်း မရှိတော့ပါဘူး၊ သေသွားပါပြီ
ဒီသားလေးကိုပဲ အားကိုးနေရတာပါ၊ ဒီသားလေးကပဲ အဒေါ်ကို လုပ်ကျွေး
နေတာပါကွယ်၊ သားလေးမရှိရင် အဒေါ်လည်း ဒုက္ခရောက်မှာ
ပြီးတော့ သားလေး မကျူးလွန်ဘဲ ထောင်ထဲဘာတွေကျမှာ အဒေါ်စိုးလို့"



"အဒေါ်သားက ဘာလုပ်သလဲ"

"ကားမောင်းပါတယ်"

ရှား မျက်ခုံးများ မြင့်တက်သွားသည်။ မေးခွန်းတစ်ခု အဆော
တလျှင် ထွက်လာသည်။

"သူ့နာမည်က"

"မောင်လှမြင့်ပါ"

ရှားနှင့် ကျွန်တော် ပါးစပ်အဟောင်းသားဖြင့် တစ်ယောက်မျက်နှာ
တစ်ယောက် ကြည့်လိုက်မိကြ၏။

ဆုံမှ ဆုံတတ်ပလေ၊ ဖြစ်မှဖြစ်တတ်ပလေ။

အမှုတစ်ခုတည်းအတွက် ရှားသည် တရားလိုအကျိုးဆောင်အဖြစ်
သာမက တရားခံ အကျိုးဆောင်အဖြစ်ပါ လိုက်ပါရတော့မည် ဆိုပါတကား။

"ကဲ... နှစ်ကိုယ်ခွဲပေတော့ ရှားရေ"

•

(၅)

ဒေါ်မြင့်၏ ပြောပြသွားချက်တွင် လှမြင့်သည် အခင်းဖြစ်သည့်
သောကြာနေ့ ညနေက အိမ်တွင်ရှိသည်ဟူသော အချက်ပါဝင်သည်။
ထိုနေ့က နေမကောင်း၍ ဆေးခန်းသွားပြပြီး အိမ်သို့ စောစီးစွာပြန်လာပြီး
အိပ်နေသည်ဟုဆိုသည်။

သို့ဆိုလျှင် လှမြင့်၏ ထွက်ချက်နှင့် ကွာဟနေပေပြီ။ မည်သူသည်
အမှန်ကို ဖုံးကွယ်၍ လိမ်ညာပြောဆိုနေပါသနည်း။

"ဒေါ်မြင့်ကပဲ သူ့သားအပြစ်လွတ်အောင် လည်ဆယ်ပြောနေတာ
များလား"

ကျွန်တော်၏ ထင်မြင်ချက်ကို ရှား မည်သို့မျှ မတုံ့ပြန်ပါ၊ ရှား
ပြောသောစကားမှာ–

www.burmeseclassic.com

www.burmeseclassic.com

"တခ်ဳပ်ရာရာမှာတော့ များနေပြီ ကိုကို၊ အမှန်တ္ရားကတော့ ဖုံးကွယ်နေတာ အမှန်ပဲ၊ အမှုက မရိုးစင်းတော့ဘူး၊ ရှုပ်ထွေးလာပြီ ရှားကို ငံနံ့ခေါ်လာပြီ ကိုကိုရေ"ဟူ၍ ဖြစ်သည်။

မှန်သည်။

စိန်ခေါ်မှုကတော့ ရှိလာသည်မှာ အမှန်ပင်ဖြစ်၏။ စိန်ခေါ်မှုတစ်ခုတည်းပင်မဟုတ်၊ နှစ်ခုဖြစ်သည်။

ပထမဆုံးသော စိန်ခေါ်မှုမှာ ဤသို့ဖြစ်၏။ အဓမ္မကျင့် လူသတ်မှု အမှုကို ရှား လက်ခံ၍ စတင်လှုပ်ရှားပြီး သုံးရက်မြောက်သောနေ့မှာ ရှားထံသို့ ဖုန်းလာသည်။ ရှား လက်ကိုင်ဖုန်းကို ခေါ်ခြင်းဖြစ်၏။

တစ်ဖက်မှအသံမှာ ယောက်ျားသံ။ လူလတ်ပိုင်း ယောက်ျားသံတစ်သံဖြစ်သည်။

"ဟဲလို..."

"ဒေါ်မေစံရှားကို အကြံတစ်ခု ပေးချင်လို့ပါ"

"ဘာများပါလိမ့်ရှင်"

"ဒေါ်မေစံရှား အခုလိုက်နေတဲ့ မြသက် အသတ်ခံရမှုကို မလိုက်ဘဲ စွန့်လွှတ်လိုက်ဖို့ အကြံပေးချင်တာပါ"

"ရှင်... ဘာ့ဖြစ်လို့"

"ဒေါ်မေစံရှားမှာ အန္တရာယ်ရှိလာနိုင်လို့ပါ"

"ရှင် ဘယ်သူလဲ"

"ဒေါ်မေစံရှားရဲ့ မိတ်ဆွေတစ်ဦးလို့ပဲ မှတ်ယူပါ"

"ဒါပေမဲ့ ရှင်ပြောနေတာက မိတ်ဆွေစကားမဟုတ်ဘဲ ခြိမ်းခြောက်သလို ဖြစ်နေတယ်"

"ဒါတော့ ဒေါ်မေစံရှား ယူဆချင်သလို ယူဆပါ"

"ကျွန်မက မကြောက်တတ်ဘူးရှင့်"

"မကြောက်ရင်တော့ နောင်ကျရင် နောင်တရလိမ့်မယ်"

"ဒါပဲလား"



"နေပါဦး ဒေါ်မေစံရှားရယ်၊ မလောပါနဲ့ဦး၊ ကျွန်တော် ပြောမဲ့စကား ရှိပါသေးတယ်"

"ဒါဖြင့် ပြော"

"အဲဒီအမှုကို စွန့်လွှတ်ရင် အခု ဒေါ်မေစံရှားရတဲ့ အကျိုးဆောင်ခရဲ့ နှစ်ဆကို ကျွန်တော်တို့က ပေးပါမယ်"

"ဘယ်လို..."

"ဒေါ်မေစံရှား အကျိုးဆောင်ခ နှစ်သိန်းရတယ်ဆိုရင် ကျွန်တော်တို့က လေးသိန်းပေးမယ်၊ ဒေါ်မေစံရှားက သုံးသိန်းရတယ်ဆိုရင် ကျွန်တော်တို့က ခြောက်သိန်းပေးမယ်"

"တယ်ရက်ရောနေပါလား၊ တကယ်ပေးမှာလား"

"တကယ်ပါ၊ ဒေါ်မေစံရှား လက်ဝယ်အရောက်ပို့မှာပါ"

"ကျွန်မက ဒီအမှုမှာ ငွေကြေးနဲ့ လက်ခံတာမဟုတ်ဘဲ မေတ္တာနဲ့ လက်ခံတာဆိုတော့ ရှင် ဘယ်လိုပေးမလဲ၊ ကျွန်မ မေတ္တာရဲ့ နှစ်ဆပေးရမှာပေါ့၊ ဒီတော့ မေတ္တာနှစ်ဆပေးတဲ့အနေနဲ့ ကျွန်မကို စိတ်အနှောင့်အယှက် မပေးဖို့ မေတ္တာရပ်ခံပါတယ်"

"ဒါ... ဒေါ်မေစံရှားရဲ့ ဆုံးဖြတ်ချက်ပဲလား"

"ဟုတ်ပါတယ်၊ ကျွန်မက ငွေအတွက်နဲ့လည်း လက်မမြှောက်ဘူး၊ လက်နက်ပြလို့လည်း ဒူးမထောက်ဘူး၊ သဘောပေါက်ပါတယ်နော်၊ ဒါပါပဲ"

ရှားက စကားဖြတ်ပြီး ဖုန်းကို ပိတ်လိုက်သည်။

"အဲဒါ ရှားကို မိန်းမသားပဲဆိုပြီး လျှော့တွက်တာပဲ၊ စိန်ခေါ်မှုကတော့ ကြမ်းတယ် ကိုကိုရေ၊ ရှားတော့ ဒီအမှုကို အရမ်းကို စိတ်ဝင်စားသွားပြီ"ဟု ရှားက ကျွန်တော့်ကို ပြန်ပြောပြသည်။

"ဒီလူက ဘယ်သူလဲ၊ ဘာကြောင့် သူက ဝင်ပါလာရတာလဲ၊ ဘာကြောင့် ငွေပေးပြီး အကျိုးဆောင်အဖြစ်ကနေ နောက်ဆုတ်ခိုင်းရတာလဲ၊ ဒါဟာ မြသက်အမှုရဲ့ နောက်ကွယ်မှာ ရှုပ်ထွေးလိမ်ကောက်နေတယ်ဆိုတာကို သက်သေပြလိုက်တာပဲပေါ့"ဟုလည်း ရှားက သုံးသပ်သည်။

ဒုတိယမြောက် စိန်ခေါ်မှုမှာမူ ပို၍ပြင်းထန်သည်ဟု ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



ရှားထံသို့ ဖုန်းဆက်ပြီးနောက် နှစ်ရက်မြောက်ညမှာပင်ဖြစ်၏

ည... ကိုးနာရီခန့်။

ရှား၏ ခေါင်းလေးကြင်ကြင်က ခေါင်းမှုးသဖြင့် စောစောအိပ်သွား ပြီဖြစ်သည်။ ရှားကမူ အမှုတစ်ခုအတွက် လိုအပ်သော အကိုးအကားများ ရှာဖွေနေသည်။

ထိုစဉ်–

"ဒေါက်... ဒေါက်... ဒေါက်"

တံခါးခေါက်သံ ပေါ်လာသည်။ အလုပ်တွင်နစ်နေသော အာရုံ လွင့်သွား၏။ သည်အချိန်ကြီးမှာ မည်သူကများ မည်သည့်အကြောင်းဖြင့် ရောက်လာပါသနည်း။

ရှား ထိုင်ရာမှ ထလိုက်ရသည်။ တံခါးမကြီးရှိရာသို့ လျှောက်လာ ရင်း–

"ဘယ်သူလဲ"ဟု မေးလိုက်သည်။ အပြင်မှ ဖြေသံမကြားရ။

"ဒေါက်... ဒေါက်... ဒေါက်"

တံခါးခေါက်သံသာ ထပ်မံပေါ်လာသည်။ ရှားက အပြင်လှေကား မီးကို ဖွင့်လိုက်သည်။ တံခါးမကြီးနားသို့ ချဉ်းကပ်လာစဉ် ရှား၏အာရုံ တွင်း၌ ခံစားမှုတစ်ခု နိုးကြွလာသည်။ သို့မဟုတ် သတိပေးမီးနီတစ်ပွင့်။

အာရုံကြောများကို ရှား စုစည်းလိုက်သည်။ တံခါးမကြီးပေါ်ရှိ အပြင်သို့ ချောင်းကြည့်ပေါက်ကလေးမှနေ၍ အပြင်မှ ဧည့်သည်ကို ကြည့်ရန်ရည်ရွယ်ပြီး ချောင်းကြည့်ပေါက်ကလေးကို ကာထားသော ကော်ပြားဝိုင်းကလေးကို တွန်းဖယ်လိုက်ကာ မျက်နှာကို ကပ်လိုက်သည်။

ဖျတ်ခနဲ ဦးနှောက်၏ အသိပေးမှုဖြင့် ရှားက အပေါက်အား ချောင်းကြည့်မည့် မျက်လုံးကို တံခါးမှ ချက်ချင်းပြန်ခွာလိုက်သည်။

တစ်စက္ကန့်၏ ဆယ်ပုံတစ်ပုံမျှလောက် စောသွားသည်။ ရှား၏ မျက်လုံး ပြန်အခွာတွင် ချောင်းကြည့်ပေါက်မှ တိုးဝင်လာသော ချွန်မြ သည့် စပုတ်တိုင်သံချောင်းတစ်ခု။

သီသီကလေး လွဲချော်သွားသည်။

ရှား၏ မျက်လုံး ရှား၏ ပါးသောမှ ဗိုခနဲကပ်၍ ထွက်သွားသည်။ ...နှံတရာ ကံကောင်းသည်ဟု ဆိုရမည်။ အမှတ်မဲ့သာ ချောင်းကြည့် ...က်ကို မျက်လုံးအပ်လိုက်ပါက အပြင်မှ ထိုးသွင်းလာမည့် စပုတ်တိုင် ...ချောင်းသည် မျက်လုံးထဲသို့ တန်းခနဲ ထိုးဖောက်လာပေလိမ့်မည်။

အန္တရာယ်...

မထင်မှတ်သော အန္တရာယ်။

ရှားတစ်ကိုယ်လုံး အကြောအခြင်များ လှုပ်ရှားသွားသည်။ တံခါး ...က်ကိုင်ကိုဆွဲ၍ ပိတ်ထားသော ဂျက်ကို ဆွဲဖွင့်လိုက်သည်။ တံခါးဂျက် ...သံ ဂျောက်ခနဲ မြည်သံနှင့် တစ်ပြိုင်တည်းမှာပင် အပြင်မှလူသည် ...ကားမှ တဒုတ်ဒုတ် ပြေးဆင်းသွားသံ ကြားရ၏။

ရှား တံခါးဖွင့်ပြီး ထွက်လိုက်ချိန်တွင် လှေကားမှ ပြေးဆင်းသွား ...ကို မမြင်ရတော့။ သို့သော် ရှားသည်လည်း ထိုသူနောက်သို့ အပြင်း ...ဆင်းလိုက်သွားသည်။

ရှား အောက်ဆုံးထပ်သို့ ရောက်ချိန်တွင် ကားတစ်စီးက ပြင်းဖွာ ...င်းထွက်သွားသည်။ အနက်ရောင်ကားတစ်စီး ဆိုသည်မှလွဲ၍ ရှား ...ျှသေသေချာချာ သဲသဲကွဲကွဲ မမြင်ရလိုက်။ ကားနံပါတ် ကားအမျိုး ...အား ဘာတစ်ခုမျှ ရှား ပီပီသသ မတွေ့ရလိုက်။

"ဟင်း..."

ဒေါသနှင့်အတူ ရောနေသော သက်ပြင်းမော်ကြီးကို ရှား ချလိုက် ...သည်။

ဖုန်းဆက်သူနှင့် ယခုလို အန္တရာယ်လာပေးသူ တစ်ယောက်တည်း ...နိုင်သည်။ သို့မဟုတ် တစ်ဖွဲ့တည်းဖြစ်နိုင်သည်။ အဘယ်ကြောင့်နည်း။ ...ယ်ကြောင့်များ အန္တရာယ်ပေးလိုပါသနည်း။ အဘယ်ကြောင့်များ ...က်အမှုကို မလိုက်စေလိုပါသနည်း။ အကြောင်းရင်းကား မည်သို့နည်း။

*

www.burmeseclassic.com

(၆)

ရှားနှင့် ကျွန်တော် ဒေါ်မြင့်၏အိမ်သို့ ရောက်သွားသော ဒေါ်မြင့်က ပျာပျာသလဲ ဆီးကြိုလေသည်။

ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ကို ချ၍လည်း လောကွတ်ပြု

"တူမတို့ ဘယ်ကလှည့်လာလဲ"

ဒေါ်မြင့်အမေး။

"အဒေါ်ဆီကိုပဲ လာတာပါ"

ရှား၏အဖြေ။

"သားကိစ္စလား၊ ဘာထူးခြားလို့လဲ တူမ"

"ကျွန်မ တွေးမိထားတာလေးတွေတော့ ရှိတယ်၊ အဲဒါ အဒေါ် သိချင်တာလေး ရှိလို့ပါ"

"ဘာသိချင်လဲ၊ အဒေါ်သိတာ ပြောပြမယ်"

"အဒေါ် ကျွန်မဆီကို လာတုန်းက ပြောသွားတဲ့အထဲမှာ ကိုလှ ဟာ အခင်းဖြစ်တဲ့ သောကြာနေ့ညနေက အိမ်မှာရှိခဲ့တယ်၊ နေမကောင်း ဆေးခန်းသွားပြတယ်၊ အိမ်ကို အစောကြီးပြန်လာပြီး အိပ်နေတယ် ပြောခဲ့တယ်နော်"

"ဟုတ်တယ်ကွယ်၊ အဲဒါ အမှန်ပါပဲ"

"ကိုလှမြင့် ဘယ်ဆေးခန်းမှာ သွားပြတာလဲ၊ ဆေးခန်းမှတ် စာအုပ်တွေ ဘာတွေ မရှိဘူးလား"

ဒေါ်မြင့် တွေ၍ စဉ်းစားပြီး-

"မြို့ထဲက အထူးကုဆေးခန်းတစ်ခုမှာ သွားပြတာပဲကွယ်၊ ဆေး ဆေးခန်းက စာအုပ်ရှိနိုင်တယ်"ဟု ပြောသည်။ ပြောပြီးနောက် ထိုင် ထကာ "အဒေါ် ရှာကြည့်လိုက်ဦးမယ်"ဟူ၍ အိမ်ခေါင်းရင်း ဘုရား အောက်ရှိ စာအုပ်စင်ကို မွှေနှောက်နေသည်။

ကျွန်တော်နှင့် ရှားက ဒေါ်မြင့် လှုပ်ရှားသမျှကိုကြည့်ရင်း နေကြရ၏။

ခဏအကြာတွင်-



"ဒါ ထင်တယ်"

ဒေါ်မြင့်က စာအုပ်ကလေးတစ်အုပ်ကိုင်ကာ ကျွန်တော်တို့ဆီသို့ လာသည်။ ရှားထံသို့ စာအုပ်ကလေးကို လှမ်းပေးသည်။

ရှားက စာအုပ်ကိုယူရင်း အဖုံးပေါ်ရှိ အမည်၊ အသက်၊ လိပ်စာ ကို ဖတ်ကြည့်သည်။ ပြီးနောက် အတွင်းသို့ လှန်လိုက်ကာ ဆရာဝန်၏ ဆေးချက်တို့ကို ဖတ်သည်။ ဆရာဝန်၏ ရေးသားချက်ကိုမူ ကျွန်တော် ရှားပါ အပြည့်အဝ နားမလည်နိုင်ပါ။ ဆေးပညာဝေါဟာရနှင့် သားချက်များ ဖြစ်သောကြောင့်ပင်။

သို့သော် စစ်ဆေးသောနေ့က သောကြာနေ့။ အခင်းဖြစ်သောနေ့ နေသည်။

"ဟုတ်တယ် အဒေါ်၊ အဲဒါ ကိုလှမြင့်ရဲ့ ဆေးမှတ်တမ်းစာအုပ်ပဲ"

ရှားသည် စာအုပ်ငယ်၏အဖုံးကို တစ်ကျော့ပြန်၍ လှန်ကြည့်ပြန်၏။ ဆေးခန်းအမည်က ဇီဝက၊ စစ်ဆေးသူ ပါရဂူ၏အမည်က ဒေါက်တာညို ၊ အဆုတ်ရောဂါ အထူးကုဆရာဝန်ကြီး။

"အဒေါ် ဒီစာအုပ်ကို ကျွန်မတို့ ခဏယူသွားချင်တယ်"

"ရတယ် တူမ၊ ယူသွားပါ"

"ဒါဆို ကျွန်မတို့ ပြန်မယ် အဒေါ်၊ ခွင့်ပြုပါဦး"

"သြော်... နေဦး တူမရေ၊ ခုမှ တူမကို ပြောစရာတစ်ခုရှိတာ တိရတယ်"

"ပြောပါ အဒေါ်၊ ဘာများလဲ"

"တူမဆီကို အဒေါ်လာသွားပြီး နောက်နေ့မှာ မောင်လှမြင့်ရဲ့ ဒွေး အဒေါ်ဆီ ရောက်လာတယ်၊ သူက မောင်လှမြင့်အတွက် စိတ် ကောင်းကြောင်း၊ မောင်လှမြင့်ကို တရားရုံးတင်ရင် သူက ရှေ့နေငှားပေး ကြောင်း၊ သူ့မှာ ရင်းနှီးတဲ့ ရှေ့နေရှိကြောင်းပြောတယ်၊ အဒေါ်ကလည်း မရှိပါဘူး၊ ဒေါ်မေစံရှားကို ကျွန်မ ငှားထားပြီးပါပြီလို့ ပြောလိုက်တယ်၊ ဒေါ်လည်း အဲဒီလိုပြောလိုက်ရော သူ့ဒွေးလည်း မျက်နှာပျက်သွားတော့ ပဲ၊ ဒါပေမဲ့ ချက်ချင်းပဲ သူ ဣန္ဒြေဆည်ပြီး ဒါဆိုလည်း ကောင်းတာ

www.burmeseclassic.com

www.burmeseclassic.com


ပေါ့၊ ကျွန်တော်က ငွေကြေးလိုအပ်တာ တာဝန်ယူပါတယ်လို့ပြော ပြန်သွားတယ်ကွယ်၊ သူ့ဒွေးက သဘောတော့ ကောင်းတာအမှန် သူ့တပည့်အတွက် ဒီလို စိတ်ပူပေးတာ ကျေးဇူးတင်စရာပါပဲ"

"အဲဒီနောက်ရော လာသေးလား"

"မလာတော့ဘူးကွယ့်"

"ကောင်းပြီလေ၊ ဒီအချက်ဟာလည်း ကျွန်မတို့ စဉ်းစားရမဲ့အချက် တစ်ချက်ပါပဲ၊ ကဲ... အဒေါ် ကျွန်မတို့ပြန်မယ်၊ အကြောင်းထူးရင် ကျွန်မတို့ လာခဲ့မယ်"

ဒေါ်လှမြင့်ကို နှုတ်ဆက်ပြီး ကျွန်တော်နှင့် ရှား ပြန်လာကြသည့် လမ်းတွင်–

"ကိုကို စဉ်းစားမိလား"ဟု ရှားက ကောက်ကာငင်ကာ မေးသည်။ ကျွန်တော် နားမလည်။

"ဘာကိုလဲ ရှား"

"မောင်လှမြင့်ရဲ့သူ့ဒွေး လာသွားတာဟာ ရှားကို တယ်လီဖုန်းဆက် ခြိမ်းခြောက်တဲ့နေ့ မတိုင်ခင်နေ့ပဲဆိုတာ"

"ရှား ဘာကို ဆက်စပ်ပြီး တွေးမိလို့လဲ"

"သူ့ဒွေးက မောင်လှမြင့်ဘက်က လိုက်ပေးဖို့ သူ့မိတ်ဆွေ ရှေ့နေ ရှိတယ်ဆိုတော့ ဒေါ်မြင့်က ရှားကို ငှားပြီးပြီလည်းပြောရော မျက်နှာ ပျက်သွားတယ်ဆိုတာလေ"

"အဲဒီတော့"

"အဲဒီတော့ စဉ်းစားစရာပဲပေါ့ ကိုကိုရယ်"

*

(၇)

အဆုတ်ရောဂါ အထူးကုပါရဂူဆရာဝန်ကြီး ဦးညိုထွန်းက သူ၏ လူနာများ စမ်းသပ်အပြီးတွင် ကျွန်တော်တို့ ဝင်တွေ့ကြသည်။ ရှားက မောင်လှမြင့်၏ ဆေးမှတ်တမ်းစာအုပ်ကိုပြပြီး–

"ကျေးဇူးပြုပြီး ဆရာကြီး ဒီစာအုပ်လေးကို ကြည့်ပေးပါ၊ ဆရာဝန်ကြီးရဲ့ လူနာဖြစ်မယ်ထင်တယ်"ဟု စကားစသည်။

ဆရာဝန်ကြီးက စာအုပ်ကိုကြည့်ပြီး ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော့် လူနာပါ"

"လူနာက ဘာဖြစ်တာပါလဲရှင်"

ဆရာဝန်ကြီးက သူ၏ စမ်းသပ်စစ်ဆေးချက်ကို ပြန်ဖတ်ကြည့်ပြီး ဆက်မကို ဦးစွာချသည်။

"ခင်ဗျားတို့က လူနာနဲ့ ဘာတော်လဲ"

"မိတ်ဆွေတွေပါ"

"ပြောရမှာ စိတ်မကောင်းပါဘူး၊ ခင်ဗျားတို့မိတ်ဆွေမှာ အဆုတ်ကင်ဆာ ရှိနေပါတယ်၊ အဲဒါကို ဟိုနေ့ကလည်း ကျွန်တော် သူ့ကို ပြောမဖြစ်လို့ ပြောပြလိုက်ရပါတယ်၊ ကျွန်တော့်ဆီကို လာတာကလည်း သူတစ်ယောက်တည်းမို့ပါပဲလေ"

"အခြေအနေ ဆိုးနေပြီလား"

"ဆိုပါတော့... အဆုတ်မှာဖြစ်နေတဲ့ ပြစ်ပွားနာဟာ အဆုတ်တစ်ခုလုံးကို အမြစ်တွယ်ပြီးနေပါပြီ၊ ခွဲစိတ်ကုမယ်ဆိုရင်တောင် ရဖို့ခက်ခဲနေပါပြီ၊ အဲဒါကို သူ့ကို ပြောပြလိုက်ပါတယ်"

"သူက ဆရာကြီးကို ဘာပြန်ပြောလဲ"

"သူက မခွဲစိပ်ချင်ဘူးလို့ ပြောပါတယ်"

"ဒါဆိုရင် သူ ဘယ်လိုဖြစ်သွားနိုင်မလဲ"

"အင်း အလွန်ဆုံး သုံးလေးလလောက်ပါပဲ"

"အို..."

ကျွန်တော်နှင့် ရှားသည် ဆရာဝန်ကြီးထံမှ လေးကန်ဖင့်နွဲ့သော ခြေလှမ်းများဖြင့် ပြန်လာခဲ့ကြရ၏။

"ရှား ဘယ်သွားဦးမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရဲစခန်းကို"

"ရဲအုပ်ဝင်းတင်နဲ့ တွေ့ဖို့လား"

"ကိုလှမြင့်နဲ့ တွေ့ချင်တယ်"

*

(၈)

အချုပ်ခန်းသံတိုင်ကြားမှ မောင်လှမြင့်ကို ကြည့်ရသည်မှာ စိတ်ဓာတ်များ ဗုန်းဗုန်းလဲ ပြိုကျနေသည့်ဟန်။ မျက်တွင်းတွေက ဟောက်ပက်၊ ပိန်လှီလှီ ခန္ဓာကိုယ်၊ မွဲခြောက်ခြောက် အသားအရည်။ အရောင်မှိန်သော မျက်လုံးများ၊ အပြုံးမဲ့နှုတ်ခမ်း။

ရှားက မောင်လှမြင့်ကိုကြည့်၍ မျက်ရည်ဝဲနေသည်။ ကျွန်တော့်ရင်မှာလည်း ကရုဏာတောင်ကျရေ တသွင်သွင်။

"ကျွန်မတို့ ကိုလှမြင့်ရဲ့အမေကို သွားတွေ့ခဲ့တယ်၊ အဒေါ်က ကိုလှမြင့်အတွက် စိတ်ပူတယ်၊ သူ့သားလေးကို လွတ်အောင်ကူညီပါလို့ ပြောတယ်"

ရှား နိဒါန်းပျိုးသည်။

မောင်လှမြင့် ရှားကို မကြည့်။ အံကြိတ်ကာ မျက်နှာလွှဲထားသည်။ တံတွေးတွေ မြိုချတိုင်း သူ့ဇလုတ်ကြီး တက်လိုက်ကျလိုက်။ သံတိုင်တွေကို ဆုပ်ကိုင်ထားသော သူ့လက်များက ကျစ်ကျစ်ပါ။

"ကျွန်တော် မိုက်တာပါ"

မောင်လှမြင့်၏ တိုတောင်းသောစကား။

"ကျွန်မတို့ ဆရာဝန်ကြီး ဦးညိုထွန်းဆီကိုလည်း ရောက်ခဲ့ပြီး"

"ဗျာ..."

အလန့်တကြား မျက်ဝန်းများ။ စိုးရိမ်ထိတ်လန့်မှုများ။ နှုတ်ခမ်းများအဟ။ တုန်လှုပ်သောအကြည့်များ ကျွန်တော်နှင့် ရှားထံ ရောက်လာသည်။ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေ၏။ သံတိုင်ကို ဆုပ်ထားသော လက် ဖုတ်ခနဲ ပြုတ်ကျသွား၏။



"ဆရာဝန်ကြီးနဲ့ တွေ့ခဲ့တယ်"

သူ့ထံမှ ထပ်မံရေရွတ်လိုက်သံ။

"ဟုတ်ပါတယ်"

ရှားက မောင်လှမြင့်၏ မျက်နှာပြင်မှ အရိပ်များကို စေ့စေ့စပ်စပ် စူးစိုက်အကဲခတ်နေသည်။

မောင်လှမြင့် သက်ပြင်းချကာ ခေါင်းကိုငုံ့သွားသည်။ ရှားကို မျက်လုံးချင်း မဆိုင်ရဲသည့်ပမာ။

"ဒါဆို ကျွန်တော့်ရောဂါအကြောင်း သိသွားပြီပေါ့"

"ဟုတ်ပါတယ်၊ ရောဂါအကြောင်း သိလိုက်လို့ အမှုကွင်းဆက်ကို ရိပ်မိလိုက်ပါပြီ၊ ကိုလှမြင့် အမှန်ကိုပြောပါလား"

မောင်လှမြင့် ခေါင်းပိုငုံ့သွားသည်။ သံတိုင်ကို ခေါင်းတိုက်ကာ ငိုက်နေ၏။ ခန္ဓာကိုယ် သိမ့်သိမ့်ခါနေသည်။ အသံမထွက်ဘဲ ကြိတ်ငိုနေလေသလား။

"ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် အမှန်ပြောတာပါ"

သူ့အသံ တိုးရှရှ။

"မဟုတ်ဘူး၊ ကိုလှမြင့် လိမ်နေတာ ကျွန်မ သိတယ်၊ ပြီးတော့ ဘာကြောင့် လိမ်နေတယ်ဆိုတာလည်း ကျွန်မသိတယ်"

မောင်လှမြင့်ထံမှ ချက်ချင်း ငြင်းဆိုသံထွက်မလာ။ အတန်ကြာမှ-

"ကျွန်တော် မြသက်ကို သတ်တာအမှန်ပါ၊ ကျွန်တော် လူ့ဘဝမှာ နေရမှာ မဟုတ်တော့ဘူးဆိုတာသိလို့ မြသက်ကို ချစ်နေတဲ့အချစ်ကို ဖွင့်ထုတ်ပြောတာ သူ လက်မခံလို့ ကျွန်တော် မိုက်မိုက်မဲမဲတွေ လျှောက်လုပ်မိတာပါ၊ ကျွန်တော်က သေလူပါ၊ ကျွန်တော့်ကို သေဒဏ်ပေးလည်း မမှုပါဘူး၊ ကျွန်တော့်မိုက်ပြစ် ကျွန်တော် ခံရဲပါတယ်၊ ကျွန်တော်က လူသတ်သမားပါ"

www.burmeseclassic.com

www.burmeseclassic.com

စကားရှည်ရှည်လျှားလျှား။ အစီအစဉ်မဲ့ ထစ်ထစ်ငေါ့ငေါ့ ထွက်လာသောစကားများ။

ရှားက ခေါင်းခါလိုက်သည်။

"ကျွန်မက ကိုလှမြင့်ကို အဲဒီလို မမြင်ဘူး၊ ကိုလှမြင့်ဟာ အင်မတန် ချီးကျူးစရာကောင်းတဲ့လူ၊ ကျွန်မသိတယ်"

ကျွန်တော်က ရှားစကား၏ အတိမ်အနက်ကို ရုတ်တရက် ချိ စက်၍မရ။ ရှားက ဘာကိုဆိုလိုပါသနည်း။ ရှားက ဘာကြောင့် မောင်လှမြင့်ကို ချီးကျူးနေပြန်ပါသနည်း။

ရှားကမူ ကျွန်တော့်ကို ငုံ့မကြည့်။ သူမ၏ အာရုံက မောင်လှမြင့်ထံမှာ။ မောင်လှမြင့်ကား မလှုပ်။

"ကျွန်တော့်ကို... ကျွန်တော့်ကို ဖီအားမပေးပါနဲ့ မမရှား၊ ကျွန်တော် မှဒီမ်းကောင် လူသတ်သမားပါ"

"မဟုတ်ဘူး၊ ရှင်ဟာ အမေကို သိပ်ချစ်တဲ့သားပါ"

မောင်လှမြင့် သံတိုင်အပါးမှ ရုတ်တရက် အချုပ်ခန်း၏ တစ်ဖက်ထောင့်သို့ ပြေးထွက်သွားကာ နံရံကိုမှီ၍ ထိုင်ချလိုက်သည်။ ထို့နောက် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုနေတော့သည်။

ရှားက ခေါင်းကို ယမ်းခါပြီး ကျွန်တော့်ဘက်သို့လှည့်သည် ပြန်ကြရန် မျက်ရိပ်ပြသည်။

အချုပ်ခန်းဆီမှ ပြန်လာသော ကျွန်တော်တို့အား-

"အခြေအနေ ဘယ်လိုလဲ"ဟု ရဲအုပ်ဝင်းတင်က မေးသည်။

"ကိုလှမြင့်ဟာ လူက ပိန်ညှော်ညှော်လေးပေမဲ့ စိတ်ဓာတ်ကတော့ မာတယ်၊ အမှန်ကို ထုတ်ပြောမှာ မဟုတ်ဘူး"

ရှား၏ သုံးသပ်ချက်အဖြေ။

"ဒါဆို ဘယ်လိုလုပ်မလဲ"

"အခင်းဖြစ်နေရာကို ကျွန်မတို့ သွားကြည့်ချင်တယ်"

"သွားလေ၊ ကျွန်တော် လိုက်ပို့မယ်"

*



(၉)

အခင်းဖြစ် ရေကန်ဆီသို့ ရဲအုပ်ဝင်းတင်နှင့်အတူ ကျွန်တော်တို့ က်သွားသည်။ အခင်းဖြစ်သည်ဟု ယူဆရသော နေရာ၌ ရှားနှင့် ုပ်ဝင်းတင်တို့ စေ့စေ့စပ်စပ် လေ့လာအကဲခတ်ရင်း သက်သေခံများလည်း ွေကြသည်။

တွေ့ရပါ၏။

ကြိုးစားမှု အားထုတ်မှုဟူသည်ကား ဘယ်သောအခါမှ အကျိုးမဲ့ ည်းနီးမဖြစ်။

ရှား အပြုံးဝင်းဝင်းလက်လက်ဖြင့်။

"ရှား လမင်းသာကုမ္ပဏီကို သွားချင်သေးတယ်"

"သွားလေ"

သို့ဖြင့် ရဲအုပ်ဝင်းတင်နှင့် ရှား တိုင်ပင်ဖွယ်များ ပြောဆိုပြီးနောက် မင်းသာကုမ္ပဏီသို့ သွားသည်။ ကုမ္ပဏီသူဌေးဖြစ်သူ ဦးကောင်းမြတ် ် တွေ့ဆုံပြီး စကားပြောသည်။ သို့သော် ရှားနှင့် ဦးကောင်းမြတ် ာသည်က သာမန် အလွှာပ သလ္လာပ စကားများသာ။

"မြသက်ရဲ့ အမှုအခင်းကိစ္စရော ဘယ်လိုအခြေအနေရှိလဲ"

ဦးကောင်းမြတ်ကသာ စိတ်ဝင်တစားမေးသည်။

"မောင်လှမြင့်က အပြစ်ကို ဝန်ခံထားတာပဲလေ၊ ရဲအရာရှိကလည်း ရားရုံးတင်ဖို့ ပြင်ဆင်နေပါပြီ၊ ဒါပေမဲ့ ကျွန်မကတော့ သံသယရှိနေယ်၊ ဒီနေ့ပဲ အခင်းဖြစ်နေရာကို ရောက်ခဲ့သေးတယ်၊ အဲဒီမှာ သက်သေစ္စည်းတစ်ခု ရခဲ့တယ်၊ အဲဒီသက်သေခံက တရားခံ အစစ်အမှန်ကို ာ်ပြနေပါတယ်"

"ဘာသက်သေခံ တွေ့ရလဲ"

"အဲဒါတော့ ကျွန်မ မပြောပြနိုင်သေးဘူး၊ တရားရုံးကျမှပဲ င်ပြမယ် စိတ်ကူးတယ်၊ ဘာကြောင့်လဲဆိုတော့ ရဲအရာရှိနဲ့ ကျွန်မတ ည်း အမြင်မတူဖြစ်နေလို့၊ သြော်... ဒါနဲ့ ကျွန်မကို မန်နေဂျာ ါနှင်းရည်နဲ့ ခဏတွေ့ခွင့်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်... ဒေါ်မေစံရှား"

ရှား ဒေါ်နှင်းရည်နှင့်တွေ့ပြီး စကားအနည်းငယ်ပြောသည်။ သုံးလေးခု မေးခြင်းပဲဖြစ်သည်။

ပြီးတော့ ကျွန်တော်နှင့် ရှား လမင်းသာမှနေ၍ ရှားရုံး ပြန်လာခဲ့ကြသည်။

*

(၁၀)

"ရှားကို ကိုကို အိမ်လိုက်ပို့မယ်" ဟု ကျွန်တော် ပြောသည် ရှား လက်မခံခဲ့။ သူမဘာသာ ပြန်မည်ဟုပြောသည်။ ဘာကြောင့် မေးသောအခါ မဖြေ။

နောက်နေ့တွင် ရှားက ပြန်ပြောပြသည်မှာ-

"ကိုကို စိတ်ပူမှာစိုးလို့ ရှားက မခေါ်တာပါ၊ ပြီးတော့ ပါနေရင် ရှား မျှော်လင့်ထားတဲ့သူ ထွက်မလာမှာစိုးလို့ပါ၊ ရှားက သူ မျှားထုတ်ချင်တာ"တဲ့။

ထိုညက ကျွန်တော်က စောစောပြန်ပြီး ရှားက ညနေစောင်း ပြန်သွားသည်ဟု သိရ၏။

ခါတိုင်းက မိုးချုပ်လျှင် အငှားကားဖြင့် ပြန်တတ်သော ရှားသည် ထိုနေ့က ဘတ်စ်ကားဖြင့် ပြန်သည်ဟုဆိုသည်။ ဘတ်စ်ကားမှတ်တိုင် ဆင်းလာသောအခါ မိုးချုပ်နေပြီ။

မှတ်တိုင်မှနေ၍ ရှား နေထိုင်ရာအိမ်သို့ ပြန်လာရာလမ်း လူပြတ်သည်။ ကိုယ်ပိုင်ဝန်းနှင့် ခြံနှင့် တိုက်အိမ်များကို ဖြတ်ရခြင်းဖြင့် သည်ကြားထဲ မီးက ပျက်နေပြန်သည်။ လမ်းသည် မှောင်နှင့်မည်းနေ လမထွက်သေး၍ ဝန်းကျင်သည် အမှောင်ရိပ်ချည်းသာ။ ပြီးတော့ သစ် ကြီးများကလည်း လမ်းပေါ်အုပ်မိုးနေပြန်တော့ အန္တရာယ်ကို ဖိတ်ခေါ် သလိုရှိသည်။



ရှားသည်မူ အခြေအနေနှင့် အချိန်အခါကို သဘောပေါက်သူပီပီ အာရုံကို သတိဖြင့် စုစည်းလျက် ခပ်မှန်မှန် လျှောက်လာခဲ့သည်။ စာရွက်စာတမ်းများ ထည့်ထားသည့်အိတ်ကိုပင် ရုံးမှာထားခဲ့သည်မို့ လက်လွတ်ကိုယ်လွတ်ဖြစ်၏။ မျက်လုံးများက နိုးကြားစွာ ကစားနေသလို နားအကြားအာရုံကိုလည်း ဖွင့်ထားသည်။

လမ်းပေါ်မှာ ရှား၏ ဖိနပ်သံ တခေါက်ခေါက်က မှန်မှန်ပေါ်ထွက် နေသည်။

သည်မှာ...

မမျှော်လင့်သော သို့မဟုတ် မျှော်လင့်ထားသော အန္တရာယ်သည် ရှားထံသို့ ရောက်လာသည်။

လမ်းအချိုးကို အကွေ့၊ သစ်ပင်ကြီးတစ်ပင်၏ဘေး ရပ်ထားသော ကားတစ်စီးနားမှ လူတစ်ယောက် ခုန်ထွက်လာခြင်းဖြစ်၏။

အာရုံကို စုစည်းထားပြီး သတိဖြင့် အသင့်ရှိနေသော ရှားက ခြေလှမ်းကိုရပ်ကာ အန္တရာယ်ကို ရင်ဆိုင်ရန် အနေအထား ပြင်လိုက်သည်။

မှောင်ရိပ်မှလူက စကားမဆို၊ ရှားရှေ့ရောက်သည်နှင့် လှုပ်ရှား လိုက်သည်။ လက်ခနဲ အရာတစ်ခုကို ရှား မြင်လိုက်သည်။ ဓား။

နောက်ခံ ကောင်းကင်ပြင်၏ အလင်းမှုန်လောက်ဖြင့် ရိပ်ခနဲ မြှောက်လိုက်သောလက်ကို ရှား မြင်၏။

ခြေကို ခွဲရပ်လိုက်သည်။ ဝင်လာသော ဓားကိုင်လက်ကို ဘယ်လက် ဖြင့် ဘေးသို့ပက်ထုတ်လိုက်သည် ပယ်ချက်ရှုတိုဂျူဒန်အု(ချ်)။ တစ်ဆက် တည်းမှာပင် ရှား၏ ညာလက်ဝါးစောင်းက အံရှိန်ဖြင့် ဓားကိုင်သမား၏ ခေါင်းဆီသို့ ဓားသွားလို ထက်ရှသော ရိုက်ချက်တစ်ခုကို လျှပ်တစ်ပြက် ဝင်သွင်းလိုက်သည်။ မြန်လိုက်သည့်ဖြစ်ခြင်း။ ရှုတိုဂါမင်အူချီ ရိုက်ချက်။

"ဒုတ်"

"အင့်"

ဓားကိုင်သမား ညာဘက်သို့ ယိုင်သွားသည်။ သို့သော် ဓားကိုင် သမားမှာ ခွန်အားတောင့်သော လူကြမ်းတစ်ဦးမို့ ခြေမြဲပြင်ကိုတော့

www.burmeseclassic.com

www.burmeseclassic.com

လဲမကျ၊ ဓားကလည်း လွတ်မသွားသေး။

ရှားက အသင့်အနေအထား၌ ပြန်၍ နေရာယူလိုက်ချိန်၌ ဓားသမားက ဟန်ချက်ကိုပြန်ယူကာ မိုက်မိုက်မဲမဲ ဓားဖြင့်လှမ်းတွက်သည်။

"ဝှစ်"

ရှားက ကိုယ်ကို ညာသို့ယို့၍ ညာခြေကို နောက်တစ်လှမ်းဆုတ်ကာ အသာလေး တိမ်းရှောင်သည်။ ပြီးသည်နှင့် လွန်သွားသော ဓားသမား၏ ဓားကိုင်ညာလက်ကို ဘယ်လက်ဝါးစောင်း ရှုတိုဖြင့် ခုတ်ချလိုက်သည်။ ဓားသမား ခန္ဓာကိုယ် ပို၍ဟန်ချက်ပျက်သွားသည်။

"ယား…"

ညာလက်ကို ကွေးလျက် ရှား၏ ညာတံတောင်က ရှေ့သို့ငိုက်လာသော ဓားသမား၏ မျက်နှာကို ပင့်ရိုက်လိုက်သည်။ ကိုယ်၏အလေးအား၊ လက်၏အားတို့ဖြင့် ပေါင်းထည့်လိုက်သော ပြင်းထန်လှသည့် ဟိုင်ဂျီအေ့အူချို ထိုးနှက်ချက်။

"အူး…"

ဓားသမား နောက်ပြန်ယိုင်လျက် နောက်ဆုတ်နောက်ဆုတ်ဖြစ်ကာ ဖင်ထိုင်လဲကျသည်။ ဓားလည်း လွတ်ကျသွားခဲ့ပြီ။

သို့သော် ဓားသမားက ဖွဲကောင်း၏။ ပြန်၍ လူးလဲထလာ၏။ ရှားက အရှိန်မဆွဲတော့။ အားယူ၍ ကုန်းထလာသော ဓားသမားထံသို့ ယူပိုဂါရီ ကန်ချက်ဖြင့် ကန်ထည့်လိုက်သည်။ ရှား၏ ညာခြေခုံစောင်းက ဓားသမား၏ ရင်ဝသို့ ဒိုင်းခနဲ ဝင်သွားသည်။

"အ…"

ဓားသမား နောက်ပြန် ဘုန်းခနဲ လဲကျသည်။ သည်တစ်ခါ၌ ဓားသမားသည် စောစောကလို ကုန်းရုန်း၍ မထနိုင်တော့။ ရင်ဝကိုဖိကာ တအီးအီး ညည်းညူရင်းမှ ခပ်ဖြည်းဖြည်းသာ အားယူပြီး ထ,နေရှာသည်။

ပွဲက ပြီးသွားပြီ။ ဘာမှမကြာလိုက်။ အလွန်ဆုံးရှိလျှင် သုံးလေးမိနစ်။

ရှားက ဓားသမားထံ လျှောက်သွားပြီး ဓားသမား၏လက်ကို



နောက်ပြန်လိမ်၍ လိုချင်သည်ကို မေးသည်။

ထိုစဉ် ကားတစ်စီး အရှိန်ဖြင့်ပြေးလာကာ အနားမှာ ကျွီခနဲ ထိုးရပ်သည်။ ကားမီးများကို မပိတ်။

ကားပေါ်မှ သုံးလေးဦး ခုန်ဆင်းလာကြသည်။ ကတ္တရာလမ်းပေါ်သို့ ခုန်ချလိုက်သော မာကျောသည့် ဖိနပ်သံများ။ ရှေ့ဆုံးမှလူမှာ ရဲအုပ်ဝင်းတင်ဖြစ်သည်။

"ဒေါ်မေစံရှား ကျွန်တော် နည်းနည်းနောက်ကျသွားတယ်"

"ကိစ္စမရှိဘူး ကိုဝင်းတင်၊ ဒီလူကပြောတယ်၊ သူ့ဆရာက ဦးမင်းခေါင်တဲ့"

"ဟုတ်လား… ဟော… သူ့ကို လက်ထိပ်ခတ်လိုက်ကြ"

"နေဦး ကိုဝင်းတင်… ဒီလို ဆက်လုပ်ရအောင်"

"ဘယ်လိုလဲ"

"သူ့ဆရာဆီကို ကျွန်မတို့ ဆက်လိုက်ကြမယ်၊ ကျွန်မ စိတ်ကူးမိတာက ဒီလို"

"ပြောပါ ဒေါ်မေစံရှား"

"ကျွန်မကို သူက ဖမ်းပြီး သူ့ဆရာဆီ ခေါ်သွားတဲ့ပုံစံနဲ့သွားမယ်၊ ဒါမှ ဟိုလူကို ကျွန်မတို့ လိုချင်သလိုရမယ်၊ ကိုဝင်းတင်တို့က နောက်ကလိုက်ပြီး ဖမ်းဖို့လုပ်ပေးပါ"

"ကောင်းပြီ"

ရှားက ဓားကိုင်သမား၏ လိမ်ထားသောလက်ကို မလွှတ်သေးဘဲ

"ဒီမှာ ရှင့်ဆရာဆီကို အခု ဖုန်းဆက်လိုက်၊ မေစံရှားကို ဖမ်းမိသွားပြီးပြီ၊ သူက သက်သေခံပစ္စည်း အပ်ပါမယ်လို့ပြောတယ်၊ ခေါ်လာခဲ့မယ်လို့၊ ရှင် ကျွန်မတို့ ပြောတဲ့အတိုင်းလုပ်ရင် ရှင့်ကို ပြစ်ဒဏ်သက်သာအောင် ကျွန်မတို့ ကြိုးစားပေးမယ်"

ရှားက သူမ၏ အပေါ်အင်္ကျီအိတ်ထဲမှ လက်ကိုင်ဖုန်းကိုထုတ်၍ ပေးလိုက်သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ဓားသမား၏အမည်မှာ ဇော်အောင်ဖြစ်၏။ ဇော်အောင်၏ကား ရှားနှင့် ဇော်အောင်တို့ ကိုမင်းခေါင်ရှိနေရာ တိုက်ခန်းသို့ ရောက်သွား သည်။ တိုက်မှာ နှစ်အိမ်တွဲ လုံးချင်းတိုက်ကလေးဖြစ်၏။ တစ်ဖက်အိမ် လူနေပုံမပေါ်သေး။ မီးရောင်တွေမရှိ။

တိုက်ခန်းရှေ့မှာ ပါဂျဲရိုးတစ်စင်း ရပ်ထားသည်။ မီးနိုးရော

"ကျွန်မ ပြောတဲ့အတိုင်း ဖြစ်ပစေနော်၊ အဲဒါဆိုရင် ရှင့်အတွ ကျွန်မတို့က စဉ်းစားပေးမယ်၊ တကယ်ဆို ရှင်က အဓိကပြစ်မှုကျူး သူ မဟုတ်ဘူး"

ရှားက ကားပေါ်မှမဆင်းမီ သတိပေးသည်။

"ဟုတ်ကဲ့ပါ"

"နောက်မှာ ရဲတွေအားလုံးပါလာတယ်၊ ဝိုင်းထားပြီးပြီဆို ရှင် မမေ့နဲ့"

"စိတ်ချပါ"

"ကဲ... သွားကြစို့"

ဇော်အောင်က ကားတံခါးကိုဖွင့်၍ ဦးစွာဆင်းသည်။ ပြီး ရှား ထိုင်ရာနောက်ခန်း ကားတံခါးကို ဖွင့်သည်။ ရှား၏ လက်ကိုလှမ်းဆွဲ ကားပေါ်မှ ဆွဲချသည်။ ရှား၏ လက်နှစ်ဖက်ကို လက်ပြန်ကြိုးတုပ်ထား ဟန် ကြိုးစတွေ ရစ်ပတ်ထား၏။ ရှား ပါးစပ်ထဲမှာ လက်ကိုင်ပုဝ ဆို့ထား၏။

ဇော်အောင်က ရှားကို ဖမ်းလာဟန်။ တံခါးဝဆီသို့ ခပ်ကြမ်းကြမ်း ဆွဲခေါ်သွားသည်။ တံခါးကို ခေါက်လိုက်သည်နှင့်။

"ဝင်ခဲ့... တံခါးဖွင့်ထားတယ်"

အထဲမှ အသံတစ်သံ ပေါ်လာ၏။ ယောကျ်ားသံ။

ရှားကို ဇော်အောင်က အထဲသို့ တွန်းသွင်းလိုက်သည်။ ရှား အရှိန်ဖြင့် ကြမ်းပြင်ပေါ်သို့ လဲကျသွား၏။ လဲကျရာမှ ရှားက လူးလဲ ထသည်။ ကြိုးတုပ်ထားဟန် လက်ကိုကွယ်၍ ရပ်သည်။



ညှော်ခန်းထဲရှိ ဆိုဖာဆက်တီပေါ်၌ လူတစ်ယောက် ထိုင်လျက်ရှိပြီး ားကို ပြုံးကြည့်နေ၏။ သူ့အပြုံးမှာ မထီလေးစားအပြုံး။ သရော်ပြုံး။ သူကား ဇော်အောင်ပြောသော ကိုမင်းခေါင်။

အသက်မှာ သုံးဆယ်ဝန်းကျင်လောက်ပဲ ရှိဦးမည်။ ပစ္စည်းဥစ္စာ ၍ အဆင့်အတန်းမြင့်စွာ ဝတ်ဆင်ထားသော်လည်း မျက်နှာက ရိုးသား ဖြောင့်စင်းမှုမရှိ၊ မျက်လုံးတွေမှာ ကောက်ကျစ်ရိပ်တွေ မြင်နေရသည်။

သူက တဟားဟား ရယ်လိုက်သည်။

"ကဲ... ဘယ်လိုလဲ ရှေ့နေကြီး၊ ငါက အသာတကြည် ငွေပေး ါမယ်ဆိုတုန်းက လက်မခံတော့ ခုလိုဖြစ်တာပေါ့ဗျာ၊ အားတော့နာပါ ာယ်၊ တကယ်ဆို ငါ့တပည့်က မင်းကို တစ်ခါတည်း အပြတ်ရှင်းလိုက် ငါက မှာလိုက်တာ၊ ခု မင်းက သက်သေခံပစ္စည်း အပ်ပါမယ်ဆိုလို့ လို ခေါ်လာရတာ၊ ကဲ... ဘယ်မှာလဲ သက်သေခံ"

ဇော်အောင်က ရှား၏ ပါးစပ်ထဲမှ လက်ကိုင်ပုဝါကို ထုတ်ယူလိုက် သည်။ ရှားဘေးမှာ ဇော်အောင် ရပ်နေသည်။

"ကျွန်မရဲ့ အပေါ်အင်္ကျီ အတွင်းအိတ်ထဲမှာ ရှိပါတယ်၊ ကျွန်မ း‌ပေးပါ့မယ်၊ လက်ကကြိုးကို ဖြည်ပေးပါ"

"ဖြည်ပေးလိုက် ဇော်အောင်"

ဇော်အောင်က ကြိုးစများကို ရှားလက်မှ ဖြုတ်ယူလိုက်သည်။ ှားက အိတ်ထဲက ပစ္စည်းကို မနှိုက်သေးဘဲ...

"ကျွန်မကို အသက်တော့ ချမ်းသာပေးပါ"ဟု မင်းခေါင်ကို ကဲခတ်ရင်း ပြောလိုက်သည်။ မင်းခေါင်က တဟဲဟဲရယ်သည်။

"ဘာလဲ မင်းက မြသက်နောက်ကို လိုက်ရမှာတော့ ကြောက်တယ် ပေါ့ ဟုတ်လား၊ ငါက ငါ့ကို ဆန့်ကျင်ရင်တော့ မရဘူး၊ ငါ့ကို လိုက် လျှောရင်တော့ သနားတတ်ပါတယ်၊ ပြောစမ်း... မင်းရလာတဲ့ သက်သေခံ က ဘာလဲ"

"ရှင် ပတ်နေတဲ့ အန်းတိတ် ရိုးမား ရွှေနာရီက သော့သီးလေးပါ၊ သော့သီးမှာ ဆံပင်တွေ ရစ်ပတ်နေတယ်၊ ရေကန်နားက တွေ့တာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ရှင် မြသက်အလောင်းကို ကားပေါ်က ဆွဲချပြီး ရေကန်ထဲ ပစ်ချတုန်း မြသက်ရဲ့ ဆံပင်တွေနဲ့ငြိပြီး ပြုတ်ကျခဲ့တာပါ"

"မင်းက ရဲတွေကို မအပ်ဘူးလား"

"ရဲတွေက ကျွန်မနဲ့ အယူအဆချင်း မတူလို့ပါ၊ သူတို့က လူ ကိုပဲ တရားခံဆိုပြီး ရုံးတင်ကြမှာပါ၊ ကျွန်မ ဒီသက်သေခံပစ္စည်း တရားရုံးကျမှ တရားခံအစစ်ကိုပြဖို့ ကြိုးစားမယ်ဆိုပြီး သိမ်းထားတာ"

"မင်းက ငါ့ကို တရားရုံးမှာ တရားခံအဖြစ် ဖော်မယ်ပေါ့၊ ဟုတ် လား၊ ခုတော့ ဘယ်လိုလဲ၊ ငါ့လက်ထဲ မင်းရောက်လာရပါလား"

"ရှင့်နာရီက သော့သီး ဟုတ်မဟုတ် ကျွန်မ မသိဘူး၊ ရှင့်နာရီ ကြည့်ပါဦး"

"ငါ့နာရီက သော့သီးဆိုတာတော့ ဟုတ်မှာပါ၊ ဒီသော့သီးမရှိ နာရီက မသွားတာနဲ့ သိမ်းထားရတယ်၊ ဘယ်မှာလဲ သော့သီး"

ရှားက သော့သီးကို အိတ်ထဲမှနှိုက်၍ ပေးလိုက်သည်။ မင်းခေါင် လှမ်းယူပြီးကြည့်သည်။ ခေါင်းတဆတ်ဆတ် ညိတ်သည်။ သူ၏ရှေ့ ဆက်တီစားပွဲအံဆွဲကိုဖွင့်ကာ အထဲမှ တစ်စုံတစ်ရာကို နှိုက်သည်။ နာ တစ်လုံးပဲဖြစ်၏။ ရွှေနာရီလေး။

"ဟဲဟဲ… ခုတော့ ငါ့ပစ္စည်း ပြန်ရပြီ၊ မင်းမှာလည်း ဘာသက်သေ ခံမှ မရှိတော့ဘူး၊ လူမြင့်ကလည်း ဝန်ခံထားပြီးပြီ၊ ရဲကလည်း လူမြင့် ကိုပဲ ရုံးတင်မယ်၊ ဒီတော့ ငါ့အဖို့ အန္တရာယ်ကင်းပြီပေါ့"

မင်းခေါင်က သူ၏လက်ထဲမှ ရွှေနာရီလေးနှင့် ရှား ပေးသော သော့သီးလေးကို ပြန်မတပ်သေးဘဲ စားပွဲလေးပေါ် တင်လိုက်ပြီး ရှား အနားသို့ ချဉ်းကပ်လာသည်။

"ဟိုဘက်ခန်းကလည်း လူမရှိဘူး၊ တိုက်တစ်လုံးနဲ့ တစ်လုံးကလည်း ဝေးတယ်၊ မင်း ဘာမှ ငါ့ကို ဆန့်ကျင်လို့မရနိုင်ဘူး၊ ဇော်အောင် အပြင် ကို လှမ်းကြည့်စမ်း၊ လူရိပ်လူခြည်"

ဇော်အောင်က အမိန့်ပေးသည့်အတိုင်း ပြတင်းသို့သွားရပ်ကာ အပြင်သို့ကြည့်သည်။

"အိုကေပါဆရာ"

မင်းခေါင်သည် ရှား၏ တစ်ကိုယ်လုံးကို စူးစူးဝါးဝါးကြည့်သည်။ သူ့မျက်လုံးတွေထဲမှာ ရာဂရောင်တွေကို ရှား မြင်ရ၏။

"မင်း အပြင်က စောင့်နေ"

ဇော်အောင် တံခါးမကြီးမှ အပြင်သို့ ထွက်သွားပြီး တံခါးကို ပြန်စေ့သွားသည်။

"မင်း အတော်လှတဲ့ မိန်းကလေးပဲ"

မင်းခေါင်၏ လက်နှစ်ဖက်က ရှား၏ ပခုံးပေါ် ကျရောက်လာသည်။

ရှားက ပြုံးလိုက်သည်။

မင်းခေါင်၏ လက်နှစ်ဖက်ကို ရှားက တံတောင်နှစ်ဖက်ကို မြှင့် တင်ပြီး ရိုက်ထုတ်လိုက်သည်။ ရှား ဤသို့ပြုမည်ဟု သူ ထင်မှတ်ထားပုံ ရ။ ရုတ်တရက်မို့ သူ ကြောင်သွားသည်။

စတ္တန့်ပိုင်းကလေးကို ရှား အချည်းနှီးအဖြစ်မခံတော့။ ရှား၏ ဘယ်လက်ဖနောင့်က တည့်တည့်ပြေးထွက်သွားကာ မင်းခေါင်၏ မျက်နှာ ဆီသို့ ဝင်သွားသည်။ ရှုတိုဆကိုဆုအုချိုက်မိ ရိုက်ချက်။

"ဖြောင်း…"

"အ…"

မင်းခေါင် ယိုင်သွားသည်။ ဒုတိယအဆင့် ရှား၏ ညာလက်ဝါး ဆောင်းက မြောက်လာပြီး မင်းခေါင်၏ လည်ပင်းဆီသို့ ရှုတိုဆကိုဆုအုချိ တစ်ချက် ပြင်းပြင်းကျရောက်သွားပြန်သည်။

"ဒုတ်…"

"အင့်…"

မင်းခေါင် ညာဘက်သို့ လည်ထွက်သွားသည်။ ရှား၏ လှုပ်ရှားမှု ရပ်မသွား။

တတိယအဆင့် ရှား၏ ညာခြေက ဖျတ်ခနဲ မြောက်တက်လာပြီး မင်းခေါင်၏ ရင်ဝသို့ မေဂါရီကန်ချက် ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့အိတ်ကြီးတစ်ခုကို ကန်ထုတ်လိုက်သလို "ဘုတ်"ခနဲ မြည်သံနှင့် အတူ မင်းခေါင် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသွားသည်။ ပြန်ထလာနိုင်ဖွယ် မရှိတော့။

ထိုအချိန်မှာပင် ရဲအုပ်ဝင်းတင်တို့အဖွဲ့ အခန်းတွင်းသို့ ပြေးဝင်လာကြသည်။

ရဲအုပ်ဝင်းတင်က မင်းခေါင်လက်ကို လက်ထိပ်ခတ်လိုက်သည်။

"မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူး မင်းခေါင်၊ တစ်လိမ်နှစ်လိမ် ဘယ်လောက်ပဲလိမ်လိမ် တရားဥပဒေ ရှေ့မှောက်ကို နောက်ဆုံးတော့ ဒူးထောက်ရောက်ရတာပဲ။ ပြစ်မှုကြေးကို ပေးဆပ်ဖို့ ပြင်ပေတော့ပေါ့ကွာ"

ရဲအုပ်ဝင်းတင်က တအီးအီးညည်းနေသော မင်းခေါင်၏ ခန္ဓာကိုယ်အား ဆွဲခေါ်ပြီး ရဲကားပေါ်တင်ရန် သူ့တပည့်များကို အမိန့်ပေးလိုက်သည်။

*

(၁၂)

"ရှားက ကိုကို့ကို ခေါ်သွားဖို့ကောင်းတယ်"

ရှားက ယမန်နေ့ညက အဖြစ်အပျက်များကို ပြန်ပြောပြသောအခါ ကျွန်တော်က ပြောလိုက်ခြင်းဖြစ်သည်။ ကျွန်တော့်အသံမှာ အပြစ်တင်သံ အနည်းငယ်ပါသွားသည်ထင်၏။

ရှားက တောင်းပန်ပြုံးဖြင့်-

"ကိုကိုပါရင် ကိုကို့ကို ထိခိုက်မိမှာစိုးလို့ပါ ကိုကိုရယ်၊ ပြီးတော့လည်း ရှား တစ်ယောက်တည်းလုပ်မှ ဟိုဘက်က ရှား လိုချင်သလို ဖြစ်လာမှာမို့ပါ"ဟု ဆိုသည်။

ကျွန်တော် ကျေနပ်လိုက်ရပါ၏။

"ကဲ ထားပါတော့၊ ရှား ဘယ်လိုတွေးပြီး ဘယ်လိုအကွက်တွေ ဖော်ခဲ့တယ်ဆိုတာ ကိုကို့ကို နားလည်အောင် ပြန်ပြောပြပါဦး"

"ဒီလို ကိုကိုရဲ့၊ ဒေါ်မြင့်နဲ့တွေ့၊ ဆရာဝန်ကြီးနဲ့ တွေ့ပြီးတဲ့နောက်



ရှား ခေါင်းထဲမှာ ခိုင်မာသွားတဲ့အချက်က လှမြင့်ဟာ ရည်ရွယ်ချက် ခုနဲ့ လူသတ်တရားခံလို့ ဝင်ပြီးတန်ဆာခံတယ်ဆိုတာပဲ၊ ဖြစ်နိုင်တာ သူဟာ သေလူဖြစ်နေပြီ၊ သေမဲ့အတူတူ သူချစ်တဲ့ အမေကြီးကို လုပ် ခဲ့ချင်တဲ့ ရည်ရွယ်ချက်နဲ့ အပေးအယူလုပ်ခဲ့တယ်ဆိုတဲ့ အချက်ပဲ၊ မဲ့ ဒါဟာ အတွေးအဆင့်ပဲ ရှိသေးတယ်"

"အင်း... ကိုကိုလည်း အဲဒါတော့ ရိပ်မိတယ်"

"မောင်လှမြင့်ကိုမေးတော့ သူက ခေါင်းမာနေတယ်၊ ဝန်မခံဘူး၊ ရှားတို့ မြသက်အလောင်းကို တွေ့တဲ့ရေကန်ကို သွားကြတယ် တ်လား၊ အဲဒီမှာ ဆံပင်တွေ ရစ်ပတ်နေတဲ့ ရွှေနာရီသော့သီးကလေး ရလိုက်တယ်၊ အဲဒီနောက် ရှားတို့ လမင်းသာကုမ္ပဏီကို သွားကြတယ်၊ ကောင်းမြတ်ကို သတင်းပေးတယ်၊ ဒေါ်နှင်းရည်နဲ့ စကားပြောတယ်၊ အချိန်အထိ ရှားစိတ်ထဲမှာ မောင်လှမြင့်က သူ့ဆရာကို ကာကွယ်ပေး တယ်လို့ ယူဆချက်ရှိနေသေးတယ်၊ ဒါကြောင့် လူသတ်တရားခံ ရာက ထွက်လာအောင် ရှားက သက်သေခံပစ္စည်း ရတယ်လို့ သတင်း ခဲ့တာ၊ အဲဒီနောက် ဒေါ်နှင်းရည်နဲ့တွေ့ပြီး မေးတဲ့အခါ ဦးကောင်းမြတ် ရွှေနာရီ မရှိဘူးဆိုတာ သိရတော့ ရှား အတွေးတစ်မျိုး ပြောင်းသွား ယ်၊ ဒေါ်နှင်းရည်ကို စကားခင်းလိုက်တော့ ဦးကောင်းမြတ်မှာ ခပ်ဆိုး ညီတစ်ယောက်ရှိကြောင်း သိလာရတယ်၊ သူဟာ မင်းခေါင်ပဲ၊ ပြီးတော့ းခေါင်ဟာ ဦးကောင်းမြတ်ရဲ့ ပါဂျဲရိုးကို ယူစီးကြောင်းနဲ့ သူ့မှာ နာရီရှိကြောင်း သိလာရတယ်၊ ဒီတော့ ရှားကိုခြိမ်းခြောက်သူ၊ အန္တရာယ် သူနဲ့ မင်းခေါင်ကို ဆက်စပ်မိသွားတယ်"

"ဟုတ်တာပေါ့ ဒီအချက်"

"အဲဒီတော့ ပြန်စဉ်းစားတယ်၊ လှမြင့်ကို အပေးအယူလုပ်တာ ယ်သူဖြစ်သလဲ၊ မင်းခေါင်ထက် ဦးကောင်းမြတ်က လှမြင့်ရဲ့ ဆရာ ပြီးတော့ ကျေးဇူးရှင်ဆိုရင်လည်း မမှားဘူး၊ ဒီတော့ ဦးကောင်းမြတ်ကတော့ းခေါင်က မြသက်ကိုသတ်တာ သိနေပုံရတယ်လို့ ဆိုရမယ်၊ ဒါကြောင့် ကောင်းမြတ်က မင်းခေါင်အတွက် ဝင်ရှင်းပေးတာ၊ ဒါဖြင့် ဦးကောင်း

www.burmeseclassic.com

www.burmeseclassic.com



မြတ်ကို ရှား တွေ့တဲ့ ရွှေနာရီသောသီးအကြောင်းကို ပြောပြရင် ဦး
မြတ်ကတစ်ဆင့် မင်းခေါင် သိမှာပဲ၊ သိရင် မင်းခေါင် လှုပ်ရှား
ဘ်တော့ ရွှေနာရီနဲ့ မင်းခေါင်ကို တွဲပြီး လက်ရဖမ်းလို့ရမှာ၊ ဒါကြော
ကိုဝင်းတင်နဲ့ တိုင်ပင်ပြီး မနေ့ကဇာတ်ကို က,လိုက်ရတာပဲ၊ ရှား
လင့်သလိုပဲ မင်းခေါင်က လှုပ်ရှားလာတော့ ကွက်တိဖြစ်သွားတယ်"

"မင်းခေါင်က ဝန်ခံပြီလား"

"ဝန်ခံပြီ၊ သူက မြသက်ကို ချစ်တယ်၊ မြသက်က လက်မခံ
ဒါကြောင့် မြသက် အိမ်အပြန်မှာ မေ့ဆေးနဲ့အုပ်ပြီး ခေါ်သွားတ
အဓမ္မပြုကျင့်တယ်၊ မြသက်က သတိပြန်ရပြီး ကျားသစ်မဆေ
မဟုတ်မခံ ဖြစ်လေတော့ မြသက်ကို လည်ပင်းညှစ်လိုက်တယ်၊ မြသ
သေသွားတယ်၊ ဒါကြောင့် ကားနဲ့တင်ပြီး ဟိုရေကန်မှာ သွားပစ်ချတာ
အမှန်တော့ အချစ်ကို အနုနည်းနဲ့ မရလို့ အကြမ်းနည်းနဲ့ရအောင်လုပ်
ထင်သလိုမဖြစ်တော့ ဖြစ်ချင်ရာဖြစ် လုပ်လိုက်တာ၊ အမှားတွေ အထပ်
ဖြစ်ကုန်တော့တာပဲ"

"အမှုကတော့ ရှင်းသွားပါပြီ၊ ဦးမြအောင်လည်း ကျေနပ်မှာ
ဒေါ်မြင့်လည်း ကျေနပ်မှာပါ၊ ဒါပေမဲ့ မောင်လှမြင့်တော့ ရည်မှန်းချ
မပေါက်မြောက်တော့ဘူးပေါ့"

"ဟုတ်တယ် ကိုကို၊ မောင်လှမြင့်ကို ဦးကောင်းမြတ်က တရား
အဖြစ် ဝန်ခံပေးရင် သိန်းနှစ်ဆယ်ပေးမယ်လို့ အပေးအယူ လုပ်ခဲ့တာ
မောင်လှမြင့်ကလည်း သူ့မိခင်ကြီးအတွက် သူ့ရဲ့ နောက်ဆုံးလုပ်ကျွေး
ပဲဆိုပြီး လက်ခံလိုက်တာလို့ဆိုတယ်"

"မောင်လှမြင့်ရဲ့ လိမ္မာသိတတ်မှုကိုတော့ ချီးကျူးရမှာပဲ ရှားရေ"

"မှန်တယ် ကိုကို၊ ဒါပေမဲ့ မြသက်ကတော့ သနားစရာပဲ၊ သူ
လည်း သူ့ဖခင်ကြီးကို လုပ်ကျွေးနေတာ၊ အမှန်တော့ မင်းခေါင်ဝင်ပြီ
ဇာတ်ရှုပ်လိုက်တာပဲ၊ မင်းခေါင် ဝင်ရှုပ်တော့မှ သုံးပင်လိမ်ပြီး ရှုပ်သွား
တာ"

"ကဲပါလေ အဲဒီအရှုပ်ထုပ်ကြား ရှား ဝင်ပြီးဖြည်လိုက်လို့ ရှင်းသွား

ဒီပွဲမှာတော့ ရှား စွန့်စားခန်းတွေများတယ်၊ အန္တရာယ် လက်တစ်ကမ်း
နဲ့လည်း ကြုံခဲ့ရတယ်၊ ဒီတော့ ကိုကိုပြောမယ်၊ နောက်တစ်ခါ ဒီလို
မျိုးကြုံလာရင် ကိုကိုမပါဘဲ ရှားတစ်ယောက်တည်း ဘယ်မှမသွား
ား၊ ဒါ တစ်ချက်လွှတ်အမိန့်ပဲ"

"အမိန့်ကလည်း ပြင်းလိုက်တာနော်"

"အချစ်လေ… အချစ်ကြောင့် ထုတ်ရတဲ့အမိန့်"

"အဲဒီအမိန့်ကတော့ သုံးပင်မကဘူး၊ ကြိုးမျှင်ပေါင်းတစ်ထောင်
ရာနဲ့ ကျစ်ထားတာထင်တယ် ဟုတ်လား ကိုကို"

ကျွန်တော်က ပေါ့ပါးစွာ ရယ်မောလိုက်သည်။ ကျွန်တော့်ရယ်သံမှာ
ချမ်းမြေ့ခြင်းတွေ ပေါင်းရုံးနေသည်ကို ပြောပြရန် လိုမည်မထင်။

နေမိုးသော်

www.burmeseclassic.com

www.burmeseclassic.com



ရှိုမဲနှိုးတစ် ကာရံတစ်ပွင့်

နန်းထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ)

# ရှိုမဲနှိုးတစ် ကာရံတစ်ပွင့်

## နန်းထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ)

(တစ်)

ကျွန်တော် ‘ဗန်ကောက်’ညတွေကို ကာရံသစ်တွေနှင့် ဖြတ်သန်းခဲ့ရပြီးနောက် မြို့တော်မဟာရန်ကုန်၏ နွေးထွေးသည့် ရင်ခွင်အောက်ဆီသို့ ပြန်ရောက်လာခဲ့၏။

ရန်ကုန်မြို့ကြီးသည် ကျွန်တော့်၏ အမှတ္တပုံရိပ်ထဲ၌ မြင်ကွင်းသစ်တွေနှင့် အံ့သြထိတ်လန့်လောက်အောင် ပြောင်းလဲလုပနေလေသည်။

သို့သော် ရန်ကုန်မြို့၏ ‘ညဥ့်ကာရံတစ်ပွင့်’ဆီသို့ ပထမဦးဆုံးကျွန်တော့်ကို အင်ထရိုတီးလုံးလေးနှင့် မိတ်ဆက်ပေးခဲ့သူကတော့ ကျွန်တော့်သူငယ်ချင်း ‘ငြိမ်းဝင့်အောင်’ပဲ ဖြစ်ပါသည်။

‘ငြိမ်းဝင့်အောင်’နှင့် ကျွန်တော်သည် ရာမည ‘အောင်သိပ္ပံအထက်တန်းကျောင်း’မှ ဆယ်တန်း တစ်နှစ်တည်း အတူအောင်လာခဲ့ပြီးနောက် ရန်ကုန်လုပ်သားများကောလိပ်နှင့် ‘နိုင်ငံခြားဘာသာသိပ္ပံ’တွင် ပြင်သစ်ဘာသာ၌ တစ်ဌာနတည်း တက်ရောက်လာခဲ့ကြသည့် ငယ်သူငယ်ချင်းတွေဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ပြင်သစ်တွင် ဆယ်နှစ်ခန့် သွားရောက်နေထိုင်ခဲ့ပြီး မြန်မာပြည်သို့ ပြန်လာခဲ့ကာ 'Marketing LTD' တစ်ခုတွင် 'VICE PRESIDENT' ဖြစ်နေသည်။ သူက ကျွန်တော့်ထက်၊ ငါးနှစ်ခန့်စောပြီး မြန်မာပြည် ပြန်ရောက်နေသောကြောင့် ရန်ကုန်မြို့ကြီး၏ ဝိညာဉ် ကာရံသင်... နှင့် ပို၍ရင်းနှီးကျွမ်းဝင်နေခဲ့သည်။

'ငြိမ်းဝင့်အောင်'သည် ရာမညအနွယ်တွေထဲတွင် တော်တော်လေး ခေတ်ရှေ့ပြေးနေသည့် လူငယ်တစ်ဦးဖြစ်သည်။ ထို့ကြောင့် သူက ကျွန်တော့်ကို ခေတ်ရေစီးကြောင်းကလေးတစ်ခုဆီ စီးမျောကြည့်ရန် အဖော်ညှိခဲ့သည်။

ထိုညသည် ညကာရံဝိညာဉ်ပွင့်လေးတွေ လွင့်ဆင်းပြန့်ကျဲစ တနင်္ဂနွေ ည၏ ညနိဒါန်းအဖွင့် အချိန်ကလေးဖြစ်သည်။

ငြိမ်းဝင့်အောင်က ကျွန်တော့်နှစ်ခန်းတွဲ 'Lonely bird' လှပြင်ဆေး တိုက်ခန်းကလေးဆီ သူ၏ ချောကလက်ရောင် 'ဖော်လ်ဗို' ကားလေးနှင့် ရောက်လာခဲ့သည်။

"ဟေ့ နန်းသရ၊ မင်းကို ငါ ဒီည ရိုမဲန်းတစ်ဆိုးလ် (Romantic soul) ဆိုင်ကို ခေါ်သွားမလို့ လာခေါ်တာ၊ ထ... အဝတ်အစားလဲကွာ"

"ဟာ... မလိုက်တော့ဘူးကွာ၊ ငါ ဒီည မဂ္ဂဇင်းဝတ္ထုရှည်တစ်ပုဒ် ရေးမလို့ စိတ်အာရုံတွေ ရှာန်သွန်းနေတာ ငြိမ်းဝင့်အောင်"

ငြိမ်းဝင့်အောင်က ဆက်တီပေါ်ပစ်ထိုင်ချလိုက်ပြီး လှိုက်မောရယ်သည်။

"မင်း အဲ့ဒါကြောင့် ခက်နေတာကွ၊ စာရေးဆရာဆိုတာ အမြဲ ဖရက်ရှ်ဖြစ်နေပြီး ခေတ်နဲ့ အင်တပ်ချ်ဖြစ်နေရတယ်ကွ နားလည်လား၊ နို့မဟုတ်ရင် မင်းဝတ္ထုတွေဟာ မော်ဒယ်လ်အောက်နေတဲ့ ဒီဇိုင်းဟောင်းတွေပဲ ဖြစ်နေမှာပေါ့ နန်းသရရဲ့၊ စာရေးဆရာဆိုတာ ကုန်ကြမ်းဆန်းဆန်း လေးတွေ ရှာဖွေစုဆောင်းထားရတယ်ကွ၊ ဒါမှ မင်းဝတ္ထုတွေဟာ ခေတ် ဝိညာဉ်တွေနဲ့ နယူးမော်ဒန် ဖြစ်နေမှာကွ မှတ်ထား"

"အလဲ့... ကြိုက်သွားပြီဟေ့ ငြိမ်းဝင့်အောင်၊ ကဲ မင်းဒဿနသင်ခန်း အတိုင်း မင်းမြူဆွယ်တဲ့ 'Romantic Soul' ကို လိုက်ပြီး ဝတ္ထုရေး ကုန်ကြမ်းအသစ်အဆန်းလေးတွေ ထွက်ရှာမယ်ဗျာ အိုကေ... အိုကေ



"ဒီမှာဟေ့ နန်းသရ၊ မင်း အဲ့ဒီ ရက်စတောရင့်က **အကောစတစ်ဂစ်တာလေး**နဲ့ **ဘာရစ်တာနေစပီးယား**ရဲ့ သီချင်းတွေကို ကိုယ်တိုင်တီးပြီးဆိုတဲ့ ဗိုကယ်လစ်စ် (Vocalist) **'ညကာရံလေးတစ်ပွင့်'**ရဲ့ အလှတွေကိုတွေ့လိုက်ရင် မင်း စိတ်ဝိညာဉ်တွေ တစ်စစီ ကြွေထွက်သွားမယ်"

"ဟာ... ညွှန်းလှချည်လား ငြိမ်းဝင့်အောင်ရဲ့"

ကျွန်တော် လျောင်ရယ်ပွင့်လေးနှင့် ငြိမ်းဝင့်အောင်ကို လှမ်းနောက်ပြီး အခန်းထဲလှမ်းဝင်လာခဲ့သည်။ ဒီဇင်ဘာ၏ မြူဆောင်းညကို ကာကွယ်နိုင်ဖို့ အနောက်တိုင်းဝတ်စုံတစ်စုံကို ရွေးချယ်ယူဝတ်လိုက်သည်။

မြူလွင့်နေသည့် ရာသီညချမ်းလေးထဲတွင် ကျွန်တော်နှင့် ငြိမ်းဝင့်အောင်တို့နှစ်ဦး ချောကလက်ရောင် ဖော်လ်ဗိုကလေးနှင့် စီးမျောလွင့်ထွက်လာခဲ့ကြသည်။

•

ငြိမ်းဝင့်အောင်က ကိုးမိုင်ပြည်လမ်းမပေါ်မှ လမ်းသွယ်လေးတစ်ခုဆီ ကားကို ချိုးကွေ့ပြီး ဦးတည်မောင်းဝင်လာခဲ့သည်။ ထိုလမ်းသွယ်ကလေး အဆုံးမှ ပန်းခြံလေးတစ်ခုအလွန်တွင် 'ရိုမဲန်းတစ်ဆိုးလ်' ဟု ဆိုင်းဘုတ်ကလေးတစ်ချပ် စိုက်ထူထားသော အပြာရောင်လိပ်ပြာတောင် စားသောက်ဆိုင်လေးကို တွေ့ရသည်။

အပြင်မှ လှမ်းမြင်လိုက်ရသည့် အပြင်အဆင်က ဘာမျှသိပ်ထည်ဝါ ထူးခြားမှုမရှိလှချေ။ သာမန် အများစုထဲက စားသောက်ဆိုင်မျိုးပင်ဖြစ်သည်။ ဟောရန်ကုန်မြို့တော်ကြီးအတွင်းမှ ထိပ်ထိပ်ကျဲ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်ကြီးများ၌ ဟိန်းထနေသော စားသောက်ပွဲကြီးတွေကို တက်ရောက်ခဲ့သော ငြိမ်းဝင့်အောင်လိုလူက ဤသာမန်စားသောက်ဆိုင်ကလေးဆီသို့ ကျွန်တော့်ကို ခေါ်ဆောင်လာခဲ့ခြင်းက သူ့ရင်ထဲ၌ ရည်ရွယ်ချက်တစ်ခုခုတော့ ရှိရမည်။

ကျွန်တော့်စိတ်ထဲ နည်းနည်းတော့ အံ့သြထူးဆန်းနေသည်။ ဒါကို

www.burmeseclassic.com



သူကလည်း ရိပ်မိဟန်တူသည်။ လေချိုသွေးလာသည်။

"ဒီမှာ နန်းသရဲ ကိုယ် မင်းကို ဒီရက်စတောရင့်လေးကို ခေါ်လာတာ မင်း အံ့သြနေမယ်ထင်တယ်၊ ဟုတ်တယ်ကွ ကိုယ် စီးပွားရေး လုပ်မှုဆက်ဆံရေးအရမို့သာ ခန်းနားတဲ့ ဟိုတယ်ကြီးတွေက ထိပ်တန်းအင် ပါတီတွေကို တက်ခဲ့ရတာ၊ ဒါပေမဲ့ ဘာအရသာမှလည်း မတွေ့ရ လွတ်လပ်မှုနဲ့ ဘာခံစားမှုမှလည်း မရှိဘူး၊ ဂုဏ်သိက္ခာတွေထိန်းချုပ် ဟန်ဆောင်ပြောဆို စားသောက်နေရတာ၊ စိတ်တောင် အင်မတန်ပင်ပန်း ရတယ်ကွာ၊ အေး ဒီနေရာလေးကတော့ တကယ့် သီရိဂေဟာ ရက်စတော ရင့်လေးပဲ၊ လွတ်လည်းလွတ်လပ်တယ်၊ ဆိတ်လည်း သိပ်ဆိတ်ငြိမ်တယ်ကွ မင်း ခံစားကြည့်လိုက် **'ဘရစ်တနေစပီးယား'**ရဲ့ သီချင်းကလေးတစ် ကြားလိုက်ရရုံတင်လေးနဲ့ကို မင်းအစ္စတ္တတွေ အရည်အပျော်သွား တိမ်တိုက်တွေထဲ လွင့်ကြွေသွားလိမ့်မယ်၊ ဟဲ... ဟဲ ပြီးတော့ မင်း ငါ့ ကျေးဇူးတင်သွားမယ်"

ကားကို ဆိုင်ရှေ့ထိုးဆိုက်လိုက်လိုက်ချင်း။ ငြိမ်းဝင့်အောင် သူ့ ရည်ရွယ်ချက် အစီမံသက်သက်လေးကို ဦးစွာ ကျွန်တော့်ကို ရှင်း သည်။ ကျွန်တော် ပြုံးဖြစ်သွား၏။

"အေးပါကွာ မင်းရဲ့ 'ဘရစ်တနေစပီးယားလေး'ကို ဒီလောက်သူ နေမှတော့ ဒီစားသောက်ဆိုင်လေးမှာ ဆွဲဆောင်နိုင်တဲ့ အရည်အချင်းကလေး တစ်ခု အသေအချာရှိနေပြီဆိုတာ ငါ ယုံလိုက်ပါပြီကွာ"

ကျွန်တော်တို့နှစ်ဦး အပြာရောင်ဝိညာဉ်လိပ်ပြာဆိုင်လေးထဲ လှမ်း ဝင်လာခဲ့ကြသည်။ ဆိုင်ထဲမှ စားပွဲဝိုင်းအချို့တွင် လူရှိနေသော်လည် ဆူညံခြင်းမရှိ။ ကျွန်တော်က ငြိမ်းဝင့်အောင် ရွေးချယ်သည့် ထောင့်အနှ အရှေ့ဘက်မှ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ကြသည်။ ကိုးမိုင်ဂေါ့ဖ်ကွင်း ဆီမှ **'မင်ဘာကလပ်'** အဆောက်အဦးလေးကို သစ်ပင်တွေကြားမှ လှမ်း မြင်နေရသည်။

ရှခင်းလေးဆီ ကျွန်တော် ငေးလွင့်သွားပြီး ကြည်နူးစိတ်လေး ရင်ထဲလှိုင်းခတ်သွားသည်။ ငြိမ်းဝင့်အောင်က စားပွဲထိုးမင်းသားလေး



ဘားအသောက်တွေ စီစဉ်ခိုင်းနေသည်။ စိတ္တဇ ယမကာဝိုင်းလေး ခင်းကျင်းတော့ မည်ထင်သည်။

ထိုစဉ် စင်မြင့်အထက်ထောင့် နောက်ဘက်လှမ်းလှမ်းဆီမှ ဂီတသံ လေးတစ်ခု စီးမျောလွင့်ထွက်လာသည်။ ခေတ်ပေါ်မြန်မာ့ရိုးရာ 'Modern traditional' တေးသီချင်းကလေးတစ်ပုဒ်ဖြစ်သည်။ စန္ဒယားသံနှင့် တယောသံကလေးနှစ်ခုကို ကြည်နူးစွာ ဖွဲ့စည်းထားသည့် 'မြန်မာ့ကျေးလက် သံစဉ်' တေးကလေးဖြစ်သည်။

စင်မြင့်ထက် မိုက်ကရိုဖုန်းရှေ့၌ တယောဆရာက တယောထိုး ချက် ဖြေဖျော်နေသည်။ သူ့နောက်ဘက်မှ စန္ဒယားဆရာက စန္ဒယားကို တီးပေးနေသည်။

ရက်စတော့ရင့်ကလေးက ထူးခြားနေသလို သူ၏ ဖွဲ့စည်းထားပုံ အပြင်အဆင်လေးတွေကလည်း အနုပညာမြောက်လွန်းနေသည်။ ဆိုင် အတွင်းဘက်၌ စီးရောင်မှန်ချပ်များကို လှပစွာ ကာရံထားကာ ထိုင်ခုံများ ကလည်း စားပွဲခင်းအရောင်တွေနှင့် ဖက်ရှင်၊ ဆိုဖာကုရှင်အောက်ခံများနှင့် ကတ္တီပါများ ဖုံးအုပ်ထားသဖြင့် ညက်ညောအိစက်နေသည်။

စားသောက်ဆိုင်လေးထဲ ခပ်တိုးတိုးပြောနေကြသော စကားသံအချို့ မှလွဲလျှင် ငြိမ်သက်တိတ်ဆိတ်နေကြသည်။

အားလုံး ဂီတရေယာဉ်ကြောမှာ လွင့်မျောနေကြသည်။ တယောသံ နှင့် စန္ဒယားသံလေး၏ မြန်မာ့ကျေးလက်သံစဉ် တေးကလေးက 'ရိမန်း တစ်ဆိုးလ်' စားသောက်ဆိုင်လေးကို ကြီးစိုးမင်းမူထားသည်။

တယောဆရာ၏ လက်သံက ထူးချွန်ပြီး အတွေ့အကြုံရင့်ကျက် သည့် အနုပညာသည်တစ်ဦးဖြစ်ကြောင်း ကျွန်တော် နားလည်ခံစားရသည်။

"ဟဲလို... မစ္စတာ စားရေးဆရာကြီး၊ ဘယ်လိုလဲ ရိမန်းတစ်ဆိုးလ် လေးကို ဘယ်လိုခံစားမိလဲ၊ သဘောကျရဲ့လား"

ကျွန်တော် ငြိမ်းဝင့်အောင်ကို ဖြတ်ခနဲ လှမ်းကြည့်လိုက်ပြီး နှုတ်ခမ်း ခြိုက်ခြိုက်လေး ပြုံးပြကာ ခေါင်းညိတ်ပြလိုက်သည်။ ကျွန်တော့်ရင်ထဲမှာ လည်း ကြည်နူးခြင်း လိပ်ပြာလေးတွေ ပျံဝဲနေသည်။

www.burmeseclassic.com

 www.burmeseclassic.com

"ဟာ… သိပ်ကို သဘောကျသွားပြီကွာ၊ ငါ ရောင်နုံအိပ်မက် လေးတစ်ခုထဲ လွင့်ကျသွားသလိုပဲ ခံစားရတယ်ကွာ၊ ဒီလို ရက်စက် လေးမျိုး ဒီနေရာလေးမှာ ရှိနေတယ်ဆိုတာ ငါ လုံးဝမသိခဲ့သေးဘူး မင်း စေတနာကို ငါ နားလည်သွားပြီသူငယ်ချင်း၊ ငါ မင်းကို လေး သွားပြီ ငြိမ်းဝင့်အောင်ရေ"

"နေဦးကွ ချီးကျူးမစောနဲ့ဦး၊ ခဏလေးနေရင် ရိုမဲန်းတစ်ဆိုး တစ်ကိုယ်တော် ညကာရဲ့ 'ဘရစ်တနေစပီးယား' လေး ထွက်လာလိမ့်မယ် မင်း သူ့ရဲ့ တဲလင့်တွေကို ခံစားကြည့်လိုက်ကွာ၊ မင်းအတွက် ရိုမဲန်းတစ် ဝတ္ထုလှလှလေးတစ်ပုဒ် ရသွားရမယ်လို့ ငါ အာမခံတယ်ကွာ"

ကျွန်တော် စိမ်းရင့်ရင့် အပြုံးလှိုင်းတစ်ခုနှင့် ငြိမ်းဝင့်အောင်ကို ပြန်စိုက်ကြည့်ရင်း ရှေ့မှ ဒရိုင်းဂျင် ဖန်ခွက်ရှည်လေးကို မြှောက်ရ လိုက်သည်။ ကျွန်တော်တို့နှစ်ဦး ကျေးလက်သံစဉ် တေးပွင့်လေးတွေ ရင်ဘတ်လိပ်ပြာတွေနှင့် ခံစားရင်း ခါးရှရှ ဒရိုင်းဂျင်ယမကာဝိုင်းလေး ကြည်နူးစွာ ဖြတ်သန်းနေကြသည်။

ဒရိုင်းဂျင်၏ မူးငွေ့ရိပ်ရိပ်လှိုင်းတွေထဲ ကျွန်တော်တို့နှစ်ဦး မ စိတ် သိစိတ်တွေနှင့် လွင့်ပါသွားနေကြသည်။ ကျွန်တော့်အာရုံက ဓိးရောင် မှန်ချပ်ကိုဖြတ်ပြီး မီးပွင့်လေးတွေ ပွင့်လက်နေသော ဓေါ့ဖ်ကလပ် အဆောင် အဦးကလေးဆီ အငေးရွေ့သွား၏။

တယောသံနှင့် စန္ဒယားပွက်သံကလေးတွေ တငွေ့ငွေ့ ပျောက်ကွယ် သွားလိုက်သည်ကို ကျွန်တော် သတိမထားမိလိုက်။ ညအိပ်မက်လေးထဲ မျောမေ့နေသည်။

ထိုစဉ်… ရှုးညက်ရှရှ အကောစတစ်ဂစ်တာသံ အင်ထရိုတီးလုံး လေးတစ်ခု၊ စင်မြင့်ထက်ဆီမှ ရတ်တရက် ပွင့်အံလွင့်မြောက် ထွက်ပေါ် လာသည်။ ကျွန်တော် စိတ်နယ်လွန် အိပ်မက်လှိုင်းတစ်ခုထဲမှ လန့်နိုး သွားသူလို စင်မြင့်ထက်ဆီသို့ အလန့်တကြားလေး လှမ်းကြည့်လိုက်မိသည်။

စင်မြင့်ထက် မိုက်ကရိုဖုန်းရှေ့ရှိ ခွေးခြေခုံပုကလေးပေါ်တွင် အမျိုးသမီးလေးတစ်ဦးထိုင်ပြီး ဂစ်တာကို ဖွဖွလေးတီးခတ်နေသည်။ သူမ၏



ဆံပေါ်သို့ မီးစိမ်းစိမ်းလေးတစ်ပွင့်က ဖြာကျနေသည်။ သူမ၏ ရှည်လျားနက် မှောင်နေသော ဆံပင်များက ပခုံးနှစ်ဖက်ပေါ် လွင့်ဝဲကျနေသည်။ ဂျင်း ဘောင်းဘီပြာနှင့် အဖြူရောင်ပိုးသား လက်ရှည်အင်္ကျီလေးက နုတံစင်းစင်း နှင့် လှပကျော့ရှင်းနေသည့် သူမ၏အသွင်သဏ္ဌာန်ကို ပို၍တောက်ပထင် ရှားနေစေသည်။ သူမ၏ လည်တိုင်မှ ပုလဲနက် မဟူရာဆွဲကြိုးလေးနှင့် နားနှစ်ဖက်မှ ငွေနားကွင်းဝိုင်းဝိုင်းလေးတွေကလည်း သူမ၏ အလှကဗျာ တစ်ပုဒ်ကို ခေတ်ဒီဇိုင်း ကာရံတွေနှင့် ထပ်ဆင့်ရေးဆွဲထားသလို မြူးကြွ နေစေသည်။ ညကဗျာမလေးသည် ဖြဟွဏ်ပုလ္လော်မလေးလို လှပသော ခန်းပုရုပ်လေးဖြစ်သည်။

သူမ၏ ပင်ကိုယ်ဟန်လေးကလည်း ရိုမဲန်းတစ်ဆိုးလ် စားသောက် ဆိုင်လေးထဲမှ စိတ္တဇယမကာမင်းသားတွေအားလုံးကို ညှို့ယူဖမ်းစားထား သည့် အသွင်မျိုးဖြစ်၏။ အားလုံး သူမ၏ ညှို့စက်ကွင်းထဲ ငြိမ်သက်မေ့ မျောနေကြသည်။

သူမအသက်က နှစ်ဆယ်ကျော်စွန်းရုံလေးမျှသာ ရှိဦးမည်။

ရိုးမဲန်းတစ်ဆိုးလ် ညဥ့်နတ်သမီးလေး နှုတ်ခမ်းပွင့်နီ ရဲရဲလေးဆီ မှ သီချင်းကလေးတစ်ပုဒ်၊ နူးညံ့ဖွဖွလေး လွင့်ကျလာသည်။

ညဥ့်နတ်သမီးလေး၏အသံက စိမ်းရှုနူးနက်နက်လေးဖြစ်သည်။ သီချင်းက ဘရစ်တနေစပီးယား (Britney Spears) ၏ "From The Bottom of My Broken Heart" ဆိုသည့် ကမ္ဘာကျော် အချစ်တေးတစ်ပုဒ် ဖြစ်သည်။

ကျွန်တော် ရိုမဲန်းတစ်ဆိုးလ် ညဥ့်ကာရံလေး၏ အကောစတစ် ဂီတာသံလေးနှင့် အချစ်တေးသံစဉ်တွေထဲ လူးလိမ့်မျောပါသွားသည်။

CHORUS: အပိုဒ်လေးက ကျွန်တော့်ရင်ဘတ် လိပ်ပြာထဲ စိမ့်မျော တိုးဝင်လာသည်။

"… From the bottom of my broken heart
There's's just a thing or two I'd Like you to know
You were my first love, you were my true love
From the first kisses to the very last rose

www.burmeseclassic.com

www.burmeseclassic.com

From the bottom of my broken heart
Even though time may find me somebody new
You were my real love, I never knew love
Til there was you uuuu…uuu
From the bottom of my broken heart…"

ကျွန်တော် အချစ်အိပ်မက်နတ်သမီးလေး၏ သံစဉ်စိမ်းရှုရှုနက် နက်လေးတွေထဲ ပျော်ဝင်သွားနေသည်။ ပြီးနောက် သူမ၏ သွယ်ပြ လျလျနှင့် အချိုးကျ ပြေပြစ်လှပလွန်းသော ရုပ်ထုလေးထဲ အချိန်အတော် ကြာအောင် နစ်မျောသွားနေသည်။

ကျွန်တော် ရှိမဲန်းတစ် ညနတ်သမီးလေး၏ အနုပညာစွမ်းရည်နှင့် သူမ၏ ထူးခြားသော ပါရမီများကို အံ့အားတသင့် ရင်ထဲက ချီးကျူးနေ သည်။

ကျွန်တော့်စိတ်ထဲက သူမ၏ ရုပ်ရည်နှင့် သူမ၏ အနုပညာပါရမီ တွေက ဤ 'မြို့ပြင်က ယမကာစားသောက်ဆိုင်'ကလေးနှင့် မည်သို့မျှ မတန်ဟု ဂရုဏာဒေါသတွေ လွှမ်းလိုက်မိသည်။ ရင်နာစရာလည်းကောင်း သည်။ ကြည့်စမ်းပါဦး။

စားသောက်ဆိုင်လေးထဲမှ ယမကာသုံးသူ ညမင်းသားတွေအားလုံး၏ စိတ္တဇမှော်ရုံ အကြည့်မျိုးစုံတွေကလည်း အကောင်းစတစ်ဂစ်တာ တေးသံရှင် မလေးဆီ စုဝေးနေကြသည်ကလည်း အရုပ်ဆိုးလွန်းလှသည်။

ကျွန်တော်က အပြာနုရောင် မီးရောင်လေးအောက်မှ သူတို့အားလုံး ကို ဝေ့ကြည့်လိုက်ပြီး သိပ်ကို စိတ်ပျက်သွားမိသည်။ သူတို့၏ ခုနစ်ရောင် အကြည့်ရိုင်းတွေက တေးသံရှင်မလေး၏ အနုပညာပါရမီထက် သူမ၏ ခန္ဓာကိုယ် ကောက်ကြောင်းနှင့် ရှိုက်ဖိုကြီးငယ်တွေကို ယစ်ရွှေရည်နှင့် မြည်းနေကြသည်။

ကျွန်တော့်နှလုံးသားထဲမှာ အကောင်းစတစ်ဂစ်တာမလေးကို ကျိတ်ပြီး ဒေါသတွေဖြစ်နေသည်။ သည်လို အောက်တန်းကျပြီး အဆင့်အတန်းနိမ့် လွန်းလှသည့် ပရိသတ်မျိုးကိုမှ ဘာကြောင့် သူမ၏ ပြောင်မြောက်လှသည့်



အနုပညာဖြင့် လာရောက်ဖျော်ဖြေနေရသနည်းဟု ရင်နာကြေကွဲ ခံစားလိုက် ရသည်။

သီချင်းဆုံးသွားပြီး စားသောက်ဆိုင် ညပြာပြာလေးထဲ လက်ခုပ်သံ တွေ လွှမ်းသွားတော့မှ ကျွန်တော် စိတ္တဇအိပ်မက်စိမ်းလေးထဲက လန့်နိုး သွားသည်။

ငြိမ်းဝင့်အောင်ကလည်း ဖြူစင်သည့်အပြုံးတွေနှင့် လွတ်လပ် ပေါ့ပါးစွာ တေးသံရှင်မလေးကို ဂုဏ်ပြုသည့် လက်ခုပ်သံဖွဖွလေး တီး ပေးနေသည်။ ထိုစဉ် ကပ်စတမ်မာတွေထဲမှ ပင်တိုင်မင်းသားတွေ ဖြစ် ဟန်တူသည့် လူလေးငါးခြောက်ယောက်က နှစ်ထောင်တန် သုံးထောင်တန်၊ ငါးထောင်တန် ပန်းကုံးရောင်စုံတွေနှင့် အဆိုတော်မ ဘရစ်တနီစပီးယား လေးကို ဂုဏ်ပြုပန်းကုံးတွေ တက်စွပ်ပေးကြသည်။

"ဟာ… ဘယ်လိုလဲ စာရေးဆရာ၊ အရည်ပျော်သွားပြီလား၊ ဒါမှမဟုတ် နှလုံးသားတွေ တိမ်တိုက်ထဲလွင့်သွားလို့လား၊ ပြောစမ်းပါဦး၊ ငြိမ်ချက်သားကောင်းလှချေလား၊ ဘာလဲ ဝတ္ထုရေးဖို့ ဇာတ်လမ်းတွေ ရင်ထဲက ဖွဲ့နေတာလား၊ နန်းသရ ဆိုစမ်းပါဦး၊ တကယ်လို့ မင်းရင်ထဲမှာ ဆန္ဒရှိနေရင် ငါးထောင်တန် ပန်းကုံးတစ်ကုံးသွားယူပြီး အကောစတစ်နတ် သမီးလေးကို သွားတက်စွပ်လိုက်ကွာ၊ ကျသမျှ ဘီလ် ငါ အားလုံးရှင်းပါမယ် ဘယ်လိုလဲ"

ငြိမ်းဝင့်အောင်၏ တပ်လှန့်စိန်ခေါ်လိုက်သည့် တီးလုံးတစ်ပိုဒ်က ကျွန်တော့်ရင်ဘတ်ထဲကို ဒရယ်အုပ်ကြီး မောင်းသွင်းလိုက်သလို အခံစားရ ခက်လွန်းသည်။ ကျွန်တော်က သည်လိုလင်းတအုပ်စုတွေထဲမှာ မပါသည့် သီးခြားငှက်တစ်မျိုးဖြစ်သည်။

"တော်စမ်းပါ ငြိမ်းဝင့်အောင်ရယ်၊ ငါက ဒီလို ရူးကြောင် ကြောင် ဗလာကဲ့စမ်းမဲတီးလုံးမျိုးတွေကို ဘယ်တော့မှ လက်သံတက်မနေ ဘူးကွ၊ အရသာ ပျက်တယ်"

ကျွန်တော်က ကျွန်တော့်ခံယူချက်ကို ရဲရဲတင်းတင်းနှင့် ငြိမ်းဝင့် အောင်အား ရင်ဖွင့်ပြလိုက်သည်။ သူ့နှလုံးသားမှာ တစ်စုံတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခတ်ခံစားလိုက်ရသည် ထင်ပါသည်။ ထုံးစံအတိုင်း ငြိမ်းဝင့်အောင် ဖွဖွရယ်လိုက်သံလေး လွင့်မြောက်ထွက်သွားသည်။

"ဒါကတော့ကွာ ဒီစင်ရောက်ရင် ဒီခွင်က ရမှာပေါ့ နန်းသဲရရယ် ဘာလဲ မင်းက အကောစတစ်ဝိညာဉ်ပွင့်လေးကို သဘောမကျလို့လား ဟုတ်လား"

ငြိမ်းဝ ်အောင်က အောက်သိုးသိုးလေသံနှင့် စောဒကတက်သည့် မေးခွန်းစိမ်းလေးဖြင့် ကျွန်တော့်ကို စွပ်စွဲချက်ထုတ်သည်။ ကျွန်တော် ဇွေ့ဇွေ့ ပြုံးလိုက်သည်။

ကျွန်တော် သည်မျှလည်း နလုံးသား မမော်ကျောသေးပါ။

ကျွန်တော်လည်း ပုထုဇဉ်မို့ လရောင်အောက်က အပြာရောင်အိပ် မက်တစ်စုံကို ရင်ခုန်ခံစားတတ်ပါသည်။ သို့သော် ကျွန်တော် နာနာကျည်း ကျည်းလေး ပြန်ငြင်းဆိုမိသည်။

"သဘောမကျလို့ မဟုတ်ဘူး ငြိမ်းဝင့်အောင်၊ ကိုယ် သူ့ အနုပညာနဲ့ သူ့ရုပ်ရည်လေးကို နှမြောလွန်းလို့ပါ၊ သူနဲ့ ဒီနေရာကလေးက လုံးဝမထိုက် တန်ဘူးလို့ ကိုယ်ထင်တယ် သူငယ်ချင်း၊ ပြီးတော့ ဒီလိုနေရာမျိုးက ဒီလိုလူမျိုးတွေကြားထဲမှာ ညဉ့်နက်သန်းခေါင်ထိ ဒီလိုအလုပ်မျိုးကို စွန့်စား ပြီး လာလုပ်နေတာကို သူ့မိဘတွေက ဘာကြောင့်များ ခွင့်ပြုထားသလဲ ဆို ကိုယ် စဉ်းစားမရ ဖြစ်နေတယ်၊ တကယ်လို့ သူသာ ကိုယ့်ညီမလေး ဆိုရင် ကိုယ် ဘယ်နည်းနဲ့မှ ဒီအလုပ်မျိုးကို ခွင့်မပြုဘူး၊ ကိုယ် ရင်နာ တယ်"

ကျွန်တော့်၏ ဘဝင်မကျမှု ခံစားရသည့် လေသံများက ငြိမ်းဝင့် အောင်၏ ရင်ဘတ်နံရံကို မသိမသာ လှုပ်ခတ်ထိမှန်သွားခဲ့သည်။ ငြိမ်းဝင့်အောင် မျက်နှာပေါ်မှာ ဖရိုဖရဲ လျှော်လိုင်းကလေးတွေ ပြန့်ကျဲသွား ပါသည်။

"ဒါကတော့ကွာ သူ့မှာလည်း သူ့ဘဝ အစိတ်အပိုင်းကလေးတွေနဲ့ သူ ရှိနေမှာပေါ့၊ သူ့သမိုင်းကို သူ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ တည်ဆောက် နေသလဲဆိုတာ တို့မှမသိနိုင်တာ၊ တစ်ချိန်ချိန်မှာတော့ သူလည်း မြေတောင် မြှောက်ပေးမဲ့ ဉယျာဉ်မှူးကောင်းတစ်ယောက်ယောက်နဲ့ တွေ့သွားရင် အောင်မြင်တဲ့ လမ်းကြောင်းပေါ်မှာ သူ လျှောက်လှမ်းသွားနိုင်မှာပေါ့ကွာ"

"ဒါပေမဲ့ ဉယျာဉ်မှူးကောင်းနဲ့မတွေ့ခင် ကျားတွေနဲ့တွေ့သွားရင် ကော..."

ကျွန်တော့်မေးခွန်းက စိုးရိမ်မှုများနှင့် နှမြောတသမှုတွေ ရောယှက် နေမည်ဟု ထင်သည်။ သို့သော် ငြိမ်းဝင့်အောင်၏ ဒဿနဆန်သည့် အဖြေကမူ ရိုးစင်းသော်လည်း အလွန်ကောင်းကင်ဆန်သော ဘဝစီရင်ချက် တစ်ခု ဖြစ်သည်ကို ကျွန်တော် မငြင်းနိုင်ပါ။

"ဒါကတော့ သူ့ကံကြမ္မာကို ဘယ်သူမှ ကြိုတင်မပြဋ္ဌာန်းနိုင်ဘူး ကွ၊ ပင်လယ်ပြင်ရဲ့ ရာသီဥတုဟာ ဘုရားသခင်လက်ထဲမှာပဲရှိတယ်၊ စာရေးဆရာ၊ မင်း ဖန်တီးချင်တိုင်း ဖန်တီးလို့မရဘူး နားလည်ထား"

သည်တစ်ကြိမ်တော့ ငြိမ်းဝင့်အောင်၏ ရင်ခုန်သံ လျှောက်လဲချက်ကို ချေချက်မရှိ ကျွန်တော် ကျေနပ်စွာ ခံယူမိလိုက်ပါသည်။ သူ့ကို ဂုဏ်ပြု အပြုံးလေးနှင့် ပြန်တုန့်ပြန်လိုက်သည်။

"ဒီတစ်ကြိမ်တော့ မင်းဒဿနသံစဉ်တွေက စာရေးဆရာထက် သာသွားပြီ၊ ဒီည ကိုယ် အင်မတန်နက်ရှိုင်းတဲ့ ဒရာမာဇာတ်လမ်းလေး တစ်ပုဒ် ရေးဖြစ်မှာ သေချာသွားပြီ၊ သင့်ခယူးပါပဲ ငြိမ်းဝင့်အောင်"

ကျွန်တော့်လက်ထဲက ဒရိုင်းဂျင်ဖန်ခွက်လေးကို ဆွဲမြှောက်ယူ လိုက်သည်။ ငြိမ်းဝင့်အောင်ကလည်း ကြည်နူးစွာ သူ့ဖန်ခွက်ကို မြှောက် ယူလိုက်သည်။ ကျွန်တော်တို့နှစ်ဦး ဖန်ခွက်နှုတ်ခမ်းချင်းတေ့ပြီး သံစဉ် ကြမ်းကလေးတစ်ခု ဖန်တီးလိုက်ကြသည်။

အကောစတစ်ဂစ်တာသံကလေးက စားသောက်ဆိုင် အပြာရောင် လေးထဲဝယ် ရောခ်အင်ရိုးလ် သီချင်းမြူးမြူးလေးနှင့် ဖောက်ခွဲပစ်နေလေ သည်။

ညသည် မနိုးတစ်ဝက် နိုးတစ်ဝက်။

*

www.burmeseclassic.com



## (နှစ်)

သည့်နောက် ငြိမ်းဝင့်အောင်နှင့် ကျွန်တော် သိပ်မတွေ့ဖြစ်ကြတော့ ဘဲ တစ်လခန့် အဆက်အသွယ်ပြတ်နေခဲ့ကြသည်။ သူလည်း သူ့စီးပွားရေး မြစ်ကြောင်းထဲမှာ စီးမြောလွင့်ပါနေပြီး ကျွန်တော်လည်း ထုတ်ဝေသူ ရွှေမင်းသမီးတစ်ဦးနှင့် လုံးချင်းဝတ္ထု စီးရီးတွေထုတ်ရန် အိမ်တွင်းပုန်းပြီး ဇာတ်လမ်းတွေရေးနေသောကြောင့် သိပ်အပြင်မထွက်ဖြစ်တော့ချေ။

တစ်ခါတစ်ရံ ငြိမ်းဝင့်အောင်က ဖုန်းနှင့် ကျွန်တော့်ကို လှမ်းချိတ်ပြီ 'ချိန်းပွဲ'ကလေး အဖော်ညှိသော်လည်း လုံးချင်းခရေးဇီးထဲ နစ်ကျွံနေသဖြင့် 'သင့်ခယူး သူငယ်ချင်းရေ ဆောရီးပဲကွာ'ဟု ရှုံးချင်ယောင်ဆောင်ပြီ ဖုန်းထဲကနေ အောင့်သက်သက်နှင့် မစိမ်းကားချင်ပဲ စိမ်းကားလိုက်ရသည်

သို့သော် သိပ်မကြာလိုက်ပါ ငြိမ်းဝင့်အောင် သူ့ချစ်သူ ရာမညကော သဘောပိုင်ရှင် သူဌေးမလေးနှင့် ခမ်းနားစွာ လက်ထပ်လိုက်သည် ဆိဒိုးနားက သူတို့မင်္ဂလာပွဲကို ကျွန်တော်နှင့် ထုတ်ဝေသူ မမရွှေမင်းသမီး တို့နှစ်ဦး ကြည်နူးစွာ သွားရောက်ဂုဏ်ပြုခဲ့ကြသည်။

ထို့နောက် ငြိမ်းဝင့်အောင်နှင့် သူ့ဇကရီ သူဌေးမလေးတို့နှစ်ဦး ထိုင်းနိုင်ငံ ဖီးဖီးကျွန်း (Phi Phi Island) ပေါ်ရှိ ကာဘာနာဟိုတယ် (Cabana Hotel) ပင်လယ်ကမ်းခြေသို့ ဟန်းနီးမွန်း ထွက်သွားခဲ့ကြသည်

ထိုအချိန်ကစပြီး ငြိမ်းဝင့်အောင်နှင့် ကျွန်တော် ဒုတိယအကြိမ် ဘဝခြားသွားခဲ့ကြပြန်ပါသည်။

လုံးချင်းဝတ္ထု နှစ်အုပ်ရေးပြီးသွားချိန်၊ တစ်လခွဲအကြာမှာတော့ ကျွန်တော်၏ အထီးကျန်ငြီးငွေ့မှု ခံစားချက်တွေက ရန်းကန်နိုးကြွလာ ခဲ့သည်။ ညခရေးဇီးတွေထဲမှာ ကျွန်တော် ကော်ဖီဆိုင်ထိုင်ခြင်းနှ တစ်ခါတစ်ခါ ဘီယာယဉ်ကျေးမှု ညနေခင်းတွေထဲ လွင့်မျောနေခဲ့သည်

တစ်ညနေခင်း ကျွန်တော် ဘီယာငွေ့ကလေး ခပ်ဝေဝေနှင့် နေပြည် တော် ရုပ်ရှင်ရုံထဲက ထွက်အလာမှာ မမျှော်လင့်ဘဲ ဘရစ်တနေစပီးယာ ၏ သီချင်းသံလေး တစ်ပိုင်းတစ်စကို ဖြတ်ခနဲ ကြားလိုက်ရသည်။

ကျွန်တော့်ရင်ထဲမှာ လိပ်ပြာတွေ ဝရုန်းသုန်းကား လန့်ပျံသွားပြ



သည်။ ချက်ချင်း ကျွန်တော့်သိစိတ်အာရုံကလေးထဲမှာ အကောစတစ်ဂီတာ ညကာရုံလေးတစ်ပွင့်ကို ပြေးသတိရလိုက်သည်။ ကျွန်တော် အိပ်မက်ပြာ လေးထဲမှ ရုတ်တရက် လန့်နိုးသွားသည်။

ကျွန်တော် ဆူးလေဘုရားလမ်းပေါ်က တက္ကစီငန်းဖြူကလေးတစ်စီး ကို လှမ်းတားပြီး ရိုမဲန်းတစ်ဆိုးလ် ညကဗျာမလေးဆီ လွင့်ပြေးလာခဲ့သည်။ ရိုမဲန်းတစ်ဆိုးလ် ကား အိပ်မက်အပြာငွေ့လေးတွေနှင့် ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုနေသည်။ ဖြားယောင်းသွေးဆောင်နေသည်။

ကျွန်တော်က ဂေါ်ဖ်ကွင်း 'မင်ဘာကလပ်'ကို လှမ်းမြင်နေရသော ထုရှင်းနေသည့် မှလလက်ဟောင်း စားပွဲဝိုင်းကလေးမှာပင် နေရာယူဖြစ် လိုက်သည်။ စန္ဒယားသံနှင့် တယောလက်သံသေးနှစ်ခု အချိုးကျရောသမ ထွေပ်ထားသည့် မြန်မာ့သံစဉ် **'နှင်းပျောက်တဲ့နွေ'** သီချင်းက်လေးက စားသောက်ဆိုင်လေးထဲမှာ ဆွေးနစ်စွာ လွင့်ဝဲနေသည်။

ဂီတ၏ ငြိမ်းချမ်းမှု အစစ်အမှန်ကို ကျွန်တော် တွေ့ထိခံစားလိုက် သည်။ ကျွန်တော်က စားပွဲထိုးကလေးကို ပုဇွန်ဆီပြန် ပန်းနုရောင်ချိုချဉ် တစ်ပွဲနှင့် ဘီယာတစ်ဂျားမှာပြီး ကျွန်တော့် ရိုမဲန်းတစ် ဖြုဟွာဏ်ပုဏ္ဏေးမ လေးကို စောင့်မျှော်နေမိသည်။

စားသောက်ဆိုင်လေးထဲတွင် 'နှင်းပျောက်တဲ့နွေ' သီချင်းလေးက ငြီးစိုးနေသော်လည်း အပြင်ဘက် ညနိဒါန်း လရောင်နုလေးထဲမှာတော့ ခင်ဘာ၏ မြူနှင်းများက ဝဲဝေ့လွင့်မျောနေကြသည်။

ကျွန်တော်က ပန်းနုရောင် ပုဇွန်ချိုချဉ်ကို ဘီယာခါးရှရှနှင့် အာရုံ ပြောင်းပစ်နေသည်။ စိတ်ခံစားမှုတွေ အရောင်ဆိုးပစ်နေသည်။

ယင်းအခိုက် စားသောက်ဆိုင်လေးတစ်ခုလုံး ရုတ်တရက် မှောင်ကျ သွားပြီး ခေတ္တတိတ်ဆိတ်ငြိမ်သက်သွားပါတော့သည်။ ထို့နောက် အမှောင် ညခြမ်းကမ္ဘာလေးထဲမှ တိမ်မှုံးမက်မောဘွယ် အကောစတစ်ဂစ်တာသံ ငြင်းပြင်းလေးက လွင့်မြောက်ဖောက်ထွက်လာခဲ့သည်။

ဟော… ရိုမဲန်းတစ်ဖြုဟွာဏ်ပုဏ္ဏေးမလေးလာချေပြီကော။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ရင်ဘတ်လိပ်ပြာထဲက တောင့်တသံဖွဲ့လေး မဆုံး နိုင်ခင်မှာပင် လက်ခုပ်သံတွေ ဆိုင်ထဲဆူညံသွားပြီး အပြာရောင် မီးပွင့်တွေ ပြန်လင်းတောက်ပသွားကြသည်။

ညကာရံပွင့်ကလေးက စင်မြင့်ထက်မှ ကျွန်းကုလားထိုင်လေး ဂစ်တာကလေး ပွေ့လွယ်ထားပြီး ဂစ်တာကို ရပ်တီးနေသည်။ ဒီည ဒီဇိုင်းကလေးက အင်ဒီးယန်းနှင့် အာဖရိကန်ပုံဆန်မျိုးလေး ဝတ်ထား အဖြူရောင်ဂါဝန်ပွပွ၊ ဖန်းပွင့်သဏ္ဌာန် သတို့သမီးဝတ်နုံနှင့် ဆံပင် ရောင်တွေကို တစ်ခေါင်းလုံး ကျစ်ဆံမြီးသေးသေးလေးတွေနှင့် ထားပြီး ငွေရောင်သရဖူလေးကို ခေါင်းမှာဆောင်းထားသည်။

သူမနားမှ ငွေနားကွင်းလှလှလေးတွေက သူမ၏ အကောစ ဂစ်တာသံနှင့် လှုပ်ရှားကခုန်နေကြသည်။ ငွေနားကွင်းတွေသာမက လည်ပင်းနှင့် ရင်ညွန့်ထက်ဆီမှ အစိမ်းရောင် ပယင်းပတီး ဆွဲကြိုး တွေကလည်း ဖြူးကြွလွင့်ပျံနေကြသည်။

ပုဏ္ဏေးမလေးက သူမ၏ ခြေထောက်တွင် စီးထားသည့် ဒေါက် ကန်းထရီးရှူးဖိနပ် အနီရဲရဲကို စီးချက်လိုက်ပြီး ဂစ်တာကို ကျွမ်းကျင် တီးခတ်နေသည်။ ထို့နောက် သူမနှုတ်မှ 'ဆော့ဖ်ရော့ခ်' (Soft Ro သီချင်းတစ်ပုဒ် စူးမြောက်လွင့်ထွက်လာခဲ့သည်။ သူမအသံ အက်ရှရှလေး ကျွန်တော့်နှလုံးသားထဲကို ဖြတ်စီးတိုက်စားသွားသည်။

စားသောက်ဆိုင် အိပ်မက်ပြာလေးတစ်ခုလုံးမှာ သူမ၏ ဂီတသံ တွေနှင့် သူမ၏ သီချင်းသံတွေက နတ်မြင်းပျံ ပန်းရထားတစ်စင်း တိုက်တွေထဲ ထိုးဖောက်လွင့်ပျံနေသလို ပွက်ပွက်လျံနေသည်။

သူမသည် ထူးခြားသည့် ပါရမီရှင်တစ်ဦးဖြစ်သည်။

အဆိုတော်မကလေးက ရုပ်ပါနှင့်သာမက အသံနှင့်ပါ ဆွဲဆော ဖမ်းစားထားနိုင်သည့် ပေါ့ပ်အဆိုရှင်လေးဖြစ်သည်။ ထို့ကြောင့်လည်း မြို့အစွန် ချောင်ကျသည့် ဤစားသောက်ဆိုင်လေးဆီသို့ မက်မက်မောမော နှင့် ငွေတွေပုံအောပြီး သုံးဖြုန်းနိုင်သည့် ယမကာစိတ္တဇ ရွှေမင်းသားတွေ ဤနေရာကို တမင်ရွေးချယ်ခြင်း ဖြစ်ကြလိမ့်မည်ဟု ကျွန်တော်ထင်သည်။



အဆိုတော် ညကာရံနတ်သမီးလေးက နောက်ထပ် ရော့ခ်သီချင်း မြူးမြူးလေး သုံးပုဒ်နှင့် ဆက်တိုက်သီဆိုဖျော်ဖြေသွားသည်။ ကျွန်တော်က သူမ၏ အကောစတစ်ဂစ်တာသံ မြူးမြူးလေးနှင့် ရော့သီချင်းပူပူလေး တွေကို ရွှေရည်စိမ် ဘီယာအိပ်မက်တွေနှင့် မျှောပစ်နေသည်။

ကျွန်တော်၏ စားပွဲဝိုင်းကလည်း သူမတို့၏ စင်မြင့်နှင့် မျက်စောင်း ထိုး အရှေ့ဘက်ဆုံး လက်ဝဲဘက်တွင်ရှိသောကြောင့် တစ်ချက်တစ်ချက် သူမ၏ ညို့မျက်လုံးစိမ်းစိမ်းကြီးတွေနှင့် လှမ်းကြည့်လိုက်သည့် အကြည့် များက အသက်ရှူမှားလောက်သည်။

ထိုညက ကျွန်တော့်၏ အထီးကျန်ငြီးငွေ့မှုများသည် သူမ၏ အကောစတစ် သံစဉ်တွေအောက်၌ အရည်ပျော် ကျဆုံးသွားခဲ့ရသည်။

သူမ ခန်းဆီးလိုက်ကာ ငွေရောင်အတွင်းသို့ ပျောက်ကွယ်သွားပြီး နောက်တွင် ကျွန်တော်သည် စားပွဲထိုးကလေး နေဘွဲ့မှူးကို ဘောက်ဆူး ပေးကာ စိတ်လက်ပေါ့ပါးစွာနှင့် ထပြန်လာခဲ့သည်။

ရိုမဲန်းတစ်ဆိုးလ်၏ ကာရံတစ်ပွင့်က ကျွန်တော့်နှလုံးသားတွေကို ဖြစားဖြားယောင်းလိုက်ပြီဖြစ်သည်။ ကျွန်တော့်ဝိညာဉ်တွေ ကြွေကျသွား ခဲ့သည်။

*

သည့်နောက်တော့ ကျွန်တော် ရိုမဲန်းတစ်ဆိုးလ် စားသောက်ဆိုင် လေး၏ ဘီယာည ယဉ်ကျေးမှုဖီလင်တွေထဲ လွင့်ကျနေကာ အကောစတစ် လေး၏ သံစဉ်ပြာ အိပ်မက်သစ်တွေနှင့် သူမ၏ အကြည့်စိမ်းပွင့်လက် လက်တွေကို ရင်းနှီးခွင့်ရလာခဲ့ပါသည်။

တစ်ခါတစ်ရံမှာ ကျွန်တော်တို့နှစ်ယောက် မျက်လုံးချင်းဆိုင်မိခဲ့ ကြသည်။ သူမ၏ မသိမသာ အပြုံးပွင့်ကလေးတစ်ပွင့်က ကျွန်တော့် ရင်ကို ရိုက်ခတ်သွားတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုံးပွင့်လေးက ကျွန်တော်၏ အထီးကျန်ညများကို ချော့လှန့်လိုက်သည်ဟု ထင်ပါသည်။ ထို့နောက် ညတစ်ညတွင် ကျွန်တော် ရိုမ်န်းတစ်ဆိုးလ်သို့ အချိန်စောပြီး ရောက်သွားခဲ့သည်။ ပြီးနောက် နေ့ဘွဲ့မှာ ပြင်ဆင်စီမံပေးသော ပုဇွန်ထုပ်ချိုချဉ်နှင့် ဘီယာဖက်ရှင်ပွဲကို အလိုက်သင့်နှံ့ကာ ညကာရံနတ်သမီးလေးကို စိတ်ရှည်စွာ စောင့်မျှော်နေခဲ့၏။

ဘာကြောင့်မှန်းမသိ။ ထိုညက သူမ ညရှစ်နာရီလောက်မှ နောက်ကျပြီး ဆိုင်ထဲလှမ်းဝင်လာသည်။ သူမက ဂျင်းဘောင်းဘီပြာ၊ အဖြူရောင်ပိုးသားလက်ရှည်အင်္ကျီလေးနှင့် လှပကျော့ရှင်းနေသော်လည်း ပုဏ္ဏေးမလေး၏ မျက်နှာက နေထိပန်းတစ်ပွင့်လို မသိမသာလေး ညှိုးနွမ်းနေသည်။

သူမက ကျွန်တော့်ကို မျက်လုံးတစ်စေ့ အကြည့်စိမ်းကလေးနှင့် ရင်းနှီးဟန် လှမ်းပြုံးပြသွားကာ စင်မြင့်ထက်ဆီ လှမ်းတက်သွားလေသည်။ သူမသည် သူမ၏ရင်ထဲက ဝေဒနာအပိုင်းအစတစ်ချို့ကို ထိုအပြုံးစိမ်းလေးနှင့် ကွယ်ဝှက်ပြီး ကျွန်တော့်ကို နှုတ်ဆက်သွားသည်ဟု စာရေးဆရာတစ်ယောက်ဖြစ်သော ကျွန်တော်က ခံစားလိုက်ရလိုက်သည်။

မည်သို့ဖြစ်စေ သူမ၏ အကောစတစ်ဂစ်တာသံလေးနှင့် သူမ သီဆိုမည့် ရော့ခ်သီချင်း နွေးနွေးလေးတွေကို နှလုံးသားလိပ်ပြာနှင့် ခံစားနားထောင်ဖို့ အသင့်ပြင်ဆင်ပြီးဖြစ်နေသည်။ တတိယမြောက် ဘီယာခွက်ကို ဖြေးညှင်းစွာ မြှောက်ယူပြီး တစ်ငုံမော့သည်။

သူမ၏ ဂစ်တာသံနှင့် 'My Broken Heart' သီချင်းလေး လွင့်ကျလာသည်။ ဤအချိန်လေးမှာပင် ကျွန်တော့်နံဘေးတစ်ဖက် စားပွဲဝိုင်းဆီမှ လူငယ်တစ်ယောက်၏ ရယ်မောဖွဖွ ပြောလိုက်သည့် မှတ်ချက်စကားလေးက ကျွန်တော့်အာရုံထဲ ဝင်ရောက်လာသည်။ ကျွန်တော့်ရင်ထဲ ကြွေမွသွားသည်။

"ဟော... နေအုပ်၊ မင်းရဲ့ ဘလူးအိန်ဂျယ် (Blue Angel)လေး ဂစ်တာခတ်တာတွေရော၊ သီချင်းဟစ်သွားတာတွေရော၊ ရုပ်ပါရော အားပြောစရာမရှိအောင် ညက်ပေမဲ့ သူ့ဖက်ရှင်ဒီဇိုင်းကတော့ အဲဗားပဲထပ်နေတယ်နော်၊ သနားစရာပဲ၊ သူ့မှာ ဒီဝတ်စုံနှစ်စုံပဲ ရှိတယ်ထင်ပါရဲ့



မမိုက်သေးပါဘူး။ မင်း ရော့ပင်လေးဘာလေး ခေါ်သွားပြီး ဖန်တီးပေးလိုက်ပါလား၊ ဒါမှ မင်းကို သူ ကြွေသွားလိမ့်မယ်"

ဂစ်တာသံတွေကြားမှာ ရယ်သံဖွဖွလေးတွေ ကြွေဆင်းလာသည်။

"အေး ဟုတ်တယ်ကွ၊ ဒါ သူ့စတိုင်လ်ပဲလားတော့ မသိဘူး၊ ဒါပေမဲ့နော် စားသောက်ဆိုင်မှာ သီချင်းဆိုနေတာဆိုပြီး မင်း အထင်တော့ သေးနဲ့မောင်၊ ငါ သူ့ကို သုံးခါရှိပြီ ကားနဲ့လိုက်သွားပြီး မိတ်ဆက်ကြည့်တယ်၊ သူက လုံးဝကိုခါတယ်ကွာ၊ သူ့အနုပညာကို တန်ဖိုးထားရင် ဆိုင်ကိုပဲလာပါတဲ့၊ သူ့ကို စိတ်ကူးမယဉ်ပါနဲ့တဲ့၊ အပြတ်ငြင်းလိုက်တယ်၊ ငါ အဲဒီထဲက ဖြုန်သွားတယ်"

နောက်ထပ် အသံတွေ ဆက်ထွက်မလာတော့ချေ။

ဂစ်တာပလပ်ကင် ခတ်သံတွေကိုလွှမ်းပြီး ဆိုးလ်နတ်သမီး၏ သီချင်းသံတွေ စားသောက်ဆိုင်ထဲ လွင့်မြောက်ပြန့်ကျဲထွက်လာသည်။

အပြာရောင် စားသောက်ဆိုင်လေးထဲမှာ အချစ်၏ ရင်ဖွင့်ပေါက်ကွဲသံတွေ၊ စိမ်းစိမ်းထန်ထန် ရွာသွန်းနေသည်။ ဘီယာစိတ္တဇမင်းသားတွေ သူမ၏ စီးချက်ကကြိုးထဲမှာ လိပ်ပြာလွင့်သွားကြတော့သည်။

ကျွန်တော့် စိတ်လိပ်ပြာကမူ သူမ၏ ဘဝထဲ တစ်ဝက်လွင့်သွားနေသည်။ မှန်ပါသည်။ ခပ်အစောလေးက တစ်ဖက်စားပွဲဝိုင်းမှ လူ၏ မှတ်ချက်သံအတိုင်း ကျွန်တော့်ရင်ကိုလည်း သူမ၏ ဖက်ရှင်ဒီဇိုင်းဝတ်စုံကလေးနှစ်စုံက စွဲငြိသတိရ မြင်ယောင်နေခဲ့သည်။ သည့်အတွက် ကျွန်တော် လိပ်ပြာမသန့် ကြေကွဲထိခိုက်စွာနှင့် စိတ်လှုပ်ရှားနေသည်ကိုတော့ ဝန်ခံရမည်ဖြစ်သည်။

စားသောက်ဆိုင်ထဲမှာ သူမ၏ ဂစ်တာမိုးတွေနှင့် Love Song သီချင်း မြူးရွှရွှလေးတွေ ဆက်တိုက်ရွာကျနေသည်။ ပန်းကုံးရောင်စုံတွေလည်း သူမလည်တိုင်မှာ တစ်ကုံးပြီးတစ်ကုံး လာစွပ်ပေးကြသည်။

သူမ အားလုံးကို လက်ပြနှုတ်ဆက်ပြီး စင်မြင့်ပေါ်မှ ပြန်ဆင်းသွားသည်။ မန်နေဂျာစားပွဲ ကောင်တာဆီ လျှောက်သွားပြီး မန်နေဂျာနှင့်

www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်စုံတစ်ရာ ပြောဆိုနေသည်။ သူမကို ကြည့်ရသည်မှာ ပင်ပန်း နွမ်းနယ်နေပုံရသည်။

ကျွန်တော် ဒီည ရင်ထဲမှာ သူမနှင့်ပတ်သက်ပြီး အာရုံတွေ ကသောင်းကနင်း သိုင်းကွက်နင်းနေသည်။ စိတ်တွေ ဖရိုဖရဲ ပြန့်ကျဲနေသည်။

အကောစတစ် နတ်သမီးလေးက ကောင်တာမှ လှည့်ထွက်လာပြီး ကျွန်တော့်စားပွဲနားမှ ဖြတ်လျှောက်သွားသည်။ ကျွန်တော်က သူမကို မော့ကြည့်သည်။ သူမ၏ စိမ်းလက်လက် မျက်လုံးပွင့်တွေနှင့် ဆုံသွားသည်။ နတ်သမီးလေး၏ မျက်လုံးစိမ်းလေးတွေ ဖြတ်ခနဲ တုန့်ဆိုင်းဆိုင်းဖြစ်သွားပြီး ကျွန်တော့်မျက်လုံးတွေဆီ တည့်တည့်စိုက်ကြည့်သွားသည်။

သူမ၏ မျက်လုံးတွေကို ကျွန်တော့်ရင်ထဲက ချက်ချင်း ဘာသာပြန် ကြည့်လိုက်မိသည်။ သူမ၏ မျက်လုံးစိမ်းတွေက ကျွန်တော့်ကို မျှော်လင့်ခြင်းတွေနှင့် ဖိတ်ခေါ်သွားသည့် အရိပ်အရောင်တွေဟု ခံစားနားလည်လိုက်သည်။

ကျွန်တော့်ရင်ဘတ်ထဲက လိပ်ပြာတွေ အော်ပရာကနေကြသည်။ ကျွန်တော် နေဘွဲ့မှူးကိုခေါ်ပြီး ကျသင့်ငွေစာရင်းနှင့် သူ့ကို ဘောက်ဆူး မြက်မြက်လေး ပျော်ရွှင်စွာ ကမ်းပေးကာ ဆိုင်အပြင်သို့ ခြေလှမ်းသွက်သွက် ကလေးနှင့် လှမ်းထွက်လာခဲ့သည်။ ကျွန်တော့်စိတ်တွေ ရင်ထဲစီးချက်မညီ ကခုန်နေသည်။

အပြင်တွင် လရောင်က ပလက်တီနာမ်ရွှေရောင်တွေ ရွှဲရွှဲနှင့်စိုနေသည်။ လမ်းရှည်မျောလေးအဆုံး ပြည်လမ်းဆောင့် ကားမှတ်တိုင် ရှယ်ဒ် တာလေးထဲတွင် ရပ်နေသည့် သူမကို ကျွန်တော် လှမ်းတွေ့လိုက်ရသည်။ ကျွန်တော့်ရင်တွေ ခုန်သွားသည်။

သူမနှင့် ကျွန်တော် တစ်ကြိမ်တစ်ခါလေးမျှ စကားမပြောခဲ့ကြပါ။ မျက်လုံးချင်းသာ သူမနှင့် ကျွန်တော် ရင်းနှီးနေခဲ့ကြသည်။

ကျွန်တော်က သူမအနီးသို့ ဘီယာတန်ခိုးလေးနှင့် ရဲတင်းစွာ လျှောက်သွားသည်။ သူမက လမ်းမီးရောင် လီမွှော်ပွင့်လေးအလင်း စိမ်းလက်တောက်ပသော မျက်လုံးအစုံဖြင့် ဆီးကြိုကာ စကားစတင်လာသည်။

"အစ်ကို ညီမနောက်ကို လိုက်လာမယ်လို့ ညီမစိတ်ထဲကလည်း ထင်နေတယ်"

သူမက လှပစွဲမက်စရာ အပြုံးပွင့် နီရဲရဲလေးကို အရှိန်မသတ်သေးဘဲ ဆက်ထိန်းထားနေသည်။

"ဟုတ်လား၊ ဘာကြောင့် ညီမက အဲလို အစ်ကို့ကို ထင်နေရတာလဲ၊ ညီမရင်ထဲမှာ ဗေဒင်ဆရာပုဏ္ဏားလေး ရှိနေလို့လား"

ပုဏ္ဏေးမ နတ်သမီးဖြူဖြူလေးက စီးချက်မြန်မြန်လေးတွေနှင့် ပြန်ရယ်သည်။

"မဟုတ်ပါဘူး၊ အစ်ကို့ရင်ထဲမှာ အထီးကျန်ဝေဒနာ ခံစားချက်တွေများ ရှိနေသလားလို့ပါ"

သူမက ငြင်းချက်နုနုလေးနှင့် ထုချေသည်။

"ဟင်… မင်း မဆိုးဘူး၊ ကိုယ့်ရင်ဘတ်ထဲက စည်းချက်တွေကို သိနေတယ်ဆိုတော့ ကိုယ့်ညီမက Sorcerer 'မှော်ဆရာဝိဇ္ဇာဉ်မလေး' လား၊ ဒါမှမဟုတ် Astrologer 'ဗေဒင်ဆရာမလေး' လား"

ကျွန်တော်က ခပ်ရွှမ်းရွှမ်းလေး ပြန်နောက်မေးလိုက်သောကြောင့် သူမက အပျော်ငွေ့မျက်ဝန်းတွေနှင့် ပြန်စိုက်ကြည့်ကာ ဖွဖွရယ်သည်။

"လာ… အစ်ကို၊ ညီမတို့ လမ်းလျှောက်ရင်း စကားပြောကြတာပေါ့၊ ညီမတို့အိမ်က သိပ်မဝေးပါဘူး၊ ရှစ်မိုင်လမ်းဆုံနားလေးတင်ပါ အစ်ကို၊ အဲဒီကျမှ ညီမတို့ လမ်းခွဲကြတာပေါ့၊ ဘယ်လိုလဲ လိုက်ခဲ့မှာလား"

"လိုက်ခဲ့မယ်လေ၊ ကောင်းတာပေါ့၊ လမ်းလျှောက်ရင်း စကားပြောကြတာပေါ့၊ ဪ… ဒါနဲ့ စောစောက အစ်ကိုမေးတဲ့ မေးခွန်းလေးကိုလည်း ပြန်ဖြေပါဦး ကိုယ့်ရင်ထဲက အထီးကျန်ဝေဒနာ ခံစားရချက်တွေကို မင်း ဘယ်လိုသိနေသလဲဆိုတာလေ"

သူမက လွင့်သည်းသည်း ရယ်လိုက်ကာ ကျွန်တော့်နံဘေးမှ ယှဉ်ပြီး လျှောက်လာခဲ့သည်။ နင့်ရှုံ့စိုစို လရောင်လေးက သူမနှင့် ကျွန်တော်တို့

www.burmeseclassic.com


နှစ်ဦးကို ခွန်အားသတ္တိလေးတွေနှင့် ပြည့်စုံစေဖို့ ထပ်ဆင့်မြှောက်
သွေးဆောင်ပေးနေသည်ဟုထင်သည်။

"ဒါကတော့ အစ်ကိုရယ်၊ လူတစ်ယောက်ရဲ့ရင်ထဲက ခံစား
နရီစည်းချက်တွေကို ဗေဒင်ဆရာနဲ့ မှော်ဆရာတွေမှ သိနိုင်တာမဟုတ်
ဘူး အစ်ကို၊ 'နှင်းဆွတ်တိမ်' ဆိုတဲ့ သာမန်စားသောက်ဆိုင်လေးတစ်ဆိုင်
က ခပ်ညံ့ညံ့ အဆိုတော်မလေးတစ်ဦးကလည်း အဲဒီလူရဲ့ မူ(ဒ်) Mo
နဲ့ သူ့ရဲ့ အက်ရှင် (Action) တွေကိုကြည့်ပြီး ခံစားနားလည်တတ်ပါတယ်
ဆိုရင်ကော"

ကျွန်တော် သူမကို အံ့သြသွားသည်။ သူမ၏ ထူးခြားသည့် အ
အချင်းလေးတွေကိုလည်း လေးစားသွားသည်။ ကျွန်တော့်စိတ်ထဲမှာ
ရောင်တွေက လှသထက်လှလာသည်ဟု ခံစားရသည်။

"အလဲ့... တယ်ဟုတ်ပါလား၊ နာမည်ကလည်း 'နှင်းဆွတ်တိမ်'
တဲ့လား၊ သိပ်ကို ကဗျာဆန်တဲ့ နာမည်လေးပဲ၊ မင်းနာမည်ကလည်း မင်း
လိုပဲ သိပ်လှတယ်၊ နှင်းဆွတ်တိမ်က အင်္ဂလိပ်သီချင်းလေးတွေ အ
ကောင်းသလို အတွေးအခေါ်တွေကလည်း ထက်တယ်၊ ဆိုပါဦး ကိုယ့်
ဘယ်လိုနားလည်ထားသလဲ"

"အစ်ကို နှင်းဆွတ်တိမ်ကို ချီးကျူးတာ ကျေးဇူးတင်ပါတယ်
အစ်ကို့ကို နှင်းဆွတ်တိမ် ဘာကြောင့်နားလည်ရသလဲဆိုတော့ အစ်
စားသောက်ဆိုင်ကိုလာတဲ့ညတိုင်း ညီမ အမြဲသတိထားမိတယ်၊ ညီမ
သီချင်းဆိုနေရင်း လှမ်းကြည့်လိုက်တိုင်း အစ်ကိုက အစ်ကို့ရဲ့ ထိုင်နေ
စားပွဲဝိုင်းကလေးမှာ တစ်ယောက်တည်း ငေးငေးဆွေးဆွေးနဲ့ထိုင်ပြီး
ဂေါ်ဖ်ကွင်းက မင်ဘာကလပ်လေးဆီ လှမ်းကြည့်နေတာ မြင်ရတယ်
နောက်ပြီး ညီမစိတ်ထဲက အစ်ကိုဟာ အဖော်ကင်းမဲ့နေသူတစ်ယောက်
ယုံကြည်ခံစားနေရတယ်၊ အစ်ကိုဟာ ပတ်စန်းကျင်ကိုလည်း မေ့မျော
တယ်လို့ထင်တယ်၊ တစ်ခါတစ်ခါ ညီမနဲ့ အစ်ကို မျက်လုံးချင်းဆုံ
ကြရင်လည်း အစ်ကို့မျက်လုံးတွေဟာ သူများတွေလို ရမ္မက်ခိုးတွေမပါ
လိပ်ပြာလွင့်မျောနေသလို ညီမ လှမ်းမြင်နေရတယ်၊ အဲဒါတွေဟာ ညီမ

ဘက်က မြင်ရတဲ့ နားလည်မှုတွေပဲ ဆိုပါတော့ အစ်ကို"

ကျွန်တော့်ရင်ထဲမှာ ထိခိုက်နာကျင်သွားရသည်။ ငြင်းဆိုနိုင်အား
ရှိစွာ သူမ၏ ခံစားသုံးသပ်ချက်များက ကျွန်တော့်ကို ထိမှန်သွားခဲ့သည်။

"ဟာ... သိပ်ကြောက်စရာကောင်းပါလား နှင်းဆွတ်တိမ်၊ မှန်တာ
ပေါ့၊ တို့ရဲ့ အထီးကျန်ည ချောက်ချားမှုတွေကို ဒီနေရာမှာ မင်းရဲ့ ရင်ခုန်သံ
အိပ်မက်ပြာတွေနဲ့ ကိုယ် လာကုစားနေတာ၊ ဟုတ်တယ်"

ကျွန်တော်တို့နှစ်ဦး အတန်ကြာ တိတ်ဆိတ်သွားကြသည်။ လရောင်
ဆွတ်ထားသည့် ပြည်လမ်းမ ပြာမှုန်မှုန်လေးပေါ် အတူယှဉ်တွဲ လျှောက်လာ
နေကြသည်။ သူမ၏ သက်ပြင်းရှိုက်ချလိုက်သံ ကြမ်းကြမ်းလေးက
ကျွန်တော့်ကို လန့်နိုးသွားစေသည်။

"ဒါပေမဲ့ ဒီနေရာဟာ အစ်ကို့လို လူတစ်ယောက်နဲ့ ထိုက်တန်တဲ့
နေရာတစ်ခုတော့ မဟုတ်ဘူးလို့ ညီမထင်တယ်အစ်ကို၊ နောက်ပြီး ညီမ
တို့ဆိုင်လို နေရာမျိုးကလည်း..."

သူမ စကားမဆက်မီ ကျွန်တော် ဖြတ်ခနဲ နှင်းဆွတ်တိမ်ကို
လှည့်စိုက်ကြည့်လိုက်သည်။ သူမ၏ ဆိုလိုချက်ကို ချက်ချင်း ကျွန်တော်
နားလည်သည်။ ယင်းမှာ ကျွန်တော့်ရင်ထဲမှ ခံစားနေရသည့် အဓိကရည်
ရွယ်ချက်ဖြစ်သည်။ သို့သော် နှင်းဆွတ်တိမ်ကို ကျွန်တော် အားတုန့်အားနာ
ဖြစ်နေသောကြောင့် မဖွင့်ဆိုရက် ဖြစ်နေခဲ့သည်။

"ဟုတ်တယ် နှင်းဆွတ်တိမ်၊ အစ်ကို့ရင်ထဲက ခံစားနေရတဲ့
အဲဒီဝေဒနာနဲ့ ဝေဒနာတွေကလည်း နှင်းဆွတ်တိမ်အတွက်ကြောင့်ပဲ
ဆိုပါတော့"

"ဟင်... အစ်ကို ဘာကိုဆိုလိုတာလဲဟင်"

"ဩော်... နှင်းဆွတ်တိတ် အခုလိုဘဝမျိုး ရောက်နေတာကို
ကိုယ် စိုးရိမ်လို့ စိတ်မချမ်းမသာဖြစ်နေခဲ့တာလေ၊ မင်းလည်း နားလည်ပါ
ဘယ် နှင်းဆွတ်တိမ်၊ ကိုယ် ပွင့်ပွင့်လင်းလင်းပဲ မေးမယ်နော်၊ မင်းရဲ့
အနုပညာကို ဟန်ဆောင်ချီးကျူးနေကြတဲ့ ဒီလိုနေရာကလူတွေကို မင်း
ဘာကြောင့်လာပြီး ဖျော်ဖြေတီးခတ်နေတာလဲ၊ မင်းရဲ့ အနုပညာနဲ့

www.burmeseclassic.com



မင်းရဲ့ တေးဂီတတွေရဲ့ တန်ဖိုးကို နားမလည် မခံစားတတ်တဲ့လူတွေ မင်း ဘာကြောင့်များ စေတနာဗုရပွနဲ့ လာပြီးတင်ဆက် ဖျော်ဖြေနေရတာလဲ နှင်းဆွတ်တိမ်၊ ယဉ်ကျေးမှုအဆင့်အတန်း နိမ့်ကျလှတဲ့ ဒီလိုစားသောက်ဆိုင်က ယမကာမင်းသားပျက်တွေကိုမှ တမင် မင်းရွေးပြီး ဘာကြောင့် သီချင်းဆို လာဖျော်ဖြေနေရသလဲဆိုတာ ကိုယ်တော့ နားမလည်နိုင်အောင် ဖြစ်နေတယ် နှင်းဆွတ်တိမ်"

နှင်းဆွတ်ထားသော လရောင်ပြာနှင့် လမ်းမီးတိုင် အလင်းရောင်များအောက်မှ နှင်းဆွတ်တိမ်၏ မျက်ဝန်းအစုံထဲမှာ လှပသည့် အလင်းစ လက်လက်လေးတွေ တောက်ပနေသည်ကို ကျွန်တော် မြင်တွေ့ရသည်။ သူမ အံ့သြသွားသည်ဟုထင်သည်။ သက်ပြင်းမှုန်လေးတစ်ချက် ပွင့်ထွက်လာသည်။

"ဒီလိုဆိုရင် အစ်ကိုက နှင်းဆွတ်တိမ်ကို ဘာဖြစ်စေချင်တာလဲဟင် ပြောပါဦး၊ နှင်းဆွတ်တိမ်ရဲ့ဘဝ၊ နှင်းဆွတ်တိမ်ရဲ့ အသက်မွေးဝမ်းကြောင်း တစ်ခုလုံးကို စွန့်ပစ်လိုက်ရမဲ့သဘောလား၊ အစ်ကိုဆိုလိုချင်တာက ညီမရဲ့ အလှနဲ့ ခန္ဓာကိုယ်၊ ညီမရဲ့ အနုပညာနဲ့ တေးဂီတတွေကို ဒီဈေးကွက်ကျဉ်းကျဉ်းလေးထဲမှာ ချမရောင်းနဲ့တော့လို့ ဆိုလိုတာလား"

"ဒီလိုတော့လည်း မဟုတ်ပါဘူး နှင်းဆွတ်တိမ် ဒါပေမဲ့..."

"ဒါပေမဲ့ ဘာဖြစ်လဲ၊ ညီမ အခုလုပ်နေတဲ့အလုပ်က ဘာများရှက်စရာရှိလို့လဲ၊ ဘာလဲ အစ်ကို စားသောက်ဆိုင်တစ်ဆိုင်ရဲ့ မီးရောင်တွေအောက်မှာ သီချင်းဆိုတဲ့ အဆိုတော်တစ်ယောက်ဟာ ဂုဏ်သရေမရှိဘူး တဲ့လား၊ ဟုတ်လား... ဟင်း... ဟင်း... ဟင်း"

နှင်းဆွတ်တိမ်၏ အသံစိမ်းနက်နက်တွေထဲမှာ သူမ၏ အနုပညာ ဂုဏ်မာနနှင့် ကိုယ်ကျင့်သိက္ခာတရားတွေ ထုံမွှမ်းနေသည်။ သူမ၏ အဆုံးသပ် ရယ်သံမှုးမှုးလေးတွေက ကျွန်တော့်နှလုံးသားတွေကို ကြေကွဲထိ သွားသည်။

"ကိုယ် ဒီလိုဆိုလိုတာ မဟုတ်ပါဘူး နှင်းဆွတ်တိမ်၊ ကိုယ့်စေတနာက နှင်းဆွတ်တိမ်ဟာ ပါရမီရှိတယ်၊ မွေးရာပါ အနုပညာဗီဇတွေရှိနေ တယ်၊ ပြီးတော့ နှင်းဆွတ်တိမ်မှာ သဘာဝတရားကြီးက မွေးထုတ်ပေးလိုက်တဲ့ အလှရတနာတွေလည်း ထူးထူးခြားခြား ရှိနေတယ်၊ အဲဒီအရည်အချင်းတွေကို နှင်းဆွတ်တိမ်က သေသေချာချာ အသုံးချပြီး ဂုဏ်သိက္ခာရှိရှိ တန်ဖိုးရှိရှိနဲ့ လူယဉ်ကျေးတွေရှေ့မှာ မင်းရဲ့ အနုပညာအစွမ်းအစတွေကို ထုတ်ဖော်ပြလိုက်မယ်ဆိုရင် ကိုယ်ပြောရဲတယ် နှင်းဆွတ်တိမ်၊ မင်းဟာ ချက်ချင်း နာမည်ကျော် ပွင့်တောက်သွားမယ်၊ မင်းရဲ့ တန်ဖိုးဟာ သိပ်ကိုမြင့်သွားမယ်၊ လူတွေက မင်းကို လေးစားလာပြီး မင်းရဲ့ ဂုဏ်သိက္ခာလည်း မြင့်မားလာမယ်လို့ ကိုယ် ယုံကြည်တယ် နှင်းဆွတ်တိမ်"

လှပငြိမ်သက် တိတ်ဆိတ်နေသည့် ညချမ်းလေးကို နှင်းဆွတ်တိမ်၏ ရယ်သံပြင်းပြင်းလေးတွေက ဖျက်ဆီးပစ်လိုက်သည်။ သူမ၏ ရယ်သံတွေက ပြိုင်မြင်းတွေ တာလွှတ်လိုက်သလို လွင့်မြောက်ထွက်လာသည်။

"ကျွန်မ နာမည်ကြီးသွားမယ်၊ ဂုဏ်သိက္ခာတွေ မြင့်သွားမယ် ဟုတ်လား၊ အဟင်း... ဟင်း... ဟင်း၊ သိပ်ကို နားထောင်လို့ကောင်းတဲ့ စိတ်ကူးယဉ် ဝတ္ထုတစ်ပုဒ်လိုပဲနော်၊ ဟုတ်တယ် အစ်ကို၊ ကျွန်မလည်း တစ်ခါတစ်ခါ အဲဒီလို စိတ်ကူးယဉ်ပြီး ရူးကြည့်ဖူးတယ်၊ အရသာရှိလိုက်တာ မပြောပါနဲ့တော့ရှင်၊ အဟင်း... ဟင်း၊ ဒါပေမဲ့ အဲဒီလို နာမည်ကျော်နိုင်ဖို့ တန်ဖိုးမြင့်မြင့် ဂုဏ်သိက္ခာရှိလာနိုင်ဖို့အတွက်က ဖြတ်သန်းမှုတွေ အမျိုးမျိုးကို ရင်ဆိုင်ရဦးမယ်၊ ပြီးတော့ ထိုက်ထိုက်တန်တန် အရင်းအနှီးတွေ ပေးရဦးမယ်၊ နောက်တစ်ခါ စိတ်ချယုံကြည်ရတဲ့ ပတ်ဝန်းကျင်ကောင်းကောင်းတွေလည်း ရှိရဦးမယ်၊ ဒီအချက်တွေကိုကော အစ်ကို ထည့်စဉ်းစားခဲ့ရဲ့လား၊ လူတစ်ယောက် အောင်မြင်ထင်ရှား ကျော်ကြားတောက်ပလာဖို့ဆိုတာ အနုပညာပါရမီ ဗီဇရှိရုံ၊ ရုပ်ရည်လေး ချောမောလှပရုံလောက်နဲ့ မလုံလောက်နိုင်သေးဘူး အစ်ကိုရဲ့၊ အခု ညီမနဲ့ အစ်ကိုတို့နှစ်ဦးကိုပဲကြည့် ကိုယ့်အိမ်ကိုယ်ပြန်ရောက်နိုင်ကြဖို့ ကိုယ့်ခရီးကိုယ် လျှောက်ရဦးမယ်၊ ပြီးတော့ မနက်အရုဏ်ဦးကို မြင်ရဖို့ သန်းခေါင်ယံည အမှောင်ထုကို ကိုယ်စီဖြတ်သန်းရဦးမယ်လေ အဟင်း... ဟင်း"

www.burmeseclassic.com

www.burmeseclassic.com

နှင်းဆွတ်တိမ်၏ ရယ်သံတွေက နတ်မြင်းပျံလို မြူးကြွနေတော့သည်။

ကျွန်တော် ဝမ်းနည်းထိခိုက်သွားရသည်။

ကိုယ် အမှားတစ်ခုကို ကျူးလွန်လိုက်မိသလို နောင်တတွေ တနင့်တပိုးနှင့် စိတ်ထဲက စနိုးစနောင့် ခံစားမိလိုက်သည်။ ကျွန်တော်၏ စေတနာနှင့် ကရုဏာများကို သူမ နားမလည်လေရော့သလား။ ပြက်ရယ်ပြုခြင်းခံလိုက်ရသည့်အတွက် သူမကို နည်းနည်းတော့ စိတ်ပျက်သွားသည်။

သို့သော် သူမ၏ ခံယူချက်နှင့် တုန့်ပြန်ချက်များကလည်း အမှန်တရားတွေဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်ပင် အရုဏ်ဦး၏ အလှသစ္စာတရားတွေကို မြင်တွေ့ရနိုင်ဖို့ ဘဝသန်းခေါင်းယံ အမှောင်ညများကို ဖြတ်သန်းနေရဆဲ ဖြစ်ပါသည်။

သည်အခိုက်အတန့်မှာပင် နူးညံ့ညင်သာသည့် နှင်းဆွတ်တိမ်၏ အသံကလေးကို တစ်ဖန် ကျွန်တော် ကြားလိုက်ရပြန်သည်။

"အစ်ကို။ နှင်းဆွတ်တိမ် အစ်ကို့ရဲ့ စေတနာတွေကို စော်ကားလိုက်သလိုများ ပြောမိလိုက်သလားမသိဘူး၊ ညီမကို ခွင့်လွှတ်ပါနော်၊ အစ်ကိုက လူ့ယဉ်ကျေးတွေရဲ့ အသိုင်းအဝိုင်းထဲကိုသွားပြီး ဂုဏ်သိက္ခာမြင့်မားမဲ့ အလုပ်ကိုလုပ်ဖို့ ပြောခဲ့တယ်နော်၊ ဒါပေမဲ့ အဲ့ဒီပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲကို သွားရောက်ဝင်ဆန့်နိုင်ဖို့အတွက် ငွေကြေးအမြောက်အမြားကို လမ်းခင်းပြီး နင်းသွားရဦးမယ်လေ အစ်ကိုရဲ့၊ အဲ့ဒီအတွက် ကျွန်မမှာ ငွေအမြောက်အမြား ကုန်ကျရဦးမယ် မဟုတ်လား၊ လောလောဆယ်မှာတော့ ကျွန်မအတွက် ဒီဂုဏ်သိက္ခာတွေက မလိုသေးပါဘူးလေ၊ ဟာ... ကျွန်မ ဘာတွေပြောနေမိမှန်း မသိတော့ပါဘူးရှင်"

နှင်းဆွတ်တိမ် သူမ၏စကားတွေကို အလန့်တကြားလေး ရုတ်တရက် ရပ်ပစ်လိုက်သည်။ ကျွန်တော့်ကို အားငယ်ရှက်ရွံ့နေသလိုလေး မော့ကြည့်သည်။ သူမ မျက်ဝန်းထဲ၌ မျက်ရည်ငွေ့တွေ စို့နေသလို ဝမ်းနည်းကြေကွဲရိပ်တွေ လွှမ်းလာသည်။

ကျွန်တော် သူမကို သနားသွားသည်။ ကျွန်တော့်ရင်ထဲက



နှင်းဆွတ်တိမ်ကို စိတ်ဝင်စားနေမိပြီဟု သိလိုက်သည်။ သူမ၏ စိတ်ဓာတ်မာကျောမှုလေးကိုလည်း ကျွန်တော် သဘောကျမိသည်။

သူမ မျက်နှာက ဖြူဖတ်ဖြူလျော်လေး ဖြစ်နေသည်။

"အို... ထားလိုက်ပါတော့လေ၊ ဒါတွေအားလုံး မေ့ပစ်လိုက်ပါတော့ရှင်၊ ကျွန်မတို့နှစ်ယောက်ကလည်း ဘာမှပတ်သက်ကြတာလည်း မဟုတ်ဘဲနဲ့ ကျွန်မ အရင်က ဒီလို ကျွန်မရဲ့ အားနည်းချက်တွေကို ဘယ်သူ့ကိုမှ မပြောခဲ့ဖူးဘူး၊ အခုလည်း ကျွန်မ ဘာရည်ရွယ်ချက်နဲ့မှ ပြောနေတာ မဟုတ်ပါဘူးနော်"

သူမ ဖြည်းညှင်းစွာ ရပ်လိုက်ပြီး ကျွန်တော့်ကို မော့ကြည့်သည်။ သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်စတွေ ရီဝေနေသည်။ လေညှင်းလေးက သစ်ရွက်ကြွေတွေကို ကျွန်တော်တို့နှစ်ဦးအပေါ်သို့ ကြဲချနေသည်။

ကျွန်တော်တို့နှစ်ဦး ရုပ်ရှင်ရုံလမ်းဆုံမရောက်မီ ဓာတ်မီးတိုင်ဝါဝါလေး အောက်၌ ရပ်လိုက်ကြသည်။

"နှင်းဆွတ်တိမ်ကို ကိုယ် နားလည်ပါတယ်၊ ကိစ္စမရှိပါဘူး နှင်းဆွတ်တိမ်၊ မင်းရင်ထဲမှာ ပြောပြချင်စရာတွေ ရှိနေသေးရင် ဆက်ပြောပါ၊ ကိုယ့်ကို အားမနာပါနဲ့"

"ညီမရင်ထဲမှာတော့ ပြောချင်တာတွေ အများကြီးပါပဲ၊ ဒါပေမဲ့ မပြောတော့ပါဘူးလေ၊ ဘာမှထူးလာမှာမှ မဟုတ်တာ၊ ကဲ... အစ်ကို ဟိုရှေ့က လမ်းချိုးလေးထဲမှာ ကျွန်မတို့အိမ် ရောက်တော့မယ်၊ နှင်းဆွတ်တိမ် အစ်ကို့ကို နှုတ်ဆက်ခဲ့ပြီနော်၊ သွားမယ်နော်"

ကျွန်တော့်ရင်ထဲမှာ ခွဲရတော့မှာကို ဝမ်းလေးနေသည်။ နှလုံးသားထဲမှာ နာကျင်နေသည်။ သည်နေ့ရာထိအောင် အတူလျှောက်လာခဲ့ပြီးမှ လမ်းဆုံလေးမှာ သူမကို မခွဲရက်ခဲ့နိုင်တော့ပါ။ သူမ၏အိမ်အထိ လိုက်ပို့နိုင်မည့် အခွင့်အရေးလေးကို ကျွန်တော် လက်မလွှတ်သင့်ဟုထင်သည်။

ကျွန်တော့်နှလုံးသားတွေ လရောင်ထဲမှာ ပွင့်ထွက်သွားသည်။

"ခဏနေပါဦး ညီမ၊ ညီမ မကန့်ကွက်ဘူးဆိုရင် ညီမရဲ့အိမ်အထိ လိုက်ပို့ခွင့်မပေးနိုင်ဘူးလား၊ ညဉ့်ကလည်း သိပ်နက်နေပြီလေ"

www.burmeseclassic.com

www.burmeseclassic.com

သူမ ပြည်းညှင်းစွာ ပြန်လှည့်ကြည့်သည်။

"ရှင်... အပေါင်း အစ်ကိုက ကျွန်မအိမ်အထိ ကျွန်မနဲ့အတူ လိုက်ရဲတဲ့ သတ္တိကောရှိလို့လား"

"ဟာ... ဘာလို့မလိုက်ရဲရမှာလဲ"

ကျွန်တော့် စိန်ခေါ်ဟစ်ကြွေးလိုက်သံကြောင့် သူမ ဝမ်းသာပျော်ရွှင်သွားပုံရသည်။

"ဒါဖြင့်လည်း လိုက်ခဲ့လေ၊ အစ်ကို သိချင်နေတဲ့ အစ်ကို့ရဲ့မေးခွန်းတွေကို ညီမ ဖြေနိုင်ကောင်း ဖြေနိုင်ပါလိမ့်မယ်၊ အစ်ကို မမေးရသေးတဲ့ မေးခွန်းသစ်တွေကိုလည်း ကျွန်မ ဖြေဖြစ်ချင် ဖြေဖြစ်မှာပါ"

ချက်ချင်း ကျွန်တော့်စိတ်တွေ လှုပ်ရှားတက်ကြွသွားသည်။ ကျွန်တော် သူမအနီးသို့ လှမ်းရွှေ့သွားပြီး သူမနှင့်ယှဉ်၍ ဆက်လျှောက်လာခဲ့သည်။ ရှေ့က လမ်းချိုးလေးထဲ နှစ်ဦးသား လျှောက်ဝင်လာခဲ့ကြသည်။

လမ်းကြားလေးက မြေနီလမ်းသွယ်လေးဖြစ်၏။ ညာရှခင်းတွေထဲတွင် ရပ်ကွက်တစ်ခု၏ သာမန်လူတန်းစားရပ်ကွက်ကလေးတစ်ခုအဖြစ် သရုပ်ဖော်ထားသည်။ ပျဉ်ထောင်အိမ် မည်းမည်းလေးတွေနှင့် တဲအိမ်ကလေးတွေ၏ ဝိုးတဝါး ပန်းချီကားချပ်လေးကို လရောင်တွေနှင့် မထင်မရှား မြင်နေရသည်။ လမ်းသွယ်လေးတစ်ဝက်ဆီ ရောက်လာခဲ့ပြီး ခြံကလေးတစ်ခြံရှေ့၌ သူမ ရပ်လိုက်သည်။

"ဒါ ညီမတို့အိမ်ပဲ အစ်ကို လာ..."

သူမ၏ အသံလေးက တိမ်ဝင်နေပြီး ကြားရရုံလေးသာရှိသည်။ အိမ်ကလေးက ပေနှစ်ဆယ်ဝန်းကျင် ခြံကလေးထဲမှာ မြေစိုက်တဲငယ်လေးတစ်လုံးသာဖြစ်သည်။ ကျွန်တော် သူမနောက်မှ ခြံထဲလိုက်ဝင်လာခဲ့သည်။

တဲအိမ်ကလေးပေါ် သူမနောက်မှ ကျွန်တော် လှမ်းတက်လာခဲ့သည်။ ကွပ်ပစ်ခုတင်လေးတစ်ခုပေါ်တွင် အသက်ငါးဆယ်ခန့် အဘွားကြီးတစ်ဦးက ပတ်လက်လှန် လှဲအိပ်နေသည်။ အဘွားကြီး၏ သဏ္ဌာန်က အရိုးပေါ်အရေတင်ရုံလေးသာရှိပြီး ဆံပင်တွေက ဖြူဖွေးနေသည်။ ခေါင်းဆယ်အားမီးလုံး ဝါကျင်ကျင်အောက်မှာ သူမ၏ မျက်လုံးများက ဟောက်ပက်ကြီးဖြစ်နေသည်။



ထိတ်လန့်စရာ မြင်ကွင်းဖြစ်သည်။

နှင်းဆွတ်တိမ်က အဘွားကြီးအနီး ခုတင်စွန်းတွင် ဝင်ထိုင်လိုက်ပြီး နဖူးပြင်နှင့် ပါးပြင်ကို ကြင်နာယုယစွာနှင့် စမ်းသပ်ဆုပ်ကိုင်လိုက်သည်။ ကျွန်တော်က ခုတင်ခေါင်းရင်း နံရံတွင်ထောင်ထားသည့် ဟော်လိုကစ်ဘာဟောင်းလေးကို မြင်လိုက်သည်။ လူမမာသည် အဘွားကြီးက မျက်နှာစိမ်းဖြစ်သူ ကျွန်တော့်ကို ငေးကြည့်နေသည်။

"အမေ ဒါ သမီးရဲ့မိတ်ဆွေပါ၊ နာမည်တော့ မသိရသေးဘူး၊ လမ်းမှာဆုံခဲ့ကြလို့ သမီး အိမ်ကို အလည်လိုက်ဖို့ ဖိတ်ခေါ်ခဲ့တာ"

နှင်းဆွတ်တိမ်က သူမ၏မိခင်ကို ရှင်းပြလိုက်ပြီး ကျွန်တော့်ကို ပြန်လှည့်မော့ကြည့်ကာ အားမာန်ပါသည့် အပြုံးပွင့်တွေဖြင့် ပြုံးပြသည်။

"အမေ့ကို နှုတ်ဆက်လိုက်ပါဦး အစ်ကို"

ကျွန်တော် ဝမ်းသာအားရလေး ပြုံးလိုက်ပြီး သူမ၏ အမေ့နားသို့ နှုတ်ဆက်ရန် တိုးသွားလိုက်သည်။ ကျွန်တော့်ညာလက်ကို ဆန့်တန်းပေးလိုက်သည်။ သို့သော် အဘွားကြီး၏ ဖြူလျှော်နွမ်းလျနေသည့် မျက်နှာပေါ်မှ အပြုံးစမှုန်မှုန်လေးသာ ဖြာလက်သွားပြီး ညာဘက်ကိုယ်တစ်ခြမ်းလုံးက လေဖြတ်ထားသောကြောင့် လုံးဝ လှုပ်ရှားနိုင်ခြင်းမရှိသည်ကို တွေ့လိုက်ရ၏။

ကျွန်တော့် ရင်တစ်ခုလုံး ကြေမွသွားသလို ခံစားလိုက်ရသည်။

"အမေ..."

ကျွန်တော့်အသံတွေ တုန်ရီအက်ရှစွာနှင့် ပျော်ဆင်းသွားသည်။ အဘွားကြီးက ကျွန်တော့်ကို ခေါင်းကလေးလှုပ်သာရုံ ညိတ်ပြ၍ နှုတ်ဆက်သည်။

နှင်းဆွတ်တိမ်က ကျွန်တော့်လက်မောင်းကို တို့လှုပ်လိုက်ပြီး ...ခန်းဆီသို့ လိုက်ခဲ့ရန် မျက်ရိပ်ပြသည်။ ကျွန်တော် ကိုယ်ကိုပြန်မတ်... သူမနောက်ကျောမှ လိုက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းခန်းက မှောင်ဝေဝေလေး ဖြစ်နေသည်။ သူမက ခြေ
ကာ လှမ်းဝင်သွား၏။ သူမတို့၏ အိမ်ရှေ့ခန်းက ပရိဘောဂ အဖိုးတန်
တွေ မရှိသော်လည်း သပ်သပ်ရပ်ရပ် ဖြစ်သည်ကိုတော့ အကဲခတ်လို
သည်။

ရုတ်တရက် ကျွန်တော်က မှောင်ဝေဝေ အတွင်းခန်းထဲသို့ လို
ဝင်ရမှာ တုန့်ဆိုင်းနေသည်။ မယုံသင်္ကာစိတ်လေးဖြင့် စိုးရိမ်တုန်လှုပ်သွ
သည်။ သို့သော် သူမက ချက်ချင်း ကျွန်တော့်စိတ်တွေကို ရိပ်မိပုံရသည်

သူမလက်ကို ဆန့်တန်းပြီး ငွေ့ဖွဖွရယ်သည်။

"မလန့်ပါနဲ့ရှင်၊ ဝင်ခဲ့စမ်းပါ၊ အစ်ကို့ကို ညီမ ပြောစရာရှိလို့
အစ်ကိုမေးခဲ့တဲ့ မေးခွန်းတွေကို ညီမက ဖြေရမဲ့တာဝန်ရှိတယ်လေ၊ ညီမ
အစ်ကို့ကို မလှည့်စားပါဘူး၊ သိပ်လည်း မစိုးရိမ်ပါနဲ့ အစ်ကို
အဟင်း... ဟင်း"

ကျွန်တော့်ကိုယ်ကျွန်တော် ရှက်သွားပြီး မျက်နှာတွေ ထူပူသွားသ
ခံစားလိုက်ရသည်။ ကျွန်တော် ဘာကြောင့်များ မာနကြီးပြီး သန့်ရှင်းဖြ
စင်သည့် ဤအပျိုစင် နတ်သမီးလေးကို တလွဲထင်ပြီး ပြစ်မှားမိပါလိ
ဟု ဝမ်းနည်းသွားသည်။

ကျွန်တော် အတွင်းခန်းလေးထဲသို့ ရဲဝံ့ပြတ်သားစွာ လှမ်းဝင်
ခဲ့၏။ သူမက ဖန်မီးအိမ်လေးကို မီးထွန်းညှိလိုက်သည်။ ယခုမှ အခန်း
လေးက လိမ္မော်ရောင်လေး လင်းတောက်သွားသည်။ အခန်းထဲ
နောက်ထပ် ကွပ်ပစ်ခုတင်ကလေးတစ်ခုကို တွေ့လိုက်ရသည်။

ခုတင်ပေါ်မှာ စောင်လေးတစ်ထည်ကို နှစ်ယောက်ခြုံပြီး အိပ်ပျေ
ေသော ကလေးနှစ်ယောက်ကို မဖျော်လင့်ဘဲ မြင်လိုက်ရသည်။ တစ်
ယောက်က မိန်းကလေး ခုနစ်နှစ်အရွယ်၊ နောက်တစ်ယောက်က လေးနှ
အရွယ် ယောကျာ်းကလေးဖြစ်သည်။

ကျွန်တော် အံ့အားသင့်ပြီး သူမကို လှမ်းမေးမိတော့မလို ဖြစ်သွ
သည်။ သူမ လေသံတိုးတိုးနှင့် လှမ်းတားလိုက်သည်။

"ရှူး... ကလေးတွေ နိုးသွားမယ်၊ ဟိုလသာဆောင် လက်ရန်



းမှာ ခဏသွားထိုင်ပါ၊ ညီမ အားလုံးရှင်းပြပါ့မယ်"

ကျွန်တော် ခေါင်းညိတ်ပြပြီး သူမညွှန်ပြသည့် အိပ်ခန်းအပြင်ဘက်
နတာလေးဆီ လှမ်းထွက်လာခဲ့သည်။ အဘွားကြီးက အိပ်ရာပေါ်မှ
န်တော့်ကို လှမ်းကြည့်လိုက်သည်။ အဘွားကြီးက အသက်နှင့်မလိုက်
ောင် အိုဇာလွန်းကာ မျက်နှာတစ်ခုလုံး အရေတွေတွန့်နေ၏။ အကြော
တွေ ထောင်ထနေသည်။ လောကဓံတရားများကို အလူးအလဲ ရင်ဆိုင်ဖြတ်
န်းခဲ့ရသည်ကို သက်သေခံနေသည်။

ကျွန်တော် လသာဆောင်လေးတွင်ရပ်ပြီး စောင့်နေလိုက်သည်။
ကြာလျှင် သူမ လင်ပန်းတစ်ချပ်ကိုင်ပြီး လှမ်းထွက်လာသည်။
င်ပန်းထဲမှာ ကော်ဖီတစ်ခွက် ပါလာသည်။ ကျွန်တော် ခုံတန်းလေးပေါ်
ိုင်ချလိုက်သည်။ သူမက ကျွန်တော့်နံဘေးမှာ ဗန်းကိုချပြီး ဝင်ထိုင်သည်။

"အစ်ကို အခုလို ညီမတို့အိမ်ကို လိုက်လာတာ ညီမ ဝမ်းသာတယ်၊
စ်ကို့ကို ကျေးဇူးလည်းတင်တယ်၊ ညီမတို့က ဆင်းရဲပါတယ် အစ်ကို၊
စ်ကို့အမြင်ပါပဲ၊ အဖေက ကျွန်မ ငယ်ငယ်လေးထဲက ကျွန်မတို့ကို
န့်ပစ်သွားခဲ့တယ်၊ အမေနဲ့စိတ်ဆိုးပြီး အိမ်ပေါ်ကဆင်းသွားခဲ့တယ်၊
နေ့ထိ ဘာသတင်းအစအနမှ မကြားရတော့ဘူး၊ အဲဒီအချိန်ကစပြီး
ျွန်မ အစ်မနဲ့ ကျွန်မရယ်၊ အမေရယ်၊ သားအမိသုံးယောက်ဟာ ဒုက္ခ
င်လယ်တွေ ဝေခဲ့ကြရတယ်၊ ဘဝတိုက်ပွဲတွေ ပြင်းထန်စွာ ရင်ဆိုင်ခဲ့ရတယ်
ိုပါတော့"

နှင်းဆွတ်တိမ်က သူမတို့မိသားစု၏ ကြေကွဲနာကျည်းစရာကောင်း
ည့် အတိတ်ဇာတ်ကြောင်းကို ရင်ဖွင့်သည်။ ခင်ပွန်း စွန့်ပစ်ခံရသည့်
ူမတို့ မိခင်၏ ကြမ်းတမ်းစွာ ရုန်းကန်ရသော ဘဝရီးကြမ်းတွေကို
င်နင့်ကြေကွဲဖွယ် ပြန်ပြောပြသည်။

သို့သော်လည်း သူမ မျက်လုံးတွေက လေးနက်တည်ကြည်နေသည်။

"အခန်းထဲမှာ အိပ်နေကြတဲ့ ရွှေကြိုးကြာနဲ့ နတ်သားလေးလေး
ယောက်က ကျွန်မအစ်မ ဝင်းညွှတ်အိမ်ရဲ့ သမီးနဲ့သားလေးလေ၊ အစ်မက
ိုးမပါ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဆုံးသွားခဲ့တယ်၊ အမေဟာ ကျွန်မနဲ့

www.burmeseclassic.com

www.burmeseclassic.com



မြေးနှစ်ယောက်အတွက် တစ်ဦးတည်း ရုန်းကန်ခဲ့ရတယ်၊ ကျွန်မရဲ့ ပညာ ရေးစရိတ်ကတစ်ဖက်၊ မြေးနှစ်ယောက်နဲ့ အိမ်စရိတ်ကတစ်ဖက်နဲ့ ဝန်ထုပ် ဝန်ပိုးတွေ မနိုင်မနင်း ပိခဲ့ရတယ်၊ အဲဒီဒဏ်တွေနဲ့ အမေဟာ နောက်ဆုံး ဘုန်းဘုန်းလဲပြီး ကိုယ်တစ်ခြမ်းသေ လေဖြတ်သွားခဲ့ရတယ်၊ အမေလေဖြတ် သွားတာဟာ တစ်နှစ်ခွဲကျော်ကျော် ရှိခဲ့ပြီပေါ့၊ အိပ်ရာထဲက မထနိုင်တော့ ဂီလာနကြီး ဖြစ်ခဲ့ရတယ်၊ ကျွန်မလည်း ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်း ထွက်ခဲ့ရတယ်"

ကျွန်တော် စိတ်မကောင်းဖြစ်သွားသည်။ သူမ၏ ပူလောင်ကျွမ်း မြေခဲ့ရသော နှလုံးသားဒဏ်ရာတွေကို နားလည်ခံစားရသည်။

"အင်း ဒါဆိုရင် မိသားစုကြီးတစ်ခုလုံးရဲ့ တာဝန် ဝန်ထုပ်ဝန်ပိုး ကြီးက မင်းပခုံးပေါ် ပိကျလာခဲ့တယ်ဆိုပါတော့ ဟုတ်လား"

သူမ၏ နှင်းဆီငုံလေးပေါ်မှာ ရင့်ကျက်သည့် အပြုံးလှိုင်းတွေ လျှပ်ပြေးလာသည်။

"ဝန်ထုပ်ဝန်ပိုးကြီးတော့ မဟုတ်ပါဘူး အစ်ကို၊ ဒါဟာ ကျွန်မရဲ့ မလွဲမသွေ ခံယူရမဲ့ တာဝန်တစ်ခုပါပဲ၊ အမေက သူ တတ်စွမ်းနိုင်သမျှ ကျွန်မဘဝကို တည်ဆောက်ဖြည့်စွမ်းခဲ့ပြီးပြီလေ၊ ဟုတ်တယ်လေ သူ ကျွန်မ ကို ပညာလည်း သင်ပေးခဲ့ပြီးပြီ၊ ပြုစုပျိုးထောင်ပေးခဲ့ပြီးပြီ၊ အဲဒါတွေအပြင် ကျွန်မ သိပ်တတ်ချင် သင်ကြားချင်ခဲ့တဲ့ ဂီတအနုပညာတွေကိုလည်း အ အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကူညီပံ့ပိုး မြေတောင်မြှောက်ပေး ခဲ့ပြီးပြီ မဟုတ်လား၊ အခု ကျွန်မ အမေ့ကို တစ်လှည့်ပြုစုရဦးမှာပေါ့ ပြီးတော့ ကျွန်မအစ်မရဲ့ ရင်သွေးလေးတွေကိုလည်း နိုင်ငံ့သားကောင်းလေး တွေ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရမဲ့ တာဝန်တွေကို ကျွန်မတစ်လှည့် ပြန်ပေးဆပ်ရဦးမယ်လေ၊ ဒါတွေဟာ ကျွန်မရဲ့ မျှော်လင့်ခြင်းအိပ်မက်သစ္စာ တွေပါ အစ်ကိုရယ်..."

သူမ ဆွေးဖွဖွလေးဆိုပြီး သက်ပြင်းချ၏။

"ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ဒါပေမဲ့ မင်းလည်း ခေတ်ပညာ



တတ် မိန်းကလေးပဲကွာ၊ ဒီလို အပေါစား စားသောက်ဆိုင်လေးတစ်ခုမှာ မင်းရဲ့ အနုပညာတွေကို အလဟဿတ် ဈေးပေါပေါနဲ့ ဖျော်ဖြေနေမဲ့အစား တခြား ဂုဏ်သိက္ခာရှိမဲ့ အလုပ်တစ်ခုခုမှာ ဝင်လုပ်ရင်း မင်းရဲ့ ပညာရေးခရီးနဲ့ အနုပညာဂီတလုပ်ငန်းတွေကို တိုးတက်မြင့်မားအောင် ကြိုးစားသင့်တာပေါ့၊ ဥပမာ ဌာနတစ်ခု ဒါမှမဟုတ် ကုမ္ပဏီတစ်ခုခုမှာ ဆိုပါတော့"

သို့သော် ကျွန်တော့်ခံယူချက် သဘောထားတွေကို သူမ မည်သို့ နားလည်သည်မသိ။ နှင်းဆွတ်တိမ်က လှုပ်လှုပ်မြူးမြူး ရယ်လိုက်သည်။

"ဒါပေမဲ့ ကျွန်မအနေနဲ့တော့ ဌာနတစ်ခု ဒါမှမဟုတ် အစ်ကို ပြောသလို ကုမ္ပဏီတစ်ခုခုမှာ လခစားဝင်လုပ်တာနဲ့ အခု ကျွန်မလုပ်နေတဲ့ အလုပ်အမျိုးအစားကြားမှာ ဘယ်လိုခြားနားချက်တွေရှိနေလို့လဲ အစ်ကိုရဲ့၊ ပြောပါဦး အဟင်း... ဟင်း၊ ဘယ်အလုပ်ပဲလုပ်လုပ်ပါအစ်ကို၊ မိန်းကလေး တစ်ယောက်အတွက် အန္တရာယ်ဆိုတာကတော့ ရှိနေမှာပဲ၊ အတူတူချည်း ပါ၊ ကိုယ့်အပေါ်ပဲ မူတည်တယ်၊ အစ်ကို စဉ်းစားကြည့်နော် လေ ဖြတ်ထားတဲ့ ဂီလာန အမေအိုကြီးနဲ့ လူမမယ် ကလေးနှစ်ဦးရဲ့ ဝေယျာဝစ္စ တွေကို တစ်နေကုန် ပင်ပင်ပမ်းပမ်း လုပ်ပေးနေရတဲ့ ကျွန်မက သူတို့ကို စထားခဲ့ပြီး ဘယ်လို အလုပ်လုပ်နိုင်မှာလဲ အစ်ကို၊ သူတို့ ညဘက် အိပ်ရာဝင်ချိန်လေးမှာမှ ကျွန်မ နားရတယ်၊ ဒါကြောင့် ဒီအချိန်မှာ ညဘက် ကျွန်မ အပြင်ထွက်ပြီး ဒီအလုပ်ကို လုပ်ရတာ၊ ကျွန်မ ဝါသနာနဲ့ ကျွန်မ အတွက်တော့ အသင့်တော်ဆုံးပဲလို့ ကျွန်မထင်တယ်"

ကျွန်တော့်ရင်ထဲ၌ ငြိနေသည့် သံသယငွေ့လေးတွေက ယခုမှ ရှင်းသွားတော့သည်။ သူမ ဆိုလိုချင်သည့် အဓိပ္ပာယ်ကို ကျွန်တော် လေးလေးနက်နက် နားလည်လိုက်ပြီဖြစ်သည်။

ကျွန်တော် ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားသည်။ သို့သော် လေးနက်သော မေးခွန်းတစ်ခွန်းကိုတော့ မေးဖြစ်လိုက်သည်။

"ဒါဆို မင်းဘဝအတွက်ကော အိမ်ထောင်ပြုဖို့ မစဉ်းစားတော့ ဘူးလား"

စိတ်ထဲက အမှတ်မထင် မေးလိုက်မိခြင်းဖြစ်သည်။ သူမက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို စိမ်းရွှဲရွဲလေး စိုက်ကြည့်လျက် မချိုပြုံးလေးပြန်ပြုံးသည်။

"ကျွန်မအတွက် အိမ်ထောင်ပြုဖို့ဆိုတာ အိပ်မက်တောင် မမက်ပါဘူး၊ ကိုယ်တစ်ခြမ်းသေနေတဲ့ ဂီလာန မိခင်အိုကြီးနဲ့ မိဘမဲ့ လူမမယ် ကလေးနှစ်ဦးတို့ရဲ့ 'သမီးနဲ့အမေ' ဖြစ်နေတဲ့ မိန်းမတစ်ယောက်ကို ယောကျာ်းတစ်ယောက်က လက်ထပ်ရဲလောက်အောင် စိတ်ကူးမယဉ်နိုင် ပါဘူးရှင်၊ ကျွန်မ ဒီလောက်ထိအောင်တော့ မစိမ်းကား မရက်စက် ထား ကိုယ်ကောင်းမဆန်ရက်ပါဘူး အစ်ကို၊ ဒီအတွက် ကျွန်မနှလုံးသားတွေ စတေးသင့်ရင်လည်း စတေးရမှာပဲလေ"

သူမအသံတွေ တုန်ရင်ပြိုဆင်း လွင့်ပျောက်သွားပါသည်။

သူမ၏ ရင့်ကျက်မှု၊ အရွယ်နှင့်မလိုက် ထိန်းသိမ်းနိုင်စွမ်းမှုတို့ ကျွန်တော့်နှလုံးသားထဲမှ နားလည်ချီးကျူးလိုက်မိပါသည်။ စိတ်ဓာတ် ကြံ့ခိုင်သည့် မာနလှသော မိန်းကလေးတစ်ဦး။ လှသားစိတ်ဓာတ် အပြည့် ရှိသည့် သူမအပေါ် ရင်ထဲမှ ကြင်နာသနားစိတ်နှင့် ဂရုဏာစိတ်တွေ ကျွန်တော် ယှိဖိတ်တင်းကျပ်နေသည်။

ကျွန်တော် ခုံတန်းရှည်ပေါ်မှ ဖြည်းညှင်းစွာ ထရပ်လိုက်သည်။ ကလေးနှစ်ဦး အိပ်ပျော်နေသည့် အတွင်းခန်းလေးထဲသို့ လှမ်းဝင်လာ သည်။ ပြီးနောက် ကျွန်တော့် ကုတ်အင်္ကျီအိတ်ထဲမှ Polo ပိုက်ဆံသား အိတ်အညိုလေးကို ဆွဲထုတ်ယူလိုက်သည်။ ပိုက်ဆံအိတ်ထဲ၌ မနေ့က ကျွန်တော့် လုံးချင်းဝတ္ထုအတွက် ပူပူနွေးနွေး ရရှိထားသည့် စာမူခတွေ နေသည်။ ကျွန်တော် ပိုက်ဆံအိတ်ကို ကလေးနှစ်ဦး၏ ခုတင်လေးပေါ် တင်ပေးလိုက်သည်။

အတွင်းခန်းလေးထဲမှ လှမ်းထွက်လာပြီး သူမ၏အမေ အိပ်နေသော ခုတင်ဆီ စောင်းငဲ့ကြည့်လိုက်သည်။ အမေ့ကို နှုတ်ဆက်ပြီး ပြန်တော့မည် သို့သော် အဘွားကြီးက မျက်လုံးတွေကို မှိတ်ထားပြီး လက်တစ်ဖက်က ပုတီးစိပ်နေသည်။

အဘွားကြီး မျက်လုံးဖွင့်မည့်အချိန်ကို ကျွန်တော် တဒင်္ဂ ရပ်စော င့် နေမိသည်။ ထိုအခိုက် ကျွန်တော့်နံဘေးသို့ နှင်းဆွတ်တိမ်က ဖြည်းညှင်းစွာ



လာဝင်ရပ်လိုက်သည်။ သူမက ကျွန်တော်၏ ပိုက်ဆံသားရေအိတ်ကို ကျွန်တော့်လက်ထဲသို့ ပြန်ထည့်ပေးသည်။

"ဒါက... ကိုယ် ကလေးတွေအတွက် မုန့်ဖိုးပေးခဲ့တာပါ နှင်းဆွတ် တိမ်၊ ကိုယ် သန့်သန့်ရှင်းရှင်းရထားတဲ့ ပိုက်ဆံတွေပါ၊ ကိုယ့်မှာ အခြား ဘာအနှောင်အဖွဲ့မှ မရှိဘူး၊ ဘယ်သူ့ကိုမှလည်း ထောက်ပံ့စရာမရှိဘူး၊ ဒါကြောင့် ကူညီတဲ့အနေနဲ့ပါ၊ ပြီးတော့ ကိုယ်ဟာလည်း တစ်ခါတစ်လေ တော့ တစ်ကိုယ်ကောင်းဆန်တဲ့ ဘဝမျိုးက လွတ်မြောက်ချင်တယ်"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မဟာ ကိုယ့်ဂုဏ်သိက္ခာလေး နဲ့ကိုယ် နေနေတာကိုတော့ အစ်ကို မဖျက်ဆီးပစ်လိုက်ပါနဲ့လို့ ညီမ တောင်းပန်ချင်တယ်၊ အစ်ကို့ကို အိမ်ခေါ်လာတာ ကျွန်မတို့ ဆင်းရဲတယ် ဆိုတာ ပြချင်လို့ ခေါ်လာတာ မဟုတ်ပါဘူး၊ ကျွန်မဘဝကို ကျွန်မ ဂုဏ်ယူတယ်၊ ဒါကို အစ်ကိုက အထင်တစ်မျိုးနဲ့ မြင်သွားတယ်ထင်တယ်၊ ဝမ်းနည်းပါတယ်အစ်ကို"

"မင်း ကိုယ့်ကို အထင်လွဲနေပြီထင်တယ်"

"ညီမ အစ်ကို့ကို အထင်မလွဲပါဘူး၊ အစ်ကို့စေတနာကို နားလည် ပါတယ်၊ ဒါပေမဲ့ လက်မခံပါရစေနဲ့၊ အစ်ကိုဟာ တခြားလူတွေနဲ့ မတူ ဘူးဆိုတာကို သိပါတယ်၊ ဒါကြောင့်လည်း ကျွန်မအိမ်ကို ခေါ်ခဲ့တာပေါ့၊ တစ်ခုတော့ ပြောချင်တယ်၊ အစ်ကို ကျွန်မကို နားလည်တယ်၊ ကျွန်မရဲ့ ဂုဏ်သိက္ခာကို တန်ဖိုးထားတယ်ဆိုရင်တော့ ကျွန်မအတွက် တစ်ခုတော့ ဆောင်ရွက်ပေးစေချင်ပါတယ်"

"ပြောပါ ကိုယ် ဘာလုပ်ပေးရမလဲ၊ မင်းအတွက် ကိုယ်တတ်နိုင် တာဆိုရင် ဘာမဆို ဆောင်ရွက်ပေးဖို့ အဆင်သင့်ပါပဲ"

"ကျွန်မကို လေးလေးနက်နက် ကတိတစ်ခုပေးပါလား"

"စိတ်ချပါ၊ ကိုယ် ကတိပေးတယ်၊ ဘာလဲ ပြော"

သူမ၏ မျက်နှာက တည်ငြိမ်နေသည်။

မျက်လုံးတွေက အရောင်တောက်ပြီး စိမ်းလဲ့ကြည်လင်နေသည်။

"ဒါဆိုရင် ပြောမယ်၊ နောက်ကို ဘယ်တော့မှ ကျွန်မဆီမလာတော့

 www.burmeseclassic.com 

ပါဘူးလို့ ကတိပေးရမယ်၊ ဒီရပ်ကွက်လေးကိုသာ မဟုတ်ဘူး၊ ကျွန်မ အခု သီချင်းဆိုနေတဲ့ ဆိုးလ် စားသောက်ဆိုင်ကိုပါ နောက်ထပ် ဘယ်တော့မှ မလာတော့ပါဘူးဆိုတာ ကတိပေးပါ၊ ပြီးတော့ ကျွန်မနဲ့တွေ့ဖို့ စကား ပြောဖို့လည်း ဘယ်တော့မှ မကြိုးစားပါဘူးဆိုတာ ကတိပေးပါ"

ဒါ သူမ၏ မာနစိန်ခေါ်ချက်ဟုထင်သည်။ ကျွန်တော် နားမလည် နိုင်အောင် ဖြစ်သွားသည်။ ရင်ထဲမှာလည်း မွန်းကြပ်နာကျင်သွားသည်။ ထူးဆန်းသည့် သူမ၏ တောင်းဆိုချက်များက ကျွန်တော့်နှလုံးသားတွေကို နာကျင်သွားစေသည်။

သူမ မျက်လုံးအိမ်ထဲမှာလည်း မျက်ရည်တွေ စိုရွှဲနင့်နေသည်။

"မင်း ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဒီလိုတောင်းဆိုရတာလဲ"

"ကျေးဇူးပြုပြီး ကျွန်မကို ဘာမှမမေးပါနဲ့တော့လားရှင်၊ အစ်ကို့ရဲ့ ပေးထားတဲ့ ကတိကိုသာ တည်ပါစေ အစ်ကို"

"ဒါပေမဲ့ ဘာကြောင့် ဒီကတိမျိုးတောင်းရတာလဲဆိုတာကိုတော့ ကိုယ် သိချင်သေးတယ်"

သူမ ကျွန်တော့်ကို ဖြည်းဖြည်းမော့ကြည့်သည်။

"ဘာကြောင့်လဲဆိုရင် အစ်ကို့ရင်ထဲက အကြင်နာမေတ္တာတရား တွေနဲ့ ဂရုဏာတရားတွေကို ကျွန်မ မြင်လိုက်ရပြီ၊ ဒါကြောင့် ကျွန်မ ရှင့်ကို ကြောက်တယ်၊ နောက်ထပ်ပြီး မတွေ့ချင်တော့ဘူး၊ ကြာရင် အစ်ကိုနဲ့ ကျွန်မ သံယောဇဉ်တွေ တွယ်လာကြရင် ကျွန်မနှလုံးသားတွေ လှုပ်ရှားလာမယ်၊ စိတ်ကူးယဉ်အိပ်မက်တွေ မက်ချင်လာမယ်၊ ဒါပေမဲ့ ကျွန်မဟာ ချစ်သူရဲ့ရင်ခွင်ထဲကို ကျွန်မဘဝကို ပုံအပ်နိုင်မှာမဟုတ်ဘူး ဘာကြောင့်လဲဆိုတော့ ဂီလာနမိခင်အိုနဲ့ ခိုကိုးရာမဲ့ ကလေးနှစ်ဦးရဲ့ဘဝ ကို ကျွန်မ မစွန့်ပစ်ထားနိုင်ဘူး၊ ဒါကြောင့်မို့ ကျွန်မကိုသနားရင် နောက်ထပ် ဘယ်တော့မှ လာမတွေ့ပါနဲ့တော့လို့ ကျွန်မ အစ်ကို့ကို တောင်းပန်ပါတယ်ရှင်"

သူမ မျက်လွှာကိုချပြီး ခေါင်းငုံ့လိုက်ပါသည်။

"ဒါဟာ 'ဆိုးလ်' စားသောက်ဆိုင်ကို ကျွန်မ သွားနေရတဲ့ အဓိက အကြောင်းရင်း အမှန်ပါပဲ အစ်ကို၊ မှန်ပါတယ် အဲဒီနေရာမှာ ဘာယဉ်ကျေးမှု မရှိနိုင်ဘူး၊ ဘာအနှစ်သာရမှလည်းမရှိဘူး၊ ယမကာအမှောင်ထုတွေ ကြားမှာ အားလုံးက အကာတွေချည်းပါပဲ၊ အခွံတွေချည်းပါပဲ အစ်ကို၊ ပြီးတော့ ရမ္မက်ခိုးဝေနေတဲ့ မျက်လုံးတွေနဲ့ ယောက်ျားဆိုးဆိုးတွေပဲ ကျွန်မ ညစဉ်မြင်တွေ့နေရပါတယ်၊ ဒီတော့ ကျွန်မရဲ့နှလုံးသားတွေဟာ လည်း အမြဲတမ်း ယောက်ျားတွေကို မုန်းတီးရွံရှာနေတော့မယ်၊ အချစ်ကို မွေးဖွားလာမဲ့ ကျွန်မရဲ့ အသည်းနှလုံးတွေဟာလည်း သူတို့အတွက် ထာဝရ ခြောက်ခမ်းသွားနေမှာပါ အစ်ကို"

ကျွန်တော် နှင်းဆွတ်တိမ်၏ သစ္စာတရားနှင့် ကြေကွဲခြင်းများကို နားလည်သဘောပေါက်သွားရသည်။ ရင့်ကျက်သည့် နှလုံးသားနှင့် ခံယူ ချက်ပြင်းထန်သည့် သူမ၏ စိတ်ဓာတ်ကို ကျွန်တော် လေးစားဂုဏ်ယူလိုက် မိသည်။

ကျွန်တော့်နှလုံးသားတွေလည်း အေးမြသွားသည်။ ကျွန်တော် ဖြည်းဖြည်းလေး ခေါင်းငိုက်စိုက်ကျသွားသည်။

"အစ်ကို ဘာတွေစဉ်းစားနေတာလဲဟင်"

ကျွန်တော့်နှုတ်က ပြန်ဖြေနိုင်စွမ်းမရှိတော့ပါ။ မော့မော့လေး ငေးကြည့်နေသည့် သူမ၏ မျက်နှာပန်းလမင်းလေးကို မြတ်နိုးယုယစွာ ဆွဲမော့မယူလိုက်ပြီး သူမ၏ နဖူးနုဖွဖွလေးကို ညင်သာစွာ ငုံ့နမ်းလိုက် သည်။

သူမကလည်း မငြင်းပါ။

"အစ်ကို့ကို ညီမ ဒီ့ထက်ပိုပြီး အခွင့်အရေးတွေ ပေးချင်ပါတယ် အစ်ကို၊ အလိုလိုက်ဖြည့်စွမ်းပေးချင်ပါတယ်၊ ဒါပေမဲ့ ကျွန်မဘဝက ကျွန်မစိတ်တွေကို ချုပ်တည်းထားရတဲ့ဘဝပါ အစ်ကို၊ ဒါကြောင့်မို့ ဒီည အစ်ကိုနဲ့ ညီမ တွေ့ဆုံခဲ့ကြရတဲ့ ဒီဘဝလေးကို 'အိပ်မက်တစ်ခု'လို့ပဲ သဘောထားပြီး ထာဝရ မေ့ပစ်စွန့်လွှတ်လိုက်ပါလို့ ညီမ အနူးအညွတ် ဆန္ဒပြုလိုက်ပါရစေတော့ အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ထိခိုက်စွာနှင့် ပြည်းညှင်းစွာ ခေါင်းညိတ်ပြလိုက်သည်။ ပြီးနောက် သူမ၏ ပခုံးထက်တွင် ဝဲကျနေသည့် သူမ၏ နူးညံ့နက်မှောင်နေသော ဆံပင်လေးတွေကို ကျွန်တော့်လက်ချောင်းသေးတွေနှင့် ပွတ်သပ်ထိုးဖွပေးနေမိသည်။

ထို့နောက် ကျွန်တော်၏ နောက်ဆုံးခွဲခွာခြင်း အထိမ်းအမှတ်နှင့် နှုတ်ဆက်အနမ်းလေး တစ်ပွင့်ကို မြတ်နိုးစွာ ခြွေလိုက်မိပါသည်။

ပြီးသည်နှင့် ကျွန်တော် သူမနှင့် မျက်နှာခြင်း ဖျတ်ခနဲခွာလိုက်ပြီး နောက်လှည့်လိုက်ကာ တဲအိမ်လေး၏ အမိုးအောက်မှ လှမ်းထွက်လာခဲ့လိုက်သည်။ ကျွန်တော် အမှောင်ထုလမ်းသွယ်ကလေး မှုန်ရီရီကြားမှ ညဝီညာဥ်မလေးနှင့် ဝေးရာဆီ လျှောက်လာခဲ့သည်။

သူမ၏ ကိုယ်သင်းနံ့ မွှေးပျံ့ပျံ့လေးတွေက ကျွန်တော့်အသည်းထဲမှာ စွဲရှိနှင့်မွှန်းလိုက်ပါလာသော်လည်း ကျွန်တော်၏ အပြာရောင် အိပ်မက်ကလေးကတော့ ဟိုအဝေး၌ လွင့်မျောကျန်ရစ်ခဲ့ပြီဖြစ်သည်။

နန်းထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ)



www.burmeseclassic.com

# အပြေးနိဂုံး အချစ်နိဒါန်း

## ဘသက်ဆွေ

“ဖြောင်း… ဖြောင်း”

လမ်းမ၏ တစ်ဘက်ခြမ်း ရုပ်ရှင်ရုံအောက်ဆီမှ လှမ်းတီးလိုက်သော လက်ခုပ်သံကြောင့် ကျွန်တော် နောက်သို့လှည့်ကြည့်လိုက်မိသည်။

“ဟင်… ဦးလေးအောင်ကြည်ပါလား၊ သူ… သူ”

လမ်းမတစ်ဘက်ခြမ်းမှ လက်ခုပ်လှမ်းတီးသူကို တွေ့လိုက်ရသောအခါ ကျွန်တော့်နှုတ်က ထိုသို့ညည်းသွားလိုက်မိသည်။ ရင်ထဲမှာလည်း စိုးရိမ်သောကစိတ်ကြောင့် တဒိန်းဒိန်းခုန်နေသည်။

သူ့ဦးလေး အောင်ကြည်၊ ဟုတ်ပါသည်။ ကျွန်တော့်အဖေထက်အငယ်၊ သူ့လက်ပေါ်မှာပင် ကျွန်တော် ကြီးပြင်းလာခဲ့ရသည်။ သူ့ကို ဘယ်လိုပုံစံမျိုးနှင့် ဘယ်အချိန် ဘယ်နေရာမှာတွေ့တွေ့ ကျွန်တော့်အမှိုမမှတ်မိစရာအကြောင်း လုံးဝမရှိ။ သူသည် ဝေါမှာလိုပင် မျက်နှာသုတ်ပုဝါကို ခေါင်းပေါင်းထားသည်။ သောက်နေကျ ဖက်ဖြူဆေးပေါ့လိပ်ရှည်ကြီးကို လက်ထဲညှပ်ထားသည်။

ကျွန်တော့်ဦးလေးတော့ ဟုတ်သည်။ သူကလည်း ကျွန်တော့်ကို တွေ့ချင်၍ လမ်းဖြတ်ကူးရန် ဟန်ပြင်နေသည်။



သို့သော်… သို့သော်…

ကျွန်တော် သူနှင့်မတွေ့ရပါ။ တွေ့လို့လည်း ဖြစ်မည်မဟုတ်ပါ။

ထို့ကြောင့်… ထို့ကြောင့်။

ဘူတာကြီး နာရီစင်မှ နာရီကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ ၄း၁၈ မိနစ်ကို ပြနေသည်။ ၄း၂၀ သက်န်းကျွန်းရထားရှိသည်။ ရထားစီးပြီး ရှောင်တိမ်းလိုက်မည်ဟု ချက်ချင်းအကြံပေါ်သွားသည်။

လက်ခုပ်တီး၍ ခေါ်ခြင်းသည် မိမိကိုခေါ်ခြင်း မဟုတ်သလို မသိဟန်ဆောင်၍ ဘူတာစင်္ကြံလမ်းပေါ်သို့ သုတ်သုတ်ပျာပျာ တက်လာခဲ့သည်။ ဦးလေး လမ်းဖြတ်ကူးနေလား၊ ဘာလား လုံးဝမစောင့်တော့ဘဲ နောက်နိုင်းလိုက်ခြင်းပင်ဖြစ်၏။

ကျွန်တော် ဘူတာစင်္ကြံပေါ်သို့ ရောက်သည်နှင့် သက်န်းကျွန်းရထားက ထွက်ရန် ဥသြဆွဲနေပေပြီ။

ကျွန်တော် နီးစပ်ရာ တွဲတစ်တွဲကို တက်လိုက်ရာ နောက်ဆုံးတွဲနှင့် တစ်တွဲကျော်တွဲမှာ ရောက်နေကြောင်း သိလိုက်ရသည်။

ရထားဘီး စ၍လိမ့်လေပြီ။

ထိုစဉ်မှာပင် ဦးလေးသည် စင်္ကြံပေါ်မှာ သွက်သွက်လျှောက်လှမ်းကာ ရထားတွဲများကို မျက်လုံးကစားနေသည်။ ကျွန်တော် သူ့ကို လှမ်းမြင်လိုက်သည်။ ကျွန်တော်သည် ပြတင်းပေါက်တစ်ခုမှ ခေါင်းထွက်၍ ကြည့်နေသောကြောင့်ဖြစ်၏။

“ဟိုက်… သူ… သူကလည်း ငါ့ကို တွေ့သွားပြီထင်ပါရဲ့”

ဦးလေး၏ မျက်လုံးအစုံသည် ကျွန်တော်ရှိရာ ပြတင်းပေါက်ကို တစ်ချက် စူးစူးကြည့်လိုက်သည်ကို သတိထားလိုက်မိသည်။

သို့သော် ရထားဘီးက လိမ့်၍အတော်အရှိန်ရလာတော့မည်ဖြစ်၍ ဦးလေးသည် ကျွန်တော်ရှိရာတွဲပေါ်ကို တက်လို့မရတော့ပါ။ ကျွန်တော်စီးလာသော တွဲနောက်မှ တွဲပေါ်သို့ အပြေးအလွှား ခုန်တက်ပါလာသည်ကို တွေ့လိုက်ရသည်။

ရွှေဘူတာ ပုစွန်တောင်။

www.burmeseclassic.com

www.burmeseclassic.com



ပုဇွန်တောင်ဘူတာရောက်လျှင် တွဲပြောင်းစီးမှ ဖြစ်တော့မည်။ သို့မဟုတ် ဆင်းလိုက်မှဖြစ်မည်။ သူက ကျွန်တော်ရှိရာတွဲကို ပြောင်းစီးမှာ သေချာသည်။ ထိုအခါ သူနှင့် တွေ့သွားမည်။

သူနှင့်တွေ့လို့က လုံးဝမဖြစ်။

အဘယ်ကြောင့် သူ့ကို ရှောင်တိမ်းနေရပါသနည်း။ ကျွန်တော့်မှာ အကြောင်းရှိသည်။

ဘိုကလေးမြို့နယ်ထဲမှ ပင်လယ်ပိုင်းကျသော ရွာတစ်ရွာ။ ထိုရွာသည် ကျွန်တော့်ဇာတိ မွေးရပ်မြေ၊ ကျွန်တော်ငယ်စဉ်ကပင် အမေဆုံးခဲ့၍ ကျွန်တော်သည် မိတဆိုး တစ်ကောင်ကြွက် ဖြစ်ခဲ့ရသည်။ သို့သော် ကျွန်တော့်ဘဝသည် အဆင်ပြေ၏။

ကျွန်တော့်အဖေသည် ပင်လယ်သားဖြစ်သော်လည်း တံငါအလုပ်ကို မလုပ်ပါ။ ဓနိခင်းများ စိုက်ပျိုး၍ တစ်နှစ်တစ်ကြိမ်ပေါ်သော ဓနိရောင်းဝယ်ရေးကို လုပ်ကိုင်၍ စီးပွားရေး ပြေလည်ပါသည်။

ဓနိသည် တစ်နှစ်တစ်ကြိမ် ပေါ်သည်ဆိုသော်လည်း အဖေ့ဓနိခင်းအကြီးကျယ်များပြားလှ၍ တစ်နှစ် နှစ်ကြိမ်ခုတ်ရသည်။

အဖေသည် နှစ်စဉ် ဓနိခင်းအလုပ်နှင့်ပင် စီးပွားရေးပြေလည်ပါသည်။ ကျွန်တော်ဆိုလျှင် တစ်ရွာလုံးရှိ လူပျိုကာလသားများထဲတွင် ငွေအသုံးနိုင်ဆုံး၊ အဝတ်အစား အဝတ်နိုင်ဆုံးဖြစ်သည်။ ထို့ကြောင့်လည်း အခြား ကာလသားများက ကျွန်တော့်ကို ရိသဲ့သဲ့နှင့် ချစ်သူဝိုင်းဝိုင်းလည်သူဟု ပြောကြသည်။

မည်သို့ဆိုစေ မိန်းကလေးတွေ ဘယ်လောက်ပင် ဝိုင်းလည်နေပါစေ ကျွန်တော်ကတော့ သဘောဖြူ၍ ရိုးသားလှသော မချိုကိုသာ ချစ်မိခဲ့သည်။

မချိုကတော့ ဆင်းရဲသည်ဆိုသော်လည်း တစ်ရွာလုံးမှာ အလှစာရင်းဝင်သူလေးဖြစ်သည်။ မပြည့်စုံခြင်းကို ပြည့်စုံမှုများနှင့် အစားထိုးလိုက်လျှင် မချိုသည် အလှဘုရင်မလေး ဖြစ်လာမည်ဟု ကျွန်တော်ထင်သည်။

မချိုနှင့် ကျွန်တော် ချစ်မိကြသော သုံးနှစ်ကြာခရီးမှာပင် အဆင်လေဖြတ်၍ အိပ်ရာထဲလဲသည်။



ထိုနှစ်က မချိုကို လက်ထပ်တော့မည်ဟု ကျွန်တော် ကြံရွယ်ခဲ့သော်လည်း ရုတ်တရက် ပေါ်ပေါက်လာသော ထိုပြဿနာကြောင့် ကျွန်တော်သည် ဓနိခင်းများကို ဦးစီးရတော့သည်။

ကျွန်တော် ဦးစီးသည်ဆိုသော်လည်း အဖေ့ညီ ဦးလေးအောင်ကြည်နှင့် အမေဘက်က ညီအစ်ကိုတစ်ဝမ်းကွဲတော်သော ကိုမြင့်ရွှေတို့ပါ အတူလုပ်ကိုင်ကြခြင်း ဖြစ်ပါသည်။

ဓနိခုတ်၊ အလုပ်သမားများကို ဦးလေးက စီစဉ်၍ ဓနိရည်ခံသော အလုပ်ကိုမူ ကျွန်တော်နှင့် အစ်ကိုမြင့်ရွှေတို့က လုပ်ကိုင်ကြပါသည်။

ဓနိရည်ခံ၍ ဖောက်သည်ပြန်ပေးသော အလုပ်က နေ့စဉ်ဝင်ငွေရ၍ အစ်ကိုမြင့်ရွှေတို့သားအမိများ၊ မိသားစုရော၊ ဦးလေးတို့ မိသားစုပါ လောလောဆယ် ထောက်ပံ့လို့ရပါသည်။ ကျွန်တော်တို့ သားအဖအတွက်ကတော့ ပိုလျှံလျက်နေ၍ အဖေ့ကို ဆေးဝါးအမျိုးမျိုး ကုသနေလျက်ရှိပါ၏။

တစ်နေ့နံနက်ခင်း အစ်ကိုမြင့်ရွှေမပါဘဲ ကျွန်တော်နှင့် ဦးလေးနှစ်ယောက်တည်း ဓနိခင်းကို ဆင်းခဲ့ကြသည်။ ဓနိရည်ခံရင်းမှ ဦးလေးကစ၍ ပြောလာ၏။

"ဟေ့... မောင်ချစ်ရီရဲ့၊ မင်းနဲ့ မချိုလေးတို့က ဘယ်လိုလဲ၊ လက်ထပ်ရင်လည်း မြန်မြန်လက်ထပ်လိုက်လေ၊ တော်ကြာ ကြားလူဝင်လာဦးမယ်"

"မဟုတ်တာ ဦးလေးရာ၊ မချိုကို ကြားလူဝင်လို့ ဘယ်ရမလဲ"

"အဟားဟား... မင်းကသာ သိပ်ယုံနေတာ၊ ကြံတဲ့ကောင်လည်း အသေအလဲ ကြံနေတာပဲကွ"

"ဘယ်သူကြံနေလဲ"

"မြင့်ရွှေလေကွာ"

"ဗျာ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်း မယုံဘူး မဟုတ်လား၊ မောင်မြင့်ရွှေက မင်းကို သိပ်ချစ်တာတော့ ဟုတ်ပါရဲ့၊ ဟိုတစ်လောကတော့ မချိုကို လိုက်စကားပြောတာ နှစ်ခါရှိပြီသိလား"

"အဲဒါတော့ ကျွန်တော် မသိဘူး၊ သူနဲ့ မြောက်ပိုင်းက မအေးကြည်နဲ့ ကြိုက်နေတာတော့ သိတယ်"

"မအေးကြည်နဲ့လည်း မပြတ်သေးဘူး၊ မိချိုကို လှမ်းမိရင် ဟိုကို..."

"တော်ပါပြီဗျာ၊ ကိုမြင့်ရွှေ သစ္စာမရှိဘူး"

ကျွန်တော် တစ်မနက်လုံး ဒေါပွပွနှင့် အလုပ်လုပ်နေသည်။ ဦးလေးကတော့ ကျွန်တော့်ကိုကြည့်ကာ မကြာခဏ တဟားဟားရယ်လိုက်၊ ဆေးပြင်းလိပ်ကြီးခဲ၍ ဓနိရည်များ လိုက်ခံလိုက်လုပ်နေ၏။

ထိုနေ့ ညနေပိုင်းတွင် ရွာထဲသို့ ကျွန်တော်လျှောက်သည်။ မိချိုနှင့် ဘုန်းကြီးကျောင်းအကွေ့မှာတွေ့၍ မေးကြည့်လိုက်ရာ မိချိုက ကိုမြင့်ရွှေ သူ့အား ချစ်စကားလိုက်ပြောသည်မှာ နှစ်ကြိမ်ရှိကြောင်း သူမက ငြင်းနေကြောင်း သိရသည်။

ကျွန်တော် ဒေါသပိုထွက်သွားရသည်။

နောက်တစ်နေ့ နံနက် ဓနိခင်းကို အစ်ကိုမြင့်ရွှေပါ ဆင်းလာသည်။

ဦးလေးက 'ငါပြောထားတာ မယုံမေးကြည့်' ဆိုသည့်သဘောနှင့် အစ်ကိုမြင့်ရွှေကို မေးငေါ့ပြသည်။ အစ်ကိုမြင့်ရွှေက ဓနိပင်များမှ အရည်ထွက်မည့်နို့တိုင်ကို ဓားဖြင့်ပါးပါးလှီးချကာ သီချင်းတအေးအေးနှင့် အလုပ်လုပ်နေသည်။

ဦးလေးက ဝါးကျည်တောက်ဘူးများကို ဖြုတ်ယူလိုက်၊ ဓနိရည် ခံလိုက် ပြန်တပ်လိုက် လုပ်နေသည်။ ကျွန်တော်က ဓားမြှောင်တစ်ချောင်းနှင့် ဓနိနို့တိုင်ကိုလှီးရန် ရှေ့မှာ အပင်နှစ်ဆယ်လောက်ရှိနေသော်လည်း စိတ်မဝင်စားတော့ပေ။

"အစ်ကိုမြင့်ရွှေ"



"ဟေလကွာ"

"အစ်ကို မချိုကို လိုက်စကားပြောတယ်ဆို ဟုတ်လား"

"အေး အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲဗျ၊ မချိုက ကျွန်တော်နဲ့ကြိုက်နေတာ အစ်ကိုလည်း သိသားနဲ့၊ နောက်ပြီး အစ်ကိုက မမအေးကြည်နဲ့ ဖြစ်နေပြီးသားကို၊ အစ်ကို သစ္စာဖောက်တာပဲ"

"ဟာ... ချစ်ရီရဲ့ မချိုက မင်းရည်းစားဆိုတာဟုတ်တယ်၊ ဒါပေမဲ့ မင်းနဲ့ မညားသေးတော့ သူဟာအပျိုပဲ၊ အပျိုဆိုတာ လူပျိုတွေအတွက် ဘုံပစ္စည်းပဲကွ၊ ကဲကွာ မင်းကကော မအေးကြည်ကို ကြိုက်လား၊ လိုက်ပြောလေ"

"ထွီ..."

"ဟား... ဟား... ဟား"

အစ်ကိုမြင့်ရွှေသည် သူ့စကားကို သူ သဘောကျစွာ ပြောင်လှောင်ရယ်မောပြီး ကျွန်တော့်ကို ရိသဲ့သဲ့ ကြည့်နေ၏။ ကျွန်တော့်ဒေါသများ မထိန်းနိုင်တော့ပါ။

"ခင်ဗျား... ခင်ဗျား... သစ္စာဖောက်၊ ကဲဗျာ"

"အား..."

"ဟေ့ကောင်တွေ၊ ဟာ..."

ကျွန်တော် ဒေါသစိတ်နှင့် အမှတ်မထင် လက်ထဲမှ ဓားမြှောင်ဖြင့် အစ်ကိုမြင့်ရွှေကို ထိုးချလိုက်သည်။ ဝမ်းဗိုက်တည့်တည့်ဟုထင်၏။ အစ်ကိုမြင့်ရွှေ ခွေခနဲ လဲကျသွားသည်။ ဦးလေး၏ ဟန့်တားအော်ဟစ်သံတစ်ချက် ကြားလိုက်သည်။

နောက် ဦးလေးက အစ်ကိုမြင့်ရွှေကို ပွေ့ယူလိုက်သည်။ ဦးလေးလက်သို့ သွေးများပေကျံကုန်သည်။

ဖျတ်ခနဲ ဖျတ်ခနဲ ဖြစ်ပေါ်မြင်တွေ့ရသော ထိုမြင်ကွင်းများကို ကျောခိုင်း၍ ဓနိခင်းထဲမှ ကျွန်တော် ပြေးထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ရောက်သည်နှင့် ကုလားထိုင်ပေါ်၌ ထိုင်နေသော အဖေ့ထံ ပြေးသွားပြီး-

“အဖေ ကျွန်တော်တော့ အစ်ကိုမြင့်ရွှေကို ဓားနဲ့ထိုးလိုက်မိပြီ၊ အခုလောက်ဆို သေပြီလား မသိဘူး၊ ကျွန်တော် မနေရဲတော့ဘူး အဖေ ရယ်၊ တစ်နေရာရာကို ပြေးရတော့မယ်”

ထိုသို့ပြောပြီးသည်နှင့် အဖေကို ကမန်းကတမ်း ဦးချလိုက်သည်။

“ဖြစ်ရလေသားရယ်”

ကျွန်တော့်အတွက် ယူကျုံးမရ ညည်းတွားသော အဖေ့စကားသည် နောက်ဆုံးဟုပင် မှတ်ထင်ကာ အဝတ်အစားနှင့် ငွေတစ်သောင်းကျော် ကျော်ရှိသော သေတ္တာထဲမှ ငွေအားလုံးကိုယူကာ အိမ်မှထွက်ခဲ့လေသည်။

*

ထိုအဖြစ်အပျက်သည် ယခုဆိုလျှင် ငါးနှစ်ပင် ပြည့်ခဲ့လေပြီ။ ရန်ကုန်ကိုရောက်တော့ ကျွန်တော့်ဘဝ နောက်ကြောင်းသည် ဘာမှအနှောင့် အယှက်မရှိ အေးနေသည်။ စိတ်ချလောက်ပြီထင်ရ၏။

ယခုတော့ ဦးလေးအောင်ကြည် ကိုယ်တိုင် ကျွန်တော့်နောက် လိုက်လာသည်ဆိုတော့။

ပုဇွန်တောင်ဘူတာ ရောက်လာသည်။ ကျွန်တော် ကပျာကယာဆင်း၍ တွဲပြောင်းလိုက်သည်။ ရှေ့ဆုံးတွဲလောက်ကို ပြောင်းမည်ဟု စိတ်ကူး သော်လည်း များပြားသော ခရီးသည်များ တက်လာ၍ ရှေ့တွဲသို့သာ ပြောင်းလို့ရ၏။

ရှေ့တွဲရောက်၍ ကျွန်တော် ဘူတာကြီးမှ စီးခဲ့သော နောက်ကတွဲ ကို လှမ်းကြည့်လိုက်ရာ ထင်သည့်အတိုင်းပင် ဦးလေးသည် ကျွန်တော် စီးခဲ့သော တွဲပေါ်သို့ ဘူတာထဲမှ ခရီးသည်များနှင့်အတူ တိုးတက်နေသည် ကို တွေ့လိုက်ရသည်။



“သူ . . . သူ တွဲပြောင်းပြီး ငါ့ကိုလိုက်ရှာနေတာကိုး၊ ရှေ့ဘူတာကျ ရင် ဆင်းလိုက်ရကောင်းမလား၊ လူကြားထဲ ဝင်တိုးနေရကောင်းမလား”

ထိုသို့တွေးရင်း တွေးရင်းကပင် လူတွေကို ရှောင်ပေးရင်း ရှောင် ပေးရင်းနှင့် အတွင်းပိုင်းသို့ ရောက်လာလေ၏။

မလွှကုန်းဘူတာ ရောက်သောအခါ ခရီးသည်များက အတင်းတိုး တက်လာပြန်သည်။ ပထမအစီအစဉ်ဖြစ်သော ဆင်းနေလိုက်မည့် အစီ အစဉ်ကို ပယ်လိုက်ရသည်။ လူကြားထဲက တိုးထွက်၍မရသောကြောင့် ပင်ဖြစ်သည်။

သို့ဖြင့် ကျွန်တော်သည် နှင်းဆီကုန်းဘူတာသို့ ပါသွားပြန်၏။

နှင်းဆီကုန်းဘူတာမှာ လူတော်တော်ဆင်းသည်။ ရထားတွဲထဲမှာ လည်း အတော်ချောင်သွားသည်။ သည်အထိ ရောက်လာမှတော့ မထူးတော့ ပြီ။ သင်္ဃန်းကျွန်းအထိ လိုက်ကိုလိုက်ရတော့မည်။ သင်္ဃန်းကျွန်းရောက်လျှင် လူအကုန်နီးနီးဆင်းမည်။ ရွာသာကြီးသွားမည့် ခရီးသည်က အနည်းအကျဉ်း သာ ရှိတတ်သည်။

ယခုလောက်ဆိုလျှင် ဦးလေးသည် ဘူတာတွေကို ရထားဆိုက် တိုင်း ဆင်းဆင်းသွားသော လူအုပ်ထဲမှာ ကျွန်တော့်ကို ရှာနေမည်။ ကျွန် တော်နှင့်တူသော လူတစ်ယောက်တလေတွေ့လျှင် ဆင်းလိုက်သွားကောင်း လိုက်သွားမည်။

ဘယ်လိုပဲဖြစ်ဖြစ် သင်္ဃန်းကျွန်းဘူတာက လူဆင်းများသည်။ လူရှုပ်သည်။ လူအုပ်ကြားမှာ ခြေရာဖျောက်လိုက်မည်ဟု စိတ်ကူးထား လိုက်၏။

*

သင်္ဃန်းကျွန်းဘူတာကို ရထားဆိုက်သည်နှင့် ရထားပေါ်က ခရီး သည်များသည် အလုအယက် ဆင်းကြတော့သည်။ အော်ဟစ်သံများ၊ ကုန်ပစ္စည်းချသံများ၊ ဆဲဆိုသံများ၊ ညည်းတွားသံများ ဆူညံသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအုညံ့ရှုပ်ပွသော လူအုပ်ကြားမှာ ကျွန်တော် အတင်းတိုးကြိတ်၍ ထွက်ခဲ့သည်။

ထို့နောက် ဆိုက်ကားတစ်စီးကို ကမန်းကတန်းငှား၍ ကျွန်တော်နေသော ရန်ကုန်သစ်ရပ်ကွက်ဆီသို့ နင်းခိုင်းလိုက်သည်။

ဆိုက်ကားဆရာသည် ခရီးရှည်ကို ရရှိလိုက်သောကြောင့် သွက်သွက်နင်းသည်။ မကြာမီပင် လွတ်လပ်ရေးလမ်းပေါ်သို့ ရောက်လာသည်။ လွတ်လပ်ရေးလမ်းက ရှည်လျားလှသည်။ သက်န်းကျွန်း စာတိုက်အနီးမှစသည်မှာ ရန်ကုန်သစ် ကမ်းနားအထိဖြစ်သည်။ ကျွန်တော်နေသည်က ရန်ကုန်သစ်အပိုင်ထဲက လွတ်လပ်ရေးလမ်း။

"ကလင်… ကလင်…"

နောက်ဘက်ဆီမှ ဆိုက်ကားတစ်စီး ဖြတ်ကျော်တက်သွားသည်။ အမှတ်မထင် ကျွန်တော် နောက်ကိုလှည့်ကြည့်လိုက်မိသည်။

"ဟိုက်…"

နှုတ်မှ အာမေဋိတ်တစ်လုံး ခုန်ထွက်သွားမိ၏။ အတော်လှမ်းလှမ်းမှာ ဆိုက်ကားတစ်စီး လိုက်လာသည်။ ထိုဆိုက်ကားပေါ်မှာ ခေါင်းပေါင်းကြီး ဖောက်ဖောက်နှင့် လူတစ်ယောက် ထိုင်လိုက်လာသည်ကို တွေ့ရ၏။

"မြန်မြန်နင်းဗျာ၊ ဆိုက်ကားဆရာ"

"နင်းပါတယ်ဗျာ၊ လမ်းက သိပ်မကောင်းလို့"

သံသုမာလမ်းဆုံ ရောက်သည်နှင့် ကျွန်တော် ဆိုက်ကားပေါ်က ခုန်ဆင်းလိုက်သည်။

"ဘယ်လောက်လဲ ဆိုက်ကားဆရာ"

"ခုနစ်ကျပ်ပါ"

"ရော့… ပြန်မအမ်းတော့နဲ့"

ဆယ်တန်တစ်ရွက်ကို မြန်မြန်ဆန်ဆန် ထုတ်ပေးလိုက်သည်။ ဆိုက်ကားဆရာက ကျေးဇူးတင်စကားပြောပြီး လှည့်ထွက်သွားသောအခါ ကျွန်တော်သည် ကျွန်တော့်အိမ်ခန်းဆီရောက်ရန် သုတ်ခြေတင်လျက်ရှိနေလေပြီ။

*



အိမ်ခန်းထဲရောက်သည်နှင့် ချက်ချင်းပင် တံခါးပြန်ပိတ်သည်။

ခါတိုင်းနေ့များဆိုလျှင် ရေချိုး၊ ထမင်းစား၊ စာဖတ်၊ မနက်အလုပ်အတွက် စီစဉ်သော်လည်း ယခုတော့ တံခါးပိတ်ရုံမက မီးပါပိတ်ပစ်၍ ငြိမ်နေလိုက်သည်။

အတန်ကြာအောင် ငြိမ်၍ အိပ်ရာပေါ် လှဲနေလိုက်သည်။ ဦးလေးတော့ မျက်ခြည်ပြတ်လောက်ပေပြီ။

"ကိုချစ်ရီ… ကိုချစ်ရီ၊ ဗျို့… ကိုချစ်ရီ၊ အစောကြီး အိပ်ပြီလားဗျ"

တစ်ဖက်ခန်းမှ အိမ်ရှင် ကိုတင်ကြည်က ခေါ်နေတော့ မနေသာတော့ဘဲ ပြန်ထူးရသည်။

"ဗျာ… မအိပ်သေးပါဘူး"

"မအိပ်ရင် တံခါးခဏဖွင့်ပါဦးဗျ၊ ဒီမှာ ခင်ဗျားဧည့်သည်တစ်ယောက် ရောက်နေလို့"

မရှောင်သာတော့ပါ။ ဧည့်သည်ကို ထွက်တွေ့ရတော့မည်။ တံခါးကို ဖွင့်လိုက်ရသည်။

"ဟင်… ဦး၊ ဦးလေး"

"အေး မောင်ချစ်ရီရာ၊ မင်းနယ် ရှာလိုက်ရတာ ဖတ်ဖတ်ကိုမောနေတာပဲ၊ မြို့ထဲမှာ မင်းနဲ့တူပါတယ်လို့ထင်ပြီး ဒီအထိ လိုက်လာရတာကွ၊ မဟုတ်သာမဟုတ်ရင် မောရော"

ကျွန်တော် ရင်တွေခုန်နေသည်။ ဗိုရိမ်သောကတွေ များနေသည်။ ဦးလေးထံမှ အကျိုးအကြောင်းကို မကြားဝံ့သလို ဖြစ်နေသည်။ သို့သော် ဦးလေးကို အိမ်ပေါ်ခေါ်တင်လိုက်သည်။

"ဆိုစမ်းပါဦး ဦးလေးရဲ့၊ ကျွန်တော့်ကို အသဲအသန် လိုက်ရှာရတာက"

"ရှာရတာပေါ့ကွာ၊ မင်းက ရုတ်တရက် ရွာကထွက်သွားပြီး တစ်နေ့လာနိး၊ တစ်နေ့လာနိးနဲ့ ပြန်ပေါ်မလာတော့ ငါမှာ ရန်ကုန်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ် နှစ်ခါက်လောက် ရောက်နေရတာ၊ အခု ရွာမှာ ဘာတွေဖြစ်နေ တယ်မှတ်သလဲ"

"ဗျာ..."

ကျွန်တော် ပိုလန့်သွားသည်။ မျက်လုံးပြူးသွားသည်။

"အခု နွေဦးပေါက်မှာပဲ မင်းအဖေ ဆုံးသွားရှာတယ်"

"ဗျာ..."

"အဲဒီတော့ မင်းအနေနဲ့ ရွာကိုလိုက်ပြီး မင်းရဲ့ အမွေပစ္စည်းတွေ ကိစ္စ လုပ်ဦးပေါ့၊ ခနီခင်း ရောင်းမယ်ဆိုလည်းရောင်း၊ ဝယ်မဲ့လူကလည်း အဆင်သင့်ပဲ၊ မရောင်းလည်း တို့တတွေနဲ့ မင်းအဖေရှိတုန်းကလို လုပ်မယ်ဆိုလည်း လုပ်ပေါ့"

"ရောင်းရင် ဘယ်လောက်ရမလဲဟင်"

"နှစ်သိန်းလောက်ပေါ့၊ မင်းက ရောင်းချင်နေလား၊ မြင့်ရွှေကတော့ မရောင်းဖို့ တိုက်တွန်းပါလို့ မှာလိုက်သေးတာ"

"ဗျာ... ကိုမြင့်ရွှေ မသေ... မသေဘူးနော်၊ ဟုတ်လားဦးလေး"

ကျွန်တော်သည် ဦးလေးစကားများကို မယုံသလိုဖြစ်တာ တုန်လှုပ် စွာ ပြန်မေးမိ၏။

"ဘာလို့သေရမှာလဲကွ၊ အခု မင်းပြန်လိုက်ရင်တောင် သူ့မင်္ဂလာ ဆောင်ကို မှီဦးမှာ၊ မအေးကြည်နဲ့လေကွာ၊ ဟဲ... ဟဲ"

"ဒီမှာဦးလေး ကျွန်တော်မေးတာ အသေအချာ ဖြေစမ်းပါ ကျွန်တော် ဓားနဲ့ထိုးလိုက်တာ သူ... သူ မသေဘူးနော်"

"ဪ... မင်းက ဒါ့ကြောင့် ထွက်ပြေးနေတာကိုး၊ မြင့်ရွှေ ကတော့ မင်းကို အပြစ်မယူတဲ့အပြင် စိတ်မကောင်းဖြစ်နေရှာတာ၊ အဲ တုန်းက ငါနဲ့ပေါင်းပြီး မင်းကို နောက်မိတာပါ၊ အနောက်လွန်သွားတော့ မင်းက စိတ်ဆိုးပြီး ဓားနဲ့ထိုးပေမဲ့ ရှပ်ထိလေးထိတာပဲ၊ ရွာပြန်ရောက် တော့ လူတွေ သူ့ဒဏ်ရာကို ဝိုင်းမေးကြတော့ သူက ဘာပြောတယ်မှတ် သလဲ၊ ခနီရည်နို့တန်လှီးရင်း ချော်ထိတာပါတဲ့"

"ဪ... ဪ"



"နောက်ပြီး ငါ့ညီလေးတစ်ယောက် ဘာစိတ်ကူးပေါက်ပြီး ထွက် သွားပါလိမ့်၊ ဘယ်ဆီရောက်နေပါလိမ့်နဲ့ နေ့စဉ်သတိရနေတာ၊ မချိုကို လည်း သူက မင်း တစ်နေ့ပြန်လာမှာပါဆိုပြီး အမြဲအားပေး ချော့မော့ ပါတယ်၊ ဒါကြောင့် မချိုလေးခမျာလည်း မင်းအလာကိုသာ တမျှော်မျှော်နဲ့"

"ဗျာ... မချို လင်မယူသေးဘူး ဟုတ်လား"

"ဘယ်ယူမလဲကွ"

ကျွန်တော် အတန်ကြာအောင် တွေဝေသွားသည်။ ထို့နောက် ကိုယ့်အဖြစ်ကိုတွေးကာ စိတ်မကောင်းဖြစ်မိသည်။

"ဦးလေး"

"ဟေလကွာ"

"ရွာရောက်ရင် အဖေက ဆုံးသွားပြီဆိုတော့ ကျွန်တော့်မိဘအရာ မှာ ဦးလေးကပဲ တာဝန်ယူပြီး မချိုနဲ့ ကျွန်တော့်ကို အမြန်ဆုံး လက်ထပ် ဖို့ စီစဉ်ပါနော်"


"စိတ်ချ၊ ဟိုဘက်ကလည်း အသင့်"

"ဒါဆိုရင် မနက်ဖြန်ပဲ ရွာပြန်ကြတာပေါ့ ဦးလေးရယ်၊ နော်... နော်"

ဘသက်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ်၏ ထူးခြားဆန်းကြယ် ပန်းချီကား

## တိုးထက်

(၁)

အခန်းထဲတွင် မီးရောင်က မှိန်လဲ့လဲ့သာလျှင် လင်းလက်လျက်ရှိသည်။ ကျွန်ုပ် တစ်ယောက်တည်း ဆိုဖာနောက်မှီ ကုလားထိုင်ကြီးပေါ်တွင် ထိုင်ကာ ဝီစကီကို တစိမ့်စိမ့်သောက်လျက် ရှိနေပေ၏။

စောစောလေးက (အတိအကျ ဆိုရပါလျှင် လွန်ခဲ့သည့် ၁၀ မိနစ်က) သည်နေရာတွင် လူသူများပြားလှစွာဖြင့် ဆူညံဟစ်အော်ကာ အောင်ပွဲခံခဲ့ကြ၏။ ယခုတော့ ထိုမြင်ကွင်းသည် လွင့်ပြယ်၍ သွားပြီဖြစ်၏။ ယခုပစ္စုပ္ပန်မှာ ကျွန်ုပ် တစ်ယောက်တည်း။

ဒါကလည်း ကျွန်ုပ်ကိုယ်တိုင် ကျွန်ုပ်၏ဘဝကို ရွေးချယ်ပြဋ္ဌာန်းထားခဲ့သည့်အတိုင်း ကွက်တိပင်ဖြစ်၏။ အထီးကျန်ဆန်မှုအပေါ်တွင် ကျွန်ုပ် သာယာငြိတွယ်နေခဲ့သည် မဟုတ်ပါလား။

ကျွန်ုပ်က လွတ်လပ်မှု အရသာကို ပိုပြီးရူးသွပ်လွန်း၏။ ကိုးကွယ်လွန်း၏။ ကျွန်ုပ်၌ အချိန်စာရင်းနှင့် ကန့်သတ်၍ လုပ်ကိုင်သည့် အရာဟူ၍ ဘာမှမရှိခဲ့။ ယုတ်စွအဆုံး ကျွန်ုပ် အချိန်ကို မှန်းတီးသည့်အကြောင့် အချိန်ကို ပြသပေးတတ်သည့် 'နာရီ'ကိုပင် ကျွန်ုပ် မနှစ်သက်ခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တွင် လည်းကောင်း၊ ကျွန်ုပ်၏ နေအိမ်ဂေဟာတွင် လည်းကောင်း ရွှေ့ရှားနေသည့် နာရီ မရှိပါ။ ကျွန်ုပ်က လက်ကျန်အရက်ကို မော့သောက်လိုက်၏။

ကျွန်ုပ် အတွေးတွေက မဆုံးနိုင်ပါသေး။ မူးမူးနှင့် ပို၍တွေးကောင်းနေသည်လား မသိ။ သို့ရာတွင် ထိုစကားကို ထည့်ပြောဖို့ လိုအပ်မည် မထင်မိ။

အကြောင်းမူ ကျွန်ုပ်သည် အချိန်တိုင်းလိုလို မူးနေသူ မဟုတ်ပါလား။ ယခုလည်း ကျွန်ုပ် အရှိန်လေးထွေထွေဖြင့် တွေးနေမိပြန်သည်။

သူများအကြောင်းတော့ မဟုတ်။

ကျွန်ုပ်၏ အကြောင်းကို ကျွန်ုပ်ကိုယ်တိုင် ပြန်တွေးမိခြင်းပင်။ ကိုယ့်အကြောင်းကို တွေးသည်ဆိုပြီး ဖော့တွေးလိမ့်မည်ဟုတော့ မထင်စေလိုပါ။

ကျွန်ုပ်၏ အတိတ်ကို ကျွန်ုပ်ကိုယ်တိုင် ပြန်လည်စောင်းငဲ့ကြည့်လိုက်တော့ ကျွန်ုပ်၏ ရာဇဝင်ထဲမှာက ကောင်းကွက်ဟူ၍ ဘာမှမမြင်တွေ့ရ။

'စုလျားလက်ထပ်ကာ နန်းသိမ်းပွဲခံကြလေသတည်း'ဟူသော အဖြစ်မျိုးက ကင်းမဲ့လွန်းသည်။ မှတ်မှတ်ရရ တစ်ကြိမ်တစ်ခါမျှပင် မကြုံဆုံဖူးခဲ့။

ကျွန်ုပ်နှင့် လက်ပွန်းတတီး ရှိခဲ့သည်များကို ပြောပြန်ရင်လည်း 'အောင်မင်းလွန်တာ ကျဦးမည်'လား မသိ။

ကြည့်လေ...

ကျွန်ုပ်က 'ထွက်တော်မူ နန်းကန္တာ'တာတို့၊ 'ထောင်သွင်းအကျဉ်းချ ထားလိုက်လေသည်'တို့နှင့်ပဲ ရင်းနှီးကျွမ်းဝင်ခဲ့တာ မဟုတ်လား။ ကျွန်ုပ် လုပ်ကိုင်သည့် အလုပ်က ကြိုးတန်းပေါ် လမ်းတက်လျှောက်တာမျိုးနှင့် တူသည်။ အချိန်မရွေး ခြေချော်ကျကာ အန္တရာယ်တွင်းထဲ သက်ဆင်းနိုင်သည့် အလုပ်။

သို့ပေမယ့် ဒီအလုပ်က စားပေါက်လည်း ချောင်သလို ပင်ပန်းမှုလည်းမရှိခြင်းကြောင့် ကျွန်ုပ် နှစ်ခြိုက်နေမိခြင်း ဖြစ်သည်။ ကျွန်ုပ်၏



အကျင့်က နေထိုင်သော အခါတွင်သာ တစ်ကိုယ်တော် နေထိုင်တတ်ပြီး လှုပ်ရှားမှု လုပ်ရသောအခါများတွင် ကျွန်ုပ်မှာ တစ်ကိုယ်တော် မဟုတ်တော့။ အထီးကျန် မဟုတ်တော့။ ကျွန်ုပ်၏ ဘေးပတ်ပတ်လည်တွင် တပည့်တပန်းတွေက ဝိုင်းရံထားလျက်သား။ ဒါက ကျွန်ုပ်အကျင့်။

ကျွန်ုပ်၏ ဘဝဒိုင်ယာရီသည် ဖတ်လို့ကောင်းမည်မထင်။ အနိဋ္ဌာရုံတွေသာ ဖုံးလွှမ်းနေပေလိမ့်မည်။ ကျွန်ုပ် သုံးနှစ်သားအရွယ်လောက်မှာ ဖခင် ဆုံးသွားခဲ့ပြီး လေးငါးခြောက်လလောက် အကြာမှာ ကျွန်ုပ်မိခင်က နောက်အိမ်ထောင် ထူခဲ့သည်။ ကျွန်ုပ်နှင့် ပထွေး၊ ပထွေးနှင့် ကျွန်ုပ် နပူးတွေ့ဒူးတွေ့ တွေ့ကြပေပြီ။ ပထွေး၏ နှိပ်စက်မှုဒဏ်ကို ကျွန်ုပ် မဆုံမပြိုပင် ခံခဲ့ရ၏။ နောက်ဆုံး ဘယ်လိုမှ သည်းမခံနိုင်တော့သည့် အဆုံးတွင် ကျွန်ုပ် လမ်းပေါ်ရောက်လာခဲ့၏။ လမ်းပေါ်မှာ ကျွန်ုပ်တို့လိုလူတွေ တတ်အပ်သည့် ပညာတွေ ရှိခဲ့လေရာ ထိုပညာများအား ကျွန်ုပ်က ဆရာကြီးတစ်ဦးထံမှ သင်ယူတတ်မြောက်လာသည်။

ကျွန်ုပ်မှာ အကုသိုလ်နှင့် အကျိုးပေးလေသလား မသိ။

ကျွန်ုပ် ကြံစည်လုပ်ကိုင်သမျှ ဒုစရိုက် အလုပ်တွေမှာ မအောင်မြင်ခဲ့သည်ဟူ၍ မရှိခဲ့။ သို့နှင့် တစ်စထက်တစ်စ ကျွန်ုပ်၏ နာမည်သည် ဒုစရိုက်လောကထဲဝယ် ဟိန်းထွက်၍ လာသည်။

ကျွန်ုပ်မှာ ဟန်အမူအရာ မှင်မောင်း ကောင်းလွန်းလှသည်ကြောင့် ကျွန်ုပ်တို့ လောကသားများက ကျွန်ုပ်အား 'ဟန်မိုးကြီး'ဟူ၍ ကွယ်ရာတွင် အမည်နာမပေးကာ ခေါ်ခဲ့ကြသည်။

ကျွန်ုပ်၏ အမည်မှာ မောင်မိုး ဖြစ်၏။ လူအများက ကျွန်ုပ်၏ သွားကျိုင်းမှုကို ကြည့်ကာ 'မိုးကြီး'ဟု ဝိသေသပြုခဲ့ကြသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ထိုနာမည်ကို နှစ်သက်ခဲ့၏။

ပြောရင်းဆိုရင်း ကျွန်ုပ် စိတ်ထဲ ဖျတ်ခနဲဖြင့် သတိတစ်ခု ရရှိလာသည်။ ကျွန်ုပ် လမ်းပေါ်မှာရောက်ပြီး မကြာခင်လေးတွင် လူတစ်ယောက်နှင့် သိကျွမ်းခဲ့ရသည်။ သိပုံကလည်း မမျှော်လင့်ဘဲ တွေ့ဆုံရာက အစပြုခဲ့၏။

ထိုသူမှာ ပန်းချီဆရာ ဖြစ်သည်။ သူ၏ နာမည်က ကိုသက်ထွန်းဟု

www.burmeseclassic.com



ခေါ်သည်။ လူပုံစံမှာ အရပ်မြင့်မြင့်၊ အသားဖြူဖြူဖြင့် ဖြစ်၏။ သူသည် ကျွန်ုပ်ထက် လေးငါးဆယ်နှစ်ခန့် ကြီးနိုင်ပေသည်။ ထိုပန်းချီဆရာနှင့် ရင်းနှီးကြစဉ်တုန်းက ကျွန်ုပ်မှာ (၁၆) နှစ်သာသာ အရွယ်လေး၊ လမ်းပေါ်သို့ရောက်စ၊ အိမ်ပြေးဖြစ်စအချိန်။

သူသည် ကျွန်ုပ်၏ဘဝကို မေးစမ်းရင်းဖြင့် ကျွန်ုပ်အား ခင်မင်သွားပုံရ၏။ သနားသွားပုံရ၏။ သူ ငွေစကြေးစလေးများ ရရှိလာသည့်အခါများတွင် ကျွန်ုပ် နေထိုင်ရာ ပိုက်လုံးကြီးဘေးသို့ ရောက်ရှိလာတတ်ပြီး ကျွန်ုပ်အား ခေါ်ဆောင်ကာ ကျွေးတတ်မွေးတတ်၏။ ရံဖန်ရံခါတွင်လည်း ကျွန်ုပ်အား သူ့အိမ်သို့ပင် ခေါ်ဆောင်သွားတတ်ပေသည်။ သူသည် တစ်နေ့သ၌ စိတ်လိုလက်ရဖြင့်–

"ကောင်လေး မောင်မိုး မင်းကို ငါ ပုံတူ (ပေါ်ထရိတ်) ရေးပေးမယ်ကွ"

သူက ကျွန်ုပ်ကို အကျအန ထိုင်စေပြီး ကျွန်ုပ်၏ ပုံတူပန်းချီကားကို ကင်းဗတ်စပေါ်တွင် ရေးဆွဲပေးလေသည်။ သူက ရေးနေရင်းဖြင့်–

"မောင်မိုး. မင်းက လူချောလေးပဲကွ၊ မျက်လုံးလေးတွေတောက်ပြနေသေးတယ်၊ ဒါပေမဲ့ မောင်မိုးရေ... ရုပ်ဆိုတာ စိတ်နဲ့ ထပ်တူထပ်မျှကွ၊ စိတ်ပြောင်းလာတာနဲ့ ရုပ်ပြောင်းသွားမှာ သေချာသကွ၊ ငါပြောချင်တာကတော့ကွာ မင်းရဲ့ ဖြူဖြူစင်စင် အပြစ်ကင်းတဲ့ ရုပ်လေးကို ထာဝရ ထိန်းသိမ်းထားနိုင်ပါစေလို့၊ အထူးသဖြင့် စိတ်ညစ်စိတ်ဆိုးတွေလို့ ခေါ်နိုင်တဲ့ မစ္ဆရိယတို့၊ ဗျာပါဒတို့ မဖြစ်ပေါ်စေဖို့ပေါ့ကွာ"

ကျွန်ုပ်က သူ့ကို ဘာမှ စကားပြန်မပြောခဲ့။ သူသည် ကျွန်ုပ်၏ ပုံတူပန်းချီကားအား ရက်တစ်ပတ်ခန့် ရေးဆွဲခဲ့သည်ကို ကျွန်ုပ် မှတ်မိနေပါသေးသည်။ ကျွန်ုပ်အား တစ်နေ့လျှင် တစ်နာရီသာသာခန့် ထိုင်ခိုင်းပြီး ရေးဆွဲခဲ့ခြင်းဖြစ်၏။

နောက်ဆုံးတွင် ကျွန်ုပ်၏ ပေါ်ထရိတ်ကားမှာ ပြီးဆုံးသွားခဲ့သည် ကြောင့် လက်မှတ်ရေးထိုးကာ ကျွန်ုပ်၏လက်သို့ ပေးအပ်ခဲ့လေသည်။

"ရော့ကွာ... မောင်မိုး၊ ဒီကားကိုတော့ မင်း တစ်သက်လုံး ထိန်းသိမ်းထားပါကွာ"



"စိတ်ချပါ ကိုသက်ထွန်းရာ၊ အခုလို ကျုပ်ရဲ့ ပုံတူကို စိတ်လိုလက်ရ ရေးပေးတာကို ကျုပ်ကြိုက်ပါတယ်ဗျာ၊ တစ်ချိန်မှာတော့ ကျုပ် ကျေးဇူးပြန်ဆပ်နိုင်ပါလိမ့်မယ်"

"မလိုပါဘူး မောင်မိုးရာ ငါပြောချင်တာ တစ်ခုကတော့ ရှိတယ်ကွ"

"ဘာများလဲ ကိုသက်ထွန်း"

"မင်းရဲ့ အပြင်ဗဟိဒ္ဓရုပ်ဟာ ငါဆွဲထားတဲ့ ပန်းချီကားထဲက အတိုင်း အမြဲတမ်း ဖြူစင်ရိုးသားနေဖို့ပေါ့၊ ဟုတ်တယ်မဟုတ်လား၊ ဒါမှလည်း ပုံတူပန်းချီကားတစ်ချပ် ဖြစ်လာမှာကိုးကွ"

ကျွန်ုပ် ခပ်မဆိတ်ပင် နေလိုက်သည်။ သူရေးဆွဲပေးထားသည့် ကျွန်ုပ် ပုံတူကားမှာ အလျား သုံးပေ၊ အနံ နှစ်ပေခန့်ရှိ၏။ ကျွန်ုပ်၏ မျက်နှာကိုသာ အနီးကပ် မြင်ရဟန် ရေးဆွဲပေးထား၏။

ကျွန်ုပ်၏ မျက်လုံးအကြည့်၊ ကျွန်ုပ်၏ ပြုံးယောင်ယောင် နှုတ်ခမ်းတို့မှာ အသက်ဝင်လှုန်းလှ၏။ မျက်လုံးမှာ ရိုးသားဖြူစင်စွာဖြင့် တစ်စုံတစ်ခုကို လှမ်းမျှော်ကြည့်နေဟန်ရှိသည်။ ထိုပန်းချီကားထဲတွင် ရိုးသားဖြူစင်သည့် လူငယ်တစ်ယောက်၏ မျက်နှာ မြင်တွေ့ရလေသည်။ ထို့နောက် ကျွန်ုပ်သည် ပန်းချီကားကို အဝတ်များဖြင့် အထပ်ထပ်အုပ်ကာ မိတ်ဆွေတစ်ယောက်၏ အိမ်တွင် သွားရောက်၍ သိမ်းဆည်းထားခဲ့ရသည်။

ကျွန်ုပ်တွင် နေစရာအိမ်က ရှိသေးသည်မဟုတ်။

သို့နှင့် နှစ်တွေအလီလီ ပြောင်းရွှေ့ခဲ့၏။ ကျွန်ုပ်လည်း ပန်းချီကားထဲက မောင်မိုး မဟုတ်လေတော့။

ရန်ကုန်မြို့တော်ကို ခါးစောင်းတင်နိုင်ခဲ့သည့် 'မိုးကြီး'အဖြစ် ပြောင်းလဲခဲ့ပြီဖြစ်၏။ ကျွန်ုပ်မှာ နောက်လိုက်နောက်ပါ တပည့်တပန်းများ မွေးမြူကာ လမ်းမတော်တစ်ဝိုက်တွင် မင်းမူနိုင်ခဲ့၏။ ကျွန်ုပ်၏ မိုက်ဂုဏ်ကို ထိုခေတ် ထိုကာလ ပုလိပ်များပင် တုမယှဉ်ရဲခဲ့ကြ။ "မိုးကြီးဟော့" ဆိုတာနှင့် ဝေးရာက ရှောင်တိမ်းသွားခဲ့ကြသူတွေက အများသား။

နောက်ဆုံးတော့ မဟုတ်တာမှန်သမျှ အကုန်လုပ်သည့် ကျွန်ုပ် ဖြစ်လာသည်။ ကျွန်ုပ်အား ထိုခေတ်ကာလ ခေတ်ပျက်သူဌေးကြီးများက ငှားရမ်းသုံးစွဲကြသည်အထိ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ (၁၉) လမ်းထဲက သုံးထပ်တိုက်၏ အပေါ်ဆုံးအထပ်တွင် နေထိုင်နိုင်လာခဲ့သည်။ ကျွန်ုပ်၏ ပုံတူပန်းချီကားကို ပြန်၍ယူထားပြီးဖြစ်သော်လည်း ကျွန်ုပ်သည် ထိုပန်းချီကားကို ချိတ်ဆွဲထားခြင်း မရှိခဲ့။

ချိတ်ရမှာ၊ ကြည့်ရမှာ ကြောက်နေသလိုလို ခံစားနေမိရခြင်းကြောင့်ဖြစ်၏။

ပန်းချီကားထဲက ကျွန်ုပ်သည် ရိုးသားခြင်း၏ပုံရိပ်များနှင့်။ ယခုကာလ ကျွန်ုပ်၏ အပြင်ရုပ်ရည်က ထိုသို့ရှိတော့မည် မထင်။ ရိုးသားခြင်းတွေ ကွယ်ပျောက်နေသည့်အပြင် ဒုစရိုက်မှုတွေကို လုပ်ကိုင် နေသည့်ရုပ်မျိုး ထွက်နေလိမ့်မည်ထင်သည်။ အကုသိုလ်ရုပ်မျိုး ပေါက်နေလိမ့်မည်ထင်သည်။

သည်ကြားကာလတွေထဲမှာ ကျွန်ုပ်၏ ပန်းချီဆရာနှင့် သုံးလေးငါးကြိမ်လောက်တော့ တွေ့ဖြစ်ခဲ့သည်။ ပန်းချီဆရာနှင့် ဆုံလေတိုင်းလည်း ကျွန်ုပ်က မင်တိုမင်ရှင် ဟိုတယ်တို့၊ အိုးရိုးရင့် ကလပ်တို့မှာ ခေါ်ဆောင်သွားပြီး ပြုစုခဲ့၏။ ပန်းချီဆရာ ကိုသက်ထွန်းက ကျွန်ုပ်၏ တောက်ပြောင်ပြောင်းလဲနေမှုများကို ကြည့်ကာ စကားတစ်ခွန်းတော့ ပြောသွားခဲ့သည်။

"အေးပေါ့ကွာ မောင်မိုးရာ ဘဝကပေးတဲ့အတိုင်း လူဆိုတာနေကြ ထိုင်ကြရတာပေါ့၊ ဒါပေမဲ့ဟော့... သတိတော့ မလွတ်စေနဲ့ကွ၊ ညောင်သီးလည်းစား၊ လေသံလည်း နားထောင်ဆိုတာလိုပေါ့"

ကျွန်ုပ် အင်းမလုပ် အဲမလုပ်ပင် နေခဲ့သည်။ ပန်းချီဆရာနှင့် လွန်ခဲ့သည့် လထဲက နောက်ဆုံးတွေ့ခဲ့သေးသည်။ ကျွန်ုပ်က သူ့အား ကျွန်ုပ်၏ လိပ်စာကတ်ပြားလေးပင် ပေးခဲ့ဖူးသည်။

ကျွန်ုပ်မှာ တောင်စဉ်ရေမရ လျှောက်တွေးနေရာမှ ပန်းချီဆရာကိုသက်ထွန်း ရေးပေးခဲ့သည့် ကျွန်ုပ်၏ ပုံတူပန်းချီကားကို ဖျတ်ခနဲသတိရကာ ထိုပုံကို ထုတ်ကြည့်ဖို့ စိတ်ကူးရလိုက်သည်။

ကျွန်ုပ်က အခန်းမီးကို ဖွင့်လိုက်သည်။ ပြီးမှ အိပ်ခန်းတွင်းသို့ ဝင်ရောက်ကာ အခန်းနံရံဘေးတွင် ထောင်ထားသည့် ထိုပန်းချီကားလေးအား ယူလာခဲ့သည်။



ထို့နောက် ဧည့်ခန်းမှာထိုင် ဝီစကီလေးသောက်ပြီး စိမ်ပြေနပြေ ကြည့်ရှုရန်အတွက် ထိုပန်းချီကားလေးအား ဖွင့်လှစ်ရန် ဟန်ပြင်လိုက်စဉ်...

(၂)

"ဒေါက်... ဒေါက်... ဒေါက်"

"ဒေါက်... ဒေါက်... ဒေါက်... ဒေါက်"

ကျွန်ုပ်၏ အခန်းတံခါးကို အပြင်မှ ခေါက်နေသံကို ရုတ်တရက်ကြားလိုက်ရသည်။ ကျွန်ုပ်၏ စိတ်ကူး ပျက်ပြယ်၍သွားရလေသည်။ ကျွန်ုပ်က တံခါးဆီသို့ ထသွားကာ ဖွင့်ဟ၍ အသာကြည့်လိုက်၏။

"ဟင်... ပန်းချီဆရာ"

"ဟုတ်တယ် မောင်မိုး"

သံပန်းကာရံထားသည့် တံခါးကို ဆွဲဖွင့်ပေးလိုက်၏။ ပြီးတော့ ပြန်ပိတ်လိုက်သည်။ ပန်းချီဆရာ ပခုံးထက်ဝယ် ခရီးဆောင်အိတ်လေး တစ်လုံးကို သိုင်းလွယ်ထား၏။

"ထိုင်ဗျာ ကိုသက်ထွန်း"

ကျွန်ုပ်ကို သူ ပြုံးကြည့်ပြီး ဧည့်ခန်းရှိ ထိုင်ခုံတွင် သူ ဝင်ထိုင်လိုက်၏။

"မနက်စောစော သဘောင်္ာစီးရမှာမို့ ညကတည်းက ခုလိုကြိုတင်ပြီး မင်းဆီ ရောက်လာခဲ့တာ မောင်မိုး"

"သြော်..."

ကျွန်ုပ်က စီးကရက်ကို မီးညှိ၍ ဖွာလိုက်၏။ ပြီးမှ–

"ဘယ်ကိုသွားဖို့လဲ ပန်းချီဆရာရဲ့"

"မြစ်ဝကျွန်းပေါ်တစ်ခွင်လေကွာ၊ အောက်ဒိုးထွက်ပြီး ကားချွေ ရေးမလို့ကွ"

"ကောင်းတာပေါ့ဗျာ၊ ကဲ... ကဲ... ဒါဖြင့် အချိန်တွေတောင်အများကြီး ပိုနေတာပဲ၊ ကျုပ် ခင်ဗျားကို ပြုစုပါရစေဦးဗျာ"

ကျွန်ုပ်က ထိုသို့ပြောပြီး သောက်စားရန်အတွက် ခဏထပြီး

www.burmeseclassic.com

www.burmeseclassic.com



စိစဉ်လိုက်၏။

ဘလက်လေဘယ်လ် တစ်လုံး၊ ဆော်ဒါ၊ ရေခဲနှင့် မြည်းစရာ အစားအစာများ။

"လုပ်ဗျာ ကိုသက်ထွန်း သောက်လည်းသောက်၊ စားလည်းစား"

"အေးပါ မောင်မိုးရာ"

ကျွန်ုပ်က သူ့အတွက် ဖန်ခွက်ထဲသို့ နှစ်ပက်ခန့် ထည့်ပေးလိုက်သည်။ သူက အငမ်းမရ လှမ်းယူကာ ဂွပ်ခနဲ မော့ချလိုက်၏။

"ဗိမ်ခံသောက်စမ်းပါ ပန်းချီဆရာရယ်"

"ဟာကွာ... စိတ်မရှည်ဘူးကွ၊ မြန်မြန်မူးသွားတော့ အေးတာပေါ့ကွာ၊ ကဲရော့... နောက်ထပ်တစ်ခွက် ထည့်ဦး"

ကျွန်ုပ် နောက်ထပ် သုံးပက်ခန့် ထည့်ပေးလိုက်သည်။ သူသည် ဒါကိုလည်း ဂွပ်ခနဲပင် မော့လိုက်၏။ နောက်တော့ သူနှင့် ကျွန်ုပ်တို့ နှစ်ယောက်မှာ သောက်စားရင်းဖြင့် စကားတွေ ဖောင်ဖွဲ့နေမိကြသည်။ သူသည် ကျွန်ုပ်၏ သားနားစွာ ဖွဲ့စည်းထားသည့် အခန်းအား တစ်ချက် ဝေ့၍ကြည့်ကာ–

"ဟော့ကောင် မောင်မိုး... မင်း တော်တော်ပြောင်းလဲသွားတယ် နော်၊ အားလုံး အပျံစားတွေချည်းပဲ"

"ဒါပေါ့ ပန်းချီဆရာရယ်"

ကျွန်ုပ်၏ ဧည့်ခန်းမှာ အီတာလျံကော်ဇောကို ခန်းလုံးပြည့် ခင်းထားသည်။ မဟော်ဂနီစားပွဲ၊ ဆိုလည်ကုလားထိုင်၊ ဆိုဖာဆက်တီ၊ မတ်ရပ်ပန်ကာ၊ ရေခဲသေတ္တာ၊ ရှိုးကေ့စ်ကြီးများ စသဖြင့် အပြည့်ရှိလေရာ သူသည် ဒါတွေကိုကြည့်ကာ အံ့အားသင့်နေပုံ ရလေသည်။

"အင်း... ဒါပေမဲ့ မင်းရဲ့ရုပ်ရည်လည်း အတော်လေးကို ပြောင်းလဲသွားခဲ့ပြီကွ မောင်မိုးရ"

"ဗျာ..."

"ဟုတ်တယ် မင်းဟာ ငါ ပေါ့ထရိတ် ရေးပေးတုန်းက မောင်မိုး မဟုတ်တော့ဘူးလေကွာ၊ အခု မင်းက မိုးကြီး..."

"ဟင်..."



ကျွန်ုပ်အား သူက မိုးကြီးဟု ခေါ်လိုက်သည်ကြောင့် ကျွန်ုပ် တုန်လှုပ်မိရ၏။ အလန့်တကြားလည်း ဖြစ်သွားရပေသည်။ သူသည် ကျွန်ုပ် ပြုလုပ်ခဲ့သည့် ပြုလုပ်နေဆဲဖြစ်သော ဒုစရိုက်မှုတွေ၊ အကုသိုလ် အလုပ်တွေကို သိရှိနေလေသည်လား။ လွန်ခဲ့သည့်လကတည်းက အိုးရိုးရင် ကလပ်မှာ သူ့ကို ခေါ်တိုက်တော့လည်း ဒီလိုမျိုးဆန်ဆန် ပြောခဲ့သေးသည်။

ဘာတဲ့... 'ညောင်သီးလည်းစား၊ လေသံလည်းနားထောင်' ဆိုပါလား။

ကျွန်ုပ် သူ့အပေါ် ကျွဲမြီးတိုသွားမိလိုက်၏။ ထို့ကြောင့်–

"ကဲပါ ပန်းချီဆရာရယ်၊ ဒါတွေထားလိုက်ပါတော့ဗျာ၊ တခြား အကြောင်းတွေ ပြောင်းပြောကြစို့ရဲ့"

"နေပါဦးကွ မိုးကြီးရ..."

သူက လက်ကာပြီး တားလိုက်၏။ ကျွန်ုပ် ဒေါသထွက်သွားရသည်။ သူသည် အတော်ပင် မူး၍နေလေပြီ။ ကျွန်ုပ်က သူ့လောက်တော့ မမူး။

"နေဦးကွ... ငါရေးပေးခဲ့တဲ့ ပန်းချီကားရော..."

သူ ကောက်ကာငင်ကာဖြင့် မေးလိုက်သည်တွင် ကျွန်ုပ် ဖျတ်ခနဲ ပြန်သတိရသွားကာ–

"ရှိပါတယ်ဗျာ... စောစောကတောင် ကျုပ် ပြန်ကြည့်မလို့ ဒီနားမှာ ယူထားသေးတယ်၊ အခု ခင်ဗျားပေးထားတာ ဆယ်နှစ်တောင် ကျော်ရောပေါ့၊ ကျုပ် အခုချိန်ထိ တစ်ခါမှ ဖွင့်မကြည့်ဖြစ်ခဲ့သေးဘူး၊ ဆေးတွေဘာတွေတောင် လွင့်ပြယ်ကုန်ပြီလား မသိဘူး"

"ဘယ်မှာလဲ... ငါလည်း ကြည့်ချင်တယ်"

"ဟိုမှာလေဗျာ..."

"ဪ..."

ကျွန်ုပ်က ရှိုးကေ့စ်ကို မှီထောင်ထားသည့် ပန်းချီကားရှိရာသို့ လှမ်းပြလိုက်သည်။ သူ ဒယီးဒယိုင်ဖြင့် ထသွားကာ အပေါ်မှ ဖုံးအုပ်ထားသည့် အဝတ်စများကို ဖယ်ရှားကာ ကြည့်လိုက်သည်။

"ဟင်..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

ကျွန်ုပ်က ထိုင်နေရာမှ လှမ်းကြည့်နေသည်ကြောင့် ပန်းချီဆရာ၏ မျက်နှာ ပျက်ယွင်းသွားသည်ကို မြင်တွေ့လိုက်ရသည်။

သူ၏ မျက်လုံးအရောင်တွေ ပြောင်းလို့သွားကာ တအံ့တသြဖြင့် ပန်းချီကားကိုကြည့်ကာ အသာပြန်၍ ချထားလိုက်သည်။

ကျွန်ုပ် မနေသာတော့... ထိုပဟေဠိကို သိချင်သွား၏။ ထို့ကြောင့် ကျွန်ုပ် ထိုင်နေရာမှ ထလာခဲ့ပြီး...

"ဘာဖြစ်လို့လဲ ကိုသက်ထွန်း"

သူ ခေါင်းကိုယမ်းခါ၍ ပြလိုက်ရာက–

"အဖြစ်က မယုံနိုင်စရာပါပဲကွာ"

သူသည် ပြူးကြောင်ကြောင် မျက်လုံးများဖြင့် ကျွန်ုပ်ကို စူးစိုက်ကြည့်ကာ ထိုင်ခုံဆီသို့ လျှောက်သွားလေသည်။

ကျွန်ုပ်က သိချင်ဇော၊ မြင်ချင်ဇောကြီးစွာဖြင့် ကျွန်ုပ်၏ ပုံတူ ပန်းချီကားကို ဆွဲယူ၍ ကြည့်မိလိုက်သည်။

"ဟာ..."

"အို... အောင်မယ်လေး"

ကျွန်ုပ်မှာ သတ္တိအရာတွင် ခေသူမဟုတ်အော်လည်း ထိုပန်းချီကားကိုကြည့်ကာ လန့်ဖျပ်၍ သွား၏။ ပန်းချီကားထဲတွင် ကျွန်ုပ်၏ ပန္နက္ ရုပ်သွင်က အတိုင်းသား။

ရိုးသားဖြူစင်သည့် မျက်လုံးအကြည့်မှ ကောက်ကျစ်စဉ်းလဲသည့် အကြည့်သို့ ပြောင်းသွားခဲ့သည်။

ပြုံးစစနှုတ်ခမ်းက ချစ်ခင်နှစ်လိုဖွယ်ရာ မကောင်းတော့ဘဲ ထော ထင်သည့်ဟန်မျိုး ဖြစ်သွားသည်။

ပျို့ရွယ်အပြစ်ကင်းသည့် ရုပ်သွင်သည် လုံးဝမရှိတော့ဘဲ ကျွန်ုပ်၏ ယခုရုပ်သွင်အတိုင်း ခက်ထန်မာကျောသည့် မျက်နှာသို့ ပြောင်းလဲရော ရှိသွားလေသည်။

ကျွန်ုပ်၏ လွန်ခဲ့သည့် ဆယ်နှစ်ကျော်က ပန်းချီကားနှင့် လားလား မတူပါလေတော့။



ငယ်နုသော ချစ်ခင်ဖွယ်ရာကောင်းသော ကျွန်ုပ်၏ ပုံတူသည် အဘယ့်ကြောင့် ပြောင်းလဲဖြစ်ပေါ်ခဲ့ရပါသနည်း။ ကျွန်ုပ်မှာ ထိုအကြောင်းကို တွေးရင်းဖြင့် ခေါင်းတွေ ချာချာလည်၍သွားသည်။ ကြောက်လန့်၍လည်းလာသည်။

"ဟား... ဟား... ဟား... ဟား မိုးကြီး... မိုးကြီး အခုတော့ မင်းပုံကို မင်းတောင် ကြောက်နေပြီ မဟုတ်လားကွ၊ ဟား... ဟား... ဟား..."

ပန်းချီဆရာ ကိုသက်ထွန်းက ရယ်မောလှောင်ပြောင်နေသည်သို့ ရှိ၏။

"တော်စမ်းဗျာ... ဒါဟာ ခင်ဗျားရဲ့ ညစ်ပတ်မှုကြောင့်ပဲ ဖြစ်ရမယ်"

"ဘာပြောတယ်ကွ မိုးကြီး"

"ခင်ဗျားဟာ တကယ်တော့ ပဋ္ဌလက် ပန်းချီဆရာ၊ မှော်ပန်းချီ ဆရာတစ်ယောက်ဆိုတာ အခုမှပဲ ကျုပ် သိရတော့တယ်၊ ခင်ဗျားဟာ မှော်အတတ်နဲ့ ကျုပ်ပုံကို မကောင်းဆိုးဝါး မိစ္ဆာဓာတ်တွေ ထည့်သွင်းပြီး ရေးပေးထားခဲ့တာလေ၊ အဲဒီ မိစ္ဆာဓာတ်တွေက ပန်းချီကားကတစ်ဆင့် ကျုပ်ကိုပါ ကူးစက်လာပြီး ကျုပ်ကိုယ်တိုင် အခုလို ရိုင်းစိုင်းယုတ်မာခဲ့တာ ဖြစ်မယ်၊ မကောင်းမှု ဒုစရိုက်တွေ လုပ်ခဲ့တာဖြစ်မယ်"

"မဟုတ်တာ မောင်မိုးရာ... ဘယ်သူမပြု မိမိမှုပါကွ၊ မင်းကိုယ်တိုင်က မကောင်းမှုကို ခင်တွယ်ခဲ့တာ မဟုတ်လား၊ ငွေကို အလွယ်ရချင်ခဲ့တာ မဟုတ်လား"

"တော်ဗျာ... ခင့်ဗျား တော်... ဒီလောက်တောင် ဂြိုဟ်မွှေခဲ့တဲ့ ပန်းချီကား လက်စဖျောက်ပစ်လိုက်တော့မယ် သိလား"

ကျွန်ုပ်၏ စိတ်တွေလည်း ပေါ့ပါးလွင့်ပျံ သွားကြသည်ဟု ဆင်၏။ ဘယ်လိုမှ ထိန်းချုပ်လို့မရတော့။ ကျွန်ုပ် ထိုင်နေရာမှ ဆတ်ခနဲ ထ်ကာ စားပွဲပေါ်မှ အဆင်သင့်တွေ့ရှိရသည့် ဓားမြှောင်တစ်ချောင်းကို ကိုင်ကာ ပန်းချီကားအား အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ထိုးခွဲဖျက်ဆီး ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ဟား... ဟား... မောင်မိုး... မောင်မိုး"

"ခင်ဗျား ဘာရယ်နေတာလဲဗျ"

"အဲဒီပန်းချီကားကို ဖျက်ဆီးပစ်တော့လည်း အပိုပါပဲကွာ၊ မင်းရဲ့ စိတ်ဆင်ရိုင်းတွေ မင်းကိုယ်တိုင် ထိန်းချုပ်နိုင်တာမှ မဟုတ်တာကွ"

"ဒါ ခင်ဗျားကြောင့် ဖြစ်ရတာဗျ၊ ခင်ဗျားရဲ့ ပဋ္ဌလက်ပန်းချီကားကြောင့် ကျုပ်စိတ်တွေ ပြောင်းခဲ့ရတာ"

"တော်စမ်းကွာ ဟေ့ကောင်"

ပန်းချီဆရာက ကျွန်ုပ်ကို လှမ်းအော်လိုက်ပြီး အခန်းထဲက ပြန်ထွက်ဖို့အတွက် နောက်ကျောခိုင်းလိုက်သည်။ ကျွန်ုပ် ချက်ချင်းပင် လက်ထဲမှာ ကိုင်ဆောင်ထားသည့် ဓားဖြင့် ပန်းချီဆရာ၏ ကျောပြင်နေရာသို့ ဓားကို စိုက်ချလိုက်သည်။

"အား..."

"အင့်..."

ကျွန်ုပ်၏ ဓားချက်မှာ ပြင်းထန်လွန်းလှသည်ကြောင့် ပန်းချီဆရာမှာ သွေးအိုင်ထဲတွင် လူးလွန့်ပြီးနောက် အသက်ထွက်သွားသည်။ ကျွန်ုပ်မှာ သည်တော့မှပင် အသိဝင်လာခဲ့ရတော့သည်။ သို့ပေမဲ့ နှောင်းခဲ့ချေပြီ။


ကျွန်ုပ်အား အစပထမတွင် သေဒဏ်ချမှတ်ခဲ့ကြ၏။ သို့ရာတွင် ဘုရင်ခံသို့ အယူခံဝင်ရာ (အသနားခံရာ)တွင် ဘုရင်ခံက ကျွန်ုပ်အား သေဒဏ်မှ လွတ်မြောက်စေခဲ့ကာ တစ်ကျွန်းသို့ ပို့ဆောင်ပေးခဲ့လေသည်။

နောက်ဆုံး၌ 'ပို့ဘလဲယား' ကျွန်းပေါ်တွင် အနှစ်နှစ်ဆယ်ခန့် နေခဲ့ရပြီးနောက် မြန်မာပြည်သို့ ကျွန်ုပ် ပြန်လည်ရောက်ခဲ့ပါတော့သတည်း။

သို့ရာတွင်မူ ကျွန်ုပ်၏ မျက်လုံးအိမ်ဝယ် ယခုထက်တိုင် မြင်ယောင်နေမိသည်ကတော့ ကျွန်ုပ်၏ ထူးခြားဆန်းကြယ် ပုံတူပန်းချီကားချပ်ကြီးပင် ဖြစ်ပါတော့သတည်း။

တိုးထက်

ရင်သိမ့်ဖိုအမှတ်စဉ် (၉)




စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၂၉၁၆၀၉